အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်

ရေးသားတော်မူအပ်သော

# မဟာသတိပဋ္ဌာနသုတ်

## ပါဠိနိဿယ

၄

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ စက်တင်ဘာလ ၁၉၇၁

၁၄၇၄၁

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်

ရေးသားတော်မူအပ်သော

# မဟာသတိပဋ္ဌာနသုတ်

## ပါဠိနိဿယ

၁၄၇၄၁

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ စက်တင်ဘာလ ၁၉၇၁


ထုတ်ဝေသူ။ ။မင်္ဂလာ ဦးအောင်မြင့် (မှတ်ပုံတင်အမှတ် ၀၁၁၆၇)
အမှတ် ၁၆၊ ဟာမစ်တိတ်လမ်း၊ သာသနာ့ရိပ်သာ၊ ကုက္ကိုင်း
ရန်ကုန်မြို့။

ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟ ပဋိပတ္တိသာသနာပြု
မဟာစည်ရန်ပုံငွေဖြင့် ပုံနှိပ်ထုတ်ဝေသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၉၂၈)။

၁၄၅၄၁

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၀၇၉)က ပုံနှိပ်သည်။



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

# နိဒါန်း

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော နိကာယ် ငါးရပ် ပိဋကတ်သုံးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန် ပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်လှစွာ ဒေသနာ တော်တို့တွင် **မဟာသတိပဋ္ဌာန ခေါ် ဤ သုတ်တရားတော် ကြီးသည် မဂ်ဖိုလ်နိဗ္ဗာန်ကို** လက်ငင်း ရရှိရေးအတွက် ရှုမှတ် အားထုတ် နည်းများကို တိုက်ရိုက်ထင်ရှား မသွယ်ဝိုက်ပဲ ဟောထားသော **ပုဗ္ဗဘာဂမဂ် ခေါ် ဝိပဿနာလုပ်ငန်းစဉ်** တရားတော်ကြီး ဖြစ်ပေသည်။

စိတ်အညစ်အကြေး **ကင်းဝေး** စင်ကြယ်ရန်, အရိယာ မဂ်ကို ရရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန်, **တခုတည်းသော လမ်းမှန်,တကြောင်းတည်းသောလမ်းမှန်** ဟု **ကေန်သတ်မှတ်** ၍ ချီးမွမ်းတော် မူအပ်သောကြောင့် **မဂ်ဖိုလ်နိဗ္ဗာန်ကို သတိ ပဋ္ဌာန်ပြင့်သာ ရောက်နိုင်၍ သူမပါလျှင် မရောက်နိုင်ကြောင်း** ကောင်းကောင်းကြီး ထင်ရှားလှပါပေသည်။ **သို့ဖြစ်၍** ဤမဟာသတိပဋ္ဌာနသုတ် **တရားတော်ကြီးကို** ဗုဒ္ဓသာသနာ တော်မှာ **အလွန် အရေးပါ၍ အရာရောက်လှသည့် ပဓာန အချုပ်အချာ ဘာဝနာ လုပ်ငန်းစဉ် တရားတော်ကြီး ဟူ၍** လည်း ဆိုသင့်ဆိုထိုက်လှပါပေသည်။

သို့ဖြစ်သောကြောင့်ပင်လျှင် "တောထွက်လျှင် သတိပဋ္ဌာန် စာစောင်ကို ယူဆောင်၍ ထွက်ရသည်"ဟု ရှေးသူဟောင်းတို့၏ ပြောရိုးဆိုစဉ်သည် ယခုတိုင် ဥဒါန်းတွင်လျက် ရှိခဲ့ပေသည်။

ဥဒါန်းတွင်ရုံမျှသာ မဟုတ်သေး၊ ရှေးရှေးသောသူတော်စင် ပညာရှင်ပုဂ္ဂိုလ်မြတ်တို့သည် ဤမဟာသတိပဋ္ဌာန သုတ်ကြီးကို အထူးပင် လေးစားခဲ့ကြပေသည်။ ကျမ်းဂန်အရ ဖော်ပြရလျှင် တရားကျင့်သူအပေါင်း ငါးရာစီရှိသော **ဓမ္မကဥပါသကာအဖွဲ့ပေါင်း ငါးရာတို့၏ ဦးစီးဥက္ကဋ္ဌ** ဖြစ်သော **မဟာဓမ္မိက ဥပါသကာကြီး** ကွယ်လွန်ခါနီးတွင် ရဟန်းတော်များကို ပင့်ဆောင်၍တရားတော်ကိုရွတ်ဘတ်သရဇ္ဈာယ်စေခဲ့ပါသည်။ **ထိုအခါ** ရဟန်းတော်များက ဘယ်သုတ်ကို နာလိုပါသလဲဟု မေးကြသည်တွင် **ခပ်သိမ်းသော ဘုရားရှင်တို့ လက်မလွှတ်ပဲ နှလုံးသွင်းမြဲ ဖြစ်သော မဟာသတိပဋ္ဌာနသုတ်ကို နာလိုပါသည်**ဟု ဥပါသကာကြီးက ပြန်လျှောက်ပါသတဲ့၊ ဤစကားဖြင့် ဘုရားတိုင်း ဘုရားတိုင်း ဤမဟာသတိပဋ္ဌာန်တရားကို လက်မလွှတ်နိုင်ဘဲ အထူးလေးစားခဲ့ကြကြောင်းနှင့် ရဟန်းတော်များတွင် မက လူဝတ်ကြောင် ဥပါသကာများပါ အထူးလေးစားခဲ့ကြကြောင်း ထင်ရှားလှပါပေသည်။

မြန်မာပြည်၌လည်း အမျိုးသမီး, အမျိုးသားတိုင်း ဖတ်ရှု၍ရင်း၊ နာခံ၍ရင်း၊ ကျင့်ကြံအားထုတ်၍ရင်း သတိပဋ္ဌာန်

အရသာကို ခံစားသုံးဆောင်နိုင်ရေးအတွက် ရှေးရှေးသော ဆရာမြတ်တို့သည် ဤ မဟာသတိပဋ္ဌာနသုတ်ကြီးကို ပါဠိ တပိုဒ် မြန်မာတပိုဒ် နိဿယပြန်ဆိုခြင်း, မြန်မာသက်သက် ပြန်ဆိုခြင်း, အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်းစသည်တို့ဖြင့် အထူး လေးစားကာ ရေးသားပုံနှိပ်၍ ဖြန့်ချိခဲ့ကြလေပြီ။

ဤ နိဿယကျမ်းသစ်ကို ရေးသား စီရင်တော်မူသော **ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား** သည်လည်း ဤမဟာ သတိပဋ္ဌာနသုတ် ဒေသနာတော် အရအားဖြင့်ပင် ဝိပဿနာ လုပ်ငန်းစဉ်တရားကို လက်တွေ့ ထင်ရှားအောင် ဟောကြား ညွှန်ပြလျက် ရှိခဲ့လေရာ တပည့် ယောဂီတို့အား ကမ္မဋ္ဌာန်း နည်းနိဿယလမ်းမှန်ကျရေး တဆင့်ခံ နည်းပေးလျက် စစ်ဆေး ညွှန်ပြသူ လက်ထောက်အကူအညီ ဆရာပေါင်း များစွာလည်း ပေါ်ပေါက်ခဲ့လေပြီ။ ထိုလက်ထောက် ဆရာပေါင်း များစွာ တို့တွင် ပဌမ လက်ထောက် ဆရာကြီးများ ဖြစ်ကြသော **ဆရာကြံ နှင့် ဆရာကြွက်**တို့က "မဟာသတိပဋ္ဌာနသုတ်ကြီးကို ပါဠိအနက် အလုံးစုံ အာဂုံဆောင်လွယ်စေရန်ရင်း, ဝိပဿနာ လုပ်ငန်းစဉ်များ ထင်ရှား ပေါ်စေရန်ရင်း နိဿယကျမ်းသစ် တခုကို ပြုစုရေးသား၍ ချီးမြှောက်တော်မူပါ"ဟု လျှောက် ထားတောင်းပန်ကြသောကြောင့် ဤမဟာသတိပဋ္ဌာနသုတ် ကြီးကို အကျဉ်းချုပ်အားဖြင့် နိဿယပြန်ဆို ရေးသားခဲ့ရာ သာသနာတော်နှစ် ၂၄၉၃-ခု၊ မြန်မာနှစ် ၁၃၁၁-ခု ကဆုန် လပြည့်ကျော် ၁-ရက်နေ့ကပင် နိဂုံး ကမ္ပတ် အပြီးသတ်၍ ဆရာကြံ ဆရာကြွက် တို့အား ပေးထားခဲ့ပေသည်။

ထိုလက်ရေးမူ နိသျကို ရဟန်းရှင်လူ တပည့်အများတို့ အဆင့်ဆင့်ကူးယူကြရာ လွန်စွာ ပင်ပန်းခြင်း, အလိုရှိသူတိုင်း မရနိုင်ခြင်း, မှန်ကန်စွာမဖြစ်နိုင်ခြင်း, ကြည့်ရှု၍မကောင်းခြင်း စသော အပြစ်များစွာတို့နှင့် ရင်ဆိုင် တွေ့ကြုံ ကြရသော ကြောင့် ယင်းနိသျကို စက်တင်ပုံနှိပ်ခွင့်ပြုရန် **သဒ္ဓမ္မပါလ-ဝိပဿနာဖြန့်ဖြူးရေးအဖွဲ့က** လျှောက်ထား တောင်းပန်ခဲ့လေသည်။ သို့ဖြစ်ပါ၍ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် **ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏** ပင့်လျှောက်ထားချက်အရဖြင့် ၁၃၁၁-ခု နှစ်မှ စ၍ **ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင်** သီတင်းသုံးကာ ဝိပဿနာနည်းနိသျကို ညွှန်ပြ ဟော ကြား လျက် ရှိသော ဤကျမ်းပြုမထေရ် **မဟာစည်ဆရာတော်ဘုရားသည်** ၁၃၁၁-ခုနှစ်ကပင် ရေးသားစီရင်အပ်ပြီးသော ထို နိသျတွင် အနည်းငယ်မျှသာ ဖြည့်စွက် ပြင်ဆင်ပြီးလျှင် စက်တင် ပုံနှိပ်ရန် ခွင့်ပြုအပ်ပါ၍ **ရွှေဘိုမြို့ ဆိပ်ခွန်ရွာ, သဒ္ဓမ္မပါလ ဝိပဿနာ ဖြန့်ဖြူးရေး အဖွဲ့က** အများရှင်လူတို့ အလွယ်တကူ ဝယ်ယူကြည့်ရှု နိုင်စေရန် အလို့ငှါ ဤ **မဟာသတိပဋ္ဌာနသုတ် ပါဠိနိသျကို** ပုံနှိပ် ဖြန့်ချိခဲ့သည်မှာ လေးကြိမ်တိုင်တိုင် ရှိခဲ့ပါသည်။ (ယခု ပဉ္စမအကြိမ်မှာ ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က ပုံနှိပ်၍ ဖြန့်ချိအပ်ပါသည်။)

ဤ**နိသျကို** ကြည့်ရှုခြင်းဖြင့် **လက်ငင်းရမည့် အကျိုးများမှာ** (၁) **နိသျပင်** ဖြစ်သော်လည်း မြန်မာစကားပြေ လိုလိုပင် ဖတ်လွယ်, သိလွယ်ခြင်း၊ (၂) သဘာဝကျကျ **အားထုတ်ပြီး** ပုဂ္ဂိုလ်များမှာ ကိုယ်တွေ့နှင့် တိုက်ရိုက် ညီညွတ်နေသည်ကို တွေ့ရခြင်း၊ (၃) အားထုတ်ဆဲ ပုဂ္ဂိုလ်များမှာ အကူအညီ

အထောက်အပံ့ ရနိုင်ခြင်း၊ (၄) အားမထုတ်ရသေးသော ပုဂ္ဂိုလ်များမှာ အားထုတ်ရန် နည်းနိဿယကို ကျကျနန ရသွားနိုင်ခြင်း စသော ဤ လက်ငင်း အကျိုးများကို ခံစား ရရှိနိုင်ပါလိမ့်မည်။

သို့သော် စာဖတ် ပရိသတ်တို့သည် ဤနိဿယကို အစအဆုံး အကုန်လုံး ဖတ်ရှုပြီးလျှင် အဆိုပါအကျိုးများရရေးနှင့်စပ်၍ ကိုယ်တိုင်ပင် ဆုံးဖြတ်ကြစေလိုပါသည်။

သာသနာတော်နှစ် ၂၄၉၅-ခု } တန်ဆောင်မုန်း
မြန်မာသက္ကရာဇ် ၁၃၁၃-ခု } လဆုတ် ၁၄-ရက်

**အသျှင်ဦးဝိစာရ**

**မဟာစည် ကမ္မဋ္ဌာန်းနည်းပြဆရာတော်**

သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

# အမှာ

**စာရှုသူအား မှာကြားပါရစေ....**

ဤမည်သော "မဟာ သတိပဋ္ဌာနသုတ် ပါဠိနိဿယကျမ်း" သည် ပျားလဘို့၏ အရသာကဲ့သို့ ချိုမြိန်ကောင်းမြတ်သော (၁) ကြာဝတ်ဆံ၊ (၂) ကြာရိုး၊ (၃) ကြာစွယ်တို့ဖြင့် အဆင့်ဆင့် တင့်တယ် သာယာလှသော နတ်ရေကန်ပမာ ဝိမုတ္တိ ရသာထူးကို ကေန် ပေးစွမ်းနိုင်သည့် ဗုဒ္ဓပါဝစန အစစ် (၁) မဟာသတိပဋ္ဌာနသုတ်ပါဠိတော် (၂) ၎င်းပါဠိတော်၏ နိဿယ (၃) မှတ်ချက်အဓိပ္ပါယ်များတို့ဖြင့် တင့်တယ်စွာ စီရင်ထားသော ကျမ်းမြတ် တစောင် ဖြစ်ပါသည်။

ဤကျမ်းစာအုပ်ကို ဖတ်ရှုသူသည် ကြာဝတ်ဆံ ကြာရိုး ကြာစွယ်တို့ဖြင့် တင့်တယ်သော နတ်ရေကန်အတွင်းသို့ သက်ဆင်းခွင့်ရသော လုလင်ပမာ ဝမ်းမြောက်စွာဖြင့် ကိုက်ရာရာကို မြိန်ရှက်စွာ သုံးဆောင်နိုင်ပါသည်။

မင်္ဂလာ—မောင်အောင်မြင့်

(၂၃-၁၁-၅၁)

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **ပဋိညာ-ဝန်ခံချက်** | .... | .... | ၁ |
| **သုတ်၏ နိဒါန်း ပါဠိအနက်** | .... | .... | ၃ |
| **တရားကျေညာချက်** | .... | .... | ၆ |
| ကောယနဍ္ဍ မှတ်ချက် | .... | .... | ၈ |
| နာကြားစဉ် တရားထူးရပုံ မှတ်ချက် .... | | | ၉ |
| **ဥဒ္ဒေသဝါရ ပါဠိအနက်** | .... | .... | ၂၂ |
| **ကာယာနုပဿနာ** | .... | | ၃၃ |
| အာနာပါနပိုင်း | .... | .... | ၃၃ |
| ဣရိယာပထပိုင်း | .... | .... | ၄၈ |
| သမ္ပဇညပိုင်း | .... | .... | ၈၁ |
| ပဋိကူလမနသိကာရပိုင်း | .... | .... | ၁၁၆ |
| ဓာတုမနသိကာရပိုင်း | .... | .... | ၁၂၁ |
| သိဝထိက ပဌမပိုင်း | .... | .... | ၁၂၆ |
| ။ ဒုတိယပိုင်း | .... | .... | ၁၂၉ |
| ။ တတိယပိုင်း | .... | .... | ၁၃၁ |
| ။ စတုတ္ထပိုင်း | .... | .... | ၁၃၃ |
| ။ ပဉ္စမပိုင်း | .... | .... | ၁၃၄ |
| ။ ဆဋ္ဌမပိုင်း | .... | .... | ၁၃၅ |
| ။ သတ္တမပိုင်း | .... | .... | ၁၃၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သိဝထိက အင္ဂမပိုင်း .... .... | ၁၃၈ |
| ။ နဝမပိုင်း .... .... | ၁၄၃ |
| အထူးမှတ်ဖွယ် အင္ဂကထာအဆုံးအဖြတ် | ၁၄၄ |
| **ဝေဒနာနုပဿနာ** .... .... | **၁၄၇** |
| **စိတ္တာနုပဿနာ** .... .... | **၁၅၉** |
| **ဓမ္မာနုပဿနာ** .... .... | **၁၆၆** |
| နီဝရဏပိုင်း .... .... | ၁၆၆ |
| ခန္ဓာပိုင်း .... .... | ၁၈၂ |
| အာယတနပိုင်း .... .... | ၁၈၅ |
| ဗောဇ္ဈင်ပိုင်း .... .... | ၁၉၄ |
| သစ္စာပိုင်း .... .... | ၂၀၆ |
| ။ ဒုက္ခသစ္စာအခန်း .... .... | ၂၀၈ |
| ။ သမုဒယသစ္စာအခန်း .... | ၂၂၆ |
| ။ နိရောဓသစ္စာအခန်း .... .... | ၂၃၅ |
| ။ မဂ္ဂသစ္စာအခန်း .... .... | ၂၄၃ |
| **အကျိုးပြ မိန့်ခွန်းတော်** .... .... | ၂၅၇ |
| **နိဂုံးချုပ် မိန့်ခွန်းတော်** .... .... | ၂၆၄ |
| **နိဿျနိဂုံး** .... .... | ၂၆၇ |
| နောက်ဆက်တွဲ .... .... | ၂၆၈ |


မာတိကာ ပြီး၏။

**မဟာသတိပဋ္ဌာနသုတ်ပါဠ်နိသျဉ် အမှားအမှန်ပြင်ရန်**

| မျက်နှာ | စာကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၈ | ၈ | အခြားတပါသော | အခြားတပါးသော |
| ၁၁ | ၅ | ကိုလေလာ | ကိုလေသာ |
| ၁၄ | ၂၃ | မကြွားမီပင် | မကြွာမီပင် |
| ၃၈ | ၅ | အရှုပြင်း၍ | အရှုပြင်း၍ |
| ၃၈ | ၆ | ရှုမည်ဟု | ရှုမည်ဟု |
| ၄၀ | ၈ | ဝင်သက်ရှု၏ | ဝင်သက်ရှု၏ |
| ၄၃ | ၁၃ | ရှည်ရှည်ရှုလျှင် | ရှည်ရှည်ရှုလျှင် |
| ၄၃ | ၁၄ | ရှည်ရှည်ရှုသည် | ရှည်ရှည်ရှုသည် |
| ၄၂ | ၇ | ရှုမြင်လျက် | ရှုမြင်လျက် |
| ၄၃ | ၁ | ရှုမြင်လျက် | ရှုမြင်လျက် |
| ၅၈ | ၅ | သန္ဒိဋ္ဌာန်ကျ | သန္နိဋ္ဌာန်ကျ |
| ၆၄ | ၃ | လှုပ်ရှားမှု | လှုပ်ရှားမှု၏ |
| ၇၆ | ၁၂ | န အတ္ထာ | န အတ္တာ |
| ၇၆ | ၁၇ | ပြုဟတ်သော | ပြုတတ်သော |
| ၇၉ | ၁၁ | ထောင့်တ | တောင့်ဘ |
| ၁၀၁ | ၈ | စိတ်၏ | စိတ်နှင့်စပ်သည့် |
| ၁၁၄ | ၉ | နိုးတတ်သော် | နိုးလတ်သော် |
| ၁၃၀ | ၁၁ | ဥပသံဟာရဟိ | ဥပသံဟာရတိ |
| ၁၃၈ | ၈ | ဥပါဒိယတိတိ | ဥပါဒိယတိ |
| ၁၄၄ | ၂ | ဆင်ခြင်ရှု၏ | ဆင်ခြင်ရှု၏ |
| ၁၅၂ | ၁၃ | သိသည်မည်ပေ၏ | သိသည်မည်ပေ၏ |
| ၂၀၈ | ၅ | သမ္ဗယောပေါ်ပိ | သမ္ဗယောဂေါပိ |
| ၂၉၀ | ၂၁ | (၂၈၇) | (၂၈၈) |

# မဟာသတိပဋ္ဌာနသုတ် ပါဠိနိဿျ

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

## ပဋိညာ-ဝန်ခံချက်

ယေနေဝ ယန္တိ နိဗ္ဗာနံ၊ ဗုဒ္ဓါ တေသဉ္စ သာဝကာ။
ဧကာယနေန မဂ္ဂေန၊ သတိပဋ္ဌာန သညိနာ။

တံဒီပကဿ သုတ္တဿ၊ သုဗောဓော အတ္ထနိဿယော။
သင်္ခေပေသိန မတ္ထာယ၊ သင်္ခေပေန ကရီယတေ။

ဗုဒ္ဓါ စ၊ အလုံးစုံသော ဘုရားရှင်တို့သည်၎င်း။ တေသံ သာဝကာ စ၊ ထို ဘုရားရှင်တို့၏ အလုံးစုံသော တပည့်သာဝကတို့သည်၎င်း။ ဧကာယနေန၊ နိဗ္ဗာန်သို့ သွားရန် တခုတည်းသော လမ်းမှန်, တကြောင်းတည်းသော လမ်းမှန် ဖြစ်သော။ သတိပဋ္ဌာန သညိနာ၊ သတိပဋ္ဌာန် အမည်ရှိသော။ *ယေနေဝ မဂ္ဂေန၊ အကြင် လမ်းဖြင့်သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ယန္တိ၊ ကြွသွားထွက်မြောက် ဆိုက်ရောက်တော်မူကုန်၏။

---

မှတ်ချက်....*ယေနေဝ-ဟု အဝဓာရဏ အနက်ရှိသော ဧဝ-သဒ္ဒါဖြင့် ကန့်သတ်၍ဆိုရာ၌ မှီရာသာဓကများမှာ....

တံဒီပကဿ၊ သတိပဋ္ဌာန် ထိုလမ်းမှန်ကို ဝေဘန်ညွှန်ကြား ထင်ရှားဖော်ပြသော။ သုတ္တဿ၊ မဟာသတိပဋ္ဌာနသုတ်၏။ သုဗောဓော၊ ကြည့်ရှုရုံဖြင့်ပင် သိမြင်လွယ်သော။ အတ္ထနိဿယော၊ အနက်မြန်မာ ဘာသာပြန်မှီငြမ်း နိဿယကျမ်းကို။ သင်္ခေပေသိနံ အတ္ထာယ၊ အကျဉ်းရှာသူ ရဟန်းရှင်လူတို့ အလွယ်တကူ မှတ်သား ဆောင်ထားနိုင်ခြင်း အကျိုးငှါ။ သင်္ခေပေန၊ လိုရင်းစကား အကျဉ်းအားဖြင့်။ မယာ၊ အရှင်သောဘန ငယ်နာမနှင့် ဌာနစွဲမှီ မဟာစည်ဟု အမည်ပညတ် ငါမထေရ်မြတ်သည်။ ကရိယတေ၊ အသစ်တီထွင် စီရင် ရေးသား အပ်ပေသတည်း။

---

ဧကာယနံ ဇာတိခယန္တဒဿီ၊
မဂ္ဂံ ပဇာနာတိ ဟိတာနုကမ္ပီ။
ဧတေန မဂ္ဂေန တရိံသု ပုဗ္ဗေ၊
တရိဿန္တိ ယေ စ တရန္တိ ဩဃံ။....ဟူသော
သတိပဋ္ဌာန သံယုတ်ပါဠိတော်၊
ဧကာယန မဂ္ဂေါ ဝုစ္စတိ ပုဗ္ဗဘာဂ သတိပဋ္ဌာန မဂ္ဂေါ။
ဧသေဝ မဂ္ဂေါ နတ္ထညော ဒဿနဿ ဝိသုဒ္ဓိယာ....

ဟု သတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ ထုတ်ပြအပ်သော သုတ်ပါဠိတော်များနှင့်....

ဣမိနာဝ မဂ္ဂေန၊ ပေ၊ အနေကာ သမ္မာသမ္ဗုဒ္ဓါ,
အနေကသတာ ပစ္စေကဗုဒ္ဓါ, ဂဏနပထံ ဝီတိဝတ္တာ
အရိယသာဝကာ စာတိ ဣမေ သတ္တာ သဗ္ဗေ စိတ္တ-
မလေ ပဝါဟေတွာ ပရမဝိသုဒ္ဓိံ ပတ္တာ....ဟူသော ဤ
သုတ်၏ အဖွင့်အဋ္ဌကထာတို့ပင်တည်း။

# မဟာသတိပဋ္ဌာန်သုတ် ပါဠိတော်

## သုတ်၏ နိဒါန်း

ဧဝံ မေ သုတံ....ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသဓမ္မံ နာမ ကုရူနံ နိဂမော။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။ ဘဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ။

## သုတ်၏ နိဒါန်းအနက်

ဘန္တေ ကဿပ၊ အရှင်မဟာ ကဿပ။ ဣဒံ သုတ္တံ၊ ဤ မဟာ သတိပဋ္ဌာန သုတ်တော်ကို။ မေ မယာ အာနန္ဒေန၊ အကျွန်ုပ် အာနန္ဒာသည်။ (ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။) ဧဝံ၊ ဤဆိုလတ္တံ့သောအခြင်း အရာဖြင့်။ သုတံ၊ ကောင်းစွာ နာကြား မှတ်သား မိပါသည် အရှင်ဘုရား။

ကထံ၊ အဘယ်သို့ နာကြား မှတ်သားမိသနည်း ဟူမူကား။ ဧကံ သမယံ၊ အခါတပါး၌။ ဘဂဝါ၊ ဘုန်းတော်ကြီး သော ဘုရားရှင်သည်။ ကုရူသု*၊ ကုရုတိုင်းပြည်၌။ ကမ္မာသ

---

မှတ်ချက် အခိပ္ပါယ်

*ကုရူသု-ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းမှာ နယ်ပယ်၏ ပိုင်ရှင် မင်းသားအများကို ငဲ့၍ ပါဠိ သဒ္ဒါနည်း အရ ဆိုထားခြင်း မျှသာတည်း။ ကုရုတိုင်းပြည်ကား များသည်မဟုတ်၊ တပြည် တည်းသာတည်း။ ဤသို့သောအရာ၌ ဗဟုဝုစ်ဖြင့် ဆိုရန်ညွှန်ပြ

မှတ်ချက် အဓိပ္ပါယ်

သော မြန်မာ သဒ္ဒါနည်းလဲ မရှိချေ။ ထို့ကြောင့် "**ကုရု တိုင်းပြည်၌**"ဟူ၍ ကေဝုစ်ဖြင့်သာ ပြန်လိုက်သည်။ ကုရုနံ-ပုဒ်၏ မြန်မာပြန်၌လဲ နည်းတူပင်မှတ်။ ထိုစဉ်အခါက ကုရု-ဟု ထင်ရှားခဲ့သော ဤပြည်၏ တည်ရာ ဌာနသည် ယခုအခါ ဣန္ဒိယ ပြည်ထဲတွင် အနောက်မြောက်ပိုင်း၌ တည်ရှိသော **ဒေလီမြို့**နယ် ပင်တည်း။

ထိုစဉ်အခါက ကုရုပြည်သူ ပြည်သားတို့သည် ဥတုသပ္ပါယ စသည်နှင့် ပြည့်စုံသဖြင့် ကိုယ်စိတ် ခန့်ကျန်းကြ၍ နက်နဲသော တရားတို့ကို နာခံမှတ်သားရန် စွမ်းနိုင် ကြသောကြောင့်ရင်း၊ အောက်တန်းစား ကျေးကျွန် တို့မှစ၍ ရဟန်း ရှင် လူ အမြောက်အမြားပင် သတိပဋ္ဌာန်တရားကို **ဟောပြောလေ့-အားထုတ်လေ့** ရှိကြသောကြောင့်ရင်း၊ ဤသုတ်ကို ကုရုတိုင်း၌ ဟောတော်မူသည်ဟု အဋ္ဌကထာ၌ ဆို၏။ ဤအဆိုမှာ ၂၁-ပိုင်းသော ပဗ္ဗတို့ဖြင့် ပြည့်စုံကျယ်ဝန်းစွာ ဟောသော ပဌမဆုံးအကြိမ်ကိုသာ ရည်ရွယ်သည် ဖြစ်ရာ၏။ အကြောင်းမူကား....သတိပဋ္ဌာန် တရားကို **ဟောပြောလေ့-အားထုတ်လေ့** ရှိကြသောကြောင့် ကုရုတိုင်း၌ ဟောသည်ဟု ဆိုသော သူ့စကားထဲ၌ပင် ထိုထက်ရှေးကျသော ကာလကလဲ**ဟောဘူး နာဘူးပြီ** ဟူသော အနက်ထင်ရှားသည့်အပြင်၊ **သတိပဋ္ဌာန သံယုတ်** ၌ တပါးသော ဌာနများမှာလဲ ဟောကြောင်းကို ပြဆိုထားသောကြောင့်ပေတည်း၊ သို့ဖြစ်၍ ထိုထက် ရှေးကျသော ကာလများကလဲ ဤ သတိပဋ္ဌာန်တရားကို အကျဉ်း

ဓမ္မံ နာမ၊ ကမ္မာသဓမ္မ မည်သော။ ကုရူနံ နိဂမော၊ ကုရု တိုင်းပြည်၏* နိဂုံးရွာကြီးသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုနိဂုံး ရွာကြီး၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။ တတြ ခေါ၊ ထိုသို့ နေတော်မူခိုက်အခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော ဘုရားရှင်သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်း တို့-ဟူ၍။ အာမန္တေသိ၊ အာရုံစိုက်ရေး သတိပေး နှိုးဆော် မိန့်ခေါ်တော်မူလေပြီ။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဘဒန္တေတိ၊ အရှင်ဘုရား- ဟူ၍။ ပစ္စဿောသုံ၊ ခွန်းတုံ့ပြန်ကြား လျှောက်ထားလေ ကုန်ပြီ။ ဘဂဝါ၊ ဘုန်းတော်ကြီးသော ဘုရားရှင်သည်။ ဧတံ၊ ယခုပင် ရွတ်ဆိုတော့မည့် ဤတရားတော်ကို။ အဝေါစ၊ ဟောတော်မူလေသတည်း။

---

မှတ်ချက် အဓိပ္ပါယ်

အားဖြင့် ဟောခဲ့ဘူးပြီဟူ၍ရင်း၊ အခြားတပါးသော ဌာန ပေါင်းများစွာတို့၌လဲ အကြိမ်ပေါင်းများစွာ ထပ်ကာ ထပ်ကာ ဟောတော်မူသေးသည်ဟူ၍ရင်း မှတ်အပ်၏။

*ထီးနန်းမစိုက်သဖြင့် မြို့ဟု မခေါ်ရသော်လဲ ဈေးဆိုင် များ, ဈေးရုံများဖြင့် သာယာစည်ကား၍ မြို့ယောင်ယောင် ရှိသောရွာကြီးကို နိဂမ-နိဂုံး ဟု ခေါ်သည်။ ကမ္မာသဓမ္မ နိဂုံး ရွာကြီး၌ နေသည်ဟု ဆိုသော်လဲ ထိုရွာကြီးကို ဆွမ်းခံရွာပြု ၍၊ထိုရွာကြီးနှင့် မနီးမဝေး တောအုပ်တခု၌ နေသည်ဟု အဋ္ဌကထာ၌ ဆို၏။

## တရားကျေညာချက်ပါဠိ

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိ-ယာ, သောက-ပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခ-ဒေါမ-နဿာနံ အတ္ထင်္ဂမာယ, ဉာယဿ အဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

## တရားကျေညာချက်အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံ-ယေ ဣမေ [1]သတိပဋ္ဌာနာ၊ စွဲမြဲသော အမှတ်ရမှု-သတိစွဲမြဲမှု ဟူသော အကြောင်းသတိပဋ္ဌာန်တို့သည်။ သန္တိ၊ ရှိကုန်၏။ အယံ၊ စွဲမြဲသော အမှတ်ရမှု- သတိစွဲမြဲမှု- သတိပဋ္ဌာန် ဟူသော ဤအကျင့်လမ်းသည်။ သတ္တာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝက အလောင်း[2] အလုံးစုံသော သတ္တဝါ

---

မှတ်ချက် အဓိပ္ပါယ်

[1]**သတိ**–အမှတ်ရမှု+**ပဋ္ဌာန**= (ကာယ ဝေဒနာ စိတ္တ-ဓမ္မတို့၌) ကပ်၍ တည်သည်–သက်ဝင်၍ မပြတ်ဖြစ်သည်–စွဲမြဲသည်။ **သတိပဋ္ဌာန**=ကပ်၍ တည်သော အမှတ်ရမှု-သက်ဝင်၍ မပြတ်ဖြစ်သော အမှတ်ရမှု-စွဲမြဲသော အမှတ်ရမှု။ တနည်းကား.... **ပဋ္ဌာန**=ကပ်၍ တည်မှု-သက်ဝင်၍ မပြတ်ဖြစ်မှု-စွဲမြဲမှု။ **သတိပဋ္ဌာန**=သတိကပ်၍ တည်မှု-သတိ သက်ဝင်၍ မပြတ်ဖြစ်မှု-သတိစွဲမြဲမှု။

[2]လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်းမှာ ပွင့်တော်မူကြသော သမ္မာသမ္ဗုဒ္ဓဘုရားများ၊ ပစ္စေကဗုဒ္ဓါများ အရိယာ

## မှတ်ချက် အဓိပ္ပါယ်

သာဝကများသည် ဤသတိပဋ္ဌာန်လမ်းဖြင့် သာလျှင် လုံးဝ စင်ကြယ်ခြင်းသို့ ရောက်တော် မူကြသည်ဟု ဆိုသော အဋ္ဌ-ကထာ စကားမှာ၊ ပုံစံပြ နိဒဿန စကားမျှသာတည်း၊ သိစေလိုရင်းအားဖြင့်မူကား-လေးအသင်္ချေနှင့်ကမ္ဘာတသိန်း အတွင်းမှာဖြစ်စေ၊ အပြင်မှာဖြစ်စေ၊ မည်သည့်ကာလ၌မဆို ပွင့်ပြီး, ပွင့်ဆဲ, ပွင့်လတံ့ဖြစ်သော ဘုရားပစ္စေကဗုဒ္ဓါ, အရိ-ယာသာဝကတိုင်းပင် ဤ **သတိပဋ္ဌာန်လမ်းဖြင့်သာ** လုံးဝ စင်ကြယ်ခြင်းသို့ ရောက်တော်မူကြသည်ဟု အပြည့်အစုံပင် သိစေလိုပေသည်။ ထိုကြောင့်.... ရှေး၌ ထုတ်ပြခဲ့သော သံယုတ်ပါဠိတော်တွင်... ဧတေန မဂ္ဂေန တရိံသု ပုဗ္ဗေ၊ တရိဿန္တိ ယေ စ တရန္တိ ဩဃံဟူသော စကားဖြင့်၊ကမ္ဘာအကန့်အသတ် မထားဘဲ ကာလသုံးပါးလုံး၌ ဤသတိပဋ္ဌာန်လမ်းဖြင့်သာ ဩဃကို ကျော်လွှန် သွားရကြောင်း ဖော်ပြထားလေပြီ။ ထို့ပြင်.... ဒီဃနိကာယ်ပါထိကဝဂ် **သမ္ပသာဒနီယ** သုတ်၌လည်း ကာလသုံးပါးလုံးမှာဘုရားဟူသမျှတို့သည် (**စတူသု သတိပဋ္ဌာနေသု သုပ္ပတိဋ္ဌိတစိတ္တာ**) **လေးပါးသော သတိပဋ္ဌာန်တို့၌ ကောင်းကောင်းတည်တံ့သောစိတ်ရှိကုန်လျက် သမ္မာသမ္ဗောဓိ** ဉာဏ်သို့ ရောက်တော်မူကြကြောင်းကို အတိအလင်းပင် မိန့်ဆို ထားပေသည်။သို့ဖြစ်၍ ဤ၌ **သတ္တာနံ**ဟူသော သာမန်ပုဒ် ဖြင့် ဝိသုဒ္ဓိသို့ရောက်နိုင်သမျှ အလောင်းလျာ သတ္တဝါအလုံး စုံကို ယူအပ်၏။

အပေါင်းတို့၏။ ဝိသုဒ္ဓိယာ၊ စိတ်အညစ်အကြေးမှ ကင်းဝေး စင်ကြယ်ခြင်းငှါ။ [၁]ဧကာယနော မဂ္ဂေါ၊ တခုတည်းသော လမ်း-တကြောင်းတည်းသော လမ်းပေတည်း။

---

## မှတ်ချက် အဓိပ္ပါယ်

[၁]ဧက=တခုတည်းသော + **အယန**=လမ်း-**ဧကာယန**= တခုတည်းသောလမ်း။ ကိလေသာစင်ကြယ်ရန်,....နိဗ္ဗာန်ကို မျက်မှောက်ပြုရန်, ဤသတိပဋ္ဌာန်အကျင့် **တလမ်းတည်းသာ ရှိသည်၊** သတိပဋ္ဌာန်နှင့်ကင်း၍ အခြားတပါးသောလမ်း မရှိ တော့ပြီဟု ဆိုလို၏။ ဤအရာ၌ (ဧကမဂ္ဂေါတိ ဧကော ဝေ မဂ္ဂေါ၊ န ဟိ နိဗ္ဗာနဂါမိမဂ္ဂေါ အညော အတ္ထီတိ) ကောယန- ဧကမဂ္ဂ ဟူသည်မှာ တခုတည်းသောလမ်းပေတည်း၊ မှန်ပေ၏ သတိပဋ္ဌာန်မှတပါး နိဗ္ဗာန်သို့သွားသောလမ်း မရှိတော့ပြီဟု သိအပ်၏ဟူ၍ ဖွင့်ဆိုသော ဋီကာကို အထူးသတိပြုအပ်၏။ တနည်းကား....မဇ္ဈိမနိကာယ် မူလပဏ္ဏာသ-**မဟာသီဟနာဒ** သုတ်၌ကဲ့သို့ **ဧကာယနော မဂ္ဂေါ**-ဟူသော ဤပုဒ်သည်၊ တခြားတပါးသို့ လွဲမှားသွားရန် လမ်းခွဲ လမ်းမှားမရှိသော **တကြောင်းတည်းလမ်းကို** ဟောသည်။ ထိုကြောင့်....**ဧက**- တခုတည်းသော+**အယန** - လမ်းကြောင်း=**ဧကာယန မဂ္ဂ**- လမ်းတကြောင်းတည်းသာ ရှိသောလမ်း - **တကြောင်းတည်း သောလမ်း**။ ဤသတိပဋ္ဌာန်လမ်းဖြင့်သွားလျှင် လမ်းဆုံးသော အခါ နိဗ္ဗာန်သို့သာလျှင် တည့်တည့်မတ်မတ် ရောက်သည်၊ နိဗ္ဗာန်မှ တခြားတပါးသို့ လွဲမှား၍ ရောက်စေနိုင်သည့်လမ်းခွဲ လမ်းမှားမရှိသော **ကိန်းသေလမ်းမတော်ကြီး** ဟု ဆိုလိုသည်။

*သောက-ပရိဒေဝါနံ၊ စိုးရိမ်ပူဆွေးရခြင်း, ငိုကြွေးရခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှါ၊ ဧကာယနော မဂ္ဂေါ၊ တခုတည်းသောလမ်း-တကြောင်းတည်းသောလမ်း ပေတည်း။

---

မှတ်ချက် အခိပ္ပါယ်

* ဤသတိပဋ္ဌာန်လမ်းဖြင့် သန္တတိ အမတ်ကြီးကဲ့သို့ပင် သောကကိုလဲးလွန်မြောက်နိုင်၏။ ပဋာစာရာထေရီမကဲ့သို့ပင် ပရိဒေဝကိုလဲးလွန်မြောက်နိုင်၏။ ဤအရာ၌ တရားနာစဥ်တွင် မဂ်ဖိုလ်သို့ရောက်သော သူများမှာ သတိပဋ္ဌာန်နည်းဖြင့် မရှုရတော့ဘဲ နာကြားရသော တရားကို သဘောကျရုံမျှဖြင့်ပင် ကိစ္စပြီးသွားသည်ဟု ထင်မှတ်ဖွယ်ရှိ၍ ထိုသို့ မထင်မှတ်သင့်ကြောင်းကို အဋ္ဌကထာ၌ ဤသို့ ရှင်းလင်းပြထားလေပြီ။ ရှင်းလင်းပုံမှာ....

ယံ ပုဗ္ဗေ တံ ဝိသောသေဟိ-စသော ဂါထာကို နာကြားရ၍ **သန္တတိအမတ်ကြီး** ရဟန္တာဖြစ်သွားသည်မှာ မှန်ပေ၏။ ထိုပြင်.... န သန္တိ ပုတ္တာ တာဏာယ-စသော ဂါထာကို နာကြားရ၍ **ပဋာစာရာ ထေရီမ** သောတာပန်ဖြစ်သွားသည်မှာလဲး မှန်ပါပေ၏။ သို့သော်လဲး **ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ** ဟူသော သတိပဋ္ဌာန်၏အာရုံလေးပါးထဲက တပါးပါးကိုမျှ မသုံးသပ်-မရှုမှတ်မူ၍ ဝိပဿနာဉာဏ်, မဂ်ဉာဏ်များကို ဖြစ်စေနိုင်သော **ပညာဘာဝနာ**မည်သည် ဖြစ်ရိုးမရှိချေ၊ ထိုကြောင့် သန္တတိအမတ်ကြီးနှင့် ပဋာစာရာ ထေရီမတို့သည်လည်း သတိပဋ္ဌာန်၏ အာရုံတပါးပါးကို ရှုမှတ်လျက် ဤ **သတိပဋ္ဌာန်လမ်းဖြင့်**သာလျှင် သောက, ပရိဒေဝတို့ကို

မှတ်ချက် အဓိပ္ပါယ်

လွန်မြောက်သွားကြသည်ဟု မြဲမြံစွာ မှတ်အပ်ကြောင်းကို အဋ္ဌကထာ၌ ရှင်းလင်းပြဆိုထားလေပြီ။

တရားနာရင်း သတိပဋ္ဌာန် ဖြစ်ပွါးနိုင်ပုံမှာ... **ယံ ပုဗ္ဗေ တံ ဝိသောသေဟိ**–ရှေးသခါရ အပေါင်းမှာ ဖြစ်နိုင်သော ကိလေသာတွေကို ခြောက်သွေ့ပါစေ-ဟု ဆိုသော ဤအပိုဒ် ဖြင့်၊ ရှေးကမြင်ဘူး ကြားဘူး တွေ့ဘူး သိဘူးသမျှတို့ကို ပြန်၍ အောက်မေ့မိတိုင်း ရာဂ ဒေါသ စသော ကိလေသာ ဖြစ်နိုင်သည်ကိုငင်း၊ ထို ကိလေသာများ မဖြစ်နိုင်အောင် ရှုအပ်သည်ကိုငင်း ပြ၏။ အဘယ်ကို ရှုအပ်သနည်းဟူမူ.... ဖြစ်ခိုက် ရုပ်နာမ်ကို မပြတ်ရှုနေလျှင်၊ ရှေးဟောင်း အာရုံ များကို မစဉ်းစားမိတော့ပြီ၊ မစဉ်းစားမိလျှင် ၎င်းတို့ကိုစွဲ၍ ကိလေသာ မဖြစ်နိုင်တော့ပြီ။ သို့ဖြစ်၍ အာရုံဟောင်းများ၌ ပြန်လည်စဉ်းစားလျက် ကိလေသာ မဖြစ်နိုင်အောင် ဖြစ်ခိုက် ရုပ်နာမ်ကိုလဲ မပြတ်ရှုမှတ်အပ်၏။ ထိုပြင်....အာရုံဟောင်း များကို ပြန်လည်စဉ်းစားမိပါလျှင်၊ ထိုစဉ်းစားမှုကို ရှုစိုက် ၍ မှတ်ခြင်းဖြင့် ဆက်လက်၍ စဉ်းစားမည့် ကိလေသာကို ပြတ်စဲစေနိုင်၏၊ သို့ဖြစ်၍ ပြန်လည်စဉ်းစားလျက် ကိလေသာ ဆက်လက် မဖြစ်ပွါးနိုင်အောင် ထိုစဉ်းစားမှုကိုလဲ ပြတ်စဲ သွားသည်တိုင်အောင် ရှုမှတ်အပ်၏။ သန္တတိ အမတ်ကြီး သည် ဤအနက် အဓိပ္ပါယ်ကို သဘောပေါက်၍ သူချစ်မြတ် နိုးအပ်သော မိန်းမငယ်ကလေးနှင့် နေထိုင်ခဲ့ပုံ အခြေအနေ များကို စဉ်းစားမိတိုင်း ထိုစိတ်ကို ရှုမှတ်ခြင်းဖြင့်၎င်း၊ ရှေးကအခြေအနေကို ပြန်၍ မစဉ်းစားမိအောင်၊ ဖြစ်ခိုက်

မှတ်ချက် အခိပ္ပါယ်

ရုပ်နာမ်ကို မပြတ် မှတ်ခြင်းဖြင့်၎င်း၊ တရားနာစဉ်မှာပင် သတိပဋ္ဌာန်တရားကို ပွါးစေသည်ဟု သိအပ်၏။

**ပဋ္ဌာ တေ မာဟု ကိဉ္စနံ**–နောင် သခ်ါရ အပေါင်းမှာ ကြောင့်ကြမှု ကိလေလာ မဖြစ်ပါစေလင့်-ဟု ဆိုသော ဤအပိုဒ်ဖြင့်လဲ၊ နောင်ရေးကို မြှော်တွေးမိတိုင်း စိုးရိမ်ကြောင့်ကြမှု, တောင့်တမှု စသော ကိလေသာ ဖြစ်နိုင်သည်ကို၎င်း၊ ထိုကိလေသာများ မဖြစ်နိုင်အောင် ရှုအပ်သည်ကို၎င်း ပြ၏။ အဘယ်ကို ရှုအပ်သနည်းဟူမူကား....နောင်ရေးကို မြှော်တွေးခွင့်မရအောင်၊ ဖြစ်ခိုက် ရုပ်နာမ်ကိုလဲး မပြတ် ရှုမှတ်အပ်၏။ နောင်ရေးကို တွေးမိလျှင်လဲး ထိုစိတ်ကိုပင် ပြတ်စဲသွားသည်တိုင်အောင် ရှုမှတ်အပ်၏။ သန္တတိ အမတ်ကြီးသည် ဤအနက်အဓိပ္ပါယ်ကို သဘောပေါက်၍ နောင်အခါ၌ ထိုမိန်းမငယ်ကလေးနှင့် တွေ့လိုမှု အတူနေလိုမှုစသော ရာဂစိတ်ကူးများ, "ဘယ်တော့မှ တွေ့ရမှာ မဟုတ်တော့ပါဘူး၊ ငါတယောက်တည်း နေရတော့မည်" စသည်ဖြင့် လွမ်းဆွတ် ပူဆွေးမှုသောကစိတ်ကူးများ ဖြစ်ပေါ်လာတိုင်း၊ ၎င်းတို့ကို မှတ်ခြင်းဖြင့်၎င်း၊ နောင်ရေးကို မတွေးမိအောင်၊ ဖြစ်ခိုက် ရုပ်နာမ်ကို မပြတ် မှတ်ခြင်းဖြင့်၎င်း၊ တရားနာစဉ်မှာပင် သတိပဋ္ဌာန်တရားကို ပွါးစေသည်ဟု သိအပ်၏။

**မဇ္ဈေ စေ နော ဂဟေဿသိ**–အလယ်ပိုင်း ရုပ်နာမ် ပစ္စုပ္ပန် သခ်ါရမှာ မစွဲယူပါမူ-ဟု ဆိုသော ဤအပိုဒ်ဖြင့်လဲး၊ မြင်ဆဲ ကြားဆဲ စသော ပစ္စုပ္ပန် ရုပ်နာမ်၌ အကောင်းထင်၍

မှတ်ချက် အဓိပ္ပါယ်

မသာယာနိုင်အောင်၊ ငါကောင် သတ္တဝါကောင်ထင်၍ မစွဲလမ်းနိုင်အောင်၊ ဖြစ်တိုင်း ဖြစ်တိုင်းရှုမှတ်အပ်သည်ကို ပြ၏။ သန္တတိ အမတ်ကြီးသည် ဤအနက် အဓိပ္ပါယ်ကို သဘောပေါက်၍ ထိုခဏ၌ ဖြစ်ပေါ် ဆဲဖြစ်သော မြင်မှု ကြားမှု စဉ်းစားမှု စသော ရုပ်နာမ်တို့ကို မပြတ်မှတ်ခြင်းဖြင့် တရားနာစဉ်မှာပင် သတိပဋ္ဌာန်တရားကို ပွါးစေသည်ဟု သိအပ်၏။ ဤအရာမှာ "ဂါထာတပုဒ်ကို နာနေခိုက်ကလေးတွင် ဤမျှ များပြားသော ရှုမှတ်မှုများ ဖြစ်နိုင်ပါမည်လော" ဟု **တွေးတောယုံမှား၍ မနေလေလင့်။** သတိပဋ္ဌာန် အလုပ်ကိုသာ ထိထိရောက်ရောက် အားထုတ်ကြည့်ပါ။ သမာဓိဉာဏ် တော်တော်သန်လာသော အခါမှာ ဤမျှ များပြားသော ရှုမှတ်မှုများ တခဏကလေး အတွင်းမှာပင် ဖြစ်သွားနိုင်ပုံကို ကိုယ်တိုင်ပင်တွေ့ပါလိမ့်မည်။

ဤသို့ မပြတ် မှတ်နေခြင်းကြောင့် အတိတ်ရှေးဟောင်းများကို စဉ်းစား၍လဲ ကိလေသာမဖြစ်ရ၊ အနာဂတ်နောင်ရေးကို မြော်တွေး၍လဲ ကိလေသာမဖြစ်ရ၊ ပစ္စုပ္ပန်ဖြစ်သော မြင်ဆဲ ကြားဆဲ တွေ့ဆဲ သိဆဲ ရုပ်နာမ်များ၌လဲ ဖြစ်မှု ပျက်မှု မမြဲမှု စသည်ကို မျက်မှောက်သိနေသဖြင့် တဏှာဒိဋ္ဌိ စသော ကိလေသာ ဖြစ်ခွင့်မရတော့ပြီ။ သန္တတိ အမတ်ကြီးသည် ဤနည်းဖြင့် မှတ်တိုင်း မှတ်တိုင်း ကိလေသာငြိမ်း၍ တထိုင်အတွင်းမှာပင် လေးပါးသော မဂ်ဉာဏ်များ အစဉ်အတိုင်း ဖြစ်ပေါ်ပြီးလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်ဟု သိအပ်ပေ၏။ ဤသို့ ဖြစ်နိုင်သည်ကို ရည်၍ **ဥပသန္တော**

မှတ်ချက် အဓိပ္ပါယ်

**စရိဿသိ–ကိလေသာမီး အပြီး ငြိမ်းအေးသွားလိမ့်မည်–**ဟု နောက်ဆုံးအပိုဒ်ကို ဟောတော်မူပေသည်။

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။
ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ....။

ဟူသော ဤဂါထာ ၂-ပုဒ်ကို နာကြားရ၍၊ ပဋာစာရာ ထေရီမ သောတာပန် ဖြစ်သွားသည်ဟု **ဓမ္မပဒ** ဆို၏။ ထိုတွင် **ပဌမဂါထာဖြင့်** "တနေ့ကျလျှင် ကိုယ်တိုင်ပင် သေဘေးဆိုးကြီးနှင့် တွေ့ရဦးမည်၊ ထိုအခါမှာ သားသမီး မိဘ ဆွေမျိုးများ မျက်မှောက်မှာ ရှိငြားသော်လဲ သေဘေးမှ မကာကွယ်နိုင်ပုံ၊ အားမကိုးလောက်ပုံကို" ထင်မြင်စေ၍ **သတိသံဝေဂဉာဏ်ကို** ဖြစ်ပေါ်စေသည်။ **ဒုတိယဂါထာဖြင့်** "သူတပါးသည် မိမိ၏အားကိုးရာ မဖြစ်နိုင်ပုံ၊ အားကိုးရာဖြစ်လောက်အောင် ပြုကျင့်လျှင် **မိမိကိုယ်သာလျှင် မိမိ၏ အားကိုးရာဖြစ်နိုင်ပုံ** တို့ကို သိမြင်သဘောကျသော ပုဂ္ဂိုလ်သည် သီလနှင့်ပြည့်စုံ၍ နိဗ္ဗာန်လမ်းကို အမြန်ချက်ခြင်းပင် ရှင်းလင်းသင့်ကြောင်း" ပြသည်။ ပဋာစာရာသည်လည်း ဤအနက် အဓိပ္ပါယ်ကို သဘောပေါက်၍ **သတိသံဝေဂရပြီးလျှင်** ရှေးကအပြုမျိုး, အပြောမျိုးကို မပြုတော့, မပြောတော့ပြီဟု တရားနာရင်းပင် နှလုံးသွင်း ဆောက်တည်ကာ သီလ၌ ရှေးဦးစွာတည်၍၊ နိဗ္ဗာနဂမနံ မဂ္ဂံ-၏ အရ-ဤသတိပဋ္ဌာန် နည်းလမ်း အတိုင်း ရှုမှတ်

မှတ်ချက် အဓိပ္ပါယ်

လျက် တထိုင်အတွင်းမှာပင် **သောတာပတ္တိဖိုလ်သို့** ရောက်သွားလေသည်ဟု သိအပ်၏။ တရားနာစဉ်တွင် မဂ်ဖိုလ်သို့ ရောက်သွားကြသော ပုဂ္ဂိုလ်တိုင်း ဤနည်းချည်းပင်တည်း၊ သို့ဖြစ်၍ အဋ္ဌကထာ၌ **တေပိ ဣမိနာဝ မဂ္ဂေန**-တရားနာရင်း မဂ်ဖိုလ်သို့ ရောက်သွားသော ထိုပုဂ္ဂိုလ်တို့သည်လည်း ဤသတိပဋ္ဌာန် လမ်းဖြင့်သာလျှင် ရောက်သွားကြသည်ဟု သိအပ်ကြောင်းကို ကိန်းသေ ကန့်သတ်၍ ဆုံးဖြတ်ချက်ချထားပေသည်။ ဤအရာတွင် ဋီကာ၌ ဂါထာကိုနာပြီးနောက် စတုသစ္စကမ္မဋ္ဌာန်း တရားကိုလဲ နာရ၍ သတိပဋ္ဌာန်ဖြင့်ပင် တရားထူး ရသွားကြသည်ဟု မိန့်ဆို၏၊ ထိုအဆိုလဲးသင့်မြတ်လှပေ၏။

ပဋ္ဌာစာရာသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ပရိဒေဝကို လွန်မြောက် သွားသည်ဟု ဆိုသော ဤအဋ္ဌကထာစကား၌လဲး စောဒနာဘွယ်ရှိသေး၏။ အဘယ်သို့နည်းဟူမူ.... ပရိဒေဝကို အနာဂါမိ မဂ်ဖြင့်သာ အကြွင်းမဲ့ ပယ်နိုင်၍၊ သောတာပတ္တိ မဂ်ဖြင့် အကြွင်းမဲ့ မပယ်နိုင်သေးသည် မဟုတ်ပါလောဟု စောဒနာဘွယ်ရှိ၏။ သောတာပတ္တိမဂ်ဖြင့် ပရိဒေဝ၏ အကြောင်းဖြစ်သော ဒေါမနဿစိတ်ကို အကြွင်းမဲ့ မပယ်နိုင်သေးသည်မှာ မှန်ပေ၏။ သို့သော်လဲး ပဋ္ဌာစာရာသည် ပုဗ္ဗဘာဂ ဝိပဿနာ မဂ်နှင့်တကွ သောတာပတ္တိမဂ်ဖြင့် ဖြစ်ပေါ်ဆဲ ထိုပရိဒေဝ ဒေါမနဿစိတ်ကို ပယ်ပြီးလျှင်၊ မျှားမကြာမီပင် အထက်မဂ်သုံးပါးသို့လဲး ဆိုက်ရောက်သွားပေသည်။ **သောတာပတ္တိမဂ်သို့** ရောက်သည်မှစ၍ ပဋ္ဌာစာရာ၏

မှတ်ချက် အဓိပ္ပါယ်

သန္တာန်၌ ထို **ပရိဒေဝ ဒေါမနဿမျိုး** တဖန်ဖြစ်ပေါ်ခြင်း မရှိတော့ဘဲ၊ **အနာဂါမိမဂ်ဖြင့်** အကြွင်းမဲ့ လွန်မြောက်သွားသည်ကို ရည်၍ ဆိုသည်ဟု မှတ်ယူသင့်ပေ၏။ ဤသို့ ဆိုနိုင်ခြင်း၏ အကြောင်းယုတ္တိမှာ.... မဇ္ဈိမနိကာယ်-မူလပဏ္ဏာသ **စူဠဝေဒလ္လသုတ်၌** "အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယ ကိန်းသလော၊ အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယကို ပယ်အပ်သလော" ဟူသော **အမေးကို** "ပဌမဈာန်ဖြင့် ကာမရာဂကို ခွါပြီးလျှင် ကာမရာဂ ဝေးကွာမြဲ ဝေးကွာလျက် သာလျှင် တစပ်ထည်း **အနာဂါမိမဂ်သို့** ရောက်သောပုဂ္ဂိုလ်မှာ ပဌမဈာန်၌ ကာမရာဂ မကိန်း ဟူ၍၎င်း၊ ပဌမဈာန်ဖြင့်ပင် ကာမရာဂကို ပယ်သည်ဟူ၍၎င်း" ဖြေဆိုထားလေသည်၊ ထိုသို့ ဖြေဆိုရာ၌ **အနာဂါမိမဂ်ဖြင့်** သာလျှင် အကြွင်းမဲ့ ပယ်အပ်သော **ကာမရာဂါနုသယကို** ပဌမဈာန် ဖြစ်သည်မှစ၍ ဖြစ်ခွင့် မရှိသောကြောင့် ပဌမဈာန်ဖြင့်ပင် ပယ်သည်ဟု ပြောဆိုသကဲ့သို့ ဤ၌လည်း အနာဂါမိမဂ်ဖြင့်သာလျှင် အကြွင်းမဲ့ ပယ်အပ်သော **ပရိဒေဝ ဒေါမနဿစိတ်ကို** သောတာပတ္တိမဂ် ဖြစ်ပေါ်သည်မှစ၍ ဖြစ်ခွင့်မရှိသောကြောင့် သောတာပတ္တိမဂ်ဖြင့် လွန်မြောက်သွားသည်ဟု ဆိုသင့်သည်သာတည်း။ သိကြားမင်း သုပြဟ္မနတ်သားတို့၏ ဒေါမနဿချုပ်ငြိမ်းကြောင်းကို ပြဆိုရာ၌လဲ၊ ဤနည်းပင်ဟု ယူရာ၏။ မှန်ပေ၏၊ ၎င်းသိကြားမင်း, သုပြဟ္မနတ်သားတို့မှာ သောတာပတ္တိမဂ်သို့ ရောက်သည့် အချိန်မှစ၍ ဣဿာ, မစ္ဆရိယ, အပါယ်ဘေး စသည်တို့နှင့် စပ်သော ထိုဒေါမနဿမျိုးသည် ဖြစ်ခွင့်မရှိတော့သည်သာတည်း။

* ဒုက္ခ ဒေါမနဿာနံ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းကွယ်ပျောက်ခြင်းငှါ။ ကောယနော

---

မှတ်ချက် အဓိပ္ပါယ်

* ကိုယ်ထဲ၌ နာကျင်ကိုက်ခဲမှု အခံခက်မှုဟူသမျှသည် (ဒုက္ခ)ကိုယ်ဆင်းရဲမည်၏။ စိတ်ထဲ၌ နှလုံးမသာမှု မခံသာမှု ဟူသမျှသည်(ဒေါမနဿ)စိတ်ဆင်းရဲမည်၏။ ဤဆင်းရဲ ၂-မျိုး လုံးကိုလဲ သတိပဋ္ဌာန်အကျင့်လမ်းဖြင့် လုံးဝချုပ်ငြိမ်းစေနိုင်၏။ ဤ **သတိပဋ္ဌာန်အကျင့်လမ်းသည်** အပြည့်အစုံ ဖြစ်ပွါးစေအပ်လျှင် **တိဿထေရ်စသည်တို့မှာကဲ့သို့** ဒုက္ခကိုလဲငြိမ်းစေနိုင်သည်၊ **သိကြားမင်းစသည်တို့မှာကဲ့သို့** ဒေါမနဿကိုလဲ ငြိမ်းစေနိုင်သည်ဟု အဋ္ဌကထာ၌ဆို၏။ ထိုတွင် **တိဿထေရ်၏ ဒုက္ခငြိမ်းပုံကား**....သာဝတ္ထိပြည်တွင် တိဿမည်သော သူကြွယ်သားသည် အမွေမခွဲရသေးသော **ကုဋေ(၄၀)သော** ဥစ္စာကို ညီဖြစ်သူ စူဠတိဿအား လွှဲအပ်စွန့်လွှတ်ခဲ့၍ ရဟန်းပြုပြီးလျှင် တခုသော တောကျောင်း၌ **ရဟန်းတရားကို အားထုတ်လျက်** နေလေ၏။ ထိုအခါမှာ စူဠတိဿ၏ ဇနီးဖြစ်သူ (ခယ်မတော်)က 'အရှင်တိဿ သာသနာတော်မှာ မပျော်၍ လူထွက်လာခဲ့ပါလျှင် အမွေခွဲပေးရမည်ကို စိုးရိမ်သောကြောင့် လူဆိုး ဒမြတို့အား ငွေပေး၍ အရှင်တိဿကို အသတ်ခိုင်း၏။ ထိုလူဆိုးတို့သည်လည်း အရှင်တိဿကို ဖမ်းဆီး၍သတ်ရန် အားထုတ်ကြ၏။ **ထိုအခါတွင်** အရှင်တိဿသည် **ကိလေသာမကင်းသေးဘဲသေရမည်ကို အလွန်ရှက်ရွံ့ကြောက်ရွံ့လှသဖြင့်** "ဥပါသကာတို့ ငါ့အား တညဉ့်မျှ လွတ်လွတ်လပ်လပ် အားထုတ်ခွင့်ပေးကြပါဦး၊ ငါ့ဘယ်ကိုမျှ

မဂ္ဂေါ၊ တခုတည်းသောလမ်း – တကြောင်းတည်းသောလမ်း ပေတည်း။ ဉာယဿ အဓိဂမာယ၊ အရိယာမဂ်ကို ရခြင်းငှါ။

---

မှတ်ချက် အဓိပ္ပါယ်

ထွက်မပြေးနိုင်အောင် လုံလောက်သော အာမခံပေးထား ပါမည်”ဟု **တောင်းပန်၍** မိမိ၏ပေါင် ၂-ချောင်းကို ဆတ်ပိုင်း ကျိုးသွားအောင် ကျောက်တုံးကြီးဖြင့် ကိုယ်တိုင်ရိုက်ချိုးကာ အာမခံပေးပြီးလျှင် တရားကိုသာ ပြင်းထန်စွာ အားထုတ် နေလေ၏။ ပြင်းထန်လှစွာသော နာကျင်မှုဝေဒနာကို ရှုမှတ် ရင်း သီလ စင်ကြယ် ပုံကို ဆင်ခြင်မိသဖြင့် အားကြီးသော ပီတိပါမောဇ္ဇများ ဖြစ်ပေါ်လာ၏။ ထိုအခါမှာ ဝေဒနာ၌ မနသိကာရခေါ် နှလုံးသွင်းမှုမရှိသဖြင့် နာကျင်မှု ဝေဒနာ သည် ပျောက်ငြိမ်းနေသကဲ့သို့ ရှိလေ၏။ ဤသို့ ဖြစ်ပုံမျိုးကို “**ဝေဒနံ ဝိက္ခမ္ဘိတွာ**–ဝေဒနာကို ခွါသည်”ဟု အဋ္ဌကထာတို့၌ ဆိုပေသည်။ ဤသို့ မခံသာမှု ဝေဒနာမှ သက်သာရာရ၍ ဖြစ်ပေါ်ခိုက် ရုပ်နာမ်ကို ရှုမှတ်လျက် ဝိပဿနာကို အစဉ် အတိုင်း တိုးပွါးစေ၍ နံနက် အရုဏ်တက်သောအခါ **အရဟတ္တဖိုလ်သို့** ရောက်တော်မူလေ၏။ အရဟတ္တဖိုလ်သို့ ရောက်၍ **ပရိနိဗ္ဗာန် စံဝင်သောအခါမှာ** ကိုယ်ဆင်းရဲဒုက္ခ ဟူသမျှ လုံးဝချုပ်ငြိမ်းလေတော့၏။

**ကျားစားခံရသော ရဟန်းငယ်တပါး၏ ဒုက္ခငြိမ်းပုံ**....
သုံးကျိပ်သော ရဟန်းတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်း ယူ၍ တခုသော တောကျောင်း၌ ဝါကပ်လျက် တရား အားထုတ်နေကြလေ၏။ သစ်ပင်အောက်, ချုံအောက်စသော

မှတ်ချက် အခိပ္ပါယ်

သင့်လျော်ရာ ဌာနများ၌ အားထုတ်နေကြရာ နံနက်မိုး သောက်အချိန်၌ ရဟန်းတပါး တပါးကို ကျားသည် ဆွဲ၍ သွားလေ့ ရှိ၏။ ကျားဆွဲခံရသော ရဟန်းသည်လည်း ကျားဆွဲ ကြောင်းကို **ဟစ်အော် တိုင်ကြားလိုက်လျှင်** အနီးအပါးရှိ ယောဂီ ရဟန်းများမှာ **သမာဓိ ပျက်သွားမည်ကို** စိုးရိမ်၍ အသံမပြုဘဲ **တိတ်ဆိတ်စွာသာလျှင်** လိုက်ပါသွားလေ့ ရှိ၏။ ဤ နည်းဖြင့် ရဟန်း လေးငါးဆယ်ပါး လျော့သွားမှ အကြောင်း အကျိုးကို သိရ၍ **သံဃာ့မထေရ်ကြီးက** ကျားလာဆွဲလျှင် တိုင်တမ်း ပြောကြားရန် အမိန့်ထုတ်ထား၏။ တနေ့သ၌ ကျားသည် ရဟန်းငယ်တပါးကို ရှေးနည်းပင် လာ၍ ဆွဲပြန်၏၊ ထိုရဟန်းငယ်ကလဲ "ကျားပါအရှင်ဘုရား၊ ကျားပါအရှင် ဘုရား"ဟု တိုင်တမ်းပြောကြား၏။ သီတင်းသုံးဘော် ရဟန်း တို့ကလဲ တောင်ဝှေး စသည်ကို ကိုင်ဆွဲကုန်လျက် လွတ်ရာ လွတ်ကြောင်း ကြိုးစားအားထုတ်ကြ၏။ သို့သော်လဲ ကျားက မလွှတ်မူ၍ လူမသွားရောက်နိုင်သော ကမ်းပါးပြတ်သို့ ဆွဲယူ တက်သွားလေ၏။ ထိုအခါမှာ ရဟန်းတို့က "အို သူတော် ကောင်း၊ ယခု သင်အား လွတ်မြောက်စေရန် ငါတို့ဘာမျှ မတတ်နိုင်တော့ပြီ၊ ဤလိုအခါမျိုးသည် ရဟန်းတို့၏ စွမ်းရည် အထူးကို ဖော်ပြရမည့် အခါသာလျှင် ဖြစ်တော့သည်။ သို့ဖြစ် ၍ တရားကိုသာ နှလုံးသွင်းပါလေတော့"ဟု သတိပေးစကား ပြောကြားကြ၏။ ထိုရဟန်းငယ်သည် ကျား၏ ရက်စက် ကြမ်းကြုတ်စွာ ကိုက်ခဲလျက် စားခြင်းကြောင့် ဖြစ်ပေါ်သော အလွန်ပြင်းထန်သော ဝေဒနာများကို ရှုမှတ်လျက်ငင်း၊ ပီတိ

ပါမောဇ္ဇစသည်ဖြင့် ထိုဝေဒနာကို ခွဲ၍ ပေါ်ရာ ပေါ်ရာ ရုပ်နာမ်ကို ရှုမှတ်လျက် ငင်း ခြေမျက်စိအထိ စားပြီးသောအခါမှာ **သောတာပန်** ဖြစ်လေ၏။ ဒူးဆစ်အထိ စားပြီးသောအခါမှာ **သကဒါဂါမ်** ဖြစ်လေ၏။ **ချက်အထိ** စားပြီးသောအခါမှာ **အနာဂါမ်** ဖြစ်လေ၏။ နှလုံးသားကို မစားသေးမီပင် ရဟန္တာ ဖြစ်၍ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတော်မူလေ၏။

**သိကြားမင်း၏ ဒေါမနဿ** ငြိမ်းပုံ .... သိကြားမင်းကြီးသည် ပုဗ္ဗနိမိတ် ငါးပါးကို တွေ့ရ၍ သေရမည်မှုရင်း၊ မိမိသေလျှင် မိမိထက်သာသော သိကြားတဦး ပေါ်လာမည်မှုရင်း၊ မိမိ၏ စည်းစိမ်တွေကို သူတပါး ပိုင်သွားမည်မှုရင်း စိုးရိမ်ကြောက်လန့်ကာ အလွန်ပင် နှလုံးမသာ ဖြစ်လျက် မြတ်စွာဘုရားထံသို့ လာရောက်ပြီးလျှင် "နတ်တွေ လူတွေဟာ ဘေးရန်ဒုက္ခ အမြဲတမ်းကင်းပ၍ အေးမြချမ်းသာစွာ နေချင်ကြပါလျက် အဘယ်ကြောင့် ဘေးရန်ဒုက္ခတွေနှင့်သာ တွေ့ကြုံနေကြရပါသနည်း" ဟူသော ဤမေးခွန်းမှုစ၍ မေးလျှောက်၏။ ထိုအခါမှာ မြတ်စွာဘုရားက "ကိုယ့်ထက်သာသည်ကို မနာလိုမှု-ဣဿာ၊ ကိုယ်လို သူတပါးမကောင်းစား မချမ်းသာစေလိုသော ဝန်တိုမှု-မစ္ဆရိယ ဟူသော ဤ သံယောဇဉ် ၂-ပါး ရှိနေခြင်းကြောင့်ပင် နတ်တွေ လူတွေဟာ ချမ်းသာချင်ကြသော်လည်း မချမ်းသာနိုင်ကြ၊ ဘေးရန်ဒုက္ခနှင့် မတွေ့ချင်ကြသော်လည်း တွေ့ကြုံ နေကြရသည်" ဟူသော ဤ အဖြေမှုစ၍ **သက္ကပဥှသုတ်** တရားကို ဟောတော်မူ၏။ ထိုတရားထဲတွင် မှီဝဲသင့်, မမှီဝဲသင့်သော ဝေဒနာတို့ကို ဝေဘန် ဟောကြား

မှတ်ချက် အဓိပ္ပါယ်

တော်မူစဉ် သိကြားမင်းသည် သဘောကျ၍ မမှီဝဲသင့်သော ဂေဟသိတဝေဒနာတို့ကို **ရှုမှတ်ကာပယ်လျက်** မှီဝဲသင့်သော နေက္ခမ္မသိတ ဝေဒနာတို့ကို ဖြစ်စေကာ သတိပဋ္ဌာန် ဘာဝနာကို ပွါးစေ၍ **သောတာပန် ဖြစ်ပြီးလျှင်** ယခင်ကဖြစ်ပေါ်နေသော **ဋ္ဌာနမဇ္ဈရိယ ဆိုင်ရာ** နှလုံးမသာမှုမှ လုံးဝလွတ်မြောက်သွားလေ၏။

**သုဖြဟ္မနတ်သား၏ ဒေါမနဿဖြစ်ပုံ....** အခြွေ အရံ နတ်သမီးဘထောင်နှင့်တကွ နန္ဒဝန်ဥယျာဉ်ကြီးထဲ၌ ပျော်ပွဲခံနေသော သုဗြဟ္မ နတ်သားသည် ပန်းပင်ပေါ်တက်၍ ကခုန်သီဆိုလျက် ပန်းခူးနေသော အခြွေအရံ နတ်သမီးငါးရာမှာ **ပန်းခူးနေရင်းပင် စုတေ၍ ငရဲ၌ဖြစ်ကာ အတိဒုက္ခရောက်နေကြရှာသည်ကို** မြင်ရသောကြောင့်၎င်း၊ မိမိကိုယ်တိုင်လဲ ကျန်သော နတ်သမီးငါးရာနှင့်တကွ (၇) **ရက်အတွင်းမှာပင် စုတေ၍** ထိုငရဲမှာပင် **ဖြစ်ရဦးမည်ကို** မြင်ရသောကြောင့်၎င်း အလွန်ပင် နှလုံးမသာဖြစ်ကာ ဘုရားထံသို့လာပြီးလျှင် "ကျန်သော နတ်သမီးငါးရာနှင့်တကွ မိမိကိုယ်တိုင်ပါ (၇) ရက် အတွင်းမှာပင် ငရဲ၌ တွေ့ကြုံရတော့မည့် (အနုပ္ပန္နကိစ္စခေါ် –) ယခုမဖြစ်သေးသော **အနာဂတ်ဆင်းရဲများနှင့်** ငရဲ၌ရောက်နေပြီးသော နတ်သမီးများ၏ ခံစားတွေ့ကြုံနေရသော (ဥပ္ပတိတကိစ္စခေါ် –) ဖြစ်ပေါ်နေသော **ပစ္စုပ္ပန်ဆင်းရဲများကြောင့်** ကျွန်ုပ်၏ စိတ်ဟာ ရပ်တည်မရအောင် တုန်လှုပ် ထိတ်လန့်နေပါသည်၊ မကြောက်ရသော အရပ်နှင့် အကြောက်ကင်းကြောင်း နည်းလမ်းကောင်းများ ရှိပါလျှင် ဟောကြား

နိဗ္ဗာနသ သစ္ဆိကိရိယာယ၊ *နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ။ **ကောယနော** မဂ္ဂေါ၊ တခုတည်းသော လမ်း–တကြောင်းတည်းသော လမ်းပေတည်း။

---

မှတ်ချက် အဓိပ္ပါယ်

ညွှန်ပြတော်မူပါ” ဟု လျှောက်ထား၏။ ထိုအခါမှာ မြတ်စွာဘုရားက “**ဗောဓိ, တပ, ဣန္ဒြိယသံဝရ, သဗ္ဗနိဿဂ္ဂ** ဟူသော ဤတရား ၄-ပါး သာလျှင် သတ္တဝါတို့၏ ဘေးရန်ကင်းကွာ ချမ်းသာရာ ချမ်းသာကြောင်းအမှန်ဖြစ်သည်”ဟု ဟောကြားတော်မူ၏၊သုဗြဟ္မနတ်သားလဲ ထိုတရားကို သဘောပေါက်၍ သဗ္ဗနိဿဂ္ဂခေါ် နိဗ္ဗာန်ကိုသိမြင်ရန် အလို့ငှါ ဣန္ဒြိယသံဝရဖြင့် စိတ်ကို ထိန်းသိမ်း၍ တပခေါ်–**သမ္မပ္ပဓာန်ဝီရိယ**ဖြင့် မပြတ်မှတ်နိုင်အောင် ကြောင့်ကြစိုက်လျက် ဗောဓိခေါ်သော ပဗ္ဗဘာဂ **ဝိပဿနာမဂ်**နှင့် တကွ **အရိယာမဂ်**ကို တခဏချင်းပင် ဖြစ်ပွါးစေ၍ အခြွေအရံ နတ်သိမ်းငါးရာနှင့်တကွ **သောတာပန်** ဖြစ်ပြီးလျှင် အပါယ်ဘေးနှင့်စပ်၍ ကြောက်လန့် တုန်လှုပ်နေသော နှလုံးမသာမှုမှ လုံးဝလွတ်မြောက် သွားလေ၏။ (ဤ၌ ဗောဓိ, တပ, ဣန္ဒြိယသံဝရတို့သည် သတိပဋ္ဌာန် ၄-ပါး၌ အတွင်းဝင်သော တရားတို့သာတည်း။)

* နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းမှာ **ဉာယဿ အဓိဂမာယ** ဟူသော အပိုဒ်ဖြင့်ပင် ထင်ရှားနေပြီဖြစ်၍ **နိဗ္ဗာနသ သစ္ဆိကိရိယာယ** ဟူသော ဤအပိုဒ်၌ ဖိုလ်ဉာဏ်ဖြင့် **မျက်မှောက်ပြုခြင်းကို** ယူသင့်ကြောင်း **မူလပဏ္ဏာသဋီကာ**၌ မိန့်ဆိုသည်။ သင့်ပါပေ၏။

၁၄၇၄၁

## ဥဒ္ဒေသ-အကျဉ်းချုပ်စကား

ကတမေ စတ္တာရော၊ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ, အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ, အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ, အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ, အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဥဒ္ဒေသဝါရကထာ နိဋ္ဌိတာ။

## ဥဒ္ဒေသ အကျဉ်းချုပ်ခေါင်းစဉ်

စတ္တာရော၊ လေးပါးကုန်သော သတိပဋ္ဌာန်တို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်း

---

မှတ်ချက် အဓိပ္ပါယ်

ဤအရာ၌ အရိယာမဂ်ကို ရရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် သမ္မပ္ပဓာန် စသော တခြားဘာဝနာများလဲ ရှိသေးသည်ပင် မဟုတ်ပါလောဟူမူ....ရှိသေးသည်ကား မှန်ပေ၏။ သို့သော်လဲ၊ သတိပဋ္ဌာန်နှင့် ကင်း၍ သမ္မပ္ပဓာန် စသော

တို့။ ဣဓ *ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤ သာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။

---

မှတ်ချက် အဓိပ္ပါယ်

တခြားဘာဝနာများ မဖြစ်နိုင်ချေ။ ထို့ကြောင့် ဤ**သတိပဋ္ဌာန်ကို "အရိယာမဂ်ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တခုတည်းသောလမ်း"** ဟု ဆိုပေသည်။ ဤ အကျဉ်းစကားအရာ၌ **သတိကိုသာ** သတိပဋ္ဌာန်ဟု ပြခြင်းမှာလဲ ပဓာန နည်းဖြင့် ပြဆိုခြင်းပေတည်း။ အမှန်အားဖြင့်သော်ကား သတိတခုတည်းဖြင့် ဘာဝနာကိစ္စ မပြီးပေ။ **ဝီရိယ ပညာ** ဟူသော ယှဉ်ဘော်ယှဉ်ဘက်များနှင့်တကွ ဖြစ်၍သာလျှင် ဘာဝနာကိစ္စကို ပြီးစေနိုင်ပေသည်။ သို့ဖြစ်၍ အကျယ်ပြရာ၌ **အာတာပီ သမ္ပဇာနော**-ဟု ဝီရိယ ပညာတို့ကိုလဲ သတိပဋ္ဌာန် ဘာဝနာ၌ ထည့်သွင်း၍ ပြထားပေသည်။

**အထူးမှတ်ရန်မှာ**....သတိပဋ္ဌာန်လမ်းကို "**အရိယ မဂ်ရဘို့ နိဗ္ဗာန်မျက်မှောက်ပြုဘို့** တခုတည်းသောလမ်း၊ တကြောင်းတည်းသောလမ်း" ဟု ဟောတော်မူသောကြောင့် **သတိပဋ္ဌာန် ၄-ပါးမပါသော** ဘာဝနာနည်းဟူသမျှကို "**မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်း** လမ်းမှန်မဟုတ်၊ **နည်းမှားလမ်းမှားချည်း**"ဟူ၍ မြဲမြံစွာ မှတ်အပ်၏။ ထို့ပြင် "သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ပွါးများအားထုတ်လျှင် မှားယွင်းချွတ်ချော်ခြင်းမရှိဘဲ "**မဂ်ဖိုလ်နိဗ္ဗာန်သို့သာ ကေန်ရောက်နိုင်သည်**"ဟူ၍လဲ မြဲမြံစွာ မှတ်အပ်၏။

*သတိပဋ္ဌာန်ကို ပွါးစေသော ပုဂ္ဂိုလ်များမှာ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမ, နတ်,

* အာတာပီ၊ ကိလေသာအစေး စိတ် အညစ်အကြေးကို ပူလောင်စေတတ်သော ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိသည်ဖြစ်၍။ ဝါ၊ အပြင်းအထန် အားထုတ်သည်ဖြစ်၍။ သတိမာ၊ သတိရှိသည်- အမှတ်ရသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍။ ကာယေ၊ မမြဲ ဆင်းရဲ အစိုးလဲ့မရ မလှပသော ရုပ်အပေါင်း

---

မှတ်ချက် အဓိပ္ပါယ်

ဗြဟ္မာဟူ များစွာပင် ရှိပါလျက် ဤ၌ ရဟန်းယောကျ်ားကိုသာ ထုတ်ဖော်၍ ဘိက္ခု-ဟု ဟောတော်မူခြင်းမှာ မြတ်စွာဘုရား၏ အဆုံး အမတော်ကိုလက်ခံ၍ ကျင့်သောပုဂ္ဂိုလ်တို့တွင် ရဟန်းသည် အဆုံးအမခံဟူသမျှ၏ တည်ရာဖြစ်၍ အမြတ်ဆုံးဖြစ်သောကြောင့် ဟောတော်မူခြင်းပေတည်း။ ဤသို့ ပဓာနနည်းဖြင့် ဘိက္ခု-ရဟန်းကိုဟောရာ၌ အပ္ပဓာနဖြစ်သော ဘိက္ခုနီ-ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမ, နတ် ဗြဟ္မာတို့လဲ ပါဝင်တော့သည်သာတည်း။ တနည်းအားဖြင့် ဤ သတိပဋ္ဌာန် အကျင့်ကို ကျင့်သူမှန်လျှင် ဘိက္ခုမည်သည်ချည်းသာတည်း။ (ပဋိပတ္တိကော ဟိ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ ဘိက္ခူတိ သင်္ချံ ဂစ္ဆတိယေဝ-အဋ္ဌကထာ)။ သို့ဖြစ်၍ "ဤ သာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်" ဟူသော ဒုတိယအနက်ကို ထပ်ဆင့် ပြန်ဆိုထားသည်။

*အာတာပီ သမ္ပဇာနော သတိမာ-ဤသုံးပုဒ်ဖြင့် ကာယာနုပဿီ၏ အရ ကာယာနုပဿနာ သရုပ်ကို ပြသည်။ ဝေဒနာနုပဿနာ စသည်တို့၌လဲ နည်းတူပင်။ ရုပ်အပေါင်းကာယသည်

ကိုယ်၌။ ကာယာနုဿီ၊ မမြဲ ဆင်းရဲ အစိုးလဲ့မရ မလှပသော ရုပ်အပေါင်းမျှဟု ရှုမြင်လျက်။ လောကေ၊ ရှုမြင်အပ်သော ရုပ်အပေါင်း လောက၌။ ဝါ၊ ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌။ အဘိဇ္ဈာ-ဒေါမနဿံ၊ မရှုမိလျှင် ဖြစ်နိုင်သော အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝါ၊ မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့် ဒေါသကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ရှားဖျောက်ဖျက်၍။ ဝိဟရတိ၊ နေ၏။

အာတာပီ၊ ကိလေသာအစေး စိတ်အညစ် အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိသည်ဖြစ်၍။ ဝါ၊ အပြင်းအထန် အားထုတ် သည်ဖြစ်၍။ သတိမာ၊ သတိရှိသည်-အမှတ်ရသည်ဖြစ်၍။ သမ္ပ-ဇာနော၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍။ ဝေဒနာသု၊

---

မှတ်ချက် အဓိပ္ပါယ်

မမြဲ ဆင်းရဲ အစိုးမရ မလှပ မတင့်တယ်သော သဘောရှိ၏။ ထိုရုပ်အပေါင်းကာယကို မမြဲ ဆင်းရဲ အစိုးမရ မလှပမတင့် တယ်ဟု တကယ်ထင်ထင် ရှုမြင်မှုသည် ကာယာနုပဿနာ ပေ တည်း။ ဘာဝနာလက်မဲ့ပုဂ္ဂိုလ်တို့သည် ရုပ်အပေါင်း ကာယ အပေါ်၌ အလွန်ပင် အထင်ကြီး နေကြ၏။ တသက်လုံး တဘဝလုံး တရုပ်ထည်း တကိုယ်ထည်းပင် အမြဲတည်နေသည် ဟု ထင်နေကြ၏။ ကောင်းစားချမ်းသာနေသည် ဟူ၍လဲ ထင် နေကြ၏၊ အလိုရှိတိုင်း သွားနိုင် စားနိုင် ခံစားနိုင် ပြုနိုင် ပြောနိုင်လျက် အစိုးရနေသော သတ္တဝါကောင်, အသက်ရှင်

မမြဲ ဆင်းရဲ အစိုးလဲမရ ခံစားမှုမျှဖြစ်သော ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ မမြဲ ဆင်းရဲ အစိုးလဲမရ ခံစားမှုမျှဟု ရှုမြင်လျက်။ လောကေ၊ ရှုမြင်အပ်သော ခံစားမှုလောက၌။ ဝါ၊ ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ မရှုမိလျှင် ဖြစ်နိုင်သော အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝါ၊ မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့်ဒေါသကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ရှားဖျောက်ဖျက်၍။ ဝိဟရတိ၊ နေ၏။

---

မှတ်ချက် အဓိပ္ပါယ်

**နေသော သတ္တဝါကောင်**ဟူ၍လဲထင်နေကြ၏၊ **လှပတင့်တယ်သည်**ဟူ၍လဲ ထင်နေကြ၏။ ဤသို့ အထင်ကြီးနေသော ရုပ်ကိုယ်၌ မမြဲ ဆင်းရဲ အစိုးမရ မလှပမတင့်တယ်ဟု တကယ်ရှုမြင်နိုင်ရန် မလွယ်ကူချေ၊ ခဲယဉ်းလှချေ၏။ လောက၌ပကတိ မျက်စိဖြင့် မမြင်နိုင်သောအရာကို မျက်မှန်, မှန်ဘီလူး, မှန်ပြောင်းများဖြင့် တပ်၍ကြည့်မှ မြင်နိုင်သကဲ့သို့၊ ထို့အတူပင် မြဲသည်စသည်ဖြင့် ထင်နေသော ရုပ်ကိုယ်၌ မမြဲ စသည်ဖြင့် အမှန်အတိုင်း မြင်နိုင်အောင် ယောဂီမှာ အကူအညီ **လက်နက်ကိရိယာ တန်ဆာပလာကောင်း** လိုနေပေသည်။ ထိုလိုနေသော လက်နက်ကောင်းများမှာ **ဝီရိယ, သတိ, သမာဓိ, ဉာဏ်တို့ပင်** ဖြစ်သည်။ ထို့ကြောင့် ဝီရိယ, သတိ, သမာဓိ, ဉာဏ်ဟူသော ဤ လက်နက်ကောင်းများနှင့် တပ်ဆင်၍ ရုပ်ကိုယ်ကို အမှန်အတိုင်းမြင်အောင် ရှုကြလေဟု ညွှန်ကြားတော်မူလိုသောကြောင့် "**ကာယေ ကာယာနုပဿီ ဝိဟရတိ**" ဟူသော အပိုဒ်၏အရ သရုပ်တရားကိုယ်ကို ဖော်ပြလျက်

အာတာပီ၊ ကိလေသာအစေး စိတ်အညစ်အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍။ ဝါ၊ အပြင်းအထန်အားထုတ်သည် ဖြစ်၍။ သတိမာ၊ သတိရှိသည်-အမှတ်ရသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍။ စိတ္တေ၊ မမြဲ ဆင်းရဲ အစိုးလဲ့မရ ကြံသိမှုမျှဖြစ်သောစိတ်၌။ စိတ္တာနုပဿီ၊ မမြဲဆင်းရဲ အစိုးလဲ့မရ ကြံသိမှုမျှဟု ရှုမြင်လျက်။ လောကေ၊ ရှုမြင်အပ်သော ကြံသိမှုလောက၌။ ဝါ၊ ဥပါဒါနက္ခန္ဓာ

---

မှတ်ချက် အဓိပ္ပါယ်

“**အာတာပီ သမ္ပဇာနော သတိမာ**”ဟု ထပ်ဆင့်၍ ဟော တော်မူပေသည်။

ကာယေ ကာယာနုပဿီတိ ဧတ္ထ အနုပဿနာယ **ကမ္မဋ္ဌာနံ** ဝုတ္တံ။ အာတာပေန **သမ္မပ္ပဓာနံ**၊ သတိယာ ပဋ္ဌိလဒ္ဓ **သမထော**၊ သမ္ပဇညေန **ဝိပဿနာ**၊ အဘိဇ္ဈာ-ဒေါမနဿ ဝိနယေန **ဘာဝနာပလံ** ဝုတ္တံ-ဟူသော အဋ္ဌကထာ....သတိဂုဟာဏောနေဝ စေတ္ထ **သမာဓိဿာပိ** ဂဟာဏံ ဒဋ္ဌဗ္ဗံ-ဟူသော ဋီကာတို့နှင့်အညီ ယောဂီသည် ထင်ရှားဖြစ်ပေါ်သော ရုပ်အမူအရာ ဟူသမျှကို ရှုမှတ်နိုင်အောင် မပြတ်ကြောင့်ကြစိုက်အပ်၏၊ ဤကြောင့်ကြ စိုက်မှုသည် အာတာပခေါ်သော **သမ္မပ္ပဓာန်ဝီရိယ** ပေတည်း။ ထက်သန်သော ဤဝီရိယဖြင့် မပြတ် ကြောင့်ကြစိုက်နေလျှင် ယောဂီသည် ဖြစ်ပေါ်တိုင်းသော ရုပ်အမူအရာဟူသမျှကို မလွတ်တမ်းမှတ်နိုင်၏၊ ဤအမှတ်ရမှုသည် **သတိပင်**တည်း။ ဤသတိဖြင့် အမှတ်ရတိုင်း မှတ်မိသော ရုပ်အမူအရာအာရုံ၌ စူးဝင်သွားသကဲ့သို့ရှိ၊ စိုက်ကနဲ စိုက်ကနဲ ကျကျသွား

ငါးပါးဟူသောလောကဌ်။ အဘိဇ္ဈာ-ဒေါမနဿံ၊ မရှုမိလျှင် ဖြစ်နိုင်သော အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝါ၊ မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့် ဒေါသကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂ,ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ရှားဖျောက်ဖျက်၍။ ဝိဟရတိ၊ နေ၏။

---

မှတ်ချက် အဓိပ္ပါယ်

သက်ဲ့သို့ငင်း၊ ကပ်ကနဲ ကပ်ကနဲ စူးစူးစိုက်စိုက် တခဏ တခဏမျှ တည်တည်သွားသော သမာဓိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ ဤသမာဓိသည် သတိ၏အစွမ်းကြောင့်ဖြစ်သော **ဝိပဿနာခဏိကသမာဓိ** ပေတည်း။ ဤသမာဓိဖြင့် စူးစိုက်မိသော ရုပ်အမူအရာ ဟူသမျှကို ရှင်းလင်းပြတ်သားစွာ သိသိသွား၏၊ တပိုင်းစီ တပိုင်းစီ ပိုင်းခြားလျက်လဲးသိသိသွား၏၊ ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားသည်ဟူ၍လဲး သိသိသွား၏၊ မမြဲဆင်းရဲ မကောင်းမတင့်တယ် ငါကောင်မဟုတ် ဟူ၍လဲး သိသိသွား၏၊ ဤအသိသည် **သမ္မာဒိဋ္ဌိ** ခေါ် **အနုပဿနာဉာဏ်** ပေတည်း။ ထို့ကြောင့် ဖြစ်ပေါ်တိုင်းသော ရုပ်အမူအရာဟူသမျှကို မလွှတ်ရအောင် မပြတ်ကြောင့်ကြစိုက်၍ မှတ်ရှုနေသော ယောဂီမှာ ပြည့်ပြီးသော **ဝီရိယ, သတိ, သမာဓိ, ဉာဏ်** ၄-ပါးလုံး အပြည့်အစုံပင် မှတ်ချက်တိုင်း၌ ဖြစ်ပေါ်၍ **မမြဲ ဆင်းရဲ မလှပ အနတ္တဖြစ်သော** ရုပ်အပေါင်း ကိုယ်၌ မမြဲ ဆင်းရဲ မလှပ အနတ္တဖြစ်သော ရုပ်အပေါင်းမျှဟု **အမှန်အတိုင်း ရှုမြင်မှု**—ကာယာနုပဿနာသည် ပြည့်စုံတော့သည် သာတည်း။ သို့ဖြစ်၍ ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ–ဟူသော စကားဖြင့် ကာယာနုပဿီအရ ဤလို

အာတာပီ၊ ကိလေသာအစေး စိတ် အညစ် အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိသည်ဖြစ်၍။ ဝါ၊ အပြင်းအထန် အားထုတ်သည်ဖြစ်၍။ သတိမာ၊ သတိရှိသည်–အမှတ်ရသည် ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍။ ဓမ္မေသု၊ မမြဲ ဆင်းရဲ အစိုးလဲမရ အတ္တမဟုတ်သော သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ မမြဲ ဆင်းရဲ အစိုးလဲမရ အတ္တမဟုတ်

---

မှတ်ချက် အဓိပ္ပါယ်

အပြည့်အစုံရှုမှတ်ရန် တဖန် ဖွင့်လှစ်လျက် ညွှန်ပြသည်ဟု သိအပ်၏။

ဝိနေယျ လောကေ အဘိဇ္ဈာ-ဒေါမနဿံ-ဟူသော အပိုဒ်ဖြင့်ကား ဘာဝနာ၏ အကျိုးကို ပြ၏။ အဘယ်သို့နည်းဟူမူ....ထင်ရှားသော ရုပ်အမူအရာကို ပြခဲ့သောနည်းအတိုင်း မရှုမြင်နိုင်လျှင် ထိုရုပ်အမူအရာ၌ "အမြဲတည်နေသော ငါကောင် သတ္တဝါကောင်၊ ကောင်းစားချမ်းသာ တင့်တယ်သော ငါကောင် သတ္တဝါကောင်"ဟု ထင်မှတ်စွဲလမ်း၍ အဘိဇ္ဈာခေါ် လိုချင်နှစ်သက်မှု-လောဘလဲဖြစ်နိုင်၏၊ ဒေါမနဿခေါ် နှလုံးမသာမှုနှင့်တကွ စိတ်ပျက် စိတ်ဆိုး မုန်းငြိုးပြစ်မှားမှု-ဒေါသလဲဖြစ်နိုင်၏။ သတ္တဝါတိုင်း၏ သန္တာန်၌ လောဘ-ဒေါသ ဖြစ်နေကြသည်မှာ ဤနည်းဖြင့်သာလျှင် ဖြစ်နေကြလေသည်။ သို့ဖြစ်၍ ဤသို့မရှုမိသောကြောင့် ဖြစ်နိုင်သော လောဘ, ဒေါသကို "မရှုမိလျှင် ဖြစ်နိုင်သော လောဘ, ဒေါသ"ဟု နိဿယ၌ ဆိုထားပေသည်။ မပြတ်ရှုမှတ်၍ ဖြစ်ပေါ်တိုင်းသော ရုပ်အမူအရာကို မမြဲ ဆင်းရဲ မလှပ အနတ္တဟု သေသေချာချာ

သော **သဘောတရား**မျှဟု ရှုမြင်လျက်။ လောကေ၊ ရှုမြင်အပ်သော သဘောတရား**လောက**၌။ ဝါ၊ ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌။ **အဘိဇ္ဈာ-ဒေါမနဿံ**၊ မရှုမိလျှင် ဖြစ်နိုင်သော အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝါ၊ မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့် ဒေါသကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ရှား ဖျောက်ဖျက်၍။ ဝိဟရတိ၊နေ၏။

ဥဒ္ဒေသဝါရကထာ၊ အကျဉ်းဟောကြားသည့်
အလှည့်စကားသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

မှတ်ချက် အဓိပ္ပါယ်

**သဘောကျသိမြင်သော ယောဂီမှာ** သိမြင်ပြီးသော ထိုရုပ်အမူအရာ၌ "မြဲသည်၊ ချမ်းသာသည်၊ ကောင်းစားသည်၊ လှပတင့်တယ်သည်၊ အတ္တကောင် ငါကောင် ဟုတ်သည်" ဟု **မထင်မြင် မစွဲလမ်းတော့ပြီ**။ ထို့ကြောင့် နိစ္စ သုခ အတ္တ သုဘ ဟု **စွဲလမ်းပါမှ** ဖြစ်ပေါ်နိုင်သော လောဘ, ဒေါသ တို့သည် **သိမြင်အပ်ပြီးသော** ထိုရုပ်အမူအရာ၌ ဖြစ်နိုင်ခွင့် **လုံးဝပင် မရှိတော့ပြီ**။ ဤသို့ လောဘ, ဒေါသ ဖြစ်ခွင့်မရအောင် မဖြစ်နိုင်အောင် **အမှန်အတိုင်း သိသိ သွားသည်ကိုပင်** "အနုပဿနာဉာဏ်က **တဒင်္ဂပဟာန်အားဖြင့် ပယ်ဖျောက်သည်**"ဟု ဆိုသည်။ ဤကား ရှုမိသောအာရုံ၌ **တဒင်္ဂဝိနယဖြင့်** လောဘ, ဒေါသကို ပယ်ဖျောက် ပုံပေတည်း။

ထို့ပြင် ထင်ရှားဖြစ်ပေါ်တိုင်းသော ရုပ်အမူအရာ ဟူသမျှကို မပြတ်ရှုမှတ်လျက် "မမြဲ ဆင်းရဲ မလှပ **အနတ္တ**" ဟု

မှတ်ချက် အဒိပ္ပါယ်

ပြတ်သားစွာ သိတိုင်းသိတိုင်း **ဝီရိယ သတိ သမာဓိ** ဟူသော **သမာဓိက္ခန္ဓာ သမထ** တရားတို့သည် ထက်သန်စွာ ဖြစ်ကုန်၏။ ဤသမထ၏အစွမ်းကြောင့် စိတ်သည် အလွန်ပင်နူးညံ့ ပျော့ပြောင်း၏၊ ကြာလေ ကြာလေ နူးညံ့လေလေ ဖြစ်၏။ ထိုကြောင့် မရှုမိတဲ့ တခြားတပါးသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၌လဲး စဉ်းစားကြံစည်လျက် လောဘ, ဒေါသတို့သည် များသောအားဖြင့် မဖြစ်နိုင်ဘဲ ငြိမ်းနေတတ်ကုန်၏။ မရှုမှတ်ဘဲ နားနေခိုက်မှာလဲး ကြမ်းတမ်းသော လောဘ, ဒေါသတို့သည် ရှေးကကဲ့သို့ မဖြစ်ပေါ်လာတော့ဘဲ ငြိမ်းနေတတ်ကုန်၏။ "ကြမ်းတမ်းသော ကိလေသာတွေ မဖြစ်နိုင်တော့ဘူး" ဟူ၍ပင် ယောဂီမှာ ထင်ရ၏။ (ဤသို့ ကိလေသာငြိမ်းနေပုံကို ကိုယ်တိုင် အားထုတ်၍ **ကိုယ်တိုင် တွေ့သဖြင့်** ဆုံးဖြတ်ပါလေ။) ဤသို့ ရှုမှတ်မှု၏ အစွမ်းကြောင့် မရှုအပ်သော အာရုံတို့၌လဲး ကိလေသာ ငြိမ်းနေခြင်းမှာ ရှုမှတ်မှု၌ ပါဝင်သော သမာဓိက္ခန္ဓာ – သမထ၏ **ဝိက္ခမ္ဘနဝိနယ** ပေတည်း၊ **ဝိက္ခမ္ဘနဝိနယဖြင့်** လောဘ, ဒေါသကို ပယ်ဖျောက်ခြင်း ပေတည်း။

သို့ဖြစ်၍ "ရှုမိသောအာရုံ၌ ကိလေသာငြိမ်းခြင်းဟူသော **တဒင်္ဂဝိနယ**၊ မရှုမိသော အာရုံများ၌လဲး ကိလေသာငြိမ်းနေခြင်းဟူသော **ဝိက္ခမ္ဘနဝိနယ** ဤ အကျိုး ၂-ပါးကို ယောဂီသည် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရနေသည်၊ ဤ အကျိုး ၂-ပါးကို ရအောင် ထင်ရှားဖြစ်ပေါ်သော ရုပ်အမူအရာတိုင်း၌ မပြတ်ရှုမှတ်လျက် ကာယာနုပဿနာကို ပွါးစေရမည်" ဟု

မှတ်ချက် အဓိပ္ပါယ်

ဆိုလိုပေ၏။ ဝေဒနာနုပဿနာ စသည်တို့၌လဲ နည်းတူပင် ချဲ့၍သိရာ၏။ **အထူးမှာ....ကာယ၌ အသုဘ** ဟု ရှုမြင်ရန် ဝေဒနာ, စိတ္တ, ဓမ္မတို့၌ အစဉ်အတိုင်း **ဒုက္ခ, အနိစ္စ, အနတ္တ** ဟု ရှုမြင်ရန် အထူးသဖြင့် လိုသည်ဟု အဋ္ဌကထာ၌ မိန့်ဆို၏။ **သာမန်အားဖြင့်ကား** ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ အလုံးစုံ တို့၌ပင် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟု ရှုမြင်ရန် လိုသည့် ချည်းပင်တည်း။

**ဥဒ္ဒေသဝါရ၌ အကျဉ်းချုပ်မှတ်ချက်**

**ပြီးပြီ။**

## နိဒ္ဒေသဝါရ

### ၁-ကာယာနုပဿနာ ၁-အာနာပါနပဗ္ဗ

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ, ဥဇုံ ကာယံ ပဏိဓာယ, ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ သော **သတောဝ အဿသတိ၊ သတောဝ ပဿသတိ။** ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿသာမီ'တိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော 'ဒီဃံ ပဿသာမီ'တိ ပဇာနာတိ။ ရဿံ ဝါ အဿသန္တော 'ရဿံ အဿသာမီ'တိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော 'ရဿံ ပဿသာမီ'တိ ပဇာနာတိ။ 'သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီ'တိ သိက္ခတိ၊ 'သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီ'တိ သိက္ခတိ။ 'ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီ'တိ သိက္ခတိ၊ 'ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီ'တိ သိက္ခတိ။

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမကာရန္တေဝါသီ ဝါ ဒီဃံ ဝါ အဉ္ဆန္တော 'ဒီဃံ အဉ္ဆာမီ'တိ ပဇာနာတိ၊ ရဿံ ဝါ အဉ္ဆန္တော 'ရဿံ အဉ္ဆာမီ'တိ ပဇာနာတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿသာမီ'တိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော 'ဒီဃံ ပဿသာမီတိ ပဇာနာ'တိ၊ ရဿံ ဝါ

အဿသန္တော ‘ရဿံ အဿသာမီ’တိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ‘ရဿံ ပဿသာမီ’တိ ပဇာနာတိ။ ‘သဗ္ဗ-ကာယ ပဋိသံဝေဒီ အဿသိဿာမီ’တိ သိက္ခတိ၊ ‘သဗ္ဗ-ကာယ ပဋိသံဝေဒီ ပဿသိဿာမီ’တိ သိက္ခတိ။ ‘ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီ’တိ သိက္ခတိ။ ‘ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီ’တိ သိက္ခတိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ-ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ သမုဒယ-ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယ ဝယဓမ္မာနုပဿီ ဝါ ကာ-ယသ္မိံ ဝိဟရတိ၊ ‘အတ္ထိ ကာယော’တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိ-ဿတိမတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အာနာပါနပဗ္ဗံ နိဋ္ဌိတံ။

## နိဒ္ဒေသဝါရ

### ၁-ကာယာနုပဿနာ ၁-အာနာပါနပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရုပ်အပေါင်း၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ကာယာနုပဿီ၊

ရုပ်အပေါင်းဟု ရှုမြင်လျက်။ ဝိဟရတိ ပန၊ နေပါသနည်း ဟူမူကား။

* ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ အရညဂတော ဝါ၊ တောသို့ သွားရောက်၍ ဖြစ်စေ။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်အောက်သို့ သွားရောက်၍ဖြစ်စေ။ သုညာဂါရဂတော ဝါ၊ လူသူကင်း၍ ဆိတ်ငြိမ်သော ကျောင်းသို့ သွားရောက်၍ဖြစ်စေ။ ပလ္လင်္ကံ အာဘုဇိတွာ၊ တင်ပလ္လင်ခွေ၍။ ဥဇုံ ကာယံ ပဏိဓာယ၊ အထက်ပိုင်းကိုယ်ကို ဖြောင့်စွာတောင့်ထား၍။ သတိံ၊ အမှတ်-သတိကို။ ပရိမုခံ

---

မှတ်ချက် အခိပ္ပါယ်

* ဤအပိုဒ်ဖြင့် အားထုတ်ရန် အသင့်ပြင်ဆင်မှု- ပရိကံကို ပြ၏။ ထိုစကားထဲ၌ တော, သစ်ပင်အောက်, လူသူကင်းဆိတ်သော ကျောင်းတို့ကို ရွေးချယ်၍ ညွှန်ပြသည်မှာ အားထုတ်ခါစ ပုဂ္ဂိုလ်နှင့် အထူးသင့်လျော်သောကြောင့်ပင် ဖြစ်ပေသည်။ သမာဓိဉာဏ် ရင့်နေသော ပုဂ္ဂိုလ်မှာ မူကား နေရာမရွေးပင် အားထုတ်နိုင်ပေ၏။ ထိုနေရာသုံးမျိုးတွင်လဲ ဆိတ်ငြိမ်ရာသည် သာလျှင် လိုရင်းပေတည်း။ ထို့ပြင် ထိုင်ခြင်း-ဣရိယာပုထ်ကိုသာ ညွှန်ပြသည်မှာလဲ အားထုတ်ခါစ ပုဂ္ဂိုလ်အတွက် အထူးသင့်လျော်သောကြောင့်ပင် ဖြစ်ပေသည်။ နောက်ကာလ၌ကား ဣရိယာပုထ် ၄-ပါးလုံးမှာပင် မပြတ်အားထုတ်ရ၏။ တင်ပလ္လင်ခွေထိုင်ရန် ညွှန်ပြချက်မှာလဲ ကြာရှည်စွာ ထိုင်နိုင်စေရန် ဖြစ်ပေသည်။ နောက်ကာလ၌ကား

ဥပဋ္ဌပေတွာ၊ ရှုမှတ်ရမည့် အာရုံဆီသို့ ရှေးရှု ဖြစ်စေလျက်။ နိသီဒတိ၊ ထိုင်နေ၏။

*သော၊ (ထိုင်နေပြီးသော) ထိုသူသည်။ **သတော-ဧဝ၊** အမှတ်ရလျက်-မှတ်လျက် **သာလျှင်။** အဿသတိ၊ ဝင်သက် ရှူ၏။ **သတော-ဧဝ၊** အမှတ်ရလျက်- မှတ်လျက် သာလျှင်။ ပဿသတိ၊ ထွက်သက်ရှိုက်၏။

ဒီဃံ ဝါ အဿသန္တော၊ ရှည်ရှည်ရှူလျှင်လည်း။ ဒီဃံ အဿသာမိတိ၊ ရှည်ရှည်ရှူသည်ဟု။ ပဇာနာတိ၊ သိ၏။ ဒီဃံ

---

မှတ်ချက် အခိုပ္ပါယ်

**တပါးသော ထိုင်ပုံ ထိုင်နည်းတို့ဖြင့်လဲ** ထိုင်လျက်အားထုတ်ရသည်သာတည်း။ **အထူးသတိပြုရန်မှာ** ထိုင်သော အခါ၌ ခြေထောက်များကို ကြပ်တည်းစွာ ဖိညှပ် ခေါက်ခွေလျက် မထိုင်ရ၊ မဖိ မညှပ်ပဲ ချောင်ချိစွာသာလျှင် ထိုင်နေရမည်။ သို့မှ ကြာရှည်စွာ ထိုင်နိုင်၍ တစပ်တည်း ကြာရှည်စွာ သမာဓိ ဉာဏ်ကို ပွါးစေနိုင်မည်။

***ဤအပိုဒ်ဖြင့်** အာနာပါနအားထုတ်ပုံကို **အကျဉ်းချုံး၍** ပြသည်။ ရှူတိုင်း ရှိုက်တိုင်း အမှတ်ရလျက်ဤနည်းဖြင့် အားထုတ်နေသော ယောဂီမှာ (၁) ဒီဃံ-အစချီသော ပဌမနည်း၊ (၂) ရဿံ-အစချီသော ဒုတိယနည်း၊ (၃) သဗ္ဗကာယပဋိသံဝေဒီ-အစချီသော တတိယနည်း၊ (၄) ပဿမ္ဘယံ-အစချီသော စတုတ္ထနည်းအားဖြင့် အကျယ်ပြထားသော ၄-နည်းလုံးအရ **အထူးသိပုံ** အထူးဖြစ်ပုံ အလုံးစုံသည် **အလိုလိုပင်** အစဉ်အတိုင်း ဖြစ်ပေါ်လျက် **ပြီးစီးသွားလေတော့၏။**

ဝါ ပဿသန္တော၊ရှည်ရှည်ရှိုက်လျှင်လည်း။ ဒီဃံ ပဿသာမီတိ၊ ရှည်ရှည်ရှိုက်သည်ဟု။ ပဇာနာတိ၊ သိ၏။

ရဿံ ဝါ အဿသန္တော၊ တိုတို ရှူလျှင်လည်း၊ ရဿံ အဿ-သာမီတိ၊ တိုတိုရှူသည်ဟု။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ ပဿသန္တော၊ တိုတိုရှိုက်လျှင်လည်း။ ရဿံ ပဿသာမီတိ၊ တိုတိုရှိုက်သည်ဟု။ ပဇာနာတိ၊ သိ၏။

သဗ္ဗကာယ ပဋိသံဝေဒီ၊ ဝင်သက်ရှုပ်အပေါင်း၏ အစ, အလယ်, အဆုံး အကုန်လုံးကို ထင်ရှားသိလျက်၊ အဿ-

---

မှတ်ချက် အဓိပ္ပါယ်

မှန်လှပေ၏၊ ဝင်သက်ထွက်သက်၏ တိုက်ခိုက်ရာ နှာသီးဖျား, နှုတ်ခမ်းတို့၌ သတိဖြင့်စူးစိုက်၍ ဝင်တိုင်း ထွက်တိုင်း မလစ်မလပ်ရအောင် **ဝင်တယ် ထွက်တယ်ဟု** မပြတ်မှတ်နေသော ယောဂီသည် သမာဓိအတော်အတန် အားရှိလာလျှင်ပင် ရှည်ရှည်ရှူမိရှိုက်မိသည်ကိုလဲ သိပေ၏။ တိုတို ရှူမိရှိုက်မိသည်ကိုလဲ သိပေ၏။ ထို့ထက် သမာဓိအားကောင်းလာသောအခါ၌ ဝင်သက်ထွက်သက်တို့ သိမ်မွေ့စွာ တိုက်ခိုက်လျက် ဖြစ်ပေါ်လာစမှစ၍ မျှင်မျှင်ကလေး ဆုံးသွားသည်တိုင်အောင် အစ, အလယ်, အဆုံး အကုန်လုံးကိုပင် ထင်ရှားပီသစွာ သိပေ၏။ ဤသို့ သိသည်တိုင်အောင် စူးစူးစိုက်စိုက် ရှုမှတ်နေရမည်ကို ရည်ရွယ်၍ "**သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ- ပဿသိဿာမီတိ သိက္ခတိ**"ဟု ဟောတော်မူပေသည်။ ဤစကား၌ "ဝင်သက် ထွက်သက်တို့၏ အစ, အလယ်, အဆုံး အကုန်လုံးကို ထင်ထင်ရှားရှားကြီး

သိဿာမီတိ၊ ရှုမည်ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ သဗ္ဗကာယ-ပဋိသံဝေဒီ၊ ထွက်သက်ရုပ်အပေါင်း၏ အစ, အလယ်, အဆုံး **အ**ကုန်လုံးကို ထင်ရှားသိလျက်။ ပဿသိဿာမီတိ၊ ရှိုက်မည်ဟု။ သိက္ခတိ၊ လေ့ကျင့်၏။

ကာယသင်္ခါရံ၊ အရှုပြင်း၍ ရုန့်ရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ရှုမည်ဟု။

---

မှတ်ချက် အဓိပ္ပါယ်

သိအောင် ပြင်းပြင်းအားထုတ်၍ ရှုရရှိုက်ရမည်"ဟူ၍ကား အယူအဆ **မမှားကြလေလင့်။** ပကတိအတိုင်း သိမ်မွေ့နေသော အာရုံ၌ ရှုနိုင်သိနိုင်မှ သမာဓိဉာဏ် အားကောင်းပေသည်။ **အာရုံကကြမ်းတမ်း၍** ထင်ရှားပေါ်ခြင်းမှာ **သမာဓိဉာဏ်တို့၏အစွမ်းမဟုတ်ပါ၊ အာရုံ၏အစွမ်းသာ** ဖြစ်ပါသည်။ ဘာဝနာ၏ ဓမ္မတာသဘောအားဖြင့်ဆိုလျှင် သမထယောဂီမှာ ဖြစ်စေ၊ ဝိပဿနာယောဂီမှာ ဖြစ်စေ သမာဓိဉာဏ် **ရင့်လေလေ** ဝင်သက်ထွက်သက် **သိမ်မွေ့လေလေသာ** ဖြစ်မြဲပေတည်း။ သမာဓိ အလွန်အားကောင်းသောအခါ၌ ဝင်သက်ထွက်သက် လုံးဝချုပ်ငြိမ်းသွားသကဲ့သို့လဲ ဖြစ်တတ်၏။ သို့သော် လုံးဝချုပ်ငြိမ်းသည်ကား မဟုတ်ပေ၊ ဉာဏ်အားနည်း၍ မသိနိုင်ခြင်းမျှသာတည်း။ ဆက်လက်၍ စူးစူးစိုက်စိုက် ရှုမှတ်နေလျှင် သိမ်မွေ့စွာသော ထိုဝင်သက်ထွက်သက်၌ **သမထအလိုအားဖြင့်** ပဋိဘာဂနိမိတ်ထင်လျက် ဥပစာရ, အပ္ပနာ သမာဓိများသို့ ရောက်နိုင်၏။ **ဝိပဿနာအလိုအားဖြင့်** ဥဒယဗ္ဗယဉာဏ် စသော ဝိပဿနာဉာဏ်များသို့

သိက္ခတိ၊ လေ့ကျင့်၏။ ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ရှိုက်မည်ဟု။ သိက္ခတိ၊ လေ့ကျင့်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာအားဖြင့်။ ဒက္ခော၊ ကျွမ်းကျင်လိမ္မာသော။ ဘမကာရော ဝါ၊ ပွတ်ဆရာ

---

မှတ်ချက် အဓိပ္ပါယ်

ရောက်နိုင်၏။ ဤသို့ ရုန့်ရင်းသော ဝင်သက်ထွက်သက်များ ချုပ်ငြိမ်း၍ သိမ်မွေ့စွာသော ဝင်သက် ထွက်သက်များ၌ သမထဝိပဿနာတို့ ဖြစ်ပေါ်သည်တိုင်အောင်ရင်း၊ ထို သမထ ဝိပဿနာ အစွမ်းဖြင့် မဂ်ဉာဏ်သို့ ရောက်သည်တိုင်အောင်ရင်း မပြတ်အားထုတ်နေရမည်ကို ရည်ရွယ်၍ **"ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿသိဿာမီတိ သိက္ခတိ"** ဟု ဟောတော်မူပေသည်။ **ဤစကား၌လည်း** "ဝင်သက် ထွက်သက်ကို **အောင့်ထားရမည်**" **ဟူ၍ကား အယူအဆ မမှားကြလေလင့်။**

**ပြခဲ့သည့်အတိုင်း** 'ဝင်သည် ထွက်သည်' ဟု မပြတ် မှတ်နေရုံမျှဖြင့် ရှည်ရှည် ရှူရှိုက်သည်ကိုလည်း သိနိုင်၊ တိုတို ရှူရှိုက်သည်ကိုလည်း သိနိုင်၊ အစ အလယ် အဆုံး အကုန်လုံးကိုလည်း ထင်ရှားစွာ သိနိုင်၊ ရုန့်ရင်းသော ဝင်သက် ထွက်သက်များ ငြိမ်းသွားသည်ကိုလည်း **သိနိုင်သောကြောင့် "သတောဝ အဿသတိ၊ သတောဝ ပဿသတိ"** ဟူသော ဤ **အပိုဒ်ကို အကျယ် ပြသော စတုက္က ၄-နည်းလုံး၏ အကျဉ်းချုပ်စကား** ဟု ပဋိသမ္ဘိဒါမဂ်၊ ဝိသုဒ္ဓိမဂ်တို့နှင့်အညီ မှတ်ရာ၏။

ဖြစ်စေ။ ဘမကာရန္တေဝါသီ ဝါ၊ ပွတ်ဆရာ၏ တပည့်ဖြစ်စေ။ ဒီဃံ ဝါ အဉ္ဆန္တော၊ ပွတ်ကြိုးကိုရှည်ရှည် ဆွဲငင်လျှင်လည်း။ ဒီဃံ အဉ္ဆာမီတိ၊ ရှည်ရှည် ဆွဲငင်သည်ဟု။ * ပဇာနာတိ

---

မှတ်ချက် အခိပ္ပါယ်

အထူးသတိပြုရန် – အဿာသ–ထွက်သက်၊ ပဿာသ – ဝင်သက်–ဟူသော အနက်သည် ပြန်ရိုးပြန်စဉ် အနက်ဖြစ်သည်။ သို့ရာတွင် တတိယအကြိမ်ရိုက်မှ စ၍ အဿာသတိ-ဝင်သက်ရှူ၏၊ ပဿာသတိ-ထွက်သက်ရှိုက်၏-စသည်ဖြင့် ပြင်လိုက်သည်။ ထိုသို့ပြင်သောအနက်သည် ယောဂီ၏ အားထုတ်စဉ်နှင့်ရင်း၊ သုတ္တန်အဋ္ဌကထာတို့နှင့်ရင်း၊ အောက်ပါ ပဋိ-သမ္ဘိဒါမဂ် ပါဠိတော်နှင့်ရင်း အညီပင် ဖြစ်သည်။

အဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တံ ဝိက္ခေပဂတံ စိတ္တံ သမာဓိဿ ပရိပန္ထော၊ ပဿာ-သာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော ဗဟိဒ္ဓါ ဝိက္ခေပဂတံ စိတ္တံ သမာဓိဿ ပရိပန္ထော-ဝင်သက်၏ အစ အလယ် အဆုံးသို့ သတိဖြင့် အစဉ်လိုက်သောသူအား ကိုယ်တွင်း၌ ပျံ့လွင့်ခြင်းသို့ ရောက်သောစိတ်သည် သမာဓိ၏ ဘေးရန်ပေတည်း။ ထွက်သက်၏ အစ အလယ် အဆုံးသို့ သတိဖြင့် အစဉ်လိုက်သောသူအား အပ၌ ပျံ့လွင့်ခြင်းသို့ ရောက်သောစိတ်သည် သမာဓိ၏ဘေးရန်ပေတည်း။ (ပဋိသံ ၁၆၃)

* ဤအရာ၌ **ပ–ဇာနာတိ**-ဟု ဆိုသော်လဲး ရှည်ရှည် ဆွဲသည်၊ တိုတိုဆွဲသည်ကို သိရုံမျှသာတည်း။ ဤပွတ်ဆွဲရာ၌

သေယျထာပိ၊ သိသကဲ့သို့ရှင်း။ ရဿံ ဝါ အဿန္တော၊ ပွတ်ကြိုးကို တိုတိုဆွဲငင်လျှင်လည်း။ ရဿံ အဿာမီတိ၊ တိုတိုဆွဲငင်သည်ဟု။ **ပဇာနာတိ** သေယျထာပိ၊ သိသကဲ့သို့ရှင်း။ ။ (သဗ္ဗဿနုပဋိသံဝေဒီ၊ ဆွဲငင်မှု၏ အစ, အလယ်, အဆုံး အကုန်လုံးကို ထင်ရှားသိလျက်။ အဿိဿာမီတိ၊ ဆွဲငင်မည်ဟု။ သိက္ခတိ သေယျထာပိ၊ လေ့ကျင့်သကဲ့သို့ရှင်း။ ဩဠာရိကဿနံ၊ ကြမ်းတမ်းသောဆွဲငင်မှုကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ အဿိဿာမီတိ၊ ဆွဲငင်မည်ဟု။ သိက္ခတိ သေယျထာပိ၊ လေ့ကျင့်သကဲ့သို့ရှင်း)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤ ပွတ်ဆွဲသမားနှင့် အလားတူစွာပင်လျှင်။ ဘိက္ခု၊ ဝင်သက် ထွက်သက် နှစ်ခု၌ အမှတ်ပြုနေသော ရဟန်းသည်။ ဒီဃံ ဝါ အဿသန္တော၊ ရှည်ရှည်ရှူလျှင်လည်း။ ဒီဃံ အဿသာမီတိ၊ ရှည်ရှည်ရှူသည်ဟု။ ပဇာနာတိ၊ သိ၏။ (ဤမှစ၍ ပါဠိအနက်ကို ရှေးနည်းအတိုင်းပင် ဖော်၍ဆိုလေ—)။ ။ ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ရှိုက်မည်ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ဣတိ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ ဝင်သက်ထွက်သက် ရုပ်အပေါင်း

---

မှတ်ချက် အဓိပ္ပါယ်

**ထွေထွေထူးထူး အပြားအားဖြင့် သိရန်မလိုပေ။ သို့ဖြစ်၍ ပဇာနာတိ-ဆိုရာတိုင်း၌ အပြားအားဖြင့် သိပုံတွေကို အကြီးအကျယ် မခွဲသင့်ကြောင်း သတိပြုအပ်၏။**

၌ မှုလည်း။ ကာယာနုပဿီ ဝိဟရတိ၊ ရုပ်အပေါင်းမျှဟု ရှုမြင်လျက်နေ၏။ [၁] ဗဟိဒ္ဓါ ဝါ ကာယေ၊အပြင်အပဖြစ်သော သူတပါး၏ ဝင်သက် ထွက်သက် ရုပ်အပေါင်း၌မှုလည်း။ ကာယာနုပဿီ ဝိဟရတိ၊ ရုပ်အပေါင်းမျှဟု ရှုမြင်လျက်နေ၏။ [၂] အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ၊ မိမိ, သူတပါး နှစ်ဦးသား၏ ဝင်သက် ထွက်သက် ရုပ်အပေါင်း၌မှုလည်း။ ကာယာနုပဿီ ဝိဟရတိ၊ ရုပ်အပေါင်းမျှဟု ရှုမြင်လျက်နေ၏။

[၃] ကာယသ္မိံ၊ ဝင်သက် ထွက်သက် ရုပ်အပေါင်း၌။ သမုဒယဓမ္မာနုပဿီ ဝါ ဝိဟရတိ၊ ဖြစ်ကြောင်းတရားနှင့်

---

မှတ်ချက် အဓိပ္ပါယ်

၁-မိမိ၏ ဝင်သက် ထွက်သက်၌ ရှုမှတ်၍ သဘောမှန်ကို သိရသောအခါမှာ "သူတပါးသန္တာန်၌ ရှုရှုက်နေသည်မှာလဲ ဤလိုသဘောမျိုးပင်"ဟု ဆင်ခြင်မိ၏၊ ဤသို့ ဆင်ခြင်သည် ကိုပင် သူတပါးသန္တာန် ရုပ်အပေါင်း၌ ရှုမြင်သည်ဟုဆိုသည်။ သူတပါး ရှုရှုက်နေဟန်ကို **တမင်ကြည့်၍ရင်း၊ စဉ်းစား၍ရင်း** ရှုရန် ညွှန်ပြသည်ကား **မဟုတ်ပေ။**

၂-တရံတခါ၌ မိမိ၏ ဝင်သက်ထွက်သက်ကို ရှုမှတ်နေရင်းပင် အကြား အကြား၌"သူတပါး သန္တာန်မှာလဲ ဤလို သဘောမျိုးပင်" ဟု ခဏခဏ ဆင်ခြင်မိ၏၊ ထိုအခါ၌ မိမိ, သူတပါး နှစ်ဦးသားလုံး၏ ရုပ်အပေါင်း၌ ရှုမြင်နေသည် မည်၏။

၃-(၁) ဖားဖို၏ကိုယ်ထည်၊ (၂)ရင်း၏နှုတ်သီးပျောင်း၊ (၃) ဆွဲမှု-ဟူသော ဤအကြောင်း၃-ပါးကြောင့် ဖားဖိုမှလေ

ဖြစ်မှုသဘောကို ရှုမြင်လျက် မူလည်း နေ၏။ ကာယသို့၊ ဝင်သက် ထွက်သက် ရုပ်အပေါင်း၌။ ဝယဓမ္မာနုပဿီ ဝါ ဝိဟရတိ၊ ပျက်ကြောင်းတရားနှင့် ပျက်မှုသဘောကို ရှုမြင်လျက်မူလည်းနေ၏။ သမုဒယဝယဓမ္မာနုပဿီ ဝါ ဝိဟရတိ၊ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်မှု ပျက်မှု သဘောကို ရှုမြင်လျက်မူလည်း နေ၏။

ဝါ ပန၊ သတိထင်ပုံတနည်းကား။ ကာယော အတ္ထိတိ၊ ဝင်သက်ထွက်သက် ရုပ်အပေါင်းသာလျှင်ရှိသည် (ရှုတတ်

---

မှတ်ချက် အဓိပ္ပါယ်

သည် အဆင့်ဆင့် မပြတ်သွားနေသကဲ့သို့ ထို့အတူပင် (၁) ဝမ်းဗိုက်စသောကိုယ်၊ (၂) နှာခေါင်းပေါက်၊ (၃) စိတ်-ဟူသော ဤအကြောင်း ၃-ပါးကြောင့် ယောဂီ၏ ကိုယ်၌ ဝင်သက် ထွက်သက် ရုပ်အပေါင်းသည် အဆင့်ဆင့် ဝင်ထွက်ဖြစ်ပေါ်လျက်ရှိပေသည်။ သို့ဖြစ်၍ ဝမ်းဗိုက်စသော ကိုယ်, နှာခေါင်းပေါက်, စိတ်ဟူသော ဤ ၃-ပါးသည် **သမုဒယဓမ္မ**-ဖြစ်ကြောင်း တရားပေတည်း။ ယောဂီသည် ဝင်သက် ထွက်သက်ကို ရှုမှတ်ရင်းပင် ဤအကြောင်း ၃-ပါးကြောင့် ဝင်သက် ထွက်သက် ဖြစ်နေသည်ဟု သဘော ကျ,ကျ သွားလျှင် **သမုဒယဓမ္မာနုပဿီ** မည်ကြောင်းကို အဌကထာ၌ ဆို၏။ နှာသီးဖျားစသော ထိခိုက်ရာဌာန၌ ဝင်သက် ထွက်သက်တို့ အဆင့်ဆင့် ထိခိုက်လျက် တပိုင်းစီ တပိုင်းစီ အသစ် အသစ်ဖြစ်ပေါ်ဖြစ်ပေါ်လာသည်ကို ပိုင်းပိုင်းခြားခြား သိမြင်သော ယောဂီသည်လည်း **သမုဒယဓမ္မာနုပဿီ**-ဖြစ်မှု သဘောကို ရှုမြင်သူ

ရှုက်တတ်သော ပုဂ္ဂိုလ်မရှိ)ဟု။ အဿ သတိ၊ ထိုရဟန်း၏ သတိသည်။ ပစ္စုပဋ္ဌိတာ ဟောတိ၊ ရှေးရှုထင်၏။ သာ သတိ၊ ထိုသို့ထင်သော သတိသည်။ ယာဝဒေဝ ဉာဏမတ္တာယ၊ အဆင့်ဆင့်အားဖြင့် အသိဉာဏ် တိုးပွါးရုံအလို့ငှါသာတည်း။ ယာဝဒေဝ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့်အားဖြင့် တဖန် အမှတ်ရမှု တိုးပွါးရုံ အလို့ငှါသာတည်း။

---

မှတ်ချက် အဓိပ္ပါယ်

မည်သည်သာတည်း။ ထိုပြင်ဖားဖိုလဲမရှိ၊ ၎င်း၏နှုတ်သီးလဲ မရှိ၊ လေထွက်အောင် ဆွဲမှုလဲမရှိလျှင် ဖားဖိုမှ လေထွက်ခြင်း မရှိသကဲ့သို့ ဝမ်းဗိုက်စသော ကိုယ်လဲမရှိ၊ နှာခေါင်းလဲမရှိ၊ စိတ်လဲမရှိလျှင် ဝင်သက် ထွက်သက်ရုပ် မဖြစ်ပေါ်လာတော့ဘဲ ချုပ်ငြိမ်းလေတော့၏။ သို့ဖြစ်၍ ကိုယ်, နှာခေါင်း, စိတ်တို့၏ မရှိခြင်းသည် ဝင်သက် ထွက်သက်၏ ချုပ်ကြောင်း-မရှိကြောင်း ပေတည်းဟု သဘော ကျ, ကျသွားလျှင် **ဝယ-ဓမ္မာနုပဿီ** မည်ကြောင်းကို အဋ္ဌကထာ၌ ဆို၏။ နှာသီးဖျား စသော ဌာန၌ ထိခိုက်လျက် ထိခိုက်လျက် ရိပ်ကနဲ ရိပ်ကနဲ အဆင့်ဆင့် ပျောက်,ပျောက် သွားသည်ကို မှတ်ဆဲမှာပင် သိမြင်နေသော ယောဂီသည်လည်း **ဝယဓမ္မာနုပဿီ**- ပျက်မှုသဘောကို ရှုမြင်သူ မည်သည်သာတည်း။ ဤအရာ၌ “**ဖြစ်မှု ပျက်မှု**ကို ပြခြင်းမှာ အဋ္ဌကထာထက်ပိုနေသည်”ဟု မမှတ်ကြလေလင့်။ ဖြစ်ကြောင်း, ပျက်ကြောင်းကိုသိလျှင် ဖြစ်မှု ပျက်မှုကိုလဲ သိတော့သည်သာဖြစ်၍ ဖြစ်ကြောင်း ပျက်ကြောင်းများထဲမှာ အတွင်းသွင်း၍ အဋ္ဌကထာ၌ ပြဆိုထားသည်ဟု မှတ်ရာ၏။ အဘယ့်ကြောင့်နည်း ဟူမူ....“ဝင်သက်

သော ဘိက္ခု၊ မှတ်သိနေသော ထိုရဟန်းသည်။ အနိဿိ-
တော စ၊ တဏှာ ဒိဋ္ဌိဖြင့် မမှီမတွယ် မူ၍လည်း၊ ဝိဟရတိ၊
နေသည် မည်၏။

လောကေ၊ ဖြစ်ပျက်မစဲ ဥပါဒါနက္ခန္ဓာဟူသော သခါရ
လောကထဲ၌။ ကိဉ္စိ၊ တစုံတခုကိုမျှ။ န စ ဥပါဒိယတိ၊ ငါ

---

မှတ်ချက် အခိပ္ပါယ်

ထွက်သက် ရှပ် ဖြစ်ခြင်းပျက်ခြင်းမရှိဘဲ ပကတိအတိုင်းပင် အမြဲရှိနေသည်" ဟု ထင်နေပါလျှင် ဖြစ်ကြောင်းတရား, ပျက်ကြောင်းတရား ဟူ၍ပင် မထင်နိုင်သောကြောင့်တည်း။ ထို့ပြင် ဣရိယာပထပိုင်း စသည်တို့၌ ဖြစ်မှုပျက်မှုတို့ကိုလဲ အဋ္ဌကထာမှာ ပြဆိုထားသည်သာတည်း။ ထိုသို့ပြဆိုရာ၌ သံဝဏ္ဏေတဗ္ဗပုဒ်မှာ ထိုအပိုင်းများမှာရော ဤအပိုင်းမှာရော **သမုဒယဓမ္မာနုပဿီ, ဝယဓမ္မာနုပဿီ**ဟူ၍ချည်း အတူတူပင် ဖြစ်ပေသည်။ ပုဒ်တူလျှင် **အရအနက်လဲ တူရမည်၊** မထူး **သင့်ပေ**။ ထို့ကြောင့် ဖြစ်မှုပျက်မှုတို့ကို ဖြစ်ကြောင်း ပျက်ကြောင်းတို့၌ အတွင်းသွင်း၍ ဖွင့်ပြထားသည်ဟု မြဲမြံစွာ မှတ်ရာ၏။ **အထူးမှာ** သမုဒယဓမ္မာနုပဿီ ဝယဓမ္မာနုပဿီ အစရှိသော **ဤစကားတို့ဖြင့်** ဤအာနာပါနပိုင်းကိုလဲ သတိပဋ္ဌာနသုတ်၌ **ဝိပဿနာကိုသာ ပဓာနပြု၍ ဟောတော်မူကြောင်း** ထင်ရှားလှပေ၏။ **အကြောင်းမူကား**....သမထ ဘာဝနာအရာ၌ ဖြစ်ကြောင်း ပျက်ကြောင်းတရား, ဖြစ်မှု ပျက်မှုတရားတို့ကို ရှုမြင်ရန်လဲ မလိုပေ၊ တဏှာဒိဋ္ဌိဖြင့်မှီမှု စွဲလမ်းမှု မကင်းသောကြောင့် အနိဿိတလဲ မဖြစ်နိုင်ပေ၊

ကောင်, ငါဥစ္စာဟု တဏှာဒိဋ္ဌိတို့ဖြင့် စွဲလည်း မစွဲလမ်း တော့ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ဧဝမ္ပိ၊ ဤ ဆိုအပ်ပြီးသောနည်းဖြင့်လည်း။ ကာယေ၊ ရုပ်အပေါင်း

---

မှတ်ချက် အဓိပ္ပါယ်

န ဥပါဒိယတိအရလဲး မဖြစ်နိုင်ပေ၊ ဝိပဿနာဘာဝနာ အရာ၌ သာလျှင် ဤအလုံးစုံ ပြီးစီးနိုင်ပေသည်။ ဤကား ဝိပဿနာကို ပဓာနပြုသည်ဟု သိအပ်ကြောင်းများ ပေတည်း။

သို့ဖြစ်၍ **အာနာပါနပိုင်း၌ ဝိပဿနာဖြစ်ပုံကို** ဤသို့ မှတ်အပ်၏။ အာနာပါန ပဋိဘာဂနိမိတ်၌ ဈာန် ၁-ပါးကို ဖြစ်စေ၊ ၂-ပါး၊ ၃-ပါး၊ ၄-ပါးလုံးကိုဖြစ်စေ ရပြီးသော ပုဂ္ဂိုလ်မှာ ဈာန်ကိုဝင်စားပြီးလျှင် ယင်းဈာန်ကိုပင်ဖြစ်စေ၊ ဈာန်၏အာရုံ ဝင်သက် ထွက်သက်ကိုဖြစ်စေ ရှုမှတ်လျက် အဖြစ်အပျက်ကို ရှင်းလင်းစွာ သိမြင်ခြင်းဖြင့် ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြစ်ပွါး၍ **အနိဿိတ,** အနုပါဒါန-အမှီအတွယ် ကင်းခြင်း, အစွဲအလမ်းကင်းခြင်းကိစ္စ ပြီးစီးလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သည်ဟု မှတ် အပ်၏။ **ဤသည်ကား....**သော ဈာနာ ဝုဋ္ဌဟိတွာ အဿာသ-ပဿာသေ ဝါ ပရိဂ္ဂဏှာတိ ဈာနင်္ဂါနိ ဝါ-စသော အဋ္ဌကထာနှင့် အညီ.......သမထယာနိက ပုဂ္ဂိုလ်အား ဝိပဿနာ ဖြစ်ပုံ ပေတည်း။

**ဝိပဿနာ ယာနိက ပုဂ္ဂိုလ်မှာ မူကား....** နှာသီးဖျား, နှုတ်ခမ်းတို့၌ ဝင်သက် ထွက်သက် ထိခိုက်တိုင်း ထိခိုက်တိုင်း ရှုမှတ်လျက် ထိခိုက်သော ဝါယော ဖောဋ္ဌဗ္ဗရုပ်၏ အဖြစ်

ကိုယ်၌။ ကာယာနုပဿီ၊ ရုပ်အပေါင်းမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေပေ၏။

အာနာပါနပဗ္ဗံ၊ ဝင်သက်ထွက်သက်ကို ရှုပုံအပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

မှတ်ချက် အဓိပ္ပါယ်

အပျက် ကိုရင်း၊ ထိသိမှု၏ အဖြစ်အပျက်ကိုရင်း၊ ရှုမှတ်မှု၏ အဖြစ်အပျက်ကိုရင်း ရှင်းလင်းစွာ သိမြင်ခြင်းဖြင့် ဝိပဿနာ ဉာဏ် အဆင့်ဆင့် ဖြစ်ပွါး၍ အနိဿိတ,အနုပါဒါန-အမှီအတွယ် ကင်းခြင်း အစွဲအလမ်းကင်းခြင်း ကိစ္စ ပြီးစီးလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်သည်ဟု မှတ် အပ်၏။

## ၁-ကာယာနုပဿနာ ၂-ဣရိယာပထပဗ္ဗ

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ‘ဂစ္ဆာမီ’တိ ပဇာနာတိ၊ ဌိတော ဝါ ‘ဌိတောမှီ’တိ ပဇာနာတိ၊ နိသိန္နော ဝါ ‘နိသိန္နောမှီ’တိ ပဇာနာတိ၊ သယာနော ဝါ ‘သယာ-နောမှီ’တိ ပဇာနာတိ။

ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ-ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယ-ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယ ဝယဓမ္မာ-နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

‘အတ္ထိ ကာယော’တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိ-ယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ဣရိယာပထပဗ္ဗံ နိဋ္ဌိတံ။

## ၁-ကာယာနုပဿနာ ၂-ဣရိယာပထပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ * ဂစ္ဆန္တော ဝါ၊ သွားသော်လည်း-သွားလျှင်လည်း။ (ဝါ၊ သွားတုန်း, သွားဆဲ, သွားခိုက်, သွားစဉ် မူလည်း) ဂစ္ဆာမီတိ၊ သွားသည်ဟု။ ပဇာနာတိ၊ သိ၏။ ဌိတော ဝါ၊ ရပ်သော်လည်း- ရပ်လျှင်

---

မှတ်ချက် အဓိပ္ပါယ်

* သွားလျှင် **သွားသည်ဟုသိရန်** ညွှန်ပြသော ဤဘုရား**စကားတော်၌ မသိနားမလည်သော သူတို့က အထင်အမြင်သေးဘွယ်ရှိ၏။** ထို့ကြောင့် ထို **မသိနားမလယ်သူတို့၏** အမြင်ဖြင့် စောဒနာ အာဘော်ကို ထုတ်ပြပြီးလျှင် အဋ္ဌကထာ၌ ဤသို့ ရှင်းလင်းလျက် ဘုရား စကားတော်ကို **ထောက်ခံထားပေ၏။**

ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ န ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ဧဝရူပဉှိ ဇာနနံ သတ္တူပလဒ္ဓိံ န ပဇဟတိ၊ အတ္တသညံ န ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ န ဟောတိ။ ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ပဇဟတိ၊ အတ္တသညံ ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာ စ ဟောတိ။ ဣဒဉှိ ကော ဂစ္ဆတိ၊ ကဿ ဂမနံ၊ ကိံကာရဏာ ဂစ္ဆတီတိ ဣမေသံ သမ္ပဇာနနံ သန္ဓာယ ဝုတ္တံ။ ဌာနာဒီသုပိ ဧသေဝ နယော။

လည်း။ (ဝါ၊ ရပ်တုန်း, ရပ်ဆဲ, ရပ်ခိုက်, ရပ်စဉ်မှုလည်း)။ ဌိတောအမှိတိ၊ ရပ်သည်ဟု။ ပဇာနာတိ၊ သိ၏။ နိသိန္နော ဝါ၊ ထိုင်သော်လည်း-ထိုင်လျှင်လည်း၊ (ဝါ၊ ထိုင်တုန်း,ထိုင်ဆဲ

---

မှတ်ချက် အဓိပ္ပါယ်

သောဏသိင်္ဂါလာဒယောပိ၊ ခွေး မြေခွေး အစရှိသော အညံ့စား သတ္တဝါတို့သော်မှလည်း။ ဂစ္ဆန္တာ၊ သွားကုန်လတ်သော်။ ဂစ္ဆာမာတိ၊ သွားကုန်၏ဟူ၍။ ကာမံ ဇာနန္တိ၊ သိကြသည်မှာ မှန်လှပေ၏။ ။ (ဤစကားဖြင့် ဝိပဿနာဉာဏ် မဖြစ်ဘူးသေး၍ ဝိပဿနာ အရာ၌ မသိနားမလည်သော ပုဂ္ဂိုလ်တို့၏ အထင်အမြင်ကို တစိတ်တပိုင်း ဝန်ခံ၍ဖော်ပြ၏။ ဂရုဟာ အနက်ရှိသော ပိသဒ္ဒါဖြင့် "ဝိပဿနာ အလုပ်မရှိသော သာမန် ရဟန်းရှင်လူတို့လဲ ခွေး မြေခွေး စသည်တို့ကဲ့သို့ သိနိုင်ကြသည်မှာ ဆိုဘွယ်မရှိပြီ" ဟု ပေါင်းဆည်းပြ၏)။ ။ပန၊ သို့သော်လည်း။ ဧတံ၊ သွားလျှင်လဲ သွားသည်ဟု သိသည်-ဟူသော ဤ ဘုရားစကားတော်သည်။ ဧဝရူပံ ဇာနနံ သန္ဓာယ၊ သာမန်ရဟန်း ရှင်လူတို့နှင့်တကွ ခွေး မြေခွေး အစရှိသော အညံ့စား သတ္တဝါတို့၏ (ရှုမှတ်ခြင်းမရှိဘဲ အလိုလို ဖြစ်နေသော) ဤလို အလေ့ပေါက် အသိမျိုးကို ရည်ရွယ်၍။ န ဝုတ္တံ၊ ဟောအပ်သည်ကား မဟုတ်ပေ။ ။(ဤစကားဖြင့် "ရှုမှတ်ခြင်း မရှိဘဲ အလိုလို ဖြစ်နေသော အသိမျိုးကို မဆိုလိုကြောင်း၊ ရှုမှတ်ခြင်းမရှိဘဲ အလိုလိုဖြစ်နေသော ပကတိအသိနှင့် ရှုမှတ်လျက်ရှိသော ယောဂီ၏အသိကို အတူတူပင် ထင်မှတ်လျက် အထင်မသေးသင့်ကြောင်း"ဖော်ပြ၏)။ ။ဟိ၊ အလေ့ပေါက် အသိကို

ထိုင်ခိုက်,ထိုင်စဉ် မူလည်း)။ နိသိန္နော အမှီတိ၊ ထိုင်သည်ဟု။ ပဇာနာတိ၊ သိ၏။ သယာနော ဝါ၊ လျောင်းသော်လည်း—

---

မှတ်ချက် အဓိပ္ပါယ်

မရည်ရွယ်ခြင်း၏ အကြောင်းကား။ ဧဝရူပံ ဇာနနံ၊ အလိုလို ဖြစ်နေသော ဤလို အလေ့ပေါက် အသိသည်။ သတ္တူပလဒ္ဓိံ န ပဇဟာတိ၊ သတ္တဝါဟု စွဲလမ်းသော အယူကို မပယ်တတ် ချေ။ အတ္တသညံ န ဥဂ္ဃါဋေတိ၊ အတ္တကောင်—ငါကောင်ဟု ထင်မှတ်ခြင်းကိုလဲ မခွါ မနုတ်တတ်ချေ၊ ကမ္မဋ္ဌာနံ ဝါ၊ ကမ္မဋ္ဌာန်းသည်သော်ရင်း။ သတိပဋ္ဌာနဘာဝနာ ဝါ၊ သတိ-ပဋ္ဌာန် ဘာဝနာသည်သော်ရင်း။ န ဟောတိ၊ တခုခုမျှ မဖြစ်ချေ။ ပန၊ အမှန်အားဖြင့်သော်ကား။ ဣမဿ ဘိက္ခု-နော၊ (သွားလျှင် သွားသည်ဟု သိသည် ဟူသော ဘုရား စကားတော်နှင့်အညီ ရှုမှတ်နေသော) ဤယောဂီရဟန်း၏။ ဇာနနံ၊ အသိဉာဏ်သည်။ ။ (ဤ အပိုဒ်၌ ပ-သဒ္ဒါ မပါ သော်လဲး ရည်ရွယ်ချက်အားဖြင့် ပဇာနနကိုပင် ဆိုလို သည်။ ထို့ကြောင့် "ပဇာနာတိ ပဇာနနံ ပုဒ်တို့၏ အရာ၌ ပ-သဒ္ဒါမပါဘဲ ဇာနာတိ ဇာနနံ-ဟု ဆိုနိုင်ကြောင်း၊ ထိုသို့ ဆိုရာ၌လဲး ရည်ရွယ်ချက်အားဖြင့် အနက် အဓိပ္ပါယ်မှာ မယုတ်လျော့ကြောင်း သိအပ်၏။ မြန်မာပြန်ရာ၌လဲး ပ-သဒ္ဒါ၏ အနက်ကို ဖျောက်၍ ပဇာနာတိ-သိ၏။ ပဇာနနံ-အသိဉာဏ်-ဟု ပြန်ဆိုနိုင်ကြောင်း၊ ဤသို့ ပြန်ဆိုရာ၌လဲး ရည်ရွယ်ချက်အားဖြင့် အနက် အဓိပ္ပါယ် မယုတ်လျော့ ကြောင်း"သိအပ်၏)။ သတ္တူပလဒ္ဓိံ ပဇဟာတိ၊ သတ္တဝါဟု စွဲလမ်းသောအယူကို ပယ်တတ်ပေ၏။ အတ္တသညံ ဥဂ္ဃါဋေတိ၊

လျှောင်းလျှင်လည်း။ (ဝါ၊ လျှောင်းတုန်း, လျှောင်းဆဲ, လျှောင်းခိုက်, လျှောင်းစဉ်မှုလည်း။) သယာနော အမှီတိ၊ လျှောင်းသည်ဟု။ ပဇာနာတိ၊ သိ၏။

---

မှတ်ချက် အခိပ္ပါယ်

အတ္တကောင်-ငါကောင်ဟု ထင်မှတ်ခြင်းကိုလဲ ခွါနှုတ်တတ်ပေ၏။ ကမ္မဋ္ဌာနဒွေဝ၊ ကမ္မဋ္ဌာန်းအစစ်လဲ ဖြစ်ပေ၏။ သတိပဋ္ဌာနဘာဝနာ စ ဟောတိ၊ သတိပဋ္ဌာန် ဘာဝနာအစစ်လဲ ဖြစ်ပေ၏။ ဟိ၊ ဖြစ်ပုံကား။ ဣဒံ၊ သွားလျှင် သွားသည်ဟု သိသည်-ဟူသော ဤစကားတော်သည်။ကော ဂစ္ဆတိ၊ဘယ်သူ သွားသနည်း။ ကဿ ဂမနံ၊ ဘယ်သူ၏ သွားမှုနည်း။ ကိံ ကာရဏာ ဂစ္ဆတိ၊ ဘယ်အကြောင်းကြောင့် သွားသနည်း၊ ဣတိ၊ ဤမေးခွန်း ၃-ချက်အရအားဖြင့်။ ဧဝံ သမ္ပဇာနန္တဿ၊ ဤလိုမှန်စွာ အပြားအားဖြင့် သိခြင်းကို ရည်ရွယ်၍။ ဝုတ္တံ၊ ဟောအပ်သော စကားပေတည်း။ ဌာနာဒီသုပိ၊ ရပ်ခြင်းစသော ဣရိယာပုထ်တို့၌လည်း၊ ဧသေဝ နယော၊ ဤနည်းပင်တည်း။

အထက်ပါ အဋ္ဌကထာသည် ဘုရားစကား ပါဠိတော်ကို **ပယ်သည်လည်း မဟုတ်ပေ၊ ဖြည့်စွက် ပြင်ဆင်သည်လည်း မဟုတ်ပေ။** အမှန်အားဖြင့်သော်ကား ဘုရားစကား၌ အထင်အမြင်သေးမည့် ပုဂ္ဂိုလ်တို့အား အမြင်မှန်ရစေလျက် ရိုသေလေးစားစေရန် **ရှင်းပြ၍** ဘုရားစကားတော်ကို **ထောက်ခံသောစကားသာတည်း။**သို့ဖြစ်၍ ငါတို့လဲ ဤအရာ၌ ထိုအဋ္ဌကထာကိုပင်မှီ၍ ယုံမှားဘွယ် အချက်များကို ပယ်ရှားသုတ်

မှတ်ချက် အဓိပ္ပါယ်

သင်လျက် ပါဠိတော်နည်းအတိုင်းပင် ဘာဝနာနည်းမှန် ဖြစ်ကြောင်းကို ယောဂီတို့၏ အတွေ့နှင့်တကွ ထောက်ခံစကား ရေးသားဦးအံ့။

ရှုမှတ်ခြင်းမရှိသော သာမန်ရဟန်းရှင် လူများလဲ သွားလျှင် သွားတယ်-ဟု သိကြသည်ပင် မဟုတ်ပါလော၊ ရဟန်းရှင် လူကို မဆိုထားဘိ၊ ခွေး မြေခွေးစသော တိရစ္ဆာန်များတောင်မှ ဒီလိုသိနိုင်ကြသည်ပင် မဟုတ်ပါလောဟူမူ.... သိနိုင်ကြပါသည် ဟူ၍ပင် ဝန်ခံရပေမည်။ ဤသို့ သိနိုင်ကြပါမူ.... "သွားလျှင် သွားသည်ဟု သိသည်" ဆိုသော ယောဂီရဟန်း၏ အသိသည် ထိုသာမန် ရဟန်းရှင်လူတို့၏ အသိနှင့် အတူတူပင် မဟုတ်ပါလော၊ ခွေး မြေခွေးစသော တိရစ္ဆာန်တို့၏ အသိနှင့်တောင်မှ တူနေရာသည်မဟုတ်ပါလော ဟူမူ....မတူပါ၊ ပြောင်းပြန်ထူးခြား ကွဲပြားနေပါသည်။ ရှင်းပြပါဦးအံ့.... ရှုမှတ်မှု မရှိသော သာမန် လူပုဂ္ဂိုလ်တို့သည်၎င်း၊ ခွေးမြေခွေးစသော တိရစ္ဆာန်တို့သည်၎င်း သွားဆဲ၌ သွားချင်သော စိတ်နှင့် ရွေ့ ရှားမှု ရုပ်တို့ကို ဖြစ်တိုင်း ဖြစ်တိုင်းလဲ စေ့စေ့စပ်စပ်သိကြသည်မဟုတ်ပါ၊ စိတ်နှင့်ရုပ်ကို တခြားစီခွဲ၍လဲသိကြသည်မဟုတ်ပါ၊ သွားချင်မှု အဆင့်ဆင့်ကြောင့် လှုပ်ရှားမှု အဆင့်ဆင့်ဖြစ်ပေါ်သည်ကိုလဲမျက်မှောက်တွေ့၍ သိကြသည် မဟုတ်ပါ။ သွားချင်မှု အဆင့်ဆင့်နှင့် ရွေ့ရှားမှုအဆင့်ဆင့်မျှသာ ရှိသည်ကိုလဲ မျက်မှောက်တွေ့၍ သိကြသည် မဟုတ်ပါ၊ တရွေ့မှ တရွေ့သို့ မရောက်ဘဲ အပိုင်းအပိုင်း ပြတ်လျက် ချုပ်ပျောက်သွားကြသည်ကိုလဲ မျက်မှောက်တွေ့၍ သိကြသည်

မှတ်ချက် အဓိပ္ပါယ်

မဟုတ်ပါ။ **အမှန်အားဖြင့်သော်ကား....**ခွေး မြေခွေး စသည်တို့နှင့် တကွ ထိုသာမန်လူတို့သည် သွားစ လှမ်းစ ဖြစ်စေ, အလယ်ပိုင်း၌ ဖြစ်စေ, အဆုံးပိုင်း၌ဖြစ်စေ တရံတခါမျှ တခဏကလေးမျှသာ သိကြလေသည်။ **အများအားဖြင့်မူကား....** မိမိကိုယ်တိုင် သွားနေသည်ကို အမှတ်မရဘဲ တခြားတပါးကိုသာ စိတ်ကူးရောက်လျက် စဉ်းစားကြံစည်လျက် အမှတ်တမဲ့ သွားနေသော အချိန်ကာလကသာ အတိုင်းမသိ အလွန်များနေလေသည်။ ကိုယ်တိုင် သွားနေသည်ကို တရံ တခါ အမှတ်ရပြန်လျှင်လဲ အမြဲတမ်း တည်ရှိနေသော ငါကောင် အနေအားဖြင့်သာ သိကြလေသည်။ မသွားမီက ရှိနေသော စိတ်နှင့် ရုပ်ကိုယ်ကပင် သွားနေသည်ဟု ထင်မှတ်ကြသည်။ သွားတုန်းက ရှိနေသော စိတ်နှင့် ရုပ်ကပင် နေရာ အသစ်သို့ ရောက်လာသည်ဟု ထင်မှတ်ကြသည်။ မသွားမီကရော, သွားဆဲမှာရော, သွားပြီးသော အခါမှာရော, တယောက်တည်း- တကိုယ်တည်း- တကောင်တည်းပင်ဟု ထင်မှတ်ကြသည်။ ထို့ကြောင့် ဤလိုအသိမျိုးသည် သတ္တဝါကောင်ဟု ထင်မြင်စွဲလမ်းသော အယူကိုလဲ မပယ်မစွန့်နိုင်၊ အတ္တကောင် ငါကောင်ဟု ထင်မြင်ခြင်းကိုလဲ မပယ်မနုတ်နိုင်၊ ထိုအသိမျိုးကို အာရုံပြုလျက် သူတို့သန္တာန်မှာ တဖန်မှတ်သိမှု ဝိပဿနာ ဖြစ်ခြင်းမရှိသောကြောင့် "**ဘာဝနာကမ္မဿ ဌာနံ**"ဟူသော ဝစနတ္ထအရအားဖြင့်လဲ **ကမ္မဋ္ဌာန်းမမည်**။ ထိုအသိမျိုးမှ ဆက်လက်၍ ဝိပဿနာဉာဏ်ဖြစ်ပေါ်ခြင်း မရှိသောကြောင့် "**ဘာဝနာကမ္မဓေ ဥတ္တရုတ္တရိဘာဝနာယ ဌာနံ**" ဟူသော

---

မှတ်ချက် အဓိပ္ပါယ်

ဝစနတ္ထအရအားဖြင့်လဲး **ကမ္မဋ္ဌာန်းမမည်**။ စွဲမြဲသော အမှတ်ရမှု ဟူသော သတိပဋ္ဌာန်နှင့် တပေါင်းတည်း ဖြစ်ပေါ်သော အသိ မဟုတ်သောကြောင့် **သတိပဋ္ဌာန်ဘာဝနာ**လဲး မဖြစ်သည်သာ တည်း။ သို့ဖြစ်၍ "**သွားလျှင်သွားသည်ဟု သိသည်**" ဆိုသော ဘုရားစကားတော်သည် ခွေး မြေခွေး စသည်တို့နှင့်တကွ ရှုမှတ်ခြင်း မရှိသော သာမန် လူပုဂ္ဂိုလ်တို့၏ ထိုအသိမျိုးကို ရည်ရွယ်သော စကားမဟုတ်ဟု သိအပ်၏။

သွားတိုင်း = ကြွတိုင်း, လှမ်းတိုင်း, ချတိုင်း, နင်းတိုင်း အစဉ်မပြတ် စေ့စေ့စပ်စပ် ရှုမှတ်နေသော ယောဂီသည်ကား သွားချင်သော စိတ်ကိုလဲး ရုပ်နှင့်မရောဘဲ သီးသန့်ပိုင်းခြား၍ သိ၏၊ တောင့်တင်းတွန်းကန်မှု ရွေ့ရှားမှုရုပ်ကိုလဲး စိတ်နှင့် မရောဘဲ သီးသန့်ပိုင်းခြား၍ သိ၏၊ သွားချင်မှု အဆင့်ဆင့် ကြောင့် တောင့်တင်းတွန်းကန်မှု ရွေ့ရှားမှု အဆင့်ဆင့် ဖြစ်ပေါ်လာသည်ကိုလဲး မျက်မှောက်တွေ့လျက် သိ၏၊ သွားချင်မှုအဆင့်ဆင့်နှင့် တောင့်တင်းတွန်းကန်မှု, ရွေ့ရှားမှု အဆင့်ဆင့်မျှသာရှိသည်ကိုလဲး ရှင်းလင်းစွာသိ၏၊ သွားချင်မှု များက ရွေ့ရှားခိုက်သို့မရောက် ရွေ့ရှားမှုများကလဲး တရွေ့မှ တရွေ့သို့မရောက်ဘဲ အပိုင်းအပိုင်းပြတ်လျက် ကုန်ဆုံးသွားကြ သည်ကိုလဲး မျက်မှောက်တွေ့လျက် သိ၏။ ခြေတလှမ်းတလှမ်း အတွင်းမှာ (အဋ္ဌကထာ၌ ပြထားသည့်အတိုင်း ကြွ-ဆဲ့-လှမ်း-လွှတ်-ချ-နင်း ဟူသော) ၆-ပိုင်း ၆-ပိုင်းဖြစ်စေ၊ ထို့ထက် အလွန်ဖြစ်စေ၊ အပိုင်းအပိုင်းပြတ်လျက် ချုပ်ပျောက်သွား ကြသည်ကိုလဲးရှုမှတ်နေရင်းပင် ထင်ရှားစွာ သိ သိသွားပေ၏။

မှတ်ချက် အဓိပ္ပါယ်

ထို့ကြောင့် ဤယောဂီ၏ အသိသည် .... (၁) **ကော ဂစ္ဆတိ၊** ဘယ်သူသွားသလဲ-သွားတတ်သော အတ္တကောင်-ငါကောင်ရှိသလား?....(၂) **ကဿ ဂမနံ၊** ဘယ်သူ၏သွားမှုလဲ-သွားမှု၏ပိုင်ရှင် အတ္တကောင် ငါကောင်ရှိသလား?........ (၃) **ကိံ ကာရဏာ ဂစ္ဆတိ၊** ဘယ်အကြောင်းကြောင့် သွားသလဲ-သွားမှုဖြစ်ပေါ်လာခြင်း၏ အကြောင်းက ဘာလဲ ?.... ဟူသော ဤမေးခွန်း ၃-ချက်အရ ပြေလည်စွာသိခြင်းဖြစ်၍ **သမ္ပဇာနဉာဏ်** မည်ပေ၏၊ **အသမ္မောဟသမ္ပဇဉ်**ဟု ဆိုလိုပေ၏။ **ဤဉာဏ်သည်ပင်** ပဋိဝိပဿနာခေါ် တဆင့်ရှုမှတ်မှု၏ အာရုံဖြစ်သောကြောင့် "**ဘာဝနာကမ္မဿ ဌာနံ**" ဟူသော ဝစနတ္ထအရ**အား**ဖြင့်လ**ဲး ကမ္မဋ္ဌာန်းမည်ပေ၏။** နောက် နောက် ဝိပဿနာဉာဏ်များကို ထက်**သန်**စွာ ဖြစ်စေတတ်သောကြောင့် "**ဘာဝနာကမ္မဿ ဥတ္တရုတ္တရိဘာဝနာယ ဌာနံ**" ဟူသော **ဝစနတ္ထအရအား**ဖြင့်လဲး ကမ္မဋ္ဌာန်းမည်ပေ၏။ စွဲမြဲသော အမှတ်ရမှုဟူသော သတိပဋ္ဌာန်နှင့် တပေါင်းတည်းပင်ဖြစ်ပေါ်သော အသိဖြစ်သောကြောင့် **သတိပဋ္ဌာန်ဘာဝနာလဲး** ဖြစ်ပေ၏။

မေးခွန်း **၃-ချက်အရ ပြေလည်စွာ သိပုံကား**....ဖြစ်တိုင်းသော ကိုယ်စိတ်အမူအရာတို့ကို စေ့စေ့စပ်စပ် မပြတ်ရှုမှတ်နေသော ယောဂီသည် သမာဓိဉာဏ်ရင့်သောကာလ၌ သွားတိုင်း ရွေ့ရှား**တိုင်း** စူးစူးစိုက်စိုက် ရှုမှတ်သဖြင့် သွားချင်သော စိတ်နှင့် တောင့်တင်းတွန်းကန်မှု, ရွေ့ရှားမှု(ဝါယောဓာတ်) ရုပ်အပေါင်းမျှသာ အဆင့်ဆင့် ဖြစ်ပျက်သွားသည်ကို မျက်

မှတ်ချက် အခိပ္ပါယ်

မျှောက်တွေ့ရ၏။ ထို့ကြောင့် "မည်သူမျှ သွားသည်မဟုတ်၊ သွားတတ်သော အတ္တကောင်-ငါကောင်-သတ္တဝါကောင်ဟူ၍ မရှိ၊ သွားချင်သောစိတ်နှင့် တောင့်တင်း-တွန်းကန်မှု ရွေ့ရှားမှု ရုပ်အပေါင်းမျှသာ ရှိသည်"ဟု ရှင်းလင်းစွာ သိလေတော့၏။ ဤအသိသည်....ကော ဂစ္ဆတိဟူသော ပဌမမေးခွန်းအရ ပြေလည်စွာ သိခြင်းပေတည်း။

ထို့ပြင် ယောဂီသည် တောင့်တင်း တွန်းကန်မှု ရွေ့ရှားမှုဟူသော ထိုသွားခြင်း အမှုအရာ၌ အစိုးတရ စီမံ ခန့်ခွဲနိုင်သော ပိုင်ရှင်ကိုကား မတွေ့ရချေ၊ သွားလိုသောစိတ် အဆင့်ဆင့်ကြောင့် တောင့်တင်း-တွန်းကန်မှု ရွေ့ရှားမှု အဆင့်ဆင့် အသစ်အသစ် မပြတ် ဖြစ်နေသည်ကိုသာ တွေ့ရပေသည်။ ထို့ကြောင့် "သွားခြင်းသည် မည်သူ၏ အမှုမျှမဟုတ်၊ သွားမှုကို အစိုးတရ ပိုင်ဆိုင်သော အတ္တကောင်-ငါကောင်-သတ္တဝါကောင်ဟူ၍ မရှိပြီ"ဟု ရှင်းလင်းစွာ သိလေတော့၏။ ဤအသိသည်....ကဿ ဂမနံ ဟူသော ဒုတိယ မေးခွန်းအရ ပြေလည်စွာ သိခြင်းပေတည်း။

ထို့ပြင် ယောဂီသည် မသွားမီကပင် သွားလိုသောစိတ် ဖြစ်ပေါ်လာသည်ကို မှတ်သိရ၏။ ထိုစိတ်၏ အစွမ်းကြောင့် အဆင့်ဆင့် ဖြစ်ပေါ်လာသော တောင့်တင်း-တွန်းကန်မှု ရွေ့ရှားမှုများကိုလဲ အဆင့်ဆင့် မှတ်သိရ၏။ ထို့ကြောင့် "ငါသွားသည် သူသွားသည်ဟု ဆိုသောစကားမှာ ခေါ်ဝေါ်ပြောဆိုရုံမျှသာ၊ အမှန်အားဖြင့်ဆိုလျှင် သွားလိုသော စိတ်ကြောင့် တရွေ့တရွေ့ချင်း အဆင့်ဆင့် ဖြစ်ပျက်သွားသော တောင့်

**တင်း တွန်းကန်မှု, ရွေ့ရှားမှုအပေါင်းမျှသာ ရှိသည်"** ဟု ရှင်းလင်းစွာ သိလေတော့၏။ ဤအသိသည်....ကိံ ကာရဏာ ဂစ္ဆတိ-ဟုသော တတိယ မေးခွန်းအရ ပြေလည်စွာ သိခြင်းပေ တည်း။ ဤအရာ၌ သန္နိဋ္ဌာန်ကျ မှတ်ယူနိုင်စေရန် အဋ္ဌကထာ အဆိုကိုလဲ ထုတ်ပြဦးအံ့။

တတ္ထ ကော ဂစ္ဆတီတိ န ကောစိ သတ္တော ဝါ ပုဂ္ဂလော ဝါ ဂစ္ဆတိ။ ကဿ ဂမနန္တိ န ကဿစိ သတ္တဿ ဝါ ပုဂ္ဂလဿ ဝါ ဂမနံ။ ကိံ ကာရဏာ ဂစ္ဆတီတိ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန ဂစ္ဆတိ။ တသ္မာ ဧသ ဧဝံ ပဇာနာတိ....ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ ပုရ-တော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ။ ဌာနာဒီသုပိ ဧသေဝ နယော။ တတြာပိ ဟိ တိဋ္ဌာမိ နိသီဒါမိ သယာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တ-ကိရိယဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ ကောဋိ-တော ပဋ္ဌာယ ဥဿိတဘာဝေါ ဌာနန္တိ ဝုစ္စတိ။ စိတ္တကိရိယ-ဝါယောဓာတုဝိပ္ဖါရေန ဟေဋ္ဌိမကာယဿ သမိဉ္ဇနံ ဥပရိမ-ကာယဿ ဥဿိတဘာဝေါ နိသဇ္ဇာတိ ဝုစ္စတိ။ စိတ္တကိရိယ-ဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ တိရိယတော ပသာရဏံ သယနန္တိ ဝုစ္စတီတိ။

တတ္ထ၊ "မေးခွန်း ၃-ချက်အရ ပြေလည်စွာသိသည်" ဟု ဆိုသော ထိုစကား၌။ ဝါ၊ ထိုမေးခွန်း ၃-ချက်တို့တွင်။ ကော ဂစ္ဆတီတိ၊ ဘယ်သူသွားသလဲ-ဟူသော မေးခွန်း၌။ ကောစိ

မှတ်ချက် အဓိပ္ပါယ်

သတ္တော ဝါ ပုဂ္ဂလော ဝါ၊ သတ္တဝါ ပုဂ္ဂိုလ် တစုံတယောက်မျှ။ န ဂစ္ဆတိ၊ သွားသည် မဟုတ်ပေ။ ကဿ ဂမနန္တိ၊ ဘယ်သူ၏ သွားမှုလဲ-ဟူသော မေးခွန်း၌။ ကဿစိ သတ္တဿ ဝါ ပုဂ္ဂလဿ ဝါ၊ သတ္တဝါ ပုဂ္ဂိုလ် တစုံတယောက်၏မျှ။ န ဂမနံ၊ သွားမှု မဟုတ်ပေ။ ကိံ ကာရဏာ ဂစ္ဆတီတိ၊ ဘယ်အကြောင်းကြောင့် သွားသလဲးဟူသော မေးခွန်း၌။ စိတ္တကိရိယဝါယောဓာတု-ဝိပ္ဖါရေန၊ စိတ်က ပြုအပ်သော တောင့်တင်း လှုပ်ရှားမှု (ဝါယောဓာတ်)၏ ပြန့်နှံ့ လှုပ်ရှားခြင်းကြောင့်။ ဂစ္ဆတိ၊ သွားပေ၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ သွားလျှင် သွားသည် ဟု ရှုမှတ်သော ဤယောဂီသည်။ ဧဝံ ပဇာနာတိ၊ ဤသို့ အပြားအားဖြင့် သိပေ၏။....ဂစ္ဆာမီတိ စိတ္တံ၊ သွားမည်ဟု ကြံသောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ရှေးဦးစွာ ဖြစ်ပေါ်လာ၏။ တံ၊ ထိုစိတ်က။ ဝါယံ ဇနေတိ၊ တောင့်တင်း လှုပ်ရှားမှုကို ဖြစ်ပေါ်စေ၏။ ဝါယော၊ တောင့်တင်းလှုပ်ရှားမှုက။ ဝိညတ္တိံ၊ ကာယဝိညတ်ဟုခေါ်သော တွန်းကန်မှု သတ္တိအထူးကို။ ဇနေတိ၊ ဖြစ်ပေါ်စေ၏။ ။(သွားဆဲ၌ ရှုမှတ်နေသော ယောဂီအား ခြေစသော ကိုယ်အင်္ဂါတို့၌ တောင့်တင်းမှု ထင်ရှား၏၊ ဤတောင့်တင်းမှုသည် ဝါယောဓာတ်၏ ဝိတ္ထမ္ဘန ခေါ်သော သဘာဝလက္ခဏာပေတည်း။ တရွေ့တရွေ့ချင်း လှုပ်ရှားမှုလဲ ထင်ရှား၏၊ ဤလှုပ်ရှားမှုသည် ဝါယောဓာတ်၏ သမုဒီရဏ ခေါ်သော ကိစ္စရသပေတည်း။ သွားလိုရာရှေ့ဘက် သို့ တွန်းပို့ဆွဲဆောင်နေသကဲ့သို့လဲး ထင်ရှား၏၊ ဤတွန်းပို့ ဆွဲဆောင်မှု အခြင်းအရာသည် ဝါယောဓာတ်၏ အဘိနီဟာရ

---

မှတ်ချက် အခ်ိပ္ပါယ်

**ပစ္စုပ္ပဋ္ဌာန်** ခေါ်သော (ယောဂီ၏ဉာဏ်ထဲ၌) **ထင်ပေါ်ပုံ အခြင်းအရာ** ပေတည်း။ ထို့ကြောင့် သိလွယ်စေရန် ဝါယော ဓာတ်ကို "တောင့်တင်း လှုပ်ရှားမှု" ဟု ပြန်ဆိုလိုက်ပေသည်။ ဝါယောက ဝိညတ်ကိုဖြစ်စေသည် ဟူရာ၌ တွန်းကန်မှုသတ္တိ အထူးနှင့်တကွ ဝါယောရုပ်ဖြစ်ပေါ်လာသည်ကိုသာ ပြလိုရင်း ပေတည်း။ အမှန်အားဖြင့်သော်ကား ဝါယောနှင့်တကွ ဝိညတ်ရုပ်သည် စိတ်ကြောင့်ဖြစ်သော **စိတ္တဇရုပ်သာ**တည်း။ ဝါယောကြောင့်ဖြစ်သော **ဝါယောဇရုပ်** ဟူ၍ကား မရှိပေ)။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ်က ပြုအပ်သော တောင့်တင်းလှုပ်ရှားမှု၏ပြန့်နှံ့လှုပ်ရှားခြင်းကြောင့်။ သကလ ကာယဿ၊ တကိုယ်လုံး၏။ ပုရတော အဘိနီဟာရော၊ ရှေ့ဘက်သို့ တည့်တည့်ဆောင်သွားခြင်းကို။ ဂမနန္တိ ဝုစ္စတိ၊ သွားခြင်းဟု ခေါ်ဆိုအပ်၏။ ဌာနာဒီသုပိ၊ ရပ်ခြင်းစသည်တို့ ၌လည်း။ ဧသေဝ နယော၊ ဤနည်းပင်တည်း။ ဟိ၊ ချဲ့၍ပြဦး အံ့။ တတြာပိ၊ ထိုရပ်ခြင်းစသည်တို့၌လည်း။ တိဋ္ဌာမိ, နိသီဒါမိ, သယာမီတိ စိတ္တံ၊ ရပ်မည်,ထိုင်မည်, လျောင်းမည်ဟု ကြံသောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ရှေးဦးစွာ ဖြစ်ပေါ်၏။ တံ၊ ရပ်မည်, ထိုင်မည်, လျောင်းမည်ကြံသော ထိုစိတ်က။ ဝါယံ ဇနေတိ၊ တောင့်တင်းမှု လှုပ်ရှားမှုကို ဖြစ်ပေါ်စေ၏။ ဝါယော၊ တောင့်တင်းလှုပ်ရှားမှုက။ ဝိညတ္တိံ၊ တွန်းကန်မှု သတ္တိအထူးကို။ ဇနေတိ၊ ဖြစ်စေ၏။ (ဤအရာ၌ တူရာပါဠိ အချို့ကို ချုံးထားသည်)။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါ- ရေန၊ စိတ်ကပြုအပ်သော တောင့်တင်းမှု၏ ပြန့်နှံ့လှုပ်ရှား

မှတ်ချက် အခိုပ္ပါယ်

ခြင်းကြောင့်။ သကလကာယဿ၊ တကိုယ်လုံး၏။ ကောဋ္ဌိ-တော ပဌာယ ဥဿိတဘာဝေါ၊ အောက်အစွန်းမှစ၍ ထောင်နေခြင်းကို။ ဌာနန္တိ ဝုစ္စတိ၊ ရပ်ခြင်းဟု ခေါ်ဆိုအပ်၏။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ်ကပြုအပ်သောတောင့်တင်းမှု, လှုပ်ရှားမှု၏ ပြန့်နှံ့လှုပ်ရှားခြင်းကြောင့်။ ဟေဋ္ဌိ-မကာယဿ သမိဉ္ဇနံ, ဥပရိမကာယဿ ဥဿိတဘာဝေါ၊ အောက်ပိုင်းကိုယ်၏ ခွေနေခြင်း, အထက်ပိုင်းကိုယ်၏ ထောင်နေခြင်းကို။ နိသဇ္ဇာတိ ဝုစ္စတိ၊ ထိုင်ခြင်းဟု ခေါ်ဆိုအပ်၏။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ်က ပြုအပ်သောတောင့်တင်းမှု, လှုပ်ရှားမှု၏ ပြန့်နှံ့လှုပ်ရှားခြင်းကြောင့်။ သကလကာယဿ၊ တကိုယ်လုံး၏။ တိရိယတော ပသာရဏံ၊ ဖီလာကန့်လန့် စန့်နေခြင်းကို။ သယနန္တိ ဝုစ္စတိ၊ လျောင်းခြင်းဟု ခေါ်ဆိုအပ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိပေ၏။

(ဤအဋ္ဌကထာအရ ယောဂီ၏ ပဇာနနဉာဏ် အပြားအားဖြင့်သိပုံထဲမှာ "တကိုယ်လုံး ရှေ့သို့ ရွေ့သွားခြင်း တကိုယ်လုံး ထောင်နေခြင်း၊ ကိုယ်တပိုင်း ခွေ၍ ကိုယ်တပိုင်း ထောင်နေခြင်း၊ တကိုယ်လုံး ဖီလာကန့်လန့် စန့်နေခြင်းများ"ပါဝင်နေသည်ကို အထူးသတိပြုသင့်၏။ ထို့ပြင် မျက်စိတမှိတ်ခန့်အတွင်း၌ ကုဋေတသိန်းမက ရုပ်မှုန့်တွေ ဖြစ်ပျက်နေဟန်ကို ရှုပုံ သိမြင်ပုံ ဆင်ခြင်ပုံများ မပါပေ။ စိတ်နှင့် ဝါယောဓာတ်ကိုသာလျှင် ရှုပုံ သိမြင်ပုံ ထင်ရှားပေသည်၊ ဤအချက်ကိုလဲ လေးနက်စွာ သတိပြုအပ်၏)။

မှတ်ချက် အဓိပ္ပါယ်

တဿ ဧဝံ ဇာနတော ဧဝံ ဟောတိ.... သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတီတိ ဝုစ္စတိ။ အတ္ထတော ပန ကောစိ သတ္တော ဂစ္ဆန္တော ဝါ တိဋ္ဌန္တော ဝါ နတ္ထိ။ ယထာ ပန သကဋံ ဂစ္ဆတိ သကဋံ တိဋ္ဌတီတိ ဝုစ္စတိ၊ န စ ကိဉ္စိ သကဋံ နာမ ဂစ္ဆန္တံ ဝါ တိဋ္ဌန္တံ ဝါ အတ္ထိ။ စတ္တာရော ပန ဂေါဏေ ယောဇေတွာ ဆေကမှိ သာရထိမှိ ပါဇေန္တေ သကဋံ ဂစ္ဆတိ သကဋံ တိဋ္ဌတီတိ ဝေါဟာရမတ္တမေဝ ဟောတိ။ ဧဝမေဝ ပါဇနီယဋ္ဌေန သကဋံ ဝိယ ကာယော၊ ဂေါဏာ ဝိယ စိတ္တဇဝါတာ၊ သာရထိ ဝိယ စိတ္တံ။ ဂစ္ဆာမီတိ စိတ္တေ ဥပ္ပန္နေ ဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ၊ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန ဂမနာဒီနိ ပဝတ္တန္တိ၊ တတော "သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတိ၊ အဟံ ဂစ္ဆာမိ အဟံ တိဋ္ဌာမီတိ ဝေါဟာရမတ္တံ ဟောတီ"တိ။

ဧဝံ ဇာနတော၊ ဤဆိုခဲ့သည့်အတိုင်း "သွားလိုသောစိတ်စသည်ကြောင့်ဖြစ်သော တောင့်တင်းလှုပ်ရှားမှု၏ အစွမ်းဖြင့် သွားမှုစသည် ဖြစ်နေသည်"ဟု သိသော။ တဿ၊ ထိုယောဂီအား။ ဧဝံ ဟောတိ၊ ဤသို့သော ဆုံးဖြတ်မှု- သဘောကျမှု ဖြစ်လေတော့၏။ သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတီတိ၊ သတ္တဝါသွားသည်, သတ္တဝါရပ်သည်ဟု။ ဝုစ္စတိ၊ လူအများက ခေါ်ဝေါ်ပြောဆိုအပ်ပေသည်။ ပန၊ သို့သော်လဲး။ အတ္ထတော၊ အမှန်သဘောအားဖြင့်။ ဂစ္ဆန္တော ဝါ တိဋ္ဌန္တော ဝါ၊ သွားတတ်, ရပ်တတ်သော။ ကောစိ သတ္တော၊ တစုံတယောက်သော သတ္တဝါမျှ။ နတ္ထိ၊ မရှိချေ။ ပန၊ ဥပမာဖြင့် ပြရလျှင်။ သကဋံ ဂစ္ဆတိ သကဋံ တိဋ္ဌတီတိ၊ လှည်းသွားနေသည်, လှည်း

## မှတ်ချက် အဓိပ္ပါယ်

ရပ်နေသည်ဟု။ ဝုတ္တတိ၊ လူအများက ပြောဆိုအပ်ပေ၏။ စ၊ သို့သော်လည်း။ ဂစ္ဆန္တံ ဝါ တိဋ္ဌန္တံ ဝါ၊ သူ့အလိုလို သွားတတ်, ရပ်တည်တတ်သော။ ကိဉ္စိ သကတ္တံ နာမ၊ တစုံတခုသောလည်း မည်သည်။ န အတ္ထိ၊ မရှိချေ။ ပန၊ အမှန်အားဖြင့်မူကား။ စတ္တာရော ဂေါဏော ယောဇေတွာ၊ လေးကောင်သောနွား တို့ကိုယှဉ်တပ်၍။ (ဣရိယာပုထ် ၄-ပါးနှင့်ဆိုင်သော **ဝါယော ဓာတ် ၄-ပါးနှင့် နိုင်းယှဉ်ရန် နွားလေးကောင်ကို** ပြသည်ဟု ယူသင့်၏)။ ။ဆေကမ္မိ သာရထိမှိ ပါဇေန္တေ၊ မောင်းနှင် တတ်သော လှည်းသမားက မောင်းနှင်လျှင်။ သကဋံ ဂစ္ဆတိ သကဋံ တိဋ္ဌတီတိ၊ လှည်းသွားနေသည်, လှည်းရပ်နေသည်ဟု။ ဝေါဟာရမတ္တမေဝ၊ ပြောဆိုရုံမျှသာ။ ဟောတိ ယထာ၊ ဖြစ် သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်၊ ပါဇနီယဋ္ဌေန၊ မောင်း နှင်အပ်-သွားစေအပ်သော အနက်ကြောင့်။ ကာယော၊ ကိုယ်သည်။ သကဋံ ဝိယ၊ လှည်းနှင့် တူပေ၏။ စိတ္တဇဝါတာ၊ သွားလို့, ရပ်လို့, ထိုင်လို့, လျောင်းလိုသော စိတ်ကြောင့် ဖြစ်သော တောင့်တင်းလှုပ်ရှားမှု - ဝါယောဓာတ် ၄-ပါးတို့ သည်။ ဂေါဏာ ဝိယ၊ လေးကောင်သောနွားတို့နှင့် တူ ကုန်၏။ စိတ္တံ၊ သွားလို့, ရပ်လို့, ထိုင်လို့, လျောင်းလိုသော စိတ်သည်။ သာရထိ ဝိယ၊ လှည်းမောင်းသမားနှင့် တူပေ၏။ ဂစ္ဆာမိတိ စိတ္တေ ဥပ္ပန္နေ၊ သွားမည်စသည်ဖြင့် ကြံသောစိတ် ဖြစ်ပေါ်လျှင် (ဣတိ-သဒ္ဒါ အာဒိ အနက်ရှိ၏။)ဝါယောဓာတု၊ တောင့်တင်းလှုပ်ရှားမှုသည်။ ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ၊ တွန်း, ဆောင်, လှုပ်ရှားစေမှုသတ္တိ အထူးကိုပါ ဖြစ်စေလျက်

မှတ်ချက် အခိပ္ပါယ်

ဖြစ်ပေါ်လာ၏။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ်က ပြုအပ်သော တောင့်တင်း လှုပ်ရှားမှု ပြန့်နှံ့ လှုပ်ရှားခြင်းကြောင့်။ ဂမနာဒီနိ၊ သွားမှုစသည်တို့သည်။ ပဝတ္တန္တိ၊ မပြတ်ဖြစ်ပေါ်ကုန်၏။ တတော၊ ထိုသို့ မပြတ်ဖြစ်နေသောကြောင့်။ သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတိ၊ အဟံ ဂစ္ဆာမိ အဟံ တိဋ္ဌာ-မိတိ၊ သတ္တဝါ သွားသည်, သတ္တဝါရပ်သည်၊ ငါသွားသည် ငါရပ်သည် စသည်ဖြင့်။ ဝေါဟာရမတ္တံ ဟောတိ၊ ပြောဆိုရုံမျှဖြစ်ပေသည်။ ဣတိ၊ ဤသို့ ဆုံးဖြတ်မှု သဘောကျမှုဖြစ်လေတော့၏။

တေနာဟ— နာဝါ မာလုတဝေဂေန၊
ဇိယာဝေဂေန တေဇနံ။
ယထာ ယာတိ တထာ ကာယော၊
ယာတိ ဝါတာဟတော အယံ။

ယန္တံ သုတ္တဝသေနေဝ၊ စိတ္တသုတ္တဝသေနိဒံ။
ပယုတ္တံ ကာယယန္တံပိ၊ ယာတိ ဌာတိ နိသီဒတိ။

ကော နာမ ဧတ္ထ သော သတ္တော၊
ယော ဝိနာ ဟေတု-ပစ္စယေ။
အတ္တနော အာနုဘာဝေန၊
တိဋ္ဌေ ဝါ ယဒိ ဝါ ဝဇေတိ။

တေန၊ ထိုသို့ ဆုံးဖြတ် သဘောကျနိုင်သောကြောင့်။ အာဟ၊ ရှေးအဋ္ဌကထာ၌ မိန့်ဆိုထားသည်မှာ....နာဝါ၊ ရွက်တိုက်သွားသောလှေသည်။ မာလုတဝေဂေန၊ လေအဟုန်

မှတ်ချက် အဓိပ္ပါယ်

ကြောင့်။ ယာတိ ယထာ၊ သွားသကဲ့သို့ရင်း။ တေဇန်၊ မြှားသည်။ ဇိယာဝေဂေန၊ လေးကြိုး၏ အဟုန်ကြောင့်။ ယာတိ ယထာ၊ သွားသကဲ့သို့ရင်း။ တထာ၊ ထို့အတူ။ အယံ ကာယော၊ ဤရုပ်ကိုယ်သည်။ ဝါတာဟတော၊ စိတ္တဇလေက တိုက်ခတ်အပ်သည်ဖြစ်၍။ ယာတိ၊ သွားပေ၏။ (ဤဂါထာဖြင့် ပစ္စယ ခေါ် အထောက်အပံ့ အကြောင်းဖြစ်သော ဝါယောဓာတ်ကြောင့် ရုပ်ကိုယ်၏ သွားမှု ပြီးစီးပုံကိုပြ၏)။

ယန္တံ၊ ယန္တရားစက်သည်။ ဝါ၊ စက်ရုပ်သည်။ သုတ္တဝသေန၊ စက်ကြိုး၏အစွမ်းက။ ပယုတ္တံ၊ လှုံ့ဆော်အပ်သည် ဖြစ်၍။ ယာတိ ဣဝ၊ သွားသကဲ့သို့။ ဣဒံ ကာယယန္တံပိ၊ ဤ ရုပ်ကိုယ်တည်းဟူသော ယန္တရားစက်ရုပ်သည်လည်း။ စိတ္တ-သုတ္တဝသေန၊ စိတ်တည်းဟူသော ကြိုး၏အစွမ်းက။ ပယုတ္တံ၊ လှုံ့ဆော်အပ်သည်ဖြစ်၍။ ယာတိ၊ သွားလေသွား၏။ ဌာတိ၊ ရပ်လေးရပ်၏။ နိသီဒတိ၊ ထိုင်လေးထိုင်၏။ သယတိ၊ လျောင်းလေးလျောင်း၏။ (ဤဂါထာဖြင့် ဟေတု ခေါ် မူလ အကြောင်းဖြစ်သော စိတ်ကြောင့် ရုပ်ကိုယ်၏သွားမှု စသည် ပြီးစီးပုံကိုပြ၏။ ဂါထာ ၂-ခုလုံးဖြင့်ကား ဟေတုပစ္စယ ဖြစ်သော **စိတ်** နှင့် **ဝါယောဓာတ်** တို့ကြောင့် ရုပ်ကိုယ်၏ သွားမှုစသည် ပြီးစီးပုံကိုပြ၏)။

ယော၊ အကြင် သတ္တဝါသည်။ ဝိနာ ဟေတုပစ္စယေ၊ စိတ်ဟူသော မူလအကြောင်း၊ တောင့်တင်းလှုပ်ရှားမှုဟူသော **အထောက်အပံ့အကြောင်း** တို့နှင့်ကင်း၍။ အတ္တနော အာနု-ဘာဝေန၊ ကိုယ့်စွမ်းရည်သက်သက်ဖြင့်။ တိဋ္ဌေ ဝါ၊ ရပ်မူ

မှတ်ချက် အဓိပ္ပါယ်

လည်း ရပ်တည်နိုင်ရာ၏။ ယဒိ ဝါ ဝဇေ၊ သွားမူလည်း သွား နိုင်ရာ၏။ သော သတ္တော၊ ထိုသို့သော သတ္တဝါသည်။ ဧတ္ထ၊ ဤလောက၌။ ကော နာမ၊ အဘယ်မည်သော သတ္တဝါ ပေတဲ့နည်း။ ဝါ၊ အဘယ်မှာ ရှိအံ့နည်း-မရှိသည်သာတည်း။ ဣတိ၊ ဤသို့ ရှေးအဋ္ဌကထာ၌ မိန့်ဆိုလေပြီ။ (ကောနာမ၌ **ကိံ** သဒ္ဒါသည် ပဋိက္ခေပအနက်ရှိ၏၊ နတ္ထိနှင့် အတူတူပင်။)

တသ္မာ ဧဝံ ဟေတုပစ္စယဝသေနေဝ ပဝတ္တာနိ ဂမနာဒီနိ **သလ္လက္ခေန္တော** သေ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ....၊ နိသိန္နော ဝါ....၊ သယာနော ဝါ သယာနောမှီတိ ပဇာနာတီ"တိ ဝေဒိတဗ္ဗော။

တသ္မာ၊ (သွားလျှင် သွားသည်ဟု ဤသို့ စသည်ဖြင့် ရှုမှတ်လျက် သိနေသော ယောဂီသည် သွားလိုသောစိတ် စသည်နှင့် ထိုစိတ်ကြောင့်ဖြစ်သော တောင့်တင်းလှုပ်ရှားမှု ရုပ်အပေါင်းမျှကိုသာ တွေ့ရ၍ "သွားတတ်, ရပ်တတ်, ထိုင်တတ်, လျောင်းတတ်သော ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိ၊ သွားလိုသောစိတ် စသည်နှင့် ထိုစိတ်ကြောင့် ဖြစ်သော တောင့်တင်းလှုပ်ရှားမှုမျှသာ ရှိသည်၊ ဤစိတ် ဤရုပ်တို့၏ အလိုအားဖြင့် သွားမှုစသည် မပြတ် ဖြစ်နေသည်" ဟု ဆုံးဖြတ် သဘောကျနိုင်သော) ထို အကြောင်းကြောင့်။ (ဤ၌ တသဒ္ဒါသည် ဧဝံ ဇာနတော ဧဝံ ဟောတိ-ကို ငဲ့သည်။ ထို့ကြောင့် ပေါ်လွင်ထင်ရှားစေရန် ရှည်လျားစွာ ဖော်၍ အနက်ပြန်ဆိုသည်)။ ဧဝံ၊ ဤဆို ခဲ့သည့်အတိုင်း။ ဟေတု-ပစ္စယဝသေနေဝ ပဝတ္တာနိ၊ စိတ်ဟူသော မူလ

မှတ်ချက် အခိပ္ပါယ်

အကြောင်း, တောင့်တင်းလှုပ်ရှားမှုဟူသော အထောက် အပံ့အကြောင်းတို့၏ အလိုအားဖြင့်သာလျှင် မပြတ်ဖြစ်ပေါ် နေကုန်သော။ ဂမနာဒီနိ၊သွားမှုစသည်တို့ကို။ **သလ္လက္ခေန္တော၊ ကောင်းစွာမှတ်နေသော။ သော၊** ဤယောဂီကို။ ။ (ဝေ ဒိတဗ္ဗော-သိအပ်၏၌ စပ်လေ။ သလ္လက္ခေန္တော၊ **ကောင်းစွာ မှတ်နေသော**-ဟူသော ဤပါဠိတော်နှင့် အနက်တို့ကိုလဲ အထူး သတိမူပါ)။ ။ဂစ္ဆန္တော ဝါ။ပ။ သယာနောမှိတိ ပဇာနာ-တီတိ၊ သွားလျှင်သွားသည် ဟု သိသည်မည်၏၊ ရပ်လျှင် ရပ်သည်ဟု သိသည်မည်၏၊ ထိုင်လျှင် ထိုင်သည်ဟု သိသည် မည်၏၊ လျောင်းလျှင် လျောင်းသည်ဟု သိသည် မည်၏ ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အထက်ပါအဋ္ဌကထာ ဝါကျ၌ **ဟေတု ပစ္စယဝသေနေဝ ပဝတ္တာနိ ဂမနာဒီနိ**-ဟူသောစကားဖြင့် "သွားလိုသော အခြင်းအရာ, သွားသောအခြင်းအရာ စသည်ဖြင့် မပြတ်ဖြစ် နေသော စိတ်နှင့် ရုပ်တို့ကိုပင် သွားမှု, ရပ်မှု, ထိုင်မှု, လျောင်း မှုဟု ခေါ်ကြောင်း" သိစေသည်။ **ဂမနာဒီနိ သလ္လက္ခေန္တော သော** စသည်ဖြင့် "သွားမှုစသည်တို့ကိုပင် စေ့စေ့စပ်စပ် ကောင်းစွာမှတ်ရမည်"ဟူ၍ရင်း၊ "ထိုသို့မှတ်နေသော ယောဂီ သည်ပင် သွားလျှင် သွားသည်ဟု, ရပ်လျှင် ရပ်သည်ဟု, ထိုင်လျှင် ထိုင်သည်ဟု, လျောင်းလျှင် လျောင်းသည်ဟု **သိသူမည်သည်**" ဟူ၍ရင်း သိစေသည်။

ဤအရာ၌ ထုတ်ပြခဲ့သော အဋ္ဌကထာစကား **အလုံးစုံ** သည် **ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ**-စသော ပါဠိတော်၌

မှတ်ချက် အဓိပ္ပါယ်

**ပဇာနာတိ** အရ အပြားအားဖြင့် သိသော **သမ္ပဇာနန** ခေါ် **အသမ္မောဟ သမ္ပဇဉ်ဉာဏ်** ဖြစ်ပုံကို အပြည့်အစုံ ဖွင့်ပြသော **အဋ္ဌကထာ** စကားများပေတည်း။ ဤအဋ္ဌကထာ စကားများထက် ပိုလွန်၍ အပြားအားဖြင့် သိပုံကို **ပြသောပါဠိ အဋ္ဌကထာဋီကာ** မရှိတော့ပြီ။ သို့ဖြစ်၍ ဤ၌ ပြခဲ့သည့်**အတိုင်း** မေးခွန်း ၃-ချက် အရ ပြေလည်စွာ **သိလျှင် ပဇာနာတိ** အရ-အပြားအားဖြင့် မှန်ကန်စွာသိသော **အသမ္မောဟ သမ္ပဇဉ်** ဖြစ်ပြီဟု သန္နိဋ္ဌာန်ကျမှတ်အပ်၏။ ဤအသမ္မောဟ **သမ္ပဇဉ်**သည်လည်း သွားတိုင်း ရွေ့ရှားတိုင်း စေ့စေ့စပ်စပ် **မပြတ်ရှုမှတ်မှု** ဟူသော **ဂေါစရသမ္ပဇဉ်** ပြည့်စုံမှသာလျှင် ဖြစ်နိုင်ပေသည်၊ ဂေါစရသမ္ပဇဉ် **မပြည့်စုံပါက မဖြစ်နိုင်ပေ။** သို့ဖြစ်၍ "ယောဂီသည် အသမ္မောဟ သမ္ပဇဉ်ဉာဏ် ဖြစ်ပေါ်**စေရန်** အလို့ငှါ သွားတိုင်း ရွေ့ရှားတိုင်း **စေ့စေ့စပ်စပ် ရှုမှတ်မှု** ဟူသော ဂေါစရသမ္ပဇဉ်ကိုပင် မပြတ်ဖြစ်ပွါးစေရမည်" **ဟု** သိစေတော်မူလို၍ ....**ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-ဟူသော** ဤဒေသနာစကားကို ဟောကြားတော်မူသည်ဟု **ယုံမှားမရှိ** မှတ်အပ်၏။

**အထူးသတိပေးချက်....**ဤအရာတွင် "အဋ္ဌကထာက ပါဠိတော်ကို ပြင်ဆင်ဖြည့်စွက်သည်"ဟု ယူဆကာ ပါဠိတော်နည်းကို ပစ်ပယ်မိလျှင် **အဋ္ဌကထာဆရာ**၏ အလို မကျသည့်ပြင် **ဘုရားစကားတော်ကိုလဲ** ပစ်ပယ် မိသောကြောင့် **ရောမ အပြစ်ကြီး** ဖြစ်သွားမည်ကို လေးနက်စွာ သတိပြုပါလေ။ **အမှန်အား**ဖြင့်ဆိုလျှင် ပါဠိတော်က **ဂေါစရသမ္ပဇဉ်** အရ

* ဝါ ပန၊ သိပုံတနည်းကား။ အဿ၊ ထိုယောဂီရဟန်း၏။ ကာယော၊ ရုပ်အပေါင်းကိုယ်သည်။ ယထာ ယထာ

---

မှတ်ချက် အဓိပ္ပါယ်

ရှုမှတ်ပုံ နည်းလမ်းကို မသွယ်မဝိုက်ဘဲ တိုက်ရိုက်ပင် ဖော်ပြထားပေသည်။ အဋ္ဌကထာက ထိုနည်းအတိုင်း ရှုမှတ်နေသူမှာပင် သမာဓိဉာဏ် ရင့်သန်သောအခါ၌ အသမ္မောဟသမ္ပဇဉ် ဖြစ်ပေါ်လာပုံကို ဖော်ပြ၍ ထိုပါဠိတော်နည်းကိုပင် ထောက်ခံထားပေသည်။ မြတ်စွာဘုရား၏ တရားတော်သည် သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံ ပါပေ၏။ တကယ်တမ်း အားထုတ်ကြည့်လျှင် ကိုယ်တိုင်ပင် တွေ့နိုင်ပါပေ၏။ ကိုယ်တိုင်တွေ့နိုင်သော ဤလို သန္ဒိဋ္ဌိက တရားတော်ကို သုတမယ, စိန္တာမယစာတွေ့မျှဖြင့်ဝေဘန်စဉ်းစား ယုံမှား တွေဝေလျက် ကန့်ကွက်ငြင်းပယ်နေခြင်းဖြင့် ဘာအကျိုးမျှမဖြစ်နိုင်ချေ။တကယ်တမ်း အားထုတ်ကြည့်မှသာလျှင် ပါဠိ အဋ္ဌကထာတို့၌ ဖော်ပြထားသည့်အတိုင်း တရားအရသာထူးများကို ကိုယ်တိုင် တွေ့ရ၍ စင်စစ်အားဖြင့် အကျိုးများနိုင်ပေသည်။ သို့ဖြစ်၍ ကျကျနန ညွှန်ပြနိုင်သော ဆရာ့ထံမှာ ရိုသေစွာနည်းခံ၍ "ပါဠိ–အဋ္ဌကထာအဆို အလုံးစုံပင် မှန်လှပါပေသည်"ဟု ကိုယ်တွေ့ဖြင့် ရဲရဲကြီးထောက်ခံနိုင်အောင် အပြည့်အစုံ အားထုတ်ရန်သာ အထူးသတိပြုပါလေ။

* ဤအပိုဒ်ကို "သဗ္ဗသင်္ဂါဟိက-အလုံးစုံကို သိမ်းကျုံး၍ ဆိုသောစကား"ဟု အဋ္ဌကထာ၌ မိန့်ဆို၏။ ထို့ကြောင့် ရုပ်အပေါင်းကိုယ်သည် မည်သည့်အမူအရာဖြင့် တည်နေသည်ဖြစ်စေ ထိုတည်နေသော အမူအရာဖြင့်ပင် ၎င်းရုပ်အပေါင်း

အကြင် အကြင် အမူအရာဖြင့်။ ပဏိဟိတော ဟောတိ၊ တည်နေ၏။ နံ ကာယံ၊ ထို ရုပ်အပေါင်းကိုယ်ကို။ တထာ တထာ၊ တည်နေတိုင်းသော ထိုထို အမူအရာဖြင့်။ ဝါ၊ ထိုထို အမူအရာဖြင့် တည်နေသည့်အတိုင်း။ ပဇာနာတိ၊ သိ၏။

မှတ်ချက် အဓိပ္ပါယ်

ကိုယ်ကို မှတ်သိရမည်၊ သရုပ်အားဖြင့် ဖော်ပြရလျှင် "သွားသော အမူအရာဖြင့် တည်နေလျှင် ထိုရုပ်ကိုယ်ကို သွားသည်, သွားသည်ဟူ၍ပင် မှတ်သိရမည်၊ ရပ်-ထိုင်-လျောင်းသော အမူအရာတို့ဖြင့် တည်နေလျှင် ထိုရုပ်ကိုယ်ကို "ရပ်သည်-ထိုင်သည်-လျောင်းသည်ဟူ၍ပင် မှတ်သိရမည်"ဟု ဆိုလိုပေ၏။ ထို့ပြင်....သွားနေစဉ်-ရပ်နေစဉ်-ထိုင်နေစဉ်-လျောင်းနေစဉ်မှာ ယိမ်းယိုင်ခြင်း, လှည့်ခြင်း, ကုန်းခြင်း, ကော့ခြင်း, အမျိုးမျိုး အထွေထွေ လှုပ်ရှားခြင်း, လျှာ နှုတ်ခမ်း ပြုပြင်ခြင်း, ဝမ်းဗိုက်၏ဖောင်းခြင်း, ပိန်ခြင်း စသော အသေးစိတ် အမူအရာ အမျိုးမျိုးဖြင့် တည်နေလျှင်လဲ "ယိမ်းသည်, လှည့်သည်, ကုန်းသည်, ကော့သည်, လှုပ်သည်, ပြုပြင်သည်, ဖောင်းသည်, ပိန်သည်ဟု ထိုထိုအမူအရာများဖြင့်ပင် မှတ်သိအပ်ပေသည်၊ မှန်လှပေ၏။ ထင်ရှားနေပါလျက် ဤအသေးစိတ် ကိုယ်အမူအရာ ကလေးများကိုလဲ မရှုမိ၍ အနိစ္စ, ဒုက္ခ, အနတ္တ ဟု မသိလျှင် ၎င်းတို့ကိုလဲ နိစ္စ သုခ အတ္တဟု ထင်မှတ် စွဲလမ်းကာ ကိလေသာ ဖြစ်နိုင်သည် သာတည်း။ ဝိပဿနာဟူသည်မှာ ကိလေသာဖြစ်နိုင်ရာဟူသမျှကို ရှုမှတ်လျက် အနုသယဘူမိကို ဖျက်ဆီး၍ ပညာဘူမိ ဖြစ်အောင် ပြောင်းလဲ ထူထောင်သော တရားပေတည်း။ သို့ဖြစ်၍

ဣတိ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ရုပ်အပေါင်း ကိုယ်၌မူလည်း။ ကာယာနုပဿီ

---

မှတ်ချက် အဓိပ္ပါယ်

ဣရိယာပထ အမူအရာကြီး ၄-ပါးနှင့်တကွ ဤ အသေးစိတ် အမူအရာကလေးများကိုပါ အကြွင်းမဲ့ သိမ်းကျုံး၍ ရှုမှတ်ရန် ညွှန်ပြသော **သမ္ပဇဉ်ပါဠိကစကား** ဟု မှတ်သားအပ်၏။ (ထပ်မံရှင်းချက်ကို နောက်ဆက်တွဲ၌ ကြည့်ပါ)။

တနည်းကား ယေ ဝါ ပန ယံ ဝါ ပန-စသည်ဖြင့်ဆိုသော အခြားပါဠိတော် များစွာတို့၌ကား... ဝါ ပန-နှင့်တကွ ဆိုသော ဤလို အပိုဒ်မျိုးဖြင့် ပြဆိုအပ်ပြီးမှ ကြွင်းကျန် နေသော အနက်များကိုသာ ယူရပေသည်။ ပြဆိုအပ်ပြီးကိုပင် တဖန် ထပ်၍ ယူရသော အရာကား မရှိသလောက်ပင် နည်းပါးလှ၏။ ထို့ကြောင့် ဝါ ပန-နှင့်တကွဆိုသော ဤအပိုဒ် ၌ ပြဆိုပြီးဖြစ်သော ဣရိယာပုထ်ကြီး လေးပါးမှ ကြွင်းကျန် နေသော အသေးစိတ် အမူအရာ ကလေးများကိုသာ ယူသင့် ပေ၏။ ဤသို့ယူလျှင် အခြား ပါဠိတော်များစွာတို့၌ ယူပုံယူနည်းနှင့် တထပ်တည်း ညီညွတ်၍ အထူးပင်သန့်ရှင်း ပေ၏။ အထူးမှတ်ရန်မှာ........အသေးစိတ် အမူအရာတို့တွင် ဖောင်းမှုပိန်မှုသည် အဿာသ, ပဿာသနှင့်စပ်၍ ဖြစ်သော ကြောင့် ဝါယောဓာတ် ၆-ပါးတို့တွင် **အဿာသ-ပဿာသ ဝါယောဓာတ်**၌ အတွင်းဝင်သည်ဟု မှတ်အပ်၏။ အဘယ် ကဲ့သို့နည်းဟူမူ....အဿာသ, ပဿာသသည် ဝမ်းဗိုက်စသော ကိုယ်နှင့်စပ်ဆိုင်သော ကာယပဋိဗဒ္ဓဖြစ်၍ ကာယသင်္ခါရ မည်သကဲ့သို့ပင်တည်း။

ဝိဟာရတိ၊ ရုပ်အပေါင်းမျှဟု ရှုမြင်လျက်နေ၏။ *ဗဟိဒ္ဓါ ဝါ ကာယေ၊ အပြင်ပဖြစ်သော သူတပါး၏ရုပ်အပေါင်း ကိုယ်၌မူလည်း။ ကာယာနုပဿီ ဝိဟာရတိ၊ ရုပ်အပေါင်းမျှဟု ရှုမြင်လျက်နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ၊ ရံခါ မိမိ၏ ရုပ်အပေါင်းကိုယ်၌၊ရံခါ သူတပါး၏ ရုပ်အပေါင်းကိုယ်၌မူလည်း။ ကာယာနုပဿီ ဝိဟာရတိ၊ ရုပ်အပေါင်းမျှဟု ရှုမြင်လျက်နေ၏။

---

မှတ်ချက် အခိပ္ပါယ်

*ဤအပိုဒ်ဖြင့် သူတပါးသွားနေဟန်စသည်ကို စဉ်းစား၍ ၎င်း, ကြည့်၍၎င်း ရှုမှတ်ရန် ညွှန်ပြသည်ဟု မမှတ်အပ်ပေ။ **အမှန်အားဖြင့်သော်ကား** မိမိ၏သွားမှုစသည်ကို မှတ်နေစဉ်တွင် သွားလိုသောစိတ်စသည်ကြောင့် တောင့်တင်းလှုပ်ရှားမှု ရုပ်အပေါင်းမျှသာ အဆင့်ဆင့် မပြတ်ဖြစ်ပျက်နေသည်ကို တွေ့ရ၍ "သွားတတ်သော ငါကောင်ဟူ၍ကား မရှိပြီ၊ သွားလိုသောစိတ် စသည်ကြောင့် သွားမှုစသော ရုပ်အပေါင်းမျှ အဆင့်ဆင့်ဖြစ်နေသည်ကိုပင် ငါသွားသည်စသည်ဖြင့်ခေါ်ရပေသည်"ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် သဘောကျသော ကာလ၌ "သူတပါး သွားသည်,ရပ်သည်,စသည်ဖြင့် ပြောဆိုမှုများမှာလဲ နည်းတူပင်"ဟူ၍ သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်မိ၏။ **ဤသို့သော ဆင်ခြင်ဆုံးဖြတ်မှုကို** ညွှန်ပြသည် ဟူ၍သာလျှင် မှတ်အပ်၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ စသော အပိုဒ်ဖြင့်လည်း....မိမိ၏သွားမှု စသည်ကို ရှုမှတ်လျက် သဘောကျချည်တလှည့်၊ သူတပါးကိုယ်၌ ဆင်ခြင်ဆုံးဖြတ်ချည်တလှည့်အားဖြင့် **ပစ္စက္ခဉာဏ်နှင့် အနုမာနဉာဏ်တလှည့်စီ** ဖြစ်နေပုံကို ညွှန်ပြသည်ဟု မှတ်အပ်၏။

ကာယသ္မိံ၊ ရုပ်အပေါင်းကိုယ်၌။ *သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းတရားနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ရုပ်အပေါင်းကိုယ်၌။ *ဝယဓမ္မာနုပဿီ ဝါ၊ ပျက်ကြောင်းတရားနှင့်ပျက်မှုသဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ရုပ်

---

မှတ်ချက်အဓိပ္ပါယ်

*ရုပ်၏ဖြစ်ကြောင်း ၄-ပါး ဖြစ်မှု ၁-ပါးအားဖြင့် ဤ **သမုဒယဓမ္မ ၅-ပါးကို** ရှုမြင်လျှင် **သမုဒယဓမ္မာနုပဿီ** မည်၏။ ရုပ်၏ပျောက်ကွယ်ကြောင်း ၄-ပါး ပျောက်ကွယ်မှု ၁-ပါး အားဖြင့် ဤ **ဝယဓမ္မ ၅-ပါးကို** ရှုမြင်လျှင် **ဝယဓမ္မာနုပဿီ** မည်၏။ ထိုတွင် **ဖြစ်ကြောင်း ၄-ပါးဟူသည်မှာ....**အဝိဇ္ဇာရှိနေခြင်း ၁-ပါး၊ တဏှာရှိနေခြင်း ၁-ပါး၊ကံရှိနေခြင်း ၁-ပါး၊ စားအပ်သော အာဟာရရှိနေခြင်း ၁-ပါး၊ ဤ ၄-ပါးပင်တည်း၊ **ဖြစ်မှု၁-ပါးဟူသည်မှာ...** ရုပ်၏ အသစ်အသစ် ဖြစ်ပေါ်လာမှု-**နိဗ္ဗတ္တိလက္ခဏာ** ပင်တည်း၊ **ပျောက်ကွယ်ကြောင်း ၄-ပါး ဟူသည်မှာ....**အဝိဇ္ဇာကင်းခြင်း ၁-ပါး၊ တဏှာကင်းခြင်း ၁-ပါး၊ ကံကင်းခြင်း ၁-ပါး အာဟာရမရှိခြင်း ၁-ပါး၊ ဤ ၄-ပါးပင်တည်း။ **ပျောက်ကွယ်မှု ၁-ပါးဟူသည်မှာ....**ဖြစ်ပြီးသောရုပ်၏ ပျောက်ကွယ် ကုန်ဆုံးသွားမှု-ဝိပရိဏာမလက္ခဏာ ပင်တည်း။ ရှုမြင်ပုံ-ကား-သွားမှု စသော ဣရိယာပုထ် ရုပ် အမူအရာတို့ကို စေ့စေ့စပ်စပ် မပြတ်မှတ်နေသော ယောဂီအား **ပစ္စယပရိဂ္ဂဟဉာဏ်** အခိုက်မှ စ၍ အသစ်အသစ် ဖြစ်ပေါ်လာမှု-**နိဗ္ဗတ္တိလက္ခဏာ**ထင်ပေါ်၏။ ထိုကာလမှစ၍ ရုပ်၏ဖြစ်ပေါ်မှုကိုရှုမြင်ပေ၏။ ဖြစ်ပေါ်မှုကို တွေ့မြင်ရသောကြောင့် ဘဝသစ်စ၍ဖြစ်

အပေါင်းကိုယ်၌။ သမုဒယဝယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်မှု, ပျက်မှုသဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။

---

မှတ်ချက် အခိပ္ပါယ်

ခဲ့ပုံကိုလဲ သဘောကျနိုင်ပေ၏။ ထို့ကြောင့် အသစ်အသစ်ဖြစ်ပေါ်နေသော ရုပ်အမူအရာတို့ကို ရှုမှတ်နေစဉ်မှာပင် အကြား အကြား ကာလတို့၌ "အမှန်အတိုင်း မသိမှု, သိမှားမှု-**အဝိဇ္ဇာ** ရှိနေသောကြောင့် ဤရုပ် ဖြစ်ရသည်ဟူ၍ငင်း၊အကောင်းထင်ကာ သာယာနှစ်သက်မှု ပျော်မွေ့မှု-**တဏှာ** ရှိနေသောကြောင့် ဤရုပ်ဖြစ်ရသည် ဟူ၍ငင်း၊ အကျိုးပေးနိုင်သော **ပြုမှုကံ** ရှိနေသောကြောင့် ဤရုပ်ဖြစ်ရသည် ဟူ၍ငင်း၊ **စားအပ်သော အာဟာရ** ရှိသောကြောင့် ဤရုပ်ဖြစ်မြဲတိုင်း ဖြစ်နေသည် ဟူ၍ငင်း၊ သွားလိုမှုစသော **စိတ်ကြောင့်** ဤရုပ်ဖြစ်ပေါ်လာသည်ဟူ၍ငင်း၊ **အအေးအပူဓာတ်ကြောင့်** အေးရုပ် ပူရုပ် ဖြစ်ပေါ်လာသည်ဟူ၍ငင်း၊ **အဝိဇ္ဇာတဏှာ** စသည်မရှိလျှင် ဤရုပ်မျိုး မဖြစ်ပေါ်နိုင်ဟူ၍ငင်း" ရုပ်၏ဖြစ်ကြောင်းတရား, ပျောက်ကွယ်ကြောင်း တရားတို့ကိုလဲပါရမီဉာဏ် အားလျော်စွာ ဆင်ခြင်လျက် ရှုမြင်နိုင်ပေ၏။ ဖြစ်ပေါ်ပြီးသော ရုပ်၏ ပျောက်ကွယ် ကုန်ဆုံးသွားမှုဟူသော **ဝိပရိဏာမလက္ခဏာ** သည်ကား **သမ္မသနဉာဏ်** အခိုက်မှစ၍ ယောဂီအား ထင်ပေါ်၏၊ ထိုကာလမှစ၍ ရုပ်၏ ပျက်မှု, ပျောက်ကွယ်မှုကို ရှုမြင်နိုင်ပေ၏။ **အထူးအားဖြင့် မူကား** ရုပ်၏ဖြစ်မှု, ပျက်မှုကို ရှုမြင်ခြင်းသည် **ဥဒယဗ္ဗယဉာဏ်ရင့်သော ကာလမှစ၍** အထူး

* ဝါ ပန၊ သတိထင်ပုံတနည်းကား။ အတ္ထိ ကာယောတိ၊ သွားမှုစသော ရုပ်အပေါင်းမျှသာရှိသည်ဟု။ အဿ သတိ၊ ထိုရဟန်း၏ အမှတ်ရမှု-သတိသည်။ ပစ္စုပဋ္ဌိတာ ဟောတိ၊

မှတ်ချက် အခိပ္ပါယ်

သန့်ရှင်းစွာဖြစ်၏။ ထိုတွင်လဲး ရုပ်၏အပျက်ကို ရှုမြင်ခြင်းသည် ဘင်္ဂဉာဏ်မှစ၍ အထူးသဖြင့် သာ၍သန့်ရှင်းပေ၏။

* ဤအပိုဒ်ဖြင့် သမာဓိဉာဏ် အထူး ရင့်သန်သော ကာလ၌ သတိဖြစ်ပုံကို ပြသည်။ သမာဓိဉာဏ် မရင့်သေးသော ယောဂီမှာ သွားမှုစသည်ကို မပြတ် ရှုမှတ်နေသော်လဲး မရှုမှတ်မိကလိုပင် အထင်အစွဲများလဲး ရှိနေသေး၏၊ သွားမှုစသည်ကို ပြီးစေတတ်သော သတ္တဝါကောင် အတ္တကောင် ရှိနေသကဲ့သို့လဲး ထင်မြင်နေတတ်သေး၏။ ခြေလက်စသော ကိုယ်အင်္ဂါ ပုံသဏ္ဌာန် နိမိတ်များလဲး ထင်ရှားပေါ်လျက်ပင် ရှိသေး၏။ ထိုကိုယ်အင်္ဂါများကို မိမိ၏ အစိတ်အပိုင်း အနေအားဖြင့်ရင်း၊ မိမိနှင့် စပ်ဆိုင်သော သာယာဘွယ် အနေအားဖြင့်ရင်း ထင်မြင်မှုလဲး ရှိသေး၏။ ဤသို့သော ထင်မြင်မှု အလုံးစုံသည် ဘင်္ဂဉာဏ် ထက်သန်စွာဖြစ်သော ကာလမှစ၍ လုံးဝကင်းလေတော့၏။ ထိုအခါ၌ သွားမှုစသည်ကို ရှုမှတ်နေသော ယောဂီအား မှတ်သိရသော ထိုရုပ်အမှုအရာ အပေါင်းသည် တရိပ်ရိပ်နှင့် လျင်မြန်စွာ ကုန်ပျောက်လျက် ကုန်ပျောက်လျက် ထင်ရှားပေ၏၊ လက် ခြေ စသော ပုံသဏ္ဌာန် နိမိတ်များလဲး မထင်တော့ပေ။ ထို့ကြောင့် ယောဂီသည် မှတ်တိုင်းမှတ်တိုင်း ပျောက်ပျောက် သွားသောရုပ် အမှုအရာ မျှကိုသာ တွေ့ရ၏၊ သွားမှုစသည်ကို ပြီးစေတတ်သော

ရှေးရှုထင်၏။ သာ သတိ၊ ထိုသို့ထင်သော အမှတ်ရမှု-သတိသည်။ ယာဝဒေဝ ဉာဏမတ္တာယ၊ အဆင့်ဆင့်အားဖြင့် အသိဉာဏ်တိုးပွါးရုံ အလို့ငှါသာတည်း။ ယာဝဒေဝ ပဋိဿတိ-

---

မှတ်ချက် အခိပ္ပါယ်

သတ္တဝါကောင် ပုဂ္ဂိုလ်ကောင် အနေအားဖြင့် စွဲလမ်းစရာကိုကား မတွေ့ရတော့ပေ၊ မိမိနှင့်ဆိုင်သော လက် ခြေစသည့် အနေအားဖြင့် စွဲလမ်းစရာကိုလဲ မတွေ့ရတော့ပေ။ ဤသို့သော အမှတ်သတိ ထက်သန်စွာဖြစ်ပုံကိုပင်ရည်၍ အဋ္ဌကထာ၌....

**အတ္ထိ ကာယောတိ ဝါ ပနဿတိ ကာယော၀ အတ္ထိ၊**
န သတ္တော၊ န ပုဂ္ဂလော၊ န ဣတ္ထိ၊ န ပုရိသော၊ န အတ္တာ၊ န အတ္တနိယံ၊ နာဟံ၊ န မမ၊ န ကောစိ၊ န ကဿစီတိ ဧဝမဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ-ဟု ဖွင့်ပြထားပေသည်။

အတ္ထိ ကာယောတိ ဝါ ပနဿတိ၊ ဟူသည်ကား။ ကာယော၀ အတ္ထိ၊ သွားမှုစသော ရုပ်အပေါင်း- ကိုယ်မျှသာ ရှိချေသည်။ န သတ္တော၊ သွားမှုစသည်ကို ပြုတတ်သော သတ္တဝါကောင်ကား မရှိချေ၊ န ပုဂ္ဂလော၊ သွားမှုစသည်ကို ပြုတတ်သော ပုဂ္ဂိုလ်ကောင်ကား မရှိချေ။ န ဣတ္ထိ၊ သွားမှုစသည်ကို ပြုတတ်သော မိန်းမကောင်ကား မရှိချေ။ န ပုရိသော၊ သွားမှုစသည်ကို ပြုတတ်သော ယောကျ်ားကောင်ကား မရှိချေ။ န အတ္တာ၊ သွားမှုစသည်ကို ပြုတတ်သော အတ္တကောင်ကား မရှိချေ။ န အတ္တနိယံ၊ အတ္တကောင်နှင့် စပ်ဆိုင်သော သာယာဘွယ် အစိတ်အပိုင်းကား မရှိချေ။

မတ္တာယ၊ အဆင့်ဆင့်အားဖြင့် တဖန် အမှတ်ရမှု တိုးပွါးရဲ့ အလို့ငှါသာတည်း။

သော ဘိက္ခု၊ အမှတ်ရလျက် သိမြင်နေသော ထိုရဟန်းသည်။ အနိဿိတော စ ဝိဟရတိ၊ တဏှာ, ဒိဋ္ဌိဖြင့် မမှီမတွယ်

---

မှတ်ချက် အခ်ိပွါယ်

န အဟံ၊ သွားမှုစသည်ကို ပြုတတ်သော ငါကား မရှိချေ။ န မမ၊ ငါနှင့် စပ်ဆိုင်သော သာယာဘွယ် အစိတ်အပိုင်းကား မရှိချေ။ န ကောစိ၊ သွားမှုစသည်ကို ပြုတတ်သော တစုံတယောက်မျှ မရှိချေ။ န ကဿစိ၊ တစုံတယောက်နှင့်မျှ စပ်ဆိုင်သော သာယာဘွယ် အစိတ်အပိုင်းကား မရှိချေ။ ဣတိ ဧဝံ၊ ဤသို့။ အဿ သတိ၊ ထိုရဟန်း၏ သတိသည်။ ပစ္စုပဋ္ဌိတာ ဟောတိ၊ ရှေးရှုထင်၏။

ဤအဖွင့်၌ နိဝတ္တေတဗ္ဗ (၁၀) ပုဒ်တို့တွင် န အတ္တနိယံ, န မမ, န ကဿစိ-ဟူသော ဤ ၃-ပုဒ်ဖြင့် အတ္တနှင့်ဆိုင်သော အစိတ် အပိုင်းမရှိသည်ကိုပြ၏။ န သတ္တောစသော အကြွင်း (၇) ပုဒ်ဖြင့် အတ္တကောင် မရှိသည်ကို ပြ၏။ ၁၀-ပုဒ်လုံးဖြင့် အတ္တသုည အဖြစ်ကိုပြ၏။ ဤထင်ပုံကို ဝိသုဒ္ဓိမဂ် သခ်ါ-ရုပေက္ခာဉာဏ်အရာတွင် ဒသာကာရ - သုညတာနုပဿနာ အရာ၌ ပြထားပေ၏။ ထို့ကြောင့် ဤသို့သော သတိထင်ပုံသည် သခ်ါရုပေက္ခာဉာဏ် အရာ၌ ပြည့်စုံစွာ ဖြစ်သည်ဟု မှတ်အပ်၏။

မှီတွယ်မှု, စွဲလမ်းမှု ကင်းပုံကား....ထင်ရှားပါလျက် မရှုမိသော တရား၌ နိစ္စ သုခ အတ္တ ထင်ကာ တဏှာ ဒိဋ္ဌိ ဖြစ်

မူ၍လည်း နေသည်မည်၏။ လောကေ၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော လောကထဲ၌။ ကိဉ္စိ၊ တစုံတခုသောရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကိုမျှ။ န စ ဥပါဒိယတိ၊

---

မှတ်ချက် အဓိပ္ပါယ်

နိုင်၏၊ ဤသို့ ဖြစ်နိုင်သည်ကိုပင် "**တဏှာဒိဋ္ဌိဖြင့် မှီတွယ်နေသည်**" ဟု ဆိုအပ်၏။ ထင်ရှားပေါ်ခိုက်မှာပင် ရှုမှတ်မိ၍ အနိစ္စ ဒုက္ခ အနတ္တဟု ရှင်းလင်းစွာ သိအပ်ပြီးသော တရား၌ကား တဏှာဒိဋ္ဌိ မဖြစ်နိုင်တော့ပြီ၊ ဤသို့မဖြစ်နိုင်သည်ကိုပင် "**တဏှာ ဒိဋ္ဌိဖြင့် မှီတွယ်မှုကင်းသည်**" ဟု ဆိုအပ်၏။ ဤအရာ၌ သွားမှုစသည်တို့ကို မပြတ်ရှုမှတ်လျက် တရိပ်ရိပ်နှင့် ဖြစ်ပျက်နေသော ရုပ်အပေါင်းကိုသာ တွေ့ရ၍ "မမြဲ, ဆင်းရဲ, အတ္တကောင်မဟုတ်" ဟု ရှင်းလင်းစွာ သိနေသော ယောဂီမှာ ထိုသိပြီးသော ရုပ်တရား၌ တဏှာဒိဋ္ဌိ မဖြစ်နိုင်တော့ပြီ၊ **တဒင်္ဂ-နိရောဓ** အလိုအားဖြင့် ချုပ်ငြိမ်းလျက်သာရှိပေ၏။ ထို့ကြောင့် အမှီအတွယ် ကင်းသည်ဟု ဆိုအပ်ပေသည်။ ထို့ပြင် ရှုမိသော အာရုံ၌ **တဒင်္ဂပဟာန်** အလိုအားဖြင့် အမှီ အတွယ် ကင်းလျှင် မရှုမိသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့၌လည်း စွဲလမ်းမှု မဖြစ်နိုင်တော့ပြီ၊ **ဝိက္ခမ္ဘန နိရောဓ** အလိုအားဖြင့် ချုပ်ငြိမ်းလျက်သာ ရှိပေ၏။ ထို့ကြောင့် စွဲလည်း မစွဲလမ်းဟူ၍လည်း ဆိုအပ်ပေသည်။

**သစ္စာ ၄-ပါးကို သိမြင်ပုံကား....** ဆိုအပ်ပြီးသော နည်းဖြင့် သွားမှုစသည်ကို မှတ်လျက် အမှီ, အစွဲကင်းအောင် သိနေသော ယောဂီမှာ မှတ်ချက်တိုင်း၌ သွားလိုမှု စသော စိတ်၏ရင်း၊ သွားမှုစသော ရုပ်၏ရင်း၊ မှတ်သိမှု-သတိဉာဏ်၏

ငါကောင်, ငါ့ဥစ္စာဟု ဒိဋ္ဌိတဏှာတို့ဖြင့် စွဲလည်း မစွဲလမ်းတော့ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ဧဝမ္ပိ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်လည်း။ ကာယေ၊ ရုပ်အပေါင်းကိုယ်၌။ ကာယာနုပဿီ၊ ရုပ်အပေါင်းမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေပေ၏။

ဣရိယာပထပဗ္ဗံ၊ ဣရိယာပုထ်ကို ရှုပုံအပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

မှတ်ချက် အမိပ္ပါယ်

ရင်း ဖြစ်မှု ပျက်မှု, အနိစ္စ လက္ခဏာ စသည်ကို သိသဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းဟူသော ပရိညာကိစ္စလည်း ပြီးပေ၏။ သိရသော ထိုဒုက္ခတရား၌ ထောင့်တ သာယာမှု-သမုဒယသစ္စာကို တဒင်္ဂပဟာန်ဖြင့် ပယ်ခြင်း ဟူသော ပဟာနကိစ္စလည်း ပြီးပေ၏။ အဖြစ်အပျက် အနိစ္စ လက္ခဏာ စသည်ကို မသိမှု, သိမှားမှု-အဝိဇ္ဇာမှ စ၍ ဖြစ်ထိုက်သော ကိလေသာ, ကံ, ဝိပါက်ခန္ဓာ ဟူသော ဝဋ်ဆင်းရဲ၏ ငြိမ်းခြင်းကို ပြီးစေသဖြင့် တဒင်္ဂနိရောဓ ခေါ် တဒင်္ဂနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော သစ္ဆိကိရိယာကိစ္စလည်း ပြီးပေ၏။ (ငြိမ်းမှု ပြီးရုံမျှကိုသာ ဆိုလိုသည်၊ ထိုငြိမ်းမှုကို သိမြင်သည်ဟူ၍ကား မဆိုလိုပေ)။ အမှန်အတိုင်းသိမှု-သမ္မာဒိဋ္ဌိအစရှိသော ပုဗ္ဗဘာဂမဂ်ကို ဖြစ်ပွါးစေသဖြင့် လောကီမဂ္ဂသစ္စာကို ပွါးစေခြင်းဟူသော ဘာဝနာကိစ္စလည်း ပြီးပေ၏။

ကိစ္စ ၄-ချက်ကို ပြီးစေသော ဤနည်းဖြင့် ယောဂီသည် မှတ်ချက်တိုင်း၌ သစ္စာ ၄-ပါးကို တပြိုင်နက်သိလျက် ဝိပဿနာ

မှတ်ချက် အခိပ္ပါယ်

ဉာဏ်ကို အဆင့်ဆင့်တိုးတက်စေ၍ **အရိယာမဂ်ဖြင့် နိဗ္ဗာန်သို့ ဆိုက်ရောက်၏**။ ထိုအခါ နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သဖြင့် ရှုမှတ်မှု-သတိနှင့်တကွ ဖြစ်ပျက်သမျှ သင်္ခါရတရားအပေါင်းကို ဆင်းရဲဟု မတွေ့မဝေ သိနိုင်ပေ၏။ ထို့ကြောင့် ဒုက္ခသစ္စာကို **ပိုင်းခြား၍သိခြင်း** ကိစ္စလဲး ပြီးပေ၏၊ ပရိညာပဋိဝေဓပေတည်း။ ဆင်းရဲဟု သိနိုင်သောကြောင့် ထိုသင်္ခါရတရားအပေါင်း၌ ခင်မင်တွယ်တာ သာယာနှစ်သက်မှုကိုလဲး အမြစ်ပြတ်ငြိမ်းစေ၏။ ထို့ကြောင့် သမုဒယသစ္စာကို **ပယ်ခြင်း ကိစ္စလဲး** ပြီးပေ၏၊ ပဟာန ပဋိဝေဓပေတည်း။ နိဗ္ဗာန်ကို သိမြင်လျက် အရိယာမဂ် ဖြစ်ပေါ်သောကြောင့် မဂ္ဂသစ္စာကို **ပွါးစေခြင်းကိစ္စလဲး** ပြီးပေ၏၊ ဘာဝနာပဋိဝေဓပေတည်း။ နိရောဓသစ္စာကို **မျက်မှောက်ပြုခြင်းကိစ္စ**ပြီးပုံကား ထင်ရှား လှလေပြီ။ ဤသို့ **အရိယာမဂ်ဉာဏ်**၌ နိဗ္ဗာန်ကို မျက်မှောက် သိမြင်လျက် ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာတို့၌ ပရိညာပဋိဝေဓ, ပဟာနပဋိဝေဓ, ဘာဝနာပဋိဝေဓကိစ္စ ပြီးသွားသည်ကိုပင် **"အရိယာမဂ်ဉာဏ်ဖြင့် သစ္စာ ၄-ပါးကို တပြိုင်နက်မြင်သည်"**ဟု ကျမ်းဂန်တို့၌ ဆိုလေသည်။ ဤ ဆိုခဲ့သည့်အတိုင်း သစ္စာ ၄-ချက်ကို တပြိုင်နက်သိမြင်လျက် လေးပါးသော အရိယာမဂ်ကိစ္စကို ပြီးစေနိုင်သောကြောင့် ဣရိယာပထပိုင်း ဒေသနာတော်အရ ရှုမှတ်သော ဤဘာဝနာ နည်းကို ဝဋ်ဆင်းရဲမှ **ထွက်မြောက်ကြောင်း နည်းကောင်း လမ်းမှန် ၁-ခု**ဟူ၍ **အဋ္ဌကထာ**၌ မိန့်ဆိုထားပေသည်။

## ၁-ကာယာနုပဿနာ ၃-သမ္ပဇညပဗ္ဗ

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာ-နကာရီ ဟောတိ။ သင်္ဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာန-ကာရီ ဟောတိ။ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။ ဥစ္စာရ ပဿာဝ ကမ္မေ သမ္ပဇာ-နကာရီ ဟောတိ၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။*ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

သမ္ပဇညပဗ္ဗံ နိဋ္ဌိတံ။

---

* ပေ-ပေယျာလ။ ဤနေရာ၌ မထုတ်ဖော်ဘဲ မြှုပ်ထား သော်လဲး ရှေး၌ အပြည့်အစုံ ပြထားသော အာနာပါန, ဣရိယာပထပဗ္ဗ ပါဠိအတိုင်း ထုတ်ဖော်နိုင်ပါသည်၊ ၎င်း အတိုင်းပင် ထုတ်ဖော်ပါလေဟု ညွှန်ပြသည်။

## ၁-ကာယာနုပဿနာ ၃-သမ္ပဇညပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ အဘိက္ကန္တေ၊ ရှေ့သို့သွားလတ်သော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်လတ်သော်။ *သမ္ပဇာနကာရီ၊ အသိဉာဏ်ဖြင့်ပြုသည်။ ဝါ၊ အသိဉာဏ်ကို ပြုသည်။ ဝါ၊ သိလျက် ပြုသည်။ ဟောတိ၊ ဖြစ်၏။

---

မှတ်ချက် အမိပ္ပါယ်

* အဋ္ဌကထာ၌ **သမ္ပဇာနပုဒ်ကို** **သမ္ပဇည**-ပုဒ်ကဲ့သို့ပင် **ဉာဏ်ဟော**ဟု ယူ၍....သမ္ပဇညေန သဗ္ဗကိစ္စကာရီ၊ သမ္ပဇည-မေဝ ဝါ ကာရီ-ဟု ဖွင့်ပြထား၏။ ထိုအဖွင့်နှင့် အညီ.... **အသိဉာဏ်ဖြင့် ပြုသည်** ဟူ၍ငင်း၊ **အသိဉာဏ်ကို ပြုသည်** ဟူ၍ငင်း- **အနက် ၂-နည်း** ပြန်ဆိုထားသည်။ ထိုတွင် ပဌမအနက်အလိုအားဖြင့် ရှေ့သို့သွားမှုစသော ကိစ္စဟူသမျှကို ပြုလိုလျှင် အသိဉာဏ်ဖြင့်သာ ပြုရမည်၊ အသိဉာဏ်နှင့်ကင်း၍ မပြုရဟု ဆိုလို၏။ ဒုတိယ**အနက်** အလိုအားဖြင့် ရှေ့သို့သွားမှုစသည်ကို ပြုလျှင် အသိဉာဏ်ကို ဖြစ်စေရမည်ဟု ဆိုလို၏။ ထို့ပြင် **သိလျက်ပြုသည်**-ဟု ပြန်ဆိုအပ်သော **တတိယအနက်သည်** **ကား**....သမ္ပဇာနော ဟုတွာ **ကာရီ** သမ္ပဇာနကာရီ-ဟု သဒ္ဒါနည်းအရ ဝစနတ္ထ ဖြစ်သင့်သည့်ပြင် အနက်သွားလဲဖြောင့်မတ်လှသောကြောင့် ပြန်ဆိုအပ်သော **အလျော်ဆုံး** **အနက်**-ပေတည်း။ ဤအနက်အလိုအားဖြင့် ရှေ့သို့သွားမှုစသည်ကိုပြုလျှင် **သိလျက်သာ ပြုရမည်။ မသိဘဲနှင့် မပြုရ**-ဟု ပေါ်လွင် ထင်ရှားလှပေ၏။ သိလျက်ပြုသည်-ဟု ပြန်ဆိုသော

မှတ်ချက် အဓိပ္ပါယ်

ဤတတိယအနက်သည် **သမ္ပဇာန** ကတံ-သိလျက် ပြုအပ်သည် ဟူသောပုဒ်နက်, **သမ္ပဇာနမုသာဝါဒေါ-** သိလျက် ချွတ်ယွင်းသော **စကားကို** ဆိုခြင်းဟူသော ပုဒ်နက်တို့နှင့်လဲး ညီညွတ်လျက် ရှိပေ၏။ ထို့ကြောင့် နောက်နောက်အပိုဒ်တို့၌ ဤတတိယ **အနက်ကိုသာ** ပြန်ဆိုပါအံ့။

**သမ္ပဇညပုဒ်၏အနက်**...သမ္မာ, သမန္တတော,သာမဥ္စ ပဇာနန္တော သမ္ပဇာနော အသမ္မိဿတော ဝဝတ္ထာနေ အညဓမ္မာနုပဿိတာဘာဝေန သမ္မာ-အဝိပရီတံ, သဗ္ဗာကာရပဇာနနေန သမန္တတော, ဥပရူပရိ ဝိသေသာဝဟဘာဝေန ပဝတ္တိယာ သယံ, ပဇာနန္တောတိ အတ္ထော။ ။(ဥဒ္ဒေသ၌ သမ္ပဇာနော-ပုဒ်၏ အဖွင့်ဋီကာ)။

သမန္တတော ပကာရေဟိ,ပကဋ္ဌံ ဝါ သဝိသေသံ ဇာနာတီတိ သမ္ပဇာနော၊ သမ္ပဇာနဿ ဘာဝေါ သမ္ပဇညံ၊ တထာ-ပဝတ္တဉာဏံ။ ။သမ္မာ ပဇာနနံ သမ္ပဇာနနံ။ (နိဒ္ဒေသ-သမ္ပဇညပိုင်း၌ အဖွင့်ဋီကာ)။

ဤဋီကာ အဖွင့်တို့နှင့်အညီ....သံ-မှန်စွာ, ထက်ဝန်းကျင် ပြည့်စုံစွာ, ကိုယ်တိုင် + ပ-အပြားတို့ဖြင့်-အပြားအားဖြင့် ထူးခြားစွာ + ဇာန-ဇည သိသည်-သိမှု= သမ္ပဇာန-သမ္ပဇည- (၁) မှန်စွာ အပြားဖြင့် သိမှု၊ (၂) မှန်စွာ အထူးသိမှု၊ (၃) ပြည့်စုံစွာ အပြားအားဖြင့် သိမှု၊ (၄) ပြည့်စုံစွာ အထူး သိမှု၊ (၅) ကိုယ်တိုင် အပြားအားဖြင့် သိမှု၊ (၆) ကိုယ်တိုင် အထူးသိမှု ဤသို့အနက် ၆-မျိုးပြန်နိုင်၏။ သို့သော်လဲး

မှတ်ချက် အခိပ္ပါယ်

မှန်စွာသိခြင်း-ဟူသော **စကားသည်** **ရည်ရွယ်ချက်အားဖြင့်** သိသင့်သမျှကို အပြည့်အစုံသိခြင်းနှင့် ကိုယ်တိုင်သိခြင်းတို့ကို လဲးဖော်ပြနိုင်ပေ၏။**အပြားအားဖြင့် သိခြင်း** ဟူသည်မှာ**လည်း** သဘာဝလက္ခဏာ, သင်္ခတလက္ခဏာ, သာမညလက္ခဏာ ဟူသော အပြားတို့ဖြင့် သိခြင်းပင်ဖြစ်၍ ပကတိအသိမှ ထူးခြားသော သိခြင်းပေတည်း။ ထို့ကြောင့် **ဥဒ္ဒေသဝါရ၌** သမ္ပဇာ-**နော** ပုဒ်ကို မှန်စွာအပြားအားဖြင့် သိသည်-ဟု အနက်တမျိုးတည်းသာ ပြန်ဆိုခဲ့ပေ**သည်**။ ဤအရာ၌ကား **အနက်တိုစေရန်** "**အသိဉာဏ်**-ဟူ၍ရင်း, **သိလျက်**-ဟူ၍ရင်း, ဤမျှသာ ပြန်ဆိုအပ်သည်။ အသိဉာဏ်, သိလျက်ဟူသော ဤအနက်တို့ဖြင့်**လည်း** ပြခဲ့ပြီးသော အနက် ၆-မျိုးကိုပင် ရည်ရွယ်ညွှန်ပြသည်ဟု မှတ်ယူပါလေ။ မှန်ပေ၏။ **အသိဉာဏ်** ဟူသောစကားသည် **အမှန်သိမှုကို** သာ ဖော်ပြ၏၊ **အမှားသိမှုကိုကား** မပြပေ။ သိသင့်သမျှကို **ပြည့်စုံစွာသိမှသာလျှင်** အမှန်သိဖြစ်ပေသည်၊ တစိတ်တပိုင်းသိရုံမျှဖြင့် အမှန်သိ မဖြစ်ပေ။ ကိုယ်တိုင်တွေ့၍ **မျက်မှောက်သိမှသာလျှင်** အသိဉာဏ်ဟု ဆိုရပေ**သည်**။ တဆင့်ကြား စသည်ဖြင့် သိမှုသည်ကား ဝိပဿနာအရာ၌ အသိဉာဏ်မျှပင် မမည်ချေ။ ထို့ပြင် သဘာဝ, သင်္ခတ, သာမည **လက္ခဏာတို့ဖြင့် သိမှသာလျှင်**ဝိပဿနာအရာ၌ အသိဉာဏ်မည်ပေသည်။ ဤသို့သော အသိသည် ပကတိအသိမှ ထူးခြားသော သိမှုလဲးဖြစ်သည်သာတည်း။ ထို့ကြောင့် "**အသိဉာဏ်**, သိလျက်" ဟူသော အနက် ၂-ခုမျှဖြင့် ကောင်းကောင်း လုံလောက်သည်ဟု မှတ်အပ်၏။

မှတ်ချက် အဓိပ္ပါယ်

**သမ္ပဇဉ် ၄-ပါး....သမ္ပဇဉ်ဟု ခေါ်သော အသိဉာဏ်သည် (၁)သာတ္ထကသမ္ပဇဉ်၊ (၂)သပ္ပါယသမ္ပဇဉ်၊ (၃)ဂေါစရသမ္ပဇဉ်၊ (၄) အသမ္မောဟသမ္ပဇဉ်ဟူ၍ ၄-ပါး အပြားရှိ၏။** ထိုတွင် သွားမှုစသောကိစ္စ တစုံတခုကို ပြုလိုလျှင် ရုတ်တရက် မပြုသေးဘဲ အကျိုးရှိမည်, မရှိမည်ကို ရှေးဦးစွာ စဉ်းစားဆင်ခြင်ရမည်၊ ဆင်ခြင်ပြီးလျှင် အကျိုးရှိလောက်ပါမှသာ ပြုအပ်ပေသည်၊ အကျိုးမရှိလျှင်ကား မပြုအပ်ပေ။ ဤသို့ ပြုရာ၌ အကျိုးရှိ, မရှိကို ရှေးဦးစွာ ဆင်ခြင်ခြင်းသည် သာတ္ထ-ကသမ္ပဇဉ် မည်၏။

အကျိုးရှိသည့် အမှုပင် ဖြစ်သော်လည်း ပြုရန် သင့်, မသင့်ကို ဆင်ခြင်ရဦးမည်၊ ဆင်ခြင်ပြီးလျှင် သင့်လျော်မှသာ ပြုအပ်ပေသည်၊ မသင့်လျှင်ကား မပြုအပ်ပေ။ အမြွက်အားဖြင့် ပြရလျှင် စေတီတော်ကို ဖူးမျှော်ရန် သွားခြင်းသည် အကျိုးရှိသော အမှုပင်တည်း၊ သို့သော် ပရိသတ်အများစုဝေးသော ဘုရားပွဲတော်ကာလ၌ သွားလျှင် ယောဂီအား မသင့်လျော်ပေ။ သူသေကောင်၌ အသုဘဟု ရှုခြင်းသည်လည်း အကျိုးရှိသော အမှုပင်တည်း၊ သို့သော် မိန်းမအလောင်းကောင်၌ ယောကျ်ားရှုရန် မသင့်လျော်ပေ။ တရားဟောခြင်းသည်လည်း အကျိုးရှိသော အမှုပင်တည်း၊ သို့သော် လောကီကိစ္စအတွက် စည်းဝေးရာဌာန စသည်၌ရှင်း၊ အလုပ်ကိစ္စများနေသော အခါ၌ရှင်း၊ ဝိသဘာဂပုဂ္ဂိုလ်အား ဆိတ်ကွယ်ရာ အရပ်၌ရှင်း ဟောပြောနေရန် မသင့်လျော်ပေ။ ဤသို့ စသည်ဖြင့် အကျိုးရှိသည့်အမှုပင် ဖြစ်သော်လည်း မသင့်လျော်

**သော အရာများစွာပင်** ရှိ၏။ ဤအရာ၌ သင့်, မသင့်ကို ဆင်ခြင်မှုသည် **သပ္ပါယသမ္ပဇဉ်** မည်၏။

ဤ သာတ္ထကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ် ၂-ပါးသည် လောကီ လောကုတ္တရာ ၂-ဖြာလုံး၌ပင် **ကျေးဇူးများပေ၏။** ဤသမ္ပဇဉ် ၂-ပါးနှင့် ပြည့်စုံလျှင် လောက၌လဲ ကြီးပွါး ချမ်းသာတတ်၏။ သမထ, ဝိပဿနာ ဘာဝနာ အရာ၌လဲ သမာဓိ, ပညာတို့ကို လျင်မြန်စွာ ပြည့်စုံစေနိုင်၏။ သို့သော် ဤသမ္ပဇဉ် ၂ ပါးသည် သမထလဲ မဟုတ်သေး၊ ဝိပဿနာ လဲ မဟုတ်သေးပေ။ သမထ, ဝိပဿနာတို့၏ အခြေခံ အထောက်အပံ့မျှသာ ဖြစ်ပေသည်။ ဤသမ္ပဇဉ် ၂-မျိုးကိုပင် **ပါရိဟာရိကပညာ** ဟု **ဝိသုဒ္ဓိမဂ်၌** ခေါ်ဆိုထားပေသည်။

သမထ ယောဂီမှာ သမထ ကမ္မဋ္ဌာန်းအာရုံ၌, ဝိပဿနာ ယောဂီမှာ ဥပါဒါနက္ခန္ဓာငါးပါးဟူသော ဝိပဿနာ၏အာရုံ၌ မပြတ် နှလုံးသွင်းမှု **ရှုမှတ်မှုသည် ဂေါစရသမ္ပဇဉ် မည်၏။** သို့ဖြစ်၍ ဤသမ္ပဇညပဗ္ဗအရ **အားထုတ်လျက်ရှိသော** ဝိပ- ဿနာ ယောဂီသည် ရှေ့သို့ သွားသော**အ**ခါ၌ ကြွတိုင်း, လှမ်းတိုင်း, ရွေ့ရှားတိုင်း သွားတယ် သွားတယ် စသည်ဖြင့် စေ့စေ့စပ်စပ် မပြတ်ရှုမှတ်လျက်သာ သွားအပ်၏။ နောက်သို့ ပြန်ဆုတ်သောအခါ စသည်၌လဲ နည်းတူပင်တည်း။ ဤ အရာ၌ သတိပဋ္ဌာန် ၄-ပါးနှင့်တကွ ၎င်း၏**အာရုံ** ၄-ပါးကိုပင် ယောဂီ၏ ကျက်စားရာ **နယ်ပယ်အပိုင်ဖြစ်သောကြောင့်** **ဂေါစရ** ဟူ၍၎င်း....ထိုအာရုံ ၄-ပါး၌ မပြတ် ဖြစ်စေအပ်သော

မှတ်ချက် အဓိပ္ပါယ်

မှတ်သိမှု-အသိဉာဏ်ကိုပင် **ဂေါစရသမ္ပဇဉ်** ဟူ၍ငြင်း မှတ်အပ်၏။ ထို့ကြောင့်ပင် **သတိပဋ္ဌာနသံယုတ်၌** ဤသို့ ဟောတော်မူပေသည်။

ဂေါစရေ ဘိက္ခဝေ စရထ သကေ ပေတ္တိကေ ဝိသယေ။ ဂေါစရေ ဘိက္ခဝေ စရတံ သကေ ပေတ္တိကေ ဝိသယေ န လစ္ဆတိ မာရော ဩတာရံ၊ န လစ္ဆတိ မာရော အာရမ္မဏံ။ ကော စ ဘိက္ခဝေ ဘိက္ခုနော ဂေါစရော သကော ပေတ္တိကော ဝိသယော? ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

ဘိက္ခဝေ၊ ရဟန်းတို့။ သကေ ပေတ္တိကေ ဝိသယေ၊ အဘဘုရား၏ အပိုင်စား အမွေအနှစ် ကိုယ်ပိုင်နယ်ဖြစ်သော။ ဂေါစရေ၊ စားကျက်ထဲ၌။ စရထ၊ ကျက်စားကုန်လော့။ ဘိက္ခဝေ၊ ရဟန်းတို့။ သကေ ပေတ္တိကေ ဝိသယေ၊ အဘဘုရား၏ အပိုင်စား အမွေအနှစ် ကိုယ်ပိုင်နယ်ဖြစ်သော။ ဂေါစရေ၊ စားကျက်ထဲ၌။ စရတံ၊ ကျက်စားနေကြလျှင်။ ဝါ၊ ကျက်စားနေကုန်သော။ ဝေါ၊ သင်တို့အား။ မာရော၊ ကိလေသာမာရ်ဟုခေါ်သော သူသတ်သွားသည်။ ဩတာရံ၊ ဝင်ရောက်နှိပ်စက်ရန် အခွင့်အရေးကို။ န လစ္ဆတိ၊ မရဘဲ ရှိလတ္တံ့။ မာရော၊ ကိလေသာမာရ် ဟု ခေါ်သော သူသတ်သွားသည်။ အာရမ္မဏံ၊ ဝင်ရောက်နှိပ်စက်ရန် အာရုံ အကြောင်းကို။ န လစ္ဆတိ၊ မရဘဲ ရှိလတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ သကော ပေတ္တိကော ဝိသယော၊ အဘဘုရား၏

မှတ်ချက် အဓိပ္ပါယ်

အပိုင်စား အမွေအနှစ် ကိုယ်ပိုင်နယ်ပယ် ဖြစ်သော။ ဘိက္ခုနော ဂေါစရော။ ရဟန်း၏ ကျက်စားရာ နယ်ပယ်သည်။ ကော စ၊ အဘယ်ပါနည်းဟူမူကား။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ သတိပဋ္ဌာန် လေးပါးတို့ပင်တည်း။

ဤပါဠိတော်နှင့် အညီ ရှုမှတ်မှု-သတိပဋ္ဌာန်ကို မပြတ်ဖြစ်စေခြင်းသည်သာလျှင် **ဂေါစရသမ္ပဇဉ်** မည်သည်ဟု မြဲမြံစွာ မှတ်အပ်၏။ ထို့ကြောင့်ပင် အဋ္ဌကထာ၌ ကမ္မဋ္ဌာနဿ ပန အဝိဇဟနမေဝ ဂေါစရသမ္ပဇညံ-ဟု အထပ်ထပ်မိန့်ဆိုထားပေသည်။ ဤ **အဘိက္ကန္တ ပဋိက္ကန္တ** အရာတွင် ဂေါစရ-ဂါမ၌ ကမ္မဋ္ဌာန်း မလွတ်သည်ကို ပြခြင်းသည်ကား သတိလွတ်တတ်သော ရှည်ဝေးသော သွားရာပြန်ရာ၌ သော်လည်း အသွားရောအပြန်ပါ သတိမလွတ်အောင် အားထုတ်အပ်သည်ကို သိစေလို၍ အထူး ပြဆိုခြင်းမျှသာတည်း။ ထိုသို့ ပြဆိုထားခြင်းကြောင့် "ဆွမ်းခံရွာ၌သာ ဂေါစရ သမ္ပဇဉ် ဖြစ်သည်၊ ကျောင်း၌ကားမဖြစ်" ဟူ၍ ဤသို့ကား မမှတ်သင့်ပေ။

ဤဂေါစရသမ္ပဇဉ် အရာတွင် အဋ္ဌကထာ၌ ပုဂ္ဂိုလ် ၄-ပါး ခွဲပြထားပေ၏။ ပြပုံမှာ.... (၁) အသွားမှာသာ ဆောင်၍ အပြန်မှာ မဆောင်သော ရဟန်း ၁-ပါး။ (၂) အသွားမှာ မဆောင်မူ၍ အပြန်ကျမှ ဆောင်လာသော ရဟန်း ၁-ပါး။ (၃) အသွား အပြန် ၂-ပါးလုံးမှာ မဆောင်သောရဟန်း ၁-ပါး။ (၄) အသွား အပြန် ၂-ပါးလုံးမှာ ဆောင်သော

မှတ်ချက် အဓိပ္ပါယ်

ရဟန်း ၁-ပါး။ ဤ ၄-ပါးတို့တွင် **ပဌမ ရဟန်းသည်** စင်္ကြံသွားခြင်း ထိုင်ခြင်းတို့ဖြင့် တနေ့လုံး မပြတ် အားထုတ်လျက် နီဝရဏတို့မှ စိတ်ကိုစင်ကြယ်စေ၏၊ ညဉ့်ဦးယာမ်၌လဲ နည်းတူပင် အားထုတ်၏၊ သန်းခေါင် (မဇ္ဈိမ)ယာမ်၌ အိပ်စက်၍ (ပစ္ဆိမ) မိုးသောက်ယာမ်၌ ထိုင်ခြင်း, စင်္ကြံသွားခြင်းတို့ဖြင့် နည်းတူပင် အားထုတ်ပြီးလျှင် ပြုရန်ရှိသော စေတိယင်္ဂဏဝတ်စသည်တို့ကို ပြုပြီးလျှင် မနေသာ၍ ပြင်ထိုင်ရသော ၂-ထိုင် ၃-ထိုင်ခန့်မျှ ကမ္မဋ္ဌာန်းကို နှလုံးသွင်းအားထုတ်ပြီး၍ ကမ္မဋ္ဌာန်း မလွှတ်စေဘဲသာ ဆွမ်းခံသွား၏။ ပြန်လာသောအခါ၌ ရှင်သာမဏေ ရဟန်းငယ်တို့နှင့် စကားပြောလျက် ကမ္မဋ္ဌာန်းမပါဘဲပြန်လာ၏။ဤသို့သော ရဟန်းသည် အသွားမှာသာ ဆောင်၍ အပြန်မှာ မဆောင်သော ရဟန်းမည်၏။

**ဒုတိယ ရဟန်းသည်ကား** နေ့ရော ညဉ့်ပါ ပဌမ ရဟန်းကဲ့သို့ပင် မပြတ် အားထုတ်နေပေ၏။ သို့သော် ဆွမ်းခံ သွားချိန်တွင် ဝမ်းမီး ပူလောင်လှသဖြင့် ကိုယ်မှ ချွေးများကျလျက် ပင်ပန်း၏၊ နှလုံးသွင်းရှုမှတ်ပါသော်လဲ အချိုးတကျမဖြစ်တော့ချေ။ ထို့ကြောင့် ကမ္မဋ္ဌာန်းကို နှလုံးမသွင်းနိုင်တော့ဘဲ ဆွမ်းခံ သွားရလေ၏။ ယာဂုကို ဖြစ်စေ၊ ဆွမ်းကို ဖြစ်စေ ရ၍ ၂-ကြိမ် ၃-ကြိမ်မျှ စားမျိုမိသောကာလမှစ၍ ဝမ်းပူလောင်မှု ငြိမ်းအေးကာ နေသာထိုင်သာ ရှိသဖြင့် ကမ္မဋ္ဌာန်း မလွှတ်ဘဲ သုံးဆောင် စားသောက်ပြီးလျှင် ကမ္မဋ္ဌာန်း မလွှတ်ဘဲ ကျောင်းသို့ ပြန်လာခဲ့၏။ ဤရဟန်းသည် အသွားမှာ မဆောင်မူ၍ အပြန်

မှတ်ချက် အမိပ္ပါယ်

ကျမှ ဆောင်လာသော ရဟန်းမည်၏။ ဤသို့သော ရဟန်းတို့သည်ကား **ယာဂုသောက်ရင်း ဆွမ်းစားရင်း အရဟတ္တဖိုလ်သို့ ရောက်ကြသည်မှာ** မရေမတွက်နိုင်အောင် များလှသောဟူ၏။ သီဟိုဠ်ကျွန်းတွင် ထိုထို မြို့ရွာများ၌ ဆွမ်းစားဇရပ်များမှာ ရဟန်းတော်များ ယာဂု သောက်ရင်း ဆွမ်းစားရင်း အရဟတ္တဖိုလ်သို့ မရောက်ဘူးသော နေရာဟူ၍ မရှိဘူးတဲ့။ (ဤစကားသည် **သာသနာတော်နှစ် (၉၇၀) ကျော်က** ရေးခဲ့သော အဋ္ဌကထာစကားဖြစ်သည်။ထို့ကြောင့် **သာသနာတော်နှစ်(၉၇၀)အတွင်းက ဖြစ်ပေါ်ခဲ့သော** သီဟိုဠ်ကျွန်း၏ အခြေအနေကိုသာဖော်ပြသည်။ ယခု ပစ္စက္ခအခြေအနေကိုကား ပြသည်မဟုတ်ပေ)။ ဤသို့ စားသောက်ရင်းလဲ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း ဖော်ပြထား**သော**ကြောင့် ဝိပဿနာယောဂီတို့မှာ စားသောက်ချိန်နှင့် စားသောက်မှုကို အချိန်ပိုအလုပ်ပိုဟု မမှတ်**အပ်**ပေ၊ စားသောက်ရာမှာလဲ ဂေါစရသမ္ပဇဉ်ကို အလေးပြု၍ပွါးစေအပ်ပေ၏။

အသွားအပြန် ၂-ပါးလုံးမှာပင် မဆောင်သော **တတိယရဟန်းသည်ကား** "ရဟန်းများမှာ အားထုတ်ရမည့် **ကမ္မဋ္ဌာန်းရှိသည်၊** တရားအားထုတ်ရသည်"ဟူ၍မျှ အသိအမှတ်မထားတော့ဘဲ ရှုမှတ်နှလုံးသွင်းမှု လုံးဝကင်းနေသော ရဟန်းပင်တည်း။ ဤသို့သော ရဟန်းသည် အချင်းခပ်သိမ်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေလေ့ရှိသောကြောင့် **ပမာဒဝိဟာရီ** ပုဂ္ဂိုလ်လဲမည်၏။ ထို့ပြင် "ဤဘဝတွင် မဂ်ဖိုလ်ကို မရနိုင်ဟူ၍ငင်း၊ ရအောင်လဲ အားမထုတ်တော့ဘူး ဟူ၍

ငင်း" ဘာဝနာအလုပ်၌ အာလယပြတ် ဝန်ချထားသော ကြောင့် **နိက္ခိတ္တဓုရပုဂ္ဂိုလ်**လဲ မည်၏၊ ထို့ပြင် ဘုရား၌ ယုံမှားခြင်း, တရား၌ယုံမှားခြင်း, သံဃာ၌ယုံမှားခြင်း, အကျင့်သိက္ခာ၌ ယုံမှားခြင်း, သီတင်းသုံးဘော်တို့၌အမျက်ထွက်ခြင်း, (တရားအားထုတ်နေသော ပုဂ္ဂိုလ်တို့နှင့် ဆန့်ကျင်ဘက်ပြုနေခြင်းမျိုးပင်တည်း) ဟူသော **စေတောခိလ**ခေါ် စိတ်ငြောင့် ၅-စင်းဖြင့်လဲ စူးဝင်ခံရလျက်ရှိတတ်၏။ ထို့ပြင် ကာမဂုဏ်၌ ခင်တွယ်မှုအားကြီးခြင်း, မိမိ၏ကိုယ်၌ ခင်တွယ်မှုအားကြီးခြင်း, ဗဟိဒ္ဓရုပ်-သူတပါးကိုယ်၌ ခင်တွယ်မှုအားကြီးခြင်း, ဝမ်းဗိုက်ကားအောင် စားချင်တိုင်းစား၍ ဗယ်ပြောင်း-ညာပြန် အိပ်စက်မှုချမ်းသာ, မှိန်းနေရမှုချမ်းသာတို့ကို ခံစားနေခြင်း, နတ်ဘဝလောကကိုသာ ရရန်မြှော်လင့်တောင့်တနေခြင်းဟူသော **စေတောဝိနိဗန္ဓ** ခေါ် စိတ်အနှောင်အဖွဲ့ ၅-ချက်ဖြင့်လဲ အနှောင်အဖွဲ့ခံရလျက်ရှိနေ၏။ ထို့ကြောင့် ဤသို့သော ရဟန်းသည် နေ့ရော-ညဉ့်ရော ကျောင်း၌ရှိစဉ်မှာလဲ တရားအားထုတ်ရန် လုံးဝပင် သတိမရ၊ မြို့ရွာထဲသို့ သွားစဉ်မှာလဲ သတိမရ၊ တွေ့ရသော လူဒါယကာ ဒါယိကာမများနှင့် ပြောဆိုဆက်ဆံရာမှာလဲ လူဝတ်ကြောင် အချင်းချင်းကဲ့သို့ ပြောဆိုဆက်ဆံကာ ကမ္မဋ္ဌာန်းမပါ ဗလာအချည်းနှီးသာလျှင် ဆွမ်းခံပြန်ခဲ့၏၊ ဂေါစရသမ္ပဇဉ် လုံးဝကင်းသော ပုဂ္ဂိုလ်ပေတည်း။ သာသနာ့အမြင်ဖြင့်ကြည့်လျှင် **အလွန်ရှက်ဖွယ်ကောင်းသော** ပုဂ္ဂိုလ်ပေတည်း။

မှတ်ချက် အဓိပ္ပါယ်

အသွားအပြန် ၂-ပါးလုံးမှာဆောင်သော **စတုတ္ထရဟန်းသည်ကား** ပဥ္စမရဟန်းကဲ့သို့ပင် နေ့ရော-ညဉ့်ရော ဆွမ်းခံသွားရာမှာရော ကမ္မဋ္ဌာန်းမလွှတ်သည့်ပြင် ဆွမ်းခံအပြန်မှာရော မပြတ်နှလုံးသွင်းရှုမှတ်လျက် ပြန်လာသော ရဟန်းပေတည်း၊ အိပ်ချိန်မှအပ တညဉ့်လုံးနှင့်တနေ့လုံး ဘယ်အချိန်မှ ကမ္မဋ္ဌာန်းမလွှတ်စေဘဲ မပြတ်ရှုမှတ်နေသော ရဟန်းပေတည်း။ ဤသို့ ကိစ္စမျှား၍ ကမ္မဋ္ဌာန်းလွှတ်တတ်သော ဆွမ်းခံသွားရာပြန်ရာမှာတောင်မှ ကမ္မဋ္ဌာန်းမလွှတ်အောင် အားထုတ်မှုကို**ဂတပစ္စာဂတိက ကျင့်ဝတ်**ဟု ခေါ်၏။ (ဂတ-သွားမှု+ပစ္စာဂတ-ပြန်မှုတို့၌+ဣက=မပြတ်ဖြစ်သောအကျင့်)။ **ဘုရားလက်ထက်တော်ကာလနှင့်** သာသနာတော်နှစ် (၉၀၀)ကျော်**တိုင်အောင်** ပဋိပတ် ထွန်းကားခဲ့သော ရှေးခေတ်ကာလတုန်းက ဤဂတပစ္စာဂတိကဝတ် ဖြည့်ကျင့်ကြပုံကို အဋ္ဌကထာ၌ ဖော်ပြထားသည်မှာ....

မိမိ၏အကျိုးစီးပွါးအစစ်ကို လိုလားသော အမျိုးကောင်းသားတို့သည် ဘုရားသာသနာတော်၌ ရဟန်းပြုကြပြီးလျှင် ဆယ်ပါးဖြစ်စေ, နှစ်ဆယ်, သုံးဆယ်, လေးဆယ်, ငါးဆယ်, တရာဖြစ်စေ- တပေါင်းတည်းနေကြရာတွင် ဤသို့ **ကတိကဝတ်** ပြုကုန်၏။ ပြုပုံမှာ....ငါ့ရှင်တို့ သင်တို့သည် ကြွေးမြီပူ၍ ရဟန်းပြုကြသည်လည်း မဟုတ်ကုန်၊ မင်းဘေးစသည်ကို ကြောက်၍ ရဟန်းပြုသည်လည်း မဟုတ်ကုန်၊ အသက်မွေးမှု ကြပ်တည်း၍ ရဟန်းပြုသည်လည်း မဟုတ်ကုန်၊ အမှန်အားဖြင့်ဆိုလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လို၍ ရဟန်း

မှတ်ချက် အဓိပ္ပါယ်

ပြုကြပေသည်။ သို့သော်လဲ ရဟန်းပြုရုံမျှဖြင့်တော့ ဝဋ်ဆင်းရဲမှ မလွတ်မြောက် နိုင်ကြသေးပါ၊ ဝဋ်ဆင်းရဲ၏ အကြောင်းရင်းဖြစ်သော ကိလေသာကို ပယ်နိုင်မှသာလျှင် လွတ်နိုင်ကြပါမည်။ သို့ဖြစ်၍ သွားနေဆဲမှာ ဖြစ်ပေါ်လာသော ကိလေသာကို သွားနေဆဲမှာဘဲ ငြိမ်းပြတ်သွားအောင် နှိမ်နင်းကြရမည်။ (သင့်လျော်စွာ နှလုံးသွင်းလျက် ဖြစ်စေ၊ ရှုမှတ်လျက်ဖြစ်စေ ပယ်ရမည်ဟု ဆိုလို၏။) ရပ်နေဆဲ, ထိုင်နေဆဲ, လျောင်းနေဆဲမှာ ဖြစ်ပေါ်လာသော ကိလေသာကို ရပ်နေဆဲ, ထိုင်နေဆဲ, လျောင်းနေဆဲမှာဘဲ ငြိမ်းပြတ်သွားအောင် နှိမ်နင်းကြရမည်ဟု ကတိကဝတ်ကို ပြု၍ နေကြ၏။ ဤသို့နေကြရာတွင် သွားနေဆဲမှာ ကိလေသာဖြစ်ပေါ်လာသော ရဟန်းသည် သွားနေဆဲမှာပင် ထိုကိလေသာကို နှိမ်၏၊ မနှိမ်နိုင်လျှင် ရပ်နေ၏၊ ရှေ့ကသွားနေသော ထိုရဟန်း ရပ်နေလျှင် နောက်ကလိုက်လာသော ရဟန်းလဲ ရပ်နေ၏။ ထိုအခါမှာ ကိလေသာဖြစ်နေသော ထိုရဟန်းသည် "နောက်က ရဟန်းလဲ သင့်အကြံကို သိသွားပြီ၊ ဤအကြံဟာ သင်နှင့် မတော်တဲ့အကြံဘဲ၊ မရှက်ဘူးလား" စသည်ဖြင့် မိမိကိုယ်ကို အပြစ်တင်၍ ဝိပဿနာကို ပွါးစေလျက် အရိယာအဖြစ်သို့ ရောက်သွားသည်လည်းရှိ၏။ ရပ်နေရင်း မနှိမ်နိုင်သေးလျှင် ထိုင်ရပြန်၏။ ထိုအခါမှာ နောက်ကရဟန်လဲ ထိုင်ရပုံ, အပြစ်တင်ပုံ စသည်မှာ နည်းတူပင်တည်း။ ဤသို့ နှလုံးသွင်း ရှုမှတ်ခြင်းဖြင့် အရိယာအဖြစ်သို့ မရောက်နိုင်စေကာမူ ဖြစ်ပေါ်ဆဲ ကိလေသာကိုမူကား ပယ်ခွါ၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်

မှတ်ချက် အနိပ္ပါယ်

သာလျှင် သွား၏၊ ကမ္မဋ္ဌာန်းမပါဘဲမူကား ခြေကိုမကြွပေ၊ ကြွမိ လှမ်းမိလျှင် မူလရှေးနေရာသို့ ပြန်လာပြီးမှ ရှုမှတ်လျက် တဖန် သွား၏။ ဤသို့ အားထုတ်ပုံကို **အာဠိန္ဒကကျောင်းနေ မဟာဖုဿဒေဝမထေရ်**၏ ကျင့်ပုံစသည်ဖြင့် ဖော်ပြထား၏။

**မဟာဖုဿဒေဝ မထေရ်သည်** (၁၉) နှစ်ပတ်လုံး ဂတပစ္စာဂတိကဝတ်ကို ဖြည့်ကျင့်လျက် နေ၏။ ဆွမ်းခံလမ်းအနီးတွင် ထွန်ယက် စိုက်ပျိုးလျက်, စပါးရိတ် စပါးနယ်လျက်, အမှုလုပ်ကိုင်လျက်ရှိကြသော လူတို့သည် ထိုမထေရ်၏ ပြန်ကာ ပြန်ကာ သွားလာနေပုံကို မြင်ကြ၍ "ဒီမထေရ်ကြီး ပြန်ပြန်ပြီး သွားနေတာဟာ မျက်စိလည်၍လေလား၊ တခုခုကို မေ့ကျန်ခဲ့၍လေလား"ဟု အချင်းချင်း ပြောဆိုကြ၏။ သို့သော်လည်း ထိုမထေရ်သည်ကား လူတို့၏စကားကို ဂရုမစိုက်ဘဲ သတိမလွတ်သော စိတ်ဖြင့်သာလျှင် ရဟန်းတရားကို အားထုတ်လျက် **အနှစ် (၂၀) မြောက်** အတွင်းမှာ **ရဟန္တာဖြစ်တော်မူလေ၏။**

ထို့ပြင် **ကာလဝလ္လိမဏ္ဍပ်ကျောင်းနေ မဟာနာဂမထေရ်**သည်လည်း ဂတပစ္စာဂတိကဝတ်ကို ဖြည့်ကျင့်လျက် ရှေးဦးစွာ မြတ်စွာဘုရား၏ ဒုက္ကရစရိယာအကျင့်ကို ပူဇော်လို၍ (၇) နှစ်ပတ်လုံး ရပ်ခြင်း, စင်္ကြံသွားခြင်းကိုသာလျှင် ဆောက်တည်၍ ကျင့်၏။ ထို့နောင်မှ **(၁၆) နှစ် ပတ်လုံး** ဂတပစ္စာဂတိကဝတ်ကို ဖြည့်ကျင့်လျက် **ရဟန္တာဖြစ်တော်မူလေ၏။** ဤမထေရ်၏ ထူးခြားချက်တခုမှာ....ဆွမ်းခံရွာသို့

မှတ်ချက် အဓိပ္ပါယ်

ဝင်သောအခါ ရေကို ငုံ၍ သွားခြင်းပေတည်း။ အကြောင်းမှာ ဆွမ်းလောင်းရန်, ရှိခိုးရန်လာသော ဒါယကာ ဒါယိကာမတို့အား ချမ်းသာကြပါစေ၊ အသက်ရှည်ကြပါစေဟု ဆုပေးမိရုံမျှဖြင့် သမာဓိကျသွားခြင်း မဖြစ်စေလိုသောကြောင့်ပေတည်း။ သို့သော် လူတို့က မေးမြန်း လျှောက်ထားလျှင်ကား ရေကို မျိုချပြီးလျှင် ဖြေကြားသေး၏၊ အမေးအမြန်း မရှိလျှင်ကား ရွာတံခါးသို့ ရောက်မှ ထွေး၍သွား၏။ **ကလမ္ဗ ဆိပ်ကမ်းကျောင်း၌** ဝါကပ်သော ရဟန်းတော် (၅၀) တို့သည်လည်း ဤနည်းတူပင် ကျင့်ကြ၏။

ထို (၅၀) သော ရဟန်းတော်တို့သည် ဝါဆိုလပြည့်နေ့၌ "ငါတို့သည် အရဟတ္တဖိုလ်သို့ မရောက်သေးဘဲ အချင်းချင်း စကားမပြောကြစတမ်း" ဟု ကတိကဝတ်ကို ပြုကြ၏။ (ဤကတိကဝတ်သည် အရေးမကြီးသော အလွတ်စကားကိုသာ မပြောရန် ရည်ရွယ်သည်ဖြစ်ရာ၏၊ လုံးဝ စကားမပြောဘဲ နေရန် ကတိကဝတ်မျိုးကိုကား မပြုကောင်းပေ၊ ပြုလျှင် ရဟန်းမှာ အာပတ်သင့်၏။ ထို့ကြောင့် **လုံးဝစကားမပြောဘဲ နေရန် အဓိဋ္ဌာန်ခြင်း, ကတိကဝတ်ထားခြင်းများကို မပြုအပ်** ဟု မှတ်လေ)။ ရွာသို့ဆွမ်းခံဝင်သော အခါ၌လဲ ရေကိုငုံ၍ ဝင်ကြ၏။ မေးသူရှိလျှင် မျိုချ၍ ဖြေကြားကုန်၏။ မေးသူ မရှိလျှင်ကား ရွာတံခါးသို့ ရောက်မှ ထွေး၍ သွားကြ၏။ ရေထွေးထားရာ၌ ရေကွက်များကို မြင်သဖြင့် ထိုရွာက လူအများသည် ရဟန်းတော် ဘယ်နှစ်ပါး လာသည်ကို သိကြ

မှတ်ချက် အဓိပ္ပါယ်

သတဲ့။ ထို ရဟန်းတော် (၅၀) တို့သည် ဝါတွင်း (၃) လ အတွင်းမှာပင် **အရဟတ္တဖိုလ်သို့ ရောက်တော်မူကြလေ၏။**

ပြခဲ့ပြီးသော မဟာဖုဿဒေဝမထေရ်, မဟာနာဂမထေရ်, ကလမ္ဗဆိပ်ကမ်းကျောင်းနေ ရဟန်းတော်များကဲ့သို့ ဆွမ်းခံ သွားသောအခါ၌လဲ ကမ္မဋ္ဌာန်းမလွှတ်သော စိတ်ဖြင့်သာ လျှင် ခြေကိုကြွလှမ်းလျက် သွားအပ်၏။ ရွာသို့ဝင်ခါနီး၌ ရေငံ့၍ဖြစ်စေ၊ **အလွတ်စကားပိုများကို မပြောရန်** ဆောက် တည်၍ ဖြစ်စေ ဘေးရန်မရှိသော လမ်းကိုကြည့်ရှု၍ ဝင်အပ် ၏။ ဆွမ်းခံ လှည့်စဉ်မှာလဲ ပြာရီးပြာရာ အဆောတလျင် မသွားရ။ အဆောတလျင် သွားရသော ပိဏ္ဍပါတ်ဓုတင် မည်သည် မရှိပါ။ ညီညာသော မြေပြင်၌ သွားနေသော ရေလှည်းကဲ့သို့ မလှုပ်မယှက် ငြိမ်သက်လျှစွာ ဣန္ဒြေရရနှင့် သွားအပ်၏။ ဤသို့ အမှတ်သတိမကင်းမူ၍ ဣန္ဒြေရရသွားနေ သည်ကိုပင် "ကြည်ညိုဘွယ်ကောင်းသော ရှေ့သွားမှု, နောက် ပြန်မှု, တည့်တည့်ကြည့်မှု, တစောင်းကြည့်မှု, ကွေးမှု, ကြည် ညိုဘွယ်ကောင်းသော ဆန့်မှုနှင့် ပြည့်စုံလျက် ကြွသွားနေ သည်"ဟု ပါဠိတော်တို့၌ ဆိုထားပေသည်။ ဆွမ်းခံပြန်လာ၍ ဆွမ်းစားသောအခါမှာလဲ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် သာ စားအပ်၏။ အာဟာရေ ပဋိကူလသညာကို ဖြစ်စေရန် လှည်းဆီထည့်သော ဥပမာ, အနာဆေးလိမ်းပေးသော ဥပမာ, ရင်သွေး သားငယ်၏ အသားကို စားသော ဥပမာတို့ဖြင့် ဆင်ခြင်ရန် နေဝဒဝါယ-စသည်ဖြင့် ပြအပ်သော အကျိုး ရှစ်ပါးကို ဆင်ခြင်ရန်လဲ အဋ္ဌကထာ၌ ညွှန်ပြထားသေး၏။

မှတ်ချက် အခိပ္ပါယ်

သို့သော်လည်း ဝိပဿနာ ယောဂီသည်ကား ရှုမှတ်လျက် စားခြင်းကိုသာလျှင် အထူးအားဖြင့် အလေးပြုသင့်ပေသည်။ ဆွမ်းစားပြီးသောအခါ၌ တခဏအောင့် တခဏမျှ အပန်းဖြေပြီးလျှင် ဆွမ်းမစားမီက မပြတ် ရှုမှတ်သကဲ့သို့ပင် ဆွမ်းစားပြီးနောက် တနေ့လုံးရော, ညဉ့်ဦးယာမ်မှာရော, နံနက်မိုးသောက်ယာမ်မှာရော ကမ္မဋ္ဌာန်းကိုသာလျှင် မပြတ် နှလုံးသွင်းလျက်နေအပ်၏။ ဤသို့ မပြတ်ရှုမှတ်နေသော ရဟန်းသည် အသွားအပြန် ၂-ပါးလုံးမှာဆောင်သော ရဟန်းမည်ပေ၏။

အသွားအပြန်ဆောင်သော ဤဂတပစ္စာဂတိကဝတ်ကို ဖြည့်ကျင့်သော ရဟန်းသည် ဥပနိဿယနှင့် ပြည့်စုံလျှင် ပဌမအယွယ်မှာပင် ရဟန္တာဖြစ်၏။ သို့မဖြစ်သေးလျှင် ဒုတိယအယွယ်မှာဖြစ်၏။ သို့မဖြစ်သေးလျှင် တတိယ အယွယ်မှာဖြစ်၏။ သို့မဖြစ်သေးလျှင် သေခါနီးမှာ ရဟန္တာ ဖြစ်၏။ သို့မဖြစ်သေးလျှင် ဒုတိယဘဝ၌ နတ်ဖြစ်လျက် ရဟန္တာဖြစ်၏။ သို့မဖြစ်သေးလျှင် ဘုရားမပွင့်သော အခါ၌ ပစ္စေကဗုဒ္ဓါ ဖြစ်၏။ သို့မဖြစ်သေးလျှင် နောက်ဘုရားလက်ထက်မှာ ခိပ္ပါဘိညာ, မဟာပညာ, မဟိဒ္ဓိက, ဓုတင်္ဂဓရ, ဒိဗ္ဗစက္ခုက, ဝိနယဓရ, ဓမ္မကထိက, အာရညိက, ဗဟုဿုတ, သိက္ခာကာမအစရှိသော ဧတဒဂ်ဂုဏ်ထူးတို့တွင် တပါးပါးသော ဧတဒဂ်ဂုဏ်ထူးနှင့်တကွ ထင်ရှားသော အဂ္ဂသာဝက, မဟာသာဝက ရဟန္တာ ဖြစ်နိုင်ပေ၏။ (သတိ ပြုရန်မှာ... ရဟန္တာ, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝက ဖြစ်သည်ဟုဆိုသော စကားများကို ဥပနိဿယနှင့် ပြည့်စုံလျှင်

မှတ်ချက် အဓိပ္ပါယ်

ဟူသော စကားနှင့် ဆက်စပ်မိပါစေ)။ ဤ အရာ၌ အသွားသာ ဆောင်သောရဟန်း၊ အပြန်သာ ဆောင်သော ရဟန်း၊ အသွားအပြန် မဆောင်သော ရဟန်း၊ အသွား အပြန်ဆောင်သော ရဟန်းအားဖြင့် ၄-ပါးသော ရဟန်းတို့တွင် **အသွား အပြန် ဆောင်သော ရဟန်း၏ ဂေါစရသမ္ပဇဉ်သည် ခေါင်ထိပ်ရောက်လျက် ပြည့်စုံပေ၏**။ ထိုသမ္ပဇဉ်မျိုးနှင့် ပြည့်စုံအောင် အားထုတ်အပ်ပေ၏။ဤဂေါစရ သမ္ပဇဉ် ထက်သန်အားပြည့်သော အခါ၌ **အသမ္မောဟသမ္ပဇဉ်** ခေါ် မတွေမဝေသော အသိဉာဏ်သည် အလိုလိုပင် ဖြစ်ပေါ်လာပေ၏။ ၎င်းဉာဏ်ဖြစ်ပုံကို ဓမ္မကထိကတို့လဲ အသုံးချနိုင်စေခြင်းငှါ အဋ္ဌကထာ စကားရင်းနှင့်တကွထုတ်ပြပါအံ့။

အဘိက္ကမာဒီသု ပန အသမ္မုယှနံ အသမ္မောဟသမ္ပဇညံ၊ တံ ဧဝံ ဝေဒိတဗ္ဗံ။ ဣဓ ဘိက္ခု အဘိက္ကမန္တော ဝါ ပဋိက္ကမန္တော ဝါ....ယထာ အန္ဓပုထုဇ္ဇနာ အဘိက္ကမာဒီသု "အတ္တာ အဘိက္ကမတိ၊ အတ္တနာ အဘိက္ကမော နိဗ္ဗတ္တိတောတိ ဝါ၊ အဟံ အဘိက္ကမာမိ၊ မယာ အဘိက္ကမော နိဗ္ဗတ္တိတောတိ ဝါ"သမ္မုယှန္တိ၊ တထာ အသမ္မုယှန္တော... အဘိက္ကမာမီတိ စိတ္တေ ဥပ္ပဇ္ဇမာနေ, တေနေဝ စိတ္တေန သဒ္ဓိံ စိတ္တသမုဋ္ဌာနာ ဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ။ ဣတိ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရဝသေန အယံ ကာယသမ္မတော အဋ္ဌိသင်္ဃာတော (ရူပသင်္ဃာတော) အဘိက္ကမတိ။ တဿေဝ အဘိက္ကမတော ဧကေကပါဒုဒ္ဓရဏေ ပထဝီဓာတု အာပေါဓာတူတိ ဒွေ ဓာတုယော ဩမတ္တာ ဟောန္တိ မန္ဒာ၊ ဣတရာ ဒွေ အဓိ-

မှတ်ချက် အဓိပ္ပါယ်

မတ္တာ ဟောန္တိ ဗလဝတိယော၊ တထာ အတိဟရဏာဝီတိ-ဟရဏေသု။ ဝေါသဇ္ဇနေ ပန တေဇောဝါယောဓာတုယော ဩမတ္တာ ဟောန္တိ မန္ဒာ၊ ဣတရာ ဒွေ အဓိမတ္တာ ဟောန္တိ ဗလဝတိယော။ တထာ သန္နိက္ခေပန-သန္နိရုမ္ဘနေသု။ တတ္ထ ဥဒ္ဓရဏေ ပဝတ္တာ ရူပါရူပဓမ္မာ အတိဟရဏံ န ပါပုဏန္တိ။ တထာ အတိဟရဏေ ပဝတ္တာ ဝီတိဟရဏံ၊ ဝီတိဟရဏေ ပဝတ္တာ ဝေါသဇ္ဇနံ၊ ဝေါသဇ္ဇနေ ပဝတ္တာ သန္နိက္ခေ-ပနံ၊ သန္နိက္ခေပနေ ပဝတ္တာ သန္နိရုမ္ဘနံ န ပါပုဏန္တိ။ တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ "တတ္တကပါ-လေ ပက္ခိတ္တတိလာ ဝိယ ပဋပဋာယန္တာ" ဘိဇ္ဇန္တိ။ တတ္ထ ကော ဧကော အဘိက္ကမတိ၊ ကဿ ဝါ ဧကဿ အဘိက္ကမနံ။ ပရမတ္ထတော ဟိ ဓာတူနံယေဝ ဂမနံ၊ ဓာတူနံ ဌာနံ၊ ဓာတူနံ နိသဇ္ဇာ၊ ဓာတူနံ သယနံ၊ တသ္မိံ တသ္မိံ ဟိ ကောဋ္ဌာသေ သဒ္ဓိံ ရူပေန....

> အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ။
> အဝီစိ-မနုသမ္ဗန္ဓော၊ နဒီသောတောဝ ဝတ္တတိ.... ဧဝံ
> အဘိက္ကမာဒီသု အသမ္မုယှနံ အသမ္မောဟသမ္ပဇညံ
> နာမ။

အဘိက္ကမာဒီသု၊ ရှေ့သို့သွားမှု စသည်တို့၌။ အသမ္မုယှနံ-မတွေ မဝေသိခြင်းသည်။ အသမ္မောဟသမ္ပဇညံ၊ အသမ္မော-ဟသမ္ပဇဉ်ပေတည်း။ တံ၊ ထိုအသမ္မောဟသမ္ပဇဉ်ကို။ ဧဝံ

## မှတ်ချက် အခိပ္ပါယ်

ဝေဒိတဗ္ဗံ၊ ဤသို့ သိအပ်၏။ ဣဓ ဘိက္ခု၊ ဤသာသနာတော်၌
အားထုတ်နေသော ရဟန်းသည်။ **အဘိက္ကမန္တေ** ဝါ ပဋိက္က-
မန္တေ ဝါ၊ ရှေ့သို့ သွားလျှင်ဖြစ်စေ၊ နောက်သို့ ပြန်လျှင်ဖြစ်
စေ။ ။(ဤပုဒ်များကို **အသမ္မုယှန္တော-မတွေဝေ မသိမှား**
မူ၍ ဟူသောပုဒ်၌ စပ်ပြီးလျှင် ထည့်၍ ပြလတ္တံ့သော-**ပဇာ**
**နာတိ-၌** အဆုံးသတ်စပ်လေ။ ဤမှနောက်-ယထာမှစ၍
တထာတိုင်အောင် ပြောင်းပြန် ဥပမာကိုပြ၏)။ ။အန္ဓ-
ပုထုဇ္ဇနာ၊ သုတ-စိန္တာ-ဘာဝနာ ဉာဏ်မြင် ကန်းသော အန္ဓ
ပုထုဇ္ဇဉ်တို့သည်။ အဘိက္ကမာဒီသု၊ ရှေ့သို့သွားမှုစသည်တို့၌။
(သမ္မုယှန္တိ-၌စပ်)။ အတ္တာ အဘိက္ကမတိ၊ (လိပ်ပြာကောင်,
ဝိညာဏ်ကောင်, အသက်ကောင်ဟု ခေါ်သော) အတ္တ
ကောင်က ရှေ့သို့သွားသည် (ဟူ၍ရင်း)။ အတ္တနာ အဘိက္က-
မော နိဗ္ဗတ္တိတော ဝါ၊ ရှေ့သို့သွားမှုကို အတ္တကောင်က ဖြစ်
စေသည်- ပြုလုပ်သည်ဟူ၍ရင်း။ (ဤ ၂-ပိုဒ်ဖြင့် ဒိဋ္ဌိဂါဟ
အလို သိမှား တွေဝေပုံကို ပြသည်)။ ။အဟံ အဘိက္ကမာမိ၊
ငါက ရှေ့သို့ သွားသည် (ဟူ၍ရင်း)။ မယာ အဘိက္ကမော
နိဗ္ဗတ္တိတော ဝါ၊ ရှေ့သို့ သွားမှုကို ငါက ဖြစ်စေသည်-
ပြုလုပ်သည် ဟူ၍ရင်း။ ။(ဤ ၂-ပိုဒ်ဖြင့် မာနဂါဟ
အလို သိမှား တွေဝေပုံကို ပြသည်)။ ။သမ္မုယှန္တိ ယထာ၊
တွေဝေသိမှားကြသကဲ့သို့။ တထာ အသမ္မုယှန္တော၊ ထိုကဲ့သို့
မတွေဝေ မသိမှားမူ၍။ (ဤပုဒ်ကို ထည့်၍ပြလတ္တံ့သော
**ပဇာနာတိ၌** စပ်လေ)။ အဘိက္ကမာမိတိ စိတ္တေ ဥပ္ပဇ္ဇမာနေ၊
ရှေ့သို့သွားမည်ဟု စိတ်ဖြစ်လျှင်။ တေနေဝ စိတ္တေန သဒ္ဓိံ၊

မှတ်ချက် အဓိပ္ပါယ်

ထိုစိတ်နှင့် အတူတကွပင်လျှင်။ စိတ္တသမုဋ္ဌာနာ ဝါယော-ဓာတု၊ စိတ္တဇ ဝါယောဓာတ်ခေါ်သော တောင့်တင်းလှုပ်ရှား ဆောင်သွားမှုသည်။ ဝိညတ္တိံ ဇနယမာနာ၊ ကာယဝိညတ် ခေါ် တောင့်-ဆောင်-လှုပ်ရှားစေနိုင်သော သတ္တိထူး အမူအရာထူးကို ဖြစ်ပေါ်စေလျက်။ ဉပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဣတိ၊ ဤသို့ဖြစ်ပေါ်လာသော။ စိတ္တကိရိယဝါယောဓာတု-ဝိပ္ဖါရဝသေန၊ စိတ်၏အမူအရာဖြစ်သော တောင့်တင်းလှုပ်ရှားဆောင်သွားမှု ဓာတ်သဘော၏ ပျံ့နှံ့လှုပ်ရှားခြင်း အလို အားဖြင့်။ ကာယသမ္မတော၊ ကိုယ်ဟုခေါ်အပ်သော။ အယံ အဋ္ဌိသင်္ဃာတော၊ ဤအရိုးစုသည်။ (အယံ ရူပသင်္ဃာတော၊ ဤ ရုပ်အပေါင်းသည်)။ အဘိက္ကမတိ၊ ရှေ့သို့သွားပေ၏။ ။ (ဤအရာ၌ အဋ္ဌိသင်္ဃာတော-ဟုရှိသော ပါဠ်မှာ အဋ္ဌကထာ ဆရာရေးခဲ့ရင်း **မူလပါဠ်မှန်ဟုတ်ဟန်မရှိချေ**။ အကြောင်းမူကား ခဏမစဲ ဖြစ်ပျက်နေသော ရုပ်နာမ် သဘောမျှကိုသာ ရှုမြင်လျက်ရှိသော ဝိပဿနာယောဂီအား အရိုးစုပုံသဏ္ဍာန် ထင်နေသည်ဟူ၍လဲ မဆိုသင့်ပေ။ အရိုးစုဟု ရှုလျက်ရှိသော သမထယောဂီအား သွားလိုသောစိတ်နှင့် ထိုစိတ်ကြောင့် စိတ္တဇဝါယောဓာတ် ဖြစ်ပေါ်လာပုံကို ရှုမြင်သည်ဟူ၍ရင်း၊ ရုပ်နာမ်တို့၏ ခဏမစဲ ဖြစ်ပျက်နေပုံကို ရှုမြင်သည်ဟူ၍ရင်း ဤသို့လဲး မဆိုသင့်ပေ။ ထို့ကြောင့် **မူလရေးခဲ့ရင်းပါဠ်မှန်မှာ ရူပသင်္ဃာတော** ဟူ၍သာ ဖြစ်သင့်ပေသည်)။

တသောဝ အဘိက္ကမတော၊ ရှေ့သို့သွားသော ထိုရုပ် အပေါင်း ကိုယ်၏ပင်လျှင်။ ဧကေကပါဒုဒ္ဓရဏေ၊ တကြိမ်

မှတ်ချက် အဓိပ္ပါယ်

တကြိမ်သော ခြေကိုကြွမှု၌။ ပထဝီဓာတု အာပေါဓာတူတိ ဒွေ ဓာတုယော၊ ပထဝီဓာတ် အာပေါဓာတ်ဟူသော ဓာတ် ၂-ပါးတို့သည်။ ဩမတ္တာ ဟောန္တိ မန္ဒာ၊ သတ္တိညံ့ကုန်၏၊ အားနည်းကုန်၏။ ဣတရာ ဒွေ၊ ကြွင်းသောတေဇော ဝါယော ဓာတ် ၂-ပါးတို့သည်။ အဓိမတ္တာ ဟောန္တိ ဗလဝတိယော၊ သတ္တိထက်ကုန်၏၊ အားကြီးကုန်၏။ အတိဟရဏဝီတိဟရ-ဏေသု၊ ခြေကို ဆွဲဆောင်မှု, လှမ်းမှုတို့၌။ တထာ၊ ထိုကြွမှုနှင့် အတူပင်တည်း။

(ဝါယောဓာတုယာ အနုဂတာ တေဇောဓာတု ဥဒ္ဓရဏဿ ပစ္စယော၊ **ဥဒ္ဓရဏဂတိကာ ဟိ တေဇောဓာတု**-ဟူသော ဋီကာ နှင့်အညီ **တေဇောဓာတ်သည် ပေါ့တက်သော** သဘောရှိ၏၊ ဤ **ပေါ့တက်ခြင်းသည် မဒ္ဒဝါနုပ္ပဒါန** ပစ္စုပဋ္ဌာန်၌ အတွင်း ဝင်၏။ နူးညံ့စေခြင်းနှင့် အခိုးအငွေ့သဖွယ် သိမ်မွေ့၍ ပေါ့ တက်ခြင်းသည် သဘောအားဖြင့် အတူတူပင်တည်း။ ခြေ စသော ကိုယ်အင်္ဂါ၏ကြွခြင်း-ပေါ့တက်ခြင်းသည် နောက်လိုက် အားပေးဖြစ်သော တောင့်တင်းလှုပ်ရှားမှု ဝါယောဓာတ်နှင့် တကွ နူးညံ့သိမ်မွေ့စေလျက် ပေါ့တက်မှု-တေဇောဓာတ်၏ အစွမ်းဖြင့်ပြီး၏။ ထို့ကြောင့် ကြွဆဲ၌ **ပေါ့တက်မှုကို သိခြင်း သည်** တေဇောဓာတ်ကို မဒ္ဒဝါနုပ္ပဒါနပစ္စုပဋ္ဌာန်ဖြင့် **သိခြင်း ပေတည်း**။ ထို့ပြင် တေဇောဓာတုယာ အနုဂတာ ဝါယော-ဓာတု အတိဟရဏဝီတိဟရဏာနံ ပစ္စယော၊ **တိရိယ-ဂတိကာယ ဟိ ဝါယောဓာတုယာ** အတိဟရဏဝီတိဟရဏေသု သာတိသယော ဗျာပါရော-ဟူသော ဋီကာနှင့်အညီ ဝါယော

ဓာတ်သည် ဖီလာသွားခြင်း, ဘေးသို့သွားခြင်း သဘော ရှိ၏၊ ထို့ကြောင့် ကြွမှု, လွတ်မှု, ချမှု, နင်းမှုတို့၌ ဝါယော ဓာတ်၏ ဗျာပါရရှိပြားသော်လဲ ဆွဲဆောင်မှု, လှမ်းမှုတို့၌ ၎င်း၏ ဗျာပါရသည် သာလွန်၍ ထင်ရှားပေ၏။ မှန်ပေ၏။ ဆွဲဆောင်ဆဲ, လှမ်းဆဲ၌ ထင်ရှားသော တောင့်တင်းမှု-ဆောင်ထားမှုသည် ဝါယောဓာတ်၏ **ဝိတ္ထမ္ဘနလက္ခဏာ** ပေ တည်း။ အထူးထင်ရှားသော တရွေ့ချင်း ရွေ့သွားမှုသည် ၎င်းဓာတ်၏ **သမုဒီရဏရသ**ပေတည်း။ ရှေ့ဘက်သို့ တွန်းတွန်း ပို့နေသလို, ဆွဲ ဆွဲသွားသလို ထင်ရှားသော အမူအရာသည် ၎င်းဓာတ်၏ **အဘိနီဟာရပစ္စုပဋ္ဌာန်** ပေတည်း။ သို့ဖြစ်၍ ဆွဲဆောင်မှုနှင့် လှမ်းမှုတို့သည် နောက်လိုက် အားပေး ဖြစ်သော ပေါ့ပါးမှု တေဇောဓာတ်နှင့် တကွ တောင့်တင်း လှုပ်ရှားမှု-ဝါယောဓာတ်ဖြင့် ပြီးကုန်၏။ ထို့ကြောင့် ဆွဲဆောင် ဆဲ, လှမ်းဆဲ၌ **တောင့်တင်း လှုပ်ရှားမှုကို သိခြင်းသည်** ဝါယောဓာတ်ကို **ဝိတ္ထမ္ဘနလက္ခဏာ စသည်တို့ဖြင့် သိခြင်းပေ တည်း**။ ဤအရာ၌ ရပ်ထားသော တဘက်ခြေဆီသို့ ရောက် အောင် ဆွဲဆောင်မှုသည် **အတိဟာရဏ**, ၎င်းမှ ရှေ့သို့ လှမ်းမှု သည် **ဝီတိဟာရဏ** မည်၏-ဟု မူလဋီကာ၌ ဆိုသည်။)

ပန၊ ထိုမှတပါး။ ဝေါသဇ္ဇနေ၊ ခြေလှမ်းအရှိန်ကို စွန့်လွှတ် မှု၌။ တေဇော ဝါယောဓာတုယော၊ တေဇောဓာတ်, ဝါယော ဓာတ်တို့သည်။ ဩမတ္တာ ဟောန္တိ မန္ဒာ၊ သတ္တိညံ့ကုန်၏၊ အားနည်းကုန်၏။ ဣတရာ ဒွေ၊ ကြွင်းသောပထဝီ အာပေါဓာတ် ၂-ပါးတို့သည်။ အဓိမတ္တာ ဟောန္တိ ဗလဝတိယော၊ သတ္တိ

မှတ်ချက် အခိပ္ပါယ်

ထက်ကုန်၏၊ အားကြီးကုန်၏။ သန္နိက္ခေပန-သန္နိရုမ္ဘနေသု၊ ခြေကိုချမှု, ဖိ၍နင်းမှုတို့၌။ တထာ၊ ထိုစွန့်လွှတ်မှုနှင့် အတူ ပင်တည်း။

[ပထဝီဓာတုယာ အနုဂတာ အာပေါဓာတု ဝေါသဇ္ဇနဿ ပစ္စယော၊ **ဂရုတရသဘာဝါ ဟိ အာပေါဓာတု** ဟူသော ဋီကာနှင့်အညီ အာပေါဓာတ်သည် လေးသော သဘော ရှိသော ပထဝီဓာတ်ထက်ပင် သာ၍လေးသော သဘောရှိ၏။ ထို့ကြောင့်ပင် ယိုစီးကျခြင်း-**ပဂ္ဃရဏလက္ခဏာ** ရှိပေသည်၊ အရှိန်သတ်၍ ရပ်ဆဲ၌ ခြေ၏ လေးကျမှုသည် နောက်လိုက် အားပေးဖြစ်သော ပထဝီဓာတ်နှင့်တကွ အာပေါဓာတ်ဖြင့် ပြီး၏။ ထို့ကြောင့် အရှိန်သတ်ဆဲ ကျဆဲ၌ **လေးကျမှုကို သိခြင်းသည် အာပေါဓာတ်ကို ပဂ္ဃရဏလက္ခဏာဖြင့် သိခြင်း ပေတည်း**။ ထို့ပြင် အာပေါဓာတုယာ အနုဂတာ ပထဝီဓာတု သန္နိက္ခေပနဿ ပစ္စယော၊ **ပတိဋ္ဌာဘာဝေ ဝိယ ပတိဋ္ဌာပနေ**-ပိ တဿာ သာတိသယကိစ္စတ္တာ, အာပေါဓာတုယာ တဿာ အနုဂတဘာဝေါ၊ တထာ ဃဋ္ဋနကိရိယာယ ပထဝီဓာတုယာ ဝသေန သန္နိရုမ္ဘနဿ သိဇ္ဈနတော, တတ္ထာပိ ပထဝီဓာတုယာ အာပေါဓာတု အနုဂတဘာဝေါ-ဟူသော ဋီကာနှင့်အညီ ခြေကို မြေပြင် ကြမ်းပြင်ပေါ်တွင် ချထားဆဲ၌ တည်စေမှု ထင်ရှား၏။ **ပတိဋ္ဌာနရသာ** ဟူသည်နှင့်အညီ တည်ရာ ကိစ္စအားဖြင့် ထင်ရှားလေ့ရှိသော ပထဝီဓာတ်သည် တည်စေမှု၌လဲး လွန်ကဲ သော ကိစ္စရှိသောကြောင့် **ထိုတည်စေမှုသည် ပထဝီ၏ သတ္တိ ထူးပေတည်း**။ ထို့ကြောင့် ချထားမှု-တည်စေမှုသည် နောက်

မှတ်ချက် အဓိပ္ပါယ်

လိုက် အားပေးဖြစ်သော အာပေါဓာတ်နှင့်တကွ ပထဝီဓာတ်ဖြင့် ပြီး၏။ ဖိ၍နင်းဆဲ၌ ထိခိုက်မှုသည်လည်း ခက်မာကြမ်းတမ်းခြင်း လက္ခဏာရှိသော ပထဝီဓာတ်ဖြင့်ပင်ပြီး၏။ သို့ဖြစ်၍ ခြေကို ချထားဆဲ, ဖိနင်းဆဲတို့၌ **တည်စေမှု, ထိခိုက်မှု တို့ကို သိခြင်းသည် ပထဝီဓာတ်ကို ကက္ခဠတ္တလက္ခဏာ စသည် တို့ဖြင့်သိခြင်းပေတည်း။**

ဤအရာ၌ **ကိန်းသေမှတ်ရန်မှာ....** ခြေလက်စသည်တို့ကို ကြွချီရာ၌ **ပေါ့တက်မှုကို သိလျှင် တေဇောဓာတ်ကို သိသည်ဟု မှတ်၊ ဘေးသို့ ရွေ့ရှားမှုကို သိလျှင် ဝါယောဓာတ်ကို သိသည် ဟု မှတ်၊ အောက်သို့လေးကျမှုကို သိလျှင် အာပေါဓာတ်ကို သိသည်ဟုမှတ်၊ တိုက်ခိုက်ထိပါးမှုကို သိလျှင် ပထဝီဓာတ်ကို သိသည်ဟုမှတ်။** ဤနည်းဖြင့် ခြေတလှမ်းအတွင်း, လက်ခြေ တကွေးတဆန့် အတွင်းမှာပင် ဓာတ် ၄-ပါးလုံးကို ပိုင်းခြား၍ သိမှုပြီးစီးသည်ဟု မှတ်အပ်၏။]

တတ္ထ၊ ထိုကြွမှု စသည်တို့တွင်။ ဥဒ္ဓရဏေ ပဝတ္တာ၊ ကြွခိုက်၌ မပြတ် ဖြစ်ကုန်သော။ ရူပါရူပဓမ္မာ၊ ကြွချီလိုသော စိတ်နာမ်နှင့် ကြွတက်မှု ရုပ်တရားတို့သည်။ အတိဟရဏံ နပါပုဏန္တိ၊ ဆွဲဆောင်ခိုက်သို့ မရောက်ကုန်။ (ရူပါရူပဓမ္မာတိ ဥဒ္ဓရဏာ့ကာရေန ပဝတ္တာ ရူပဓမ္မာ, တံသမုဋ္ဌာပကာ အရူပ-ဓမ္မာ စ-ဋီကာဖွင့်။ ဤအရာ၌ မှတ်သိမှု နာမ်တို့ကိုလဲ ယူသင့် သေး၏။ အပြစ်ကား... ၎င်းမှတ်သိမှုကို ထိုခဏ၌ပင် ချုပ် ပျောက်သွားသည်ဟု မထင်မြင်လျှင် ငါတယောက်တည်းက

ပင် အမြဲမှတ်သိနေသည်ဟု နိစ္စသညာ, အတ္တသညာ ဖြစ်လေရာ၏။ အမှန်အားဖြင့်မူကား မှတ်ဆဲ မှတ်ဆဲမှာပင် မှတ်သိမှု၏ ချုပ်ပျောက်သွားပုံကို ယောဂီသည် ဥဒယဗ္ဗယဉာဏ်မှစ၍ ထင်ရှားစွာ သိပေ၏။ ဘင်္ဂဉာဏ်မှစ၍ အထူးသဖြင့် ရှင်းလင်းပြတ်သား ထင်ရှားစွာ သိပေ၏။ ထို့ကြောင့် မှတ်သိမှု နာမ်ကိုလဲ ယူသင့်ပေသည်။ ဤအရာ၌ ဋီကာဆရာ ဖွင့်ပြ မထားခြင်းမှာ **သမ္မသနဉာဏ်ကို ရည်ရွယ်သည်** ဟု မှတ်သင့်ပေတော့သည်။) အတိဟရဏေ ပဝတ္တာ၊ ဆွဲဆောင်ခိုက်၌ မပြတ်ဖြစ်သော ရုပ်နာမ်တရားတို့သည်။ ဝီတိဟရဏံ န ပါပုဏန္တိ၊ လှမ်းခိုက်သို့ မရောက်ကုန်။ ဝီတိဟရဏေ ပဝတ္တာ၊ လှမ်းခိုက်၌ မပြတ်ဖြစ်သော ရုပ်နာမ်တို့သည်။ ဝေါသဇ္ဇနံ န ပါပုဏန္တိ၊ အရှိန်လွှတ်ခိုက်သို့ မရောက်ကုန်။ ဝေါသဇ္ဇနေ ပဝတ္တာ၊ အရှိန်လွှတ်ခိုက်၌ မပြတ်ဖြစ်သော ရုပ်နာမ်တို့သည်။ သန္နိက္ခေပနံ န ပါပုဏန္တိ၊ ချထားခိုက်သို့ မရောက်ကုန်။ သန္နိက္ခေပနေ ပဝတ္တာ၊ ချထားခိုက်၌ မပြတ်ဖြစ်သော ရုပ်နာမ်တို့သည်။ သန္နိရုမ္ဘနံ န ပါပုဏန္တိ၊ ဖိ၍ နင်းဆဲသို့မရောက်ကုန်။ တတ္ထ တတ္ထေဝ၊ ထိုထိုကြွခိုက်စသော ခဏ၌သာလျှင်။ ပဗ္ဗံ ပဗ္ဗံ၊ တဆစ်စီ အပိုင်း အပိုင်း။ သန္ဓိ သန္ဓိ၊ တစပ်စီ အကန့် အကန့်။ဩဓိ ဩဓိ ဟုတွာ၊ တခြားစီ အပြတ် အပြတ်ဖြစ်လျက်။ တတ္တကပါလေ ပက္ခိတ္တတိလာ ဝိယ ပဋပဋာယန္တာ၊ လောလောပူသော အိုးကင်းထဲ၌ ပစ်ထည့်အပ်သော နှမ်းစေ့တို့သည် တဖဋ်ဖဋ် တဖျတ်ဖျတ် မြည်ကုန်လျက် ပေါက်ကွဲကုန်ဘိသကဲ့သို့”။ ဘိဇ္ဇန္တိ၊ ပျက်စီးကုန်၏။

မှတ်ချက် အခိပ္ပါယ်

[ဤအရာ၌ အသိခက်သော ဋီကာပါဌ်ကို ဗဟုသုတ အလို့ငှါ ထုတ်ပြဦးအံ့။ ။အတိက္ကန္တရော ဟိ ရူပမမ္မာနံပိ ပဝတ္တိက္ခဏော, ဂမနဿာဒါနံ ဒေဝပုတ္တာနံ ဟေဋ္ဌုပရိယေန ပဋိမုခံ ဓာဝန္တာနံ သိရသိ ပါဒေ စ ဗဒ္ဓခုရဓာရာ သမာ-ဂမတောပိ သီဃတရော။ ။ရူပမမ္မာနံပိ ပဝတ္တိက္ခဏော၊ ရုပ်တရားတို့၏ ဖြစ်ရာခဏသည်လည်း။ အတိက္ကန္တရော၊ အလွန်ပင် တိုတောင်းလှချေ၏။ ဟေဋ္ဌုပရိယေန၊ အောက်လမ်းက တယောက်, အထက်လမ်းက တယောက် အောက်အထက် ဆင့်လျက်ရှိသော ကောင်းကင်လမ်းဖြင့်။ ပဋိမုခံ ဓာဝန္တာနံ၊ ရင်ဆိုင်ပြေးသွားကုန်စဉ်။ ဝါ၊ ရင်ဆိုင်ပြေးသွားကုန်သော။ ဂမနဿာဒါနံ ဒေဝပုတ္တာနံ၊ အပြေးကြိုက်သော နတ်သား ၂-ယောက်တို့၏။ သိရသိ စ၊ (အောက်နတ်သား၏) ခေါင်းပေါ်၌၎င်း။ ပါဒေ စ၊ (အထက်နတ်သား၏) ခြေဖဝါး၌၎င်း။ ဗဒ္ဓခုရဓာရာသမာဂမတောပိ၊ ဖီလာကန့်လန့် ဖွဲ့တပ်ထားသော အောက် အထက် သင်တုန်းသွား ၂-ခုတို့၏ တည့်တည့်ဆုံမိရာ ခဏထက်သော်လည်း။ သီဃတရော၊ သာ၍ လျင်မြန်ချေသေး၏။

အပြေး ဝါသနာပါသော နတ်သား ၂-ယောက်တွင် ၁-ယောက်က အနောက်မှ အရှေ့သို့ ပြေးလာစေ၊ သူ့ ခေါင်းပေါ်၌ သင်တုန်းဓားကို အသွားထောင်လျက် ကန့်လန့် ဖြတ် တပ်ထားစေ၊ အခြားတယောက်က အရှေ့မှ အနောက် သို့ ပြေးလာစေ၊ သူ့ခြေဖဝါး၌ သင်တုန်းဓားကို အသွားစိုက် လျက် ကန့်လန့်ဖြတ် တပ်ထားစေ၊သူ၏ ပြေးလာရာလမ်းမှာ

မှတ်ချက် အဓိပ္ပါယ်

အနောက်မှ ပြေးလာသော နတ်၏ ခေါင်းပေါ်တည့်တည့်၌ ဖြစ်စေ၊ ဤသို့ အလွန်လျင်မြန်စွာ ရင်ဆိုင်ပြေးလာသော နတ်သားနှစ်ဦးတို့ အချင်းချင်း တွေ့ဆုံပြီး လွန်သွားသော ခဏပင် တိုတောင်းလှချေမည်။ အောက်နတ်၏ ခေါင်းက သင်တုန်းသွားနှင့် အထက်နတ်သား၏ခြေက သင်တုန်းသွား တို့ တည့်ပြီး လွဲသွားသောခဏမှာ သာ၍ပင် တိုတောင်း ပေမည်။ တစက္ကန့်ကို အပုံတသိန်းပုံ၍ တပုံခန့်ပင်ရှိမည် မဟုတ်ပေ။ ရုပ်၏ **ဥပါဒ်-ဌီ-ဘင်** ဟူသော **ဖြစ်ဆဲခဏသည်** ထို့ထက်ပင် လျင်မြန်သေးသည်ဟု ဆိုလို၏။ လေယာဉ်ပျံ ၂-စင်း လမ်းလွဲရာတွင် မြန်ပုံနှင့်လဲး ဥပမာ ပြုသင့်၏]။

တတ္ထ၊ ထိုသို့ လျင်မြန်စွာ ပျက်နေသော ရုပ်နာမ်ထဲ၌။ **ကော** အဘိက္ကမတိ၊ ရှေ့သို့သွားတတ်သူ တယောက်သည်။ ကော၊ အဘယ်မှာရှိအံ့-ဟုတ်အံ့နည်း၊ မရှိသည်-မဟုတ်သည် သာတည်း။ (**ကိံ သဒ္ဒါ ပဋိက္ခေပ** အနက်၌ဖြစ်၏)။ ကဿ ဝါ **ကော**ဿ အဘိက္ကမနံ၊ အဘယ်သို့သော သူတယောက်၏ ရှေ့သို့ သွားမှုသော်လည်း ဟုတ်နိုင်အံ့နည်း- ဘယ်သူတယောက်၏ သွားမှုမျှ မဟုတ်ချေ။ ပရမတ္ထတော ဟိ၊ မျက်မှောက်သိအပ် သော အမှန်သဘောအားဖြင့် မူကား။ ဓာတူနံယေဝ ဂမနံ၊ သတ္တဝါကောင်, အသက်ကောင် မဟုတ်သော ရုပ်-နာမ် ဓာတ် သဘောတို့၏သာလျှင် သွားမှုပေတည်း။ ဓာတူနံ ဌာနံ၊ ဓာ- တူနံ နိသဇ္ဇာ၊ ဓာတူနံ သယနံ၊ ဓာတ်သဘောတို့၏ သာလျှင် ရပ်မှု, ထိုင်မှု, လျောင်းမှုပေတည်း။ ဟိ၊ (နာမ်တရားလဲး ထိုထို ခဏမှာပင် ချုပ်ပျောက်သွားသည်၊ သွားတတ်သော

သတ္တဝါကောင် မရှိဟုဆိုသော) ထိုစကားမှန်ပေ၏။ တသ္မိံ တသ္မိံ ကောဋ္ဌာသေ၊ ကြွမှုဆွဲဆောင်မှုစသော ထိုထိုအဘို့၌။ ရူပေန သဒ္ဓိံ၊ ကြွမှုစသော ရုပ်နှင့်တကွ။ အညံ စိတ္တံ နိရုဇ္ဈတိ၊ ကြွလိုမှု၊ ကြွတယ်ဟု မှတ်သိမှုစသော တခြား တပါးစိတ် ပောင်း ချုပ်သွား၏=ချုပ်သွားသော စိတ်ကတခြားတပါး ပေတည်း။ အညံ စိတ္တံ ဥပ္ပဇ္ဇတေ၊ဆွဲလိုမှု၊ ဆွဲတယ်ဟု မှတ်သိမှုစသော တခြားတပါး စိတ်သစ်ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်လာသော စိတ်က တခြားတပါး ပေတည်း။ စိတ္တသန္တာနေ၊ ရှေးနောက်စိတ်တို့၏ အစဉ်သည်။ အဝီစိ အနုသမ္ဗန္ဓော၊ အခြားအပြတ် မထင်အောင် အစဉ်ဆက်စပ်လျက်။နဒီသော-တော ဣဝ၊ မြစ်ရေအယဉ်ကဲ့သို့။ ဝတ္တတိ၊ ဖြစ်နေပေ၏။ "ဣတိ ပဇာနာတိ၊ ဤသို့သိပေ၏"။ (ဣတိ ပဇာနာတိ-ဟူသော ဤ ၂-ပုဒ်သည် အဋ္ဌကထာစာမူ၌ လိုနေ၏။ မူလရေးရင်းက ဤ၂-ပုဒ်လဲ ကေန်ပင် ပါရှိရမည်သာတည်း။ မပါရှိလျှင် **ဘိက္ခု အသမ္မုယှန္တော-** ဟူသော ပုဒ်တို့၏ စပ်စရာ ပဓာနကြိယာ မရှိတော့ချေ။ သို့ဖြစ်၍ ဤ၌ထည့်၍ အနက်ပေးလိုက်သည်)။ ။ဧဝံ၊ ဤဆိုအပ်ခဲ့သောနည်းဖြင့်။ အဘိက္က-မာဒီသု၊ ရှေ့သို့သွားမှု စသည်တို့၌။ **အသမ္မုယှန္တံ၊** မတွေဝေခြင်း=အမှန်အတိုင်း ရှင်းလင်းစွာ သိခြင်းသည်။ အသမ္မော-ဟသမ္ပဇညံ နာမ၊ **အသမ္မောဟသမ္ပဇဉ်** မည်ပေ၏။

**ဆိုလိုရင်းအချုပ်မှာ....** ရှေ့သို့သွားတိုင်း၊ နောက်သို့ ပြန်ဆုတ်တိုင်း၊ ယိမ်းယိုင်လှုပ်ရှားတိုင်း စေ့စေ့စပ်စပ် **မပြတ်သိမှုက ဂေါစရသမ္ပဇဉ်** ပေတည်း၊ဤသမ္ပဇဉ် **အားရှိသောအခါ၌**

မှတ်ချက် အမိပ္ပါယ်

**သုံးသပ်ဆင်ခြင်မှု သမ္မသနဉာဏ်** ဖြစ်ပေါ်၏။ ထိုအခါမှစ၍ အထူးကောင်းသော မှတ်ချက်များ၌ **မျက်စိလည် ပြေသွားသကဲ့သို့** မတွေ့မဝေရှင်းလင်းစွာ **သိသိသွား၏**။ သိပုံမှာ-သွားတယ် သွားတယ် စသည်ဖြင့် မှတ်နေရင်းပင် သွားမည်ဟု ကြံသောစိတ်ဖြစ်ပေါ်ပြီး ချုပ်ပျောက် သွားသည်ကိုလဲ မျက်မှောက်တွေ့လျက်သိ၏။ ထိုစိတ်ကြောင့် တောင့်တင်း လှုပ်ရှားမှု အဆင့်ဆင့် ဖြစ်ပေါ်လာသည်ကိုလဲ မျက်မှောက်တွေ့လျက် သိ၏။ ထိုတောင့်တင်း လှုပ်ရှားမှုများကြောင့် တကိုယ်လုံးရှိ ရုပ်အပေါင်း တရွေ့ရွေ့ချင်း ရွေ့ရှားလျက် ဖြစ်ပျက် သွားသည်ကိုလဲ မျက်မှောက် တွေ့လျက်သိ၏။ ကွခိုက် စသည်၌လဲ....ကွတယ် စသည်ဖြင့် မှတ်နေရင်းပင် ကွလိုမှု, ကွတက်မှု, ဤသို့စသော နာမ်ရုပ်တို့သည် ဆွဲဆောင်ခိုက် စသည်သို့ မရောက်ဘဲ ထိုထိုခဏမှာပင် အပိုင်း အပိုင်း ပြတ်လျက် ကုန်ပျောက် ကုန်ပျောက်သွားသည်ကို မျက်မှောက်တွေ့လျက် သိ၏။ ထို့ကြောင့် ယောဂီမှာ ထိုသို့သောကာလ၌ **မျက်စိလည်ပြေသွားသကဲ့သို့ပင်** ရှင်းလင်းစွာ အထူးသိမှု ဖြစ်ပေါ်ပြန်လေသည်။ ဖြစ်ပုံမှာ....“သွားမှု စသည်ကို ပြုလုပ်တတ်သော သတ္တဝါကောင်, ငါကောင်ကား မရှိပြီ၊ ခဏမစဲ ဖြစ်ပျက်နေသော ရုပ်နာမ် သဘောတရားမျှသာ ရှိချေသည်၊ မမြဲသော တရားချည်းသာ၊ ဆင်းရဲချည်းသာ၊ သွားချင်မှု, သွားမှုစသည်မှာလဲ သဘောတရားတို့၏ အမူအရာမျှသာ” ဟူ၍ မတွေ့မဝေ ရှင်းလင်းစွာ ဆုံးဖြတ်လျက် အသိဉာဏ်ထူး ဖြစ်ပေါ်၏။ **ဤအသိဉာဏ်သည် အသမ္မောဟသမ္ပဇဉ်** ပေ

*အာလောကိတေ၊တည့်တည့်ကြည့်လတ်သော်၊ ဝိလော-ကိတေ၊ စောင်းငဲ့၍ ကြည့်လတ်သော်။ သမ္ပဇာနကာရီ၊ သိလျက် ပြုသည်။ ဟောတိ၊ ဖြစ်၏။

---

မှတ်ချက် အဓိပ္ပါယ်

တည်း။ ဤသမ္ပဇဉ်မှာ ရှုမှတ်မှု ဂေါစရသမ္ပဇဉ်နှင့် ကင်း၍ အသီးအခြားမဖြစ်နိုင်။ ဂေါစရသမ္ပဇဉ်အရ ရှုမှတ်နေရင်းသာလျှင် ဖြစ်ပေါ်လာနိုင်ပေသည်၊ အဋ္ဌကထာ၌လဲ **ရှုမှတ်နေရင်း ဖြစ်ပေါ်လာပုံကိုသာ ရည်ရွယ်၍** ဤ အသမ္မောဟသမ္ပဇဉ်ကို ပြထားပေသည်။ သို့ဖြစ်၍ ယောဂီသည် ဤ အသမ္မောဟ သမ္ပဇဉ် ဖြစ်ပေါ်စေရန် ရှုမှတ်မှု ဂေါစရသမ္ပဇဉ်ကိုသာလျှင် မပြတ် ပွါးစေအပ်၏။

* ဤအရာ၌ တည့်တည့် ကြည့်ခြင်း, စောင်းငဲ့၍ ကြည့်ခြင်း-ဤ ၂-မျိုးသာလျှင် ယောဂီတို့နှင့် လျော်သောကြောင့် တိုက်ရိုက် ဖော်ပြထားပေသည်၊ ငုံ့၍ကြည့်ခြင်း, မော်၍ ကြည့်ခြင်း, ပြန်၍ကြည့်ခြင်းတို့ကိုကား မလျော်သောကြောင့် ပြမထားပေ။ သို့သော် ၎င်းတို့ကိုလဲ နည်းတူပင် ရှုမှတ်အပ်သည်သာတည်း။ ထို့ကြောင့် ကြည့်တိုင်း ကြည့်တိုင်း ကြည့်လိုသော စိတ်မှစ၍ "ကြည့်ချင်တယ်, ကြည့်တယ်, မြင်တယ်" စသည်ဖြင့် မလွတ်အောင် ရှုမှတ်အပ်၏၊ဤသို့ ရှုမှတ်ခြင်းသည် **ဂေါစရသမ္ပဇဉ်** ပေတည်း။ အဋ္ဌကထာ၌ ပြဆိုထားသည်မှာ.... သမထ ယောဂီတို့သည် မိမိ၏ ကမ္မဋ္ဌာန်းကို အလေးပြုလျက် ကြည့်ရမည်ဟု ဆိုထား၏။ ကျီးသည် အစာကိုကြည့်ရာ၌ ရန်သူကိုလဲ ကြည့်သေးသကဲ့သို့ ယောဂီသည်လည်း ကြည့်လိုရာကို ကြည့်သော်လဲ မိမိ၏ကမ္မဋ္ဌာန်း၌ နှလုံးသွင်းမှုကိုကား

မှတ်ချက် အစိပ္ပါယ်

မစွန့်ရ၊ ကြည့်လိုရာကို တလှည့် ကမ္မဋ္ဌာန်းကို တလှည့် နှလုံးသွင်းရမည်။ ကမ္မဋ္ဌာန်းကို နှလုံးသွင်းမှုဘက်မှာ စိတ်များများထားရမည်ဟု ဆိုလိုပေ၏။ ခန္ဓာ အာယတန ဓာတ်တို့ကို ရှုမှတ်ရသော ဝိပဿနာ ယောဂီတို့သည်ကား မိမိ၏ ရှုမှတ်မြဲကမ္မဋ္ဌာန်းအတိုင်းပင် ရှုမှတ်လျက် ကြည့်ရမည်ဟု ဆိုထားပေ၏။ မှန်ပေ၏၊ ကြည့်လိုမှု ကြည့်မှု စသည်တို့သည်လည်း ဝိပဿနာ၏ အာရုံများပင် ဖြစ်သောကြောင့် ကြည့်လိုမှုကို မှတ်သိလျှင် နာမက္ခန္ဓာ ၄-ပါး, နာမ်အာယတန ၂-ပါး, နာမ်ဓာတ် ၂-ပါးကို သိသော ဝိပဿနာဉာဏ်ဖြစ်၏၊ ထိုစိတ်ကြောင့် ဖြစ်ပေါ်သော မျက်စိဖွင့်မှု, မျက်လုံးလှည့်မှု, ခေါင်း မျက်နှာပြုပြင်မှုတို့ကို မှတ်သိလျှင်လဲ ရုပ် ခန္ဓာ, အာယတန, ဓာတ်တို့ကို သိသော ဝိပဿနာဉာဏ်ဖြစ်၏၊ စူးစိုက်၍ ကြည့်မှု, မြင်မှု စသည်ကို မှတ်သိလျှင်လဲ ခန္ဓာ ငါးပါး, အာယတနလေးပါး, ဓာတ်လေးပါးတို့ကို သိသော ဝိပဿနာဉာဏ် ဖြစ်၏။ ဆက်လက်၍ ဆင်ခြင်မှုကို မှတ်ရပြန်သေးလျှင်းလဲ ထိုဆင်ခြင်မှု နာမ်ခန္ဓာ အာယတန ဓာတ်တို့ကို သိသော ဝိပဿနာဉာဏ် ဖြစ်သေးသည်သာတည်း၊ သို့ဖြစ်၍ ကြည့်လိုမှု စသည်ကိုမလွတ်အောင် ရှုမှတ်နေသော ယောဂီမှာ **ဂေါစရသမ္ပဇဉ် ထက်သန်အားရှိသော အခါ၌** "ကြည့်လိုမှု စိတ်ကြောင့် မျက်လုံး မျက်နှာပြုပြင်သော အမူအရာဖြင့် လှုပ်ရှား တွန်းဆောင်မှုများနှင့် ကြည့်မှု, မြင်မှု, ဆင်ခြင်မှုများသာ အသီးအသီး ဖြစ်ပျက်သွားကြသည်၊ ကြည့်လိုမှု, မျက်လုံး မျက်နှာ ပြုပြင်မှု စသည်တို့ကို ပြုလုပ်တတ်သော **အတ္တ**

* သမိဉ္ဇိတေ၊ ဆန့်ထားသော လက်ခြေကို ကွေးလတ်သော်။ ပသာရိတေ၊ ကွေးထားသော လက်ခြေကို ဆန့်လတ်သော်။ သမ္ပဇာနကာရီ၊ သိလျက်ပြုသည်။ ဟောတိ၊ ဖြစ်၏။

သင်္ဃာဋိ ပတ္တ စီဝရ ဓာရဏေ၊ သင်္ကန်းကြီးနှင့် သပိတ် သင်္ကန်းကို ဝတ်ရုံ ကိုင်တွယ် လတ်သော်။ သမ္ပဇာနကာရီ၊ သိလျက် ပြုသည်။ ဟောတိ၊ ဖြစ်၏။

---

မှတ်ချက် အဓိပ္ပါယ်

ကောင် ငါကောင်ကား မရှိပြီ"ဟု မတွေ့ မဝေ ရှင်းလင်းစွာ သိသော **အသမ္မောဟသမ္ပဇဉ်သည် အလိုလိုပင် ဖြစ်ပေါ်လာပေ၏။**

* လက် ခြေတို့ကို ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှား ပြုပြင်တိုင်း "ကွေးတယ်, ကွေးတယ်"စသည်ဖြင့် စေ့စေ့ စပ်စပ် စူးစိုက်၍ မှတ်အပ်၏။ **သမာဓိဉာဏ်အားရှိသော အခါ၌** ကွေး ဆန့် ပြုပြင်လိုသော စိတ်များကိုလဲ မှတ်သိနိုင်၍ "ကွေးမှု စသည်ကို ပြုလုပ်တတ်သော အတ္တကောင်, ငါကောင်ဟူ၍ မရှိ၊ **ခဏမစဲ** ဖြစ်ပျက်နေသော ရုပ် နာမ် သဘောတရား မျှသာ ရှိသည်၊ မမြဲဆင်းရဲသော သဘောတရားမျှသာ ရှိသည်"ဟု မတွေ့မဝေ ရှင်းလင်းစွာသိမှု **အသမ္မောဟ သမ္ပဇဉ်သည် အလိုလိုပင် ဖြစ်ပေါ်၏။** ဤမှစ၍ ရေးသင့်သော မှတ်ချက် အဓိပ္ပါယ်များမှာ ဝိပဿနာ ရှုနည်းကျမ်း အခန်း (၄) တွင် ပါရှိနေပြီ ဖြစ်၍ အထူးလိုရာ၌သာ ရေးတော့မည်၊ မလိုရာ၌ ရေးတော့မည် မဟုတ်ပေ။ သို့ဖြစ်၍ ဆိုင်ရာ

အသိတေ၊ စားလတ်သော်။ ပီတေ၊ သောက်လတ်သော်။ ခါယိတေ၊ ခဲလတ်သော်။ သာယိတေ၊ လျက်လတ်သော်။ သမ္ပဇာနကာရီ၊ သိလျက်ပြုသည်။ ဟောတိ၊ ဖြစ်၏။

[၁] ဥစ္စာရ ပဿာဝ ကမ္မေ၊ ကျင်ကြီး ကျင်ငယ် စွန့်မှုကို ပြုလတ်သော်။ သမ္ပဇာနကာရီ၊ သိလျက်ပြုသည်။ ဟောတိ၊ ဖြစ်၏။

ဂတေ၊ သွားလတ်သော်။ ဌိတေ၊ ရပ်လတ်သော်။ နိသိန္နေ၊ ထိုင်လက်သော်။ [၂] သုတ္တေ၊ အိပ်ပျော်လတ်သော်။ ဇာဂရိတေ၊ နိုးတတ်သော်။ ဘာသိတေ၊ စကားပြောလတ်သော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေလတ်သော်။ သမ္ပဇာနကာရီ၊ သိလျက်ပြုသည်။ ဟောတိ၊ ဖြစ်၏။

---

မှတ်ချက် အဓိပ္ပါယ်

အဓိပ္ပါယ်များကို ဝိပဿနာ ရှုနည်းကျမ်း ပဌမတွဲ နှာ ၃၁၁-စသည်မှာ ကြည့်ရှုကြပါလေ။

၁-ဝိပဿနာ ဟူသည်မှာ အယုတ် အမြတ် မရွေးရ၊ **ထင်ရှားသိနိုင်၍ နိစ္စ သုခ အတ္တဟု စွဲလမ်းနိုင်သမျှ ရုပ်နာမ် အမှုအရာ အလုံးစုံကို ကုန်စင်အောင် ရှုမှတ်ရပေသည်။** ထို့ကြောင့် ဤ၌ ကျင်ကြီး ကျင်ငယ် စွန့်မှုများကိုလဲ ရှုမှတ်ရန် ညွှန်ပြထားပေသည်။

၂-အိပ်ပျော်ရာ၌ မှတ်သိပုံကို ဝိပဿနာ ရှုနည်းကျမ်း ပဌမတွဲ နှာ ၃၁၅-မှာ ကြည့်ပါလေ။

ဣတိ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ ရုပ်အပေါင်း ကိုယ်၌မူလည်း။ ။(ဤမှစ၍ ဣရိယာပထပိုင်း အနက်နှင့်တူပြီ။ ။အတ္ထိ ကာယောတိ ဝါ ပနဿ-၌...“အတ္ထိ ကာယောတိ-ရှေးသို့ သွားမှု စသော ရုပ်အပေါင်းမျှသာ ရှိသည်ဟု...” ဤသို့ ပြင်၍ ဆိုလေ၊ ဤမျှသာ ထူးတော့သည်)။

သမ္ပဇညပဗ္ဗံ၊ မှန်စွာအပြားအားဖြင့် သိမှု-သမ္ပဇဉ်ကို
ပွါးစေပုံ အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

## ၁-ကာယာနုပဿနာ ၄-ပဋိက္ကူလမနသိကာရပဗ္ဗ

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ, အဓော ကေသမတ္ထကာ, တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ....အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ*မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။ သေယျထာပိ ဘိက္ခဝေ ဥဘတောမုခါ ပုတောဠိ ပူရာ နာနာဝိဟိတဿ ဓညဿ၊ သေယျထိဒံ....သာလီနံ ဝီဟီနံ မုဂ္ဂါနံ မာသာနံ တိလာနံ တဏ္ဍုလာနံ။ တမေနံ စက္ခုမာ ပုရိသော မုဉ္စိတွာ ပစ္စဝေက္ခေယျ....ဣမေ သာလီ, ဣမေ ဝီဟီ, ဣမေ မုဂ္ဂါ, ဣမေ မာသာ, ဣမေ တိလာ, ဣမေ တဏ္ဍုလာတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ, အဓော ကေသမတ္ထကာ, တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ....

---

မှတ်ချက် အမိပ္ပါယ်

* ဤပုဒ်သည် မဇ္ဈိမနိကာယ်-မူလပဏ္ဏာသ ရှေးမူတွင် ကရီသံ ပုဒ်၏ နောက်၌ မရှိဘဲ မုတ္တံ-ပုဒ်၏ နောက်၌ "မုတ္တံ မတ္ထလုင်္ဂန္တိ"ဟု ရှိလေသည်။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ- ^၁^ပေ-မုတ္တန္တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ^၂^ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ^၂^ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိ- တော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ပဋိကူလမနသိကာရပဗ္ဗံ နိဋ္ဌိတံ။

---

မှတ်ချက် အဓိပ္ပါယ်

၁-ဤပေယျာလဖြင့် ရှေးမှာရှိပြီးသော ပါဌ်များအတိုင်း အပြည့်အစုံထုတ်ဖော်ရန်ညွှန်ပြသည်။

၂-**သမုဒယဓမ္မာနုပဿီ၊ ဝယဓမ္မာနုပဿီ၊ အနိဿိတော၊ န စ ကိဉ္စိ ဥပါဒိယတိ**-ဟူသော ပုဒ်များဖြင့် ဤပဋိကူလ ပိုင်း၌လဲ ဝိပဿနာကိုသာ ပဓာနပြု၍ ဟောကြောင်း ထင် ရှားလှပေ၏။ အကြောင်းမူကား....သမထ သက်သက်ဖြင့် အဖြစ်အပျက်ကိုလဲ မသိမမြင်နိုင်ချေ၊ တဏှာ, ဒိဋ္ဌိ, အမှီ-အစွဲ ကိုလဲ မကင်းစေနိုင်ချေ၊ ဝိပဿနာဖြင့်သာလျှင် အဖြစ် အပျက်ကို သိမြင်၍ အမှီအစွဲကိုလဲ ကင်းစေနိုင်ပေသည်။ သို့ဖြစ်၍ ဤ **ပဋိကူလပိုင်း၌လဲ ဝိပဿနာဖြစ်သေးသည်** ဟု

## ၁-ကာယာနုပဿနာ ၄-ပဋိကူလမနသိကာရပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ ဥဒ္ဓံ ပါဒတလာ၊ ခြေဖဝါးပြင်မှ အထက်၌ *ရှိသော။ အဓော ကေသမတ္ထကာ၊ ဆံပင်ဖျားမှ အောက်၌*ရှိသော။ တစပရိယန္တံ၊ ဘေးပတ်ဝန်းကျင်အားဖြင့် အရေပါး အဆုံး*ရှိသော။ ပူရံ နာနပ္ပကာရဿ အသုစိနော၊ အမျိုးမျိုးသော ရွံရှာဘွယ်ဖြင့် ပြည့်လျက်*ရှိသော။ ဣမမေဝ ကာယံ၊ (မိမိ၏ ရုပ်အပေါင်း) ဤကိုယ်ကိုပင်လျှင်။ ပစ္စဝေက္ခတိ၊ စူးစိုက်၍ ရှု-ဆင်ခြင်၏။

---

မှတ်ချက် အဓိပ္ပါယ်

မှတ်အပ်၏။ အဘယ်သို့ ဖြစ်သနည်း ဟူမူ....ဆံပင်မွေးညှင်း စသည်ဖြင့် ရှုသော (ဥပစာ-အပ္ပနာ ဈာန်) စိတ်များကို တဖန်မှတ်လျက် ဆံပင်မွေးညှင်းစသော ရုပ်အာရုံနှင့်တကွ ထိုရှုသော ဈာန်စိတ်၏ အဖြစ်အပျက်ကို ယောဂီသည် ထင်ရှားသိမြင်နိုင်ပေ၏။ ဤသို့သိမြင်တိုင်း သိမြင်တိုင်း ရှုမိသော ရုပ်အာရုံ၌ရင်း၊ ရှုသော ဈာန်စိတ်၌ရင်း တဏှာဒိဋ္ဌိ အစွဲအမှီ ကင်း၏။ သို့ဖြစ်၍ ဆံပင်မွေးညှင်း စသည်ဖြင့် ရှုသော ဈာန်စိတ်နှင့်တကွ ဆံပင် မွေးညှင်းစသော အာရုံရုပ်၏ ပေါ်လာမှု ပျောက်သွားမှု ဟူသော အဖြစ်အပျက်ကို (မှတ်တိုင်း မှတ်တိုင်း)သိမြင် သွားခြင်းကိုပင် **သမုဒယဝယာနုပဿီ** စသည်ဖြင့် ဟောတော်မူသည် ဟူ၍ရင်း၊ တဏှာဒိဋ္ဌိ အစွဲအမှီကို ကင်းစေသော ဝိပဿနာဖြစ်သည် ဟူ၍ရင်း မှတ်အပ်ပေ၏။

* ရှိသော-ဟူသော ဤဝိသေသန ပုဒ်များကို "ဤကိုယ်ကို"ဟူသောပုဒ်နှင့် စပ်လေ။

ဣမသ္မိံ ကာယေ၊ ဤကိုယ်ထဲ၌။ အတ္ထိ၊ ရှိကြသော အရာဝတ္ထုတို့မှာ။ ကေသာ-ဆံပင်တို့။ လောမာ-မွေးညှင်းတို့။ နခါ-လက်သည်း ခြေသည်းတို့။ ဒန္တာ-သွားတို့။ တစော-အရေ။ မံသံ-အသား။ နှာရု-အကြော။ အဋ္ဌိ-အရိုး။ အဋ္ဌိမိဉ္ဇံ-ရိုးတွင်းခြင်ဆီ။ ဝက္ကံ-အညှို့။ ဟဒယံ-နှလုံး။ ယကနံ-အသည်း။ ကိလောမကံ-အမြှေး။ ပိဟကံ-အဖျဉ်း။ ပပ္ဖါသံ-အဆုတ်။ အန္တံ-အူမ။ အန္တဂုဏံ-အူသိမ်။ ဥဒရိယံ-အစာသစ်။ ကရီသံ-အစာဟောင်း-ကျင်ကြီး။ မတ္ထလုင်္ဂံ-ဦးနှောက်။ ပိတ္တံ-သည်းခြေ။ သေမှံ-သလိပ်။ ပုဗ္ဗော-ပြည်ပုပ်။ လောဟိတံ-သွေး။ သေဒေါ-ချွေး။ မေဒေါ-အဆီခဲ။ အဿု-မျက်ရည်။ ဝသာ-ဆီကြည်။ ခေဠော-တံထွေး။ သိင်္ဃာဏိကာ-နှပ်။ လသိကာ-အစေး။ မုတ္တံ-ကျင်ငယ်။ ဣတိ၊ ဤ ရွံရှာဘွယ်များသော ရှိကြသည်ဟု စူးစိုက်၍ ရှု-ဆင်ခြင်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာအားဖြင့်။ ဥဘတောမုခါ၊ အထက်နှင့်အောက် နှစ်ဖက်လုံးတွင် အပေါက်ရှိသော။ ပုတောဠိ၊ အိတ်သည်။ နာနာဝိဟိတဿ ဓညဿ၊ အမျိုးမျိုးသော စပါးဖြင့်။ ပူရာ၊ ပြည့်လျက်ရှိသည်။ အဿ၊ ဖြစ်ရာ၏။ သေယျထိဒံ၊ အဘယ်စပါးမျိုးတို့ဖြင့် ပြည့်သနည်းဟူမူ။ သာလီနံ၊ သလေးခေါ် စပါးနုတို့ဖြင့်၎င်း။ ဝီဟီနံ၊ ကောက်ကြမ်းခေါ် စပါးကြမ်းတို့ဖြင့်၎င်း။ မုဂ္ဂါနံ၊ ပဲနောက်တို့ဖြင့်၎င်း။ မာသာနံ၊ ပဲကြီးတို့ဖြင့်၎င်း။ တိလာနံ၊ နှမ်းတို့ဖြင့်၎င်း။ တဏ္ဍုလာနံ၊ ဆန်တို့ဖြင့်၎င်း။ ပူရာ အဿ၊ ပြည့်လျက်ရှိရာ၏။ တမေနံ မုဉ္စိတွာ၊ ထိုစပါးမျိုးအိတ်ကိုဖြေ၍။ စက္ခုမာ ပုရိသော၊ မျက်စိမြင်သော ယောကျ်ားသည်။

ဣမေ သာလိ၊ ဤသည်တို့ကား သလေးစပါးနှံတို့တည်း။ ဣမေ ဝီဟိ၊ ဤသည်တို့ကား ကောက်ကြမ်း စပါးကြမ်းတို့တည်း။ ဣမေ မုဂ္ဂါ၊ ဤသည်တို့ကား ပဲနောက်တို့တည်း။ ဣမေ မာသာ၊ ဤသည်တို့ကား ပဲကြီးတို့တည်း။ ဣမေ တိလာ၊ ဤသည်တို့ကား နှမ်းတို့တည်း။ ဣမေ တဏ္ဍုလာ၊ ဤသည်တို့ကား ဆန်တို့တည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခေယျ၊ စူးစိုက်၍ ကြည့်ရှုဆင်ခြင်ရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ စပါးမျိုးများကို ခွဲခြား၍ ဤရှုပုံနှင့် အလားတူစွာပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ဥဒ္ဒံ ပါဒတလာ၊ ခြေဖဝါးပြင်မှ အထက်၌ ရှိသော
* ပေ။ မုတ္တံ၊ ကျင်ငယ်။ ဣတိ၊ ဤ ရွံရှာဘွယ်များသော ရှိကြသည်ဟု စူးစိုက်၍ ရှုဆင်ခြင်၏။ ဣတိ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ ရုပ်အပေါင်း ကိုယ်၌မူလည်း။ ။(ဤမှစ၍ ဣရိယာပထပိုင်း အနက်နှင့် တူပြီ။ အတ္တံ ကာယောတိ ဝါ ပနဿ ၌....“အတ္တံ ကာယောတိ၊ ဆံပင် မွေးညှင်း စသော ရွံရှာဘွယ် ရုပ်အပေါင်းမျှသာ ရှိသည်ဟု....” ဤသို့ ပြင်၍ ဆိုလေ။ ဤမျှသာ ထူးတော့သည်)။

ပဋိကူလမနသိကာရပဗ္ဗံ၊ ရွံရှာဘွယ်ဟု နှလုံးသွင်းပုံ အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

မှတ်ချက် အခိပ္ပါယ်

* ဤပေယျာလဖြင့် ရှေးမှာ ရှိပြီးသော အနက်များ အတိုင်း အပြည့်အစုံ ထုတ်ဖော်ရန် ညွှန်ပြသည်။

## ၁-ကာယာနုပဿနာ ၅-ဓာတုမနသိကာရပဗ္ဗ

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ၊ သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ဓာတုမနသိကာရပဗ္ဗံ နိဋ္ဌိတံ။

## ၁-ကာယာနုပဿနာ ၅-ဓာတုမနသိကာရပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ ဣမမေဝ ကာယံ၊ (မိမိ၏ရုပ်အပေါင်း)ဤကိုယ်ကိုပင်လျှင်။ ယထာဌိတံ ယထာပဏိဟိတံ၊ တည်မြဲ ထားမြဲ အတိုင်းပင်လျှင်။ ဓာတုသော၊

သတ္တဝါကောင် အသက်ကောင် မဟုတ်သော ဓာတ်သဘော အနေအားဖြင့်။ ပစ္စဝေက္ခတိ၊ စူးစိုက်၍ ရှုဆင်ခြင်၏။ ဣမသ္မိံ ကာယေ၊ ဤကိုယ်ထဲ၌။ **အတ္ထိ**၊ ရှိကြသော ဓာတ်သဘော များမှာ။ ပထဝီဓာတု၊ [၁] ခက်မာ ကြမ်းတမ်းသော (ပထဝီ ခေါ်) အမာခံဓာတ်က တမျိုး။ အာပေါဓာတု၊ [၂] ယိုစီးဖွဲ့ တွယ်သော(အာပေါခေါ်) အရည်ဓာတ်**က**တမျိုး။ တေဇော

---

မှတ်ချက် အဓိပ္ပါယ်

၁-ဆံပင်အစ ကျင်ငယ် အဆုံးရှိသော ၃၂-ပုံတို့တွင် ဆံပင်မှ ဦးနှောက်တိုင်အောင် အပုံ ၂၀-သည် ခက်မာ ကြမ်းတမ်းမှု လွန်ကဲသောကြောင့်၊ **(ပထဝီ) အမာခံဓာတ်** မည်၏။ ဤဓာတ် ၂၀-နှင့်တွေ့ထိသော အခါမှာ "ခက်မာ သည်၊ ကြမ်းတမ်းသည်၊ နူးညံ့သည်၊ ချောညက်သည်၊ (လေးသည်, ပေါ့သည်) ထိပါးသည်၊ တည်တံ့သည်၊ ခံလင့် သည်"ဟု သိရ၏။ ဤသို့ သိရသော သဘောသည် **ပရမတ် ပထဝီအစစ်ပေတည်း။**

၂-သည်းခြေမှ ကျင်ငယ်တိုင်အောင် ၁၂-ပုံသည် ယိုစီး ဖွဲ့တွယ်မှု လွန်ကဲသောကြောင့်**(အာပေါ)အရည်ဓာတ်**မည်၏။ အရည်ဓာတ်လွန်ကဲသော ဤဓာတ် ၁၂-ပါးနှင့်တွေ့ထိသော အခါမှာ "အရည်ပျော်သည်၊ ယိုစီးသည်၊ စီးကျသည်၊ လေး ကျသည်၊ စိုထိုင်းသည်၊ ပွစေသည်၊ စေးကပ်သည်၊ ပူးတွဲ သည်၊ ဖွဲ့တွယ်သည်၊ လုံးခဲသည်"ဟု သိရ၏။ ဤသို့သိရသော သဘောသည် **ပရမတ် အာပေါအစစ်** ပေတည်း။

ဓာတု၊ [၁] ပူနွေးအေးလျက် ရင့်ကျက် နူးညံ့စေသော (တေဇော ခေါ်) အခိုးအငွေ့ဓာတ်က တမျိုး။ ဝါယောဓာတု၊ [၂] တောင့်တင်း ရွေ့ရှားသော (ဝါယောခေါ်) လေဓာတ်က တမျိုး။ ဣတိ၊ ဤဓာတ် သဘောများသာ ရှိကြသည်ဟု စူးစိုက်၍ ရှု-ဆင်ခြင်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာအားဖြင့်။ ဒက္ခော၊ ကျွမ်းကျင်လိမ္မာသော။ ဂေါဃာတကော ဝါ၊ နွားသတ်သမားဖြစ်စေ။ ဂေါဃာတကန္တေဝါသီ ဝါ၊ နွားသတ်

---

မှတ်ချက် အဓိပ္ပါယ်

၁-(၁) **သန္တပ္ပန**-အဖျားရှိန် အပူငွေ့၊ (၂)**ဇီရဏ**-**အသား** အရေကို အိုမင်း ရင့်ရော်စေသော ပကတိ**ကို**ယ်ငွေ့၊ (၃) **ဒါဟ**-တကိုယ်လုံး အပြင်းပူလောင်သော အပူငွေ့၊ (၄)**ပါစက** **အစာကို** ကြေကျက်စေသော **အပူငွေ့**ဟူသော ဤ ၄-မျိုး သည် ပူနွေးမှု လွန်ကဲသောကြောင့် **(တေဇော) အခိုးအငွေ့ ဓာတ်** မည်၏။ ဤဓာတ်လေးပါးနှင့် တွေ့ထိရသောအခါမှာ "ပူသည်၊ နွေးသည်၊ အေးသည်၊ ရင့်ကျက်စေသည်၊ နူးညံ့ သိမ်မွေ့စေသည်၊ ပေါ့တက်စေသည်၊ ပေါ့တက်သည်" ဟုသိ၏။ ဤသို့ သိရသော သဘောသည် **ပရမတ် တေဇောအစစ်** ပေတည်း။

၂-(၁) **ဥဒ္ဒင်္ဂမ**-လေချဉ်တက်ခြင်း စသည်ဖြင့် အထက်သို့ ဆန်သောလေ၊ (၂) **အဓောဂမ**-အောက်သို့စုန်သော လေ၊ (၃)**ကုစ္ဆိသယ**-ဝမ်းဗိုက်ထဲတွင်(အူ၏အပြင်၌)တည်သောလေ၊ (၄) **ကောဋ္ဌာသယ** အူထဲ၌ တည်သောလေ၊ (၅) **အင်္ဂမင်္ဂါနု-**

သမား၏ တပည့်ဖြစ်စေ။ ဂါဝိံ ဝဓိတွာ၊ နွားကိုသတ်ပြီး၍။ စတုမဟာပထေ၊ လမ်းလေးခွ၌။ ဗိလသော ဝိဘဇိတွာ၊ အသားတို့ကို အပုံအပုံအားဖြင့်ခွဲခြားလျက်။ နိသိန္နော အဿ၊ ထိုင်နေရာ၏။ ဝါ၊ အသားပုံမျှကိုသာ တွေ့မြင်ကာ ထိုင်နေရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ အသားပုံတို့ ပြုပြီးသောအခါ၌ နွားကောင်ကိုမမြင်, အသားပုံမျှကိုသာ တွေ့မြင်သည်နှင့်အလားတူစွာပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ဣမမေဝ ကာယံ၊ (မိမိ၏ ရုပ်အပေါင်း) ဤကိုယ်ကိုပင်လျှင်။ ယထာဌိတံ ယထာပဏိဟိတံ၊ တည်မြဲ ထားမြဲ အတိုင်းပင်လျှင်။ ဓာတုသော၊ သတ္တဝါကောင် အသက်ကောင် မဟုတ်သော ဓာတ်သဘောအနေအားဖြင့်။ ပစ္စဝေက္ခတိ၊ စူးစိုက်၍ ရှုဆင်ခြင်၏။ အတ္ထိ ဣမသ္မိံ ကာယေ၊ ဤကိုယ်ထဲ၌ရှိကြသော

---

မှတ်ချက် အဓိပ္ပါယ်

**သာရီ**-အင်္ဂါကြီးငယ်ကို လျှောက်လျက် ကွေး ဆန့် လှုပ်ရှားမှု စသည်ကို ပြီးစေသောလေ (၆) **အဿာသ ပဿာသ**-ဝင်သက်, ထွက်သက်လေ-ဟူသော ဤ ၆-မျိုးသည် တောင့်တင်း လှုပ်ရှားမှု လွန်ကဲသောကြောင့် (**ဝါယော**) **လေဓာတ်** မည်၏။ ဤ ဓာတ် ၆-ပါးနှင့် တွေ့ထိရသော အခါမှာ "ထောက်ကန်သည်၊ တောင့်တင်းသည်၊ လျှော့သည်၊ တည်ငြိမ်သည်၊ လှုပ်ရှားသည်၊ ရွေ့ရှားသည်၊ ဆွဲသည်၊ တွန်းသည်" ဟု သိရ၏။ ဤသို့ သိရသောသဘောသည် **ပရမတ်ဝါယော အစစ်** ပေတည်း။

**ဓာတုမနသိကာရ၌ ဝိပဿနာ ဖြစ်ပုံကား....** ဆံပင် အစ ဝင်သက်,ထွက်သက် အဆုံးရှိသော ဤ ၄၂ ပုံတို့ကို ရှုလျက်

ဓာတ်သဘောတို့မှာ။ ပထဝီဓာတု၊ အမာခံဓာတ်ကတမျိုး။ အာပေါဓာတု၊ အရည်ဓာတ်ကတမျိုး။ တေဇောဓာတု၊ အခိုးအငွေ့ဓာတ်ကတမျိုး။ ဝါယောဓာတု၊ လေဓာတ်ကတမျိုး။ ဣတိ၊ ဤဓာတ်သဘောများသာ ရှိကြသည်ဟု စူးစိုက်၍ ရှုဆင်ခြင်၏။ ။ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ ရုပ်အပေါင်းကိုယ်၌မူလည်း။ (ဣရိယာပထပိုင်းအနက်နှင့်တူပြီ။ ။အတ္ထိ ကာယောတိ ဝါ ပနဿ-၌ "အတ္ထိ ကာယောတိ၊ ဓာတ်လေးပါး အပေါင်းမျှသာရှိသည်ဟု"ဤသို့ ပြင်၍ ဆိုလေ။ ဤမျှသာ ထူးတော့သည်)။

ဓာတုမနသိကာရပဗ္ဗံ၊ ဓာတ်သဘောဟု နှလုံးသွင်းပုံအပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

မှတ်ချက် အဓိပ္ပါယ်

ဥပစာသမာဓိနှင့် ပြည့်စုံသော သမထယာနိက ပုဂ္ဂိုလ်မှာ ထိုသမာဓိစိတ်ကိုပင် တဖန် မှတ်သဖြင့် ဆံပင်စသော ရုပ်အာရုံနှင့် တကွ ၎င်းသမာဓိစိတ်၏ပေါ်မှု ပျောက်မှု-ဖြစ်မှု ပျက်မှုကို ထင်ရှား သိမြင်လျက် ဥဒယဗ္ဗယဉာဏ် စသည်ဖြစ်ပေါ်၏။ ဤကား **ဓာတုမနသိကာရဖြင့် သမထယာနိကမှာ** ဝိပဿနာဖြစ်ပုံပေတည်း။ **ဝိပဿနာယာနိကမှာမူကား....** ကိုယ်ထဲတွင် အထင်အရှား တွေ့ထိရာဌာနတို့၌ စူးစိုက်၍ မှတ်သဖြင့် ဓာတ် ၄-ပါးကို လက္ခဏာ,ရသစသည်ဖြင့် ပိုင်းခြားသိမြင်ပြီးလျှင် ထိသိမှု မှတ်သိမှုနှင့်တကွ ထိုဓာတ် ၄-ပါး၏ ဖြစ်မှု ပျက်မှုကိုလဲ ထင်ရှားသိမြင်လျက် ဥဒယဗ္ဗယဉာဏ် စသည်ဖြစ်ပေါ်၏။ ဤကား **ဓာတုမနသိကာရဖြင့် ဝိပဿနာ ယာနိကမှာ** ဝိပဿနာဖြစ်ပုံပေတည်း။

## ၁-ကာယာနုပဿနာ ၆-နဝသိဝထိကပဗ္ဗ

### ၁-ပဌမပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ဧကာဟမတံ ဝါ ဒွီဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ, "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## ၁-ကာယာနုပဿနာ ၆-နဝသိဝထိကပဗ္ဗ

### ၁-ပဌမပိုင်း

* ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိတံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ ဧကာဟမတံ ဝါ၊ သေ၍ ၁-ရက် လွန်ပြီးသော်လည်းဖြစ်သော။ ဒွီဟမတံ ဝါ၊

---

မှတ်ချက် အခိပ္ပါယ်

* ဤသိဝထိကပိုင်းတို့၌လဲ **သမုဒယဓမ္မာနုပဿီ**စသည် ဖြင့် ဝိပဿနာဖြစ်ပုံကို ပြထားသည့်ပြင် မဟာသိဝ မထေရ် ကလဲ **အာဒီနဝါနုပဿနာ** ဟု ဆိုထားပေ၏။ သို့ဖြစ်၍

သေ၍ ၂-ရက်လွန်ပြီးသော်လည်းဖြစ်သော။ တီဟမတံ ဝါ၊ သေ၍ ၃-ရက် လွန်ပြီးသော်လည်း ဖြစ်သော။ ဥဒ္ဓုမာတကံ၊ ဖူးဖူးရောင်သော။ ဝိနီလကံ၊ မူလအဆင်းပျက်၍ညိုမည်းလျက်ရှိသော။ ဝိပုဗ္ဗကဇာတံ၊ပြည်တစိုစို စီးယိုလျက်ရှိသော။ သရီရံ၊ သူသေကောင်ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ သော၊ ထိုရဟန်းသည်။ ဣမမေဝ ကာယံ၊ (မိမိ၏ရုပ်အပေါင်း) ဤကိုယ်ကိုပင်လျှင်။ ဥပသံဟရတိ၊ နှိုင်းဆသမှုဆင်ခြင်ရှု၏။ အယမ္ပိ ခေါ ကာယော၊ ငါ၏ ဤရုပ် ကိုယ်သည်လည်း။ ဧဝံဓမ္မော၊ ဤသူသေကောင်လိုပင် ဖူးဖူးရောင်ခြင်းစသည် သဘော ရှိချေ၏။ ဧဝံဘာဝီ၊ ဤသူသေကောင်လိုပင်

---

မှတ်ချက် အဓိပ္ပါယ်

သိဝထိက ဘာဝနာဖြင့် ဝိပဿနာဖြစ်ပုံကို ဤသို့ မှတ်ယူသင့်ပေ၏။ ဒွါရ ၆-ပါး၌ ဖြစ်ခိုက် ရုပ်နာမ်တို့ကို မပြတ် ရှုမှတ်နေသော ယောဂီသည် ထိုသို့ ရှုမှတ်နေရင်းပင် မိမိကိုယ်ကောင်ကြီး ဖူးဖူးရောင်သော သူသေကောင် စသည်လိုပင် ဖြစ်နေသည်ဟု ထင်ရတတ်၏၊ တမင် နှလုံးသွင်း ဆင်ခြင်သောကြောင့်လဲး ဤကဲ့သို့ ထင်ရတတ်၏၊ ထိုအခါမှာ ယောဂီသည် ထင်မြင်ရ**သော** ထိုမိမိကိုယ်ကောင်ကိုပင် မြင်တယ် မြင်တယ် စသည်ဖြင့်မှတ်လျက် ပေါ်လာသော ကိုယ်ကောင်၏ ပျောက်ပျောက် သွားခြင်းကို ထင်ရှားတွေ့ရ၏။ ဤသို့ တွေ့ခြင်းသိခြင်းကိုပင် **ဝိပဿနာ** ဟု မှတ်ယူသင့်ပေ၏။ မှန်လှပေ၏၊ ဤသို့ ရှုမှတ်ရာ၌ ဖူးဖူးရောင်သော သူသေကောင်ဟန်စသည်ဖြစ်လျက် ထင်ပေါ်လာသော ပုံသဏ္ဌာန် အာရုံမှာ တကယ်ဖြစ်ပျက်သော ပရမတ်ရုပ် **အစစ်မဟုတ်ပြောသော်လဲး**

ဖူးဖူးရောင်သော အကောင်ပုပ် စသည်မချွတ် ဖြစ်ရမည်သာတည်း။ ဝေံအနုတီတော၊ ဤသူသေကောင်လိုပင် ဖူးဖူးရောင်ခြင်းစသော သဘောကို မလွန်နိုင်ပါတကား။ ဣတိ၊ ဤသို့ နှိုင်းဆသမှု ဆင်ခြင်ရှု၏။ ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ ရုပ်အပေါင်း ကိုယ်၌မူလည်း။ (ဣရိယာပထပိုင်းနှင့်တူပြီ။ အတ္တ ကာယောတိ၊ ဖူးဖူးရောင်သော သူသေကောင်စသည်ဖြစ်နိုင်သော ရုပ်အပေါင်းမျှသာ ရှိသည်ဟု...ဤမျှသာ ပြင်ဆိုရန် ထူးတော့သည်)။

၁-သိဝထိက ပဌမပိုင်း ပြီး၏။

---

မှတ်ချက် အဓိပ္ပါယ်

အမည်ပညတ် အာကာသ ပညတ်စသည်ကဲ့သို့ မှိုရာအထည်ဒြဗ် လုံးဝကင်းသည်လည်း မဟုတ်ပေ၊ ရှုမှတ်နေသော ယောဂီမှာ တကယ်ပင် ဖြစ်ပျက်သွားသည့် အနေအားဖြင့်လဲ ထင်ရှားပေ၏။ ထိုပြင် ထိုပုံသဏ္ဌာန်ကို မြင်သိနေသော မနောဝိညာဏ်စိတ်သည်ကား **ပရမတ်တရားအစစ်**ပင်တည်း၊ ယောဂီမှာ ထိုစိတ်ပါပင် ဖြစ်ပျက်သွားသည်ကို တွေ့မြင်ရပေ၏။ ထိုကြောင့် ပေါ်လာသော ထိုရုပ်ကိုယ်ပုံသဏ္ဌာန်နှင့် တကွ ထင်မြင်သော မနောဝိညာဏ်စိတ်၏ ပေါ်မှုပျောက်မှုကို "တွေ့မြင်ခြင်းသည်ပင် ဤသိဝထိကပိုင်း၌ **သမုဒယဓမ္မာနုပဿနာ ဝယဓမ္မာနုပဿနာ** မည်သည်"ဟု မှတ်ယူသင့်ပေတော၏။

## ၁-ကာယာနုပဿနာ ၇-နဝသိဝထိကပဗ္ဗ
## ၂-ဒုတိယပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ကာကေဟိ ဝါ ခဇ္ဇမာနံ, ကုလလေဟိ ဝါ ခဇ္ဇမာနံ, ဂိဇ္ဈေဟိ ဝါ ခဇ္ဇမာနံ, ကင်္ကေဟိ ဝါ ခဇ္ဇမာနံ, သုနခေဟိ ဝါ ခဇ္ဇမာနံ, ဗျဂ္ဃေဟိ ဝါ ခဇ္ဇမာနံ, ဒီပီဟိ ဝါ ခဇ္ဇမာနံ, သိင်္ဂါလေဟိ ဝါ ခဇ္ဇမာနံ, ဝိဝိဓေဟိ ဝါ ပါဏကဇာတေဟိ ခဇ္ဇမာနံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ, "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## ၁-ကာယာနုပဿနာ ၇-နဝသိဝထိကပဗ္ဗ
## ၂-ဒုတိယပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိတံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ ကာကေဟိ ဝါ ခဇ္ဇမာနံ၊ ကျီးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော။ ကုလလေဟိ ဝါ ခဇ္ဇမာနံ၊ စွန်တို့ ခဲစားအပ်သည်မူလည်း ဖြစ်သော။ ဂိဇ္ဈေဟိ ဝါ ခဇ္ဇမာနံ၊ လင်းတတို့ ခဲစားအပ်သည်မူလည်းဖြစ်သော။

ကကေ်ာဟိ ဝါ ခဇ္ဇမာနံ၊ ဘုံပတီးငှက်တို့ ခဲစားအပ်သည်မူလည်း ဖြစ်သော။ သုနခေဟိ ဝါ ခဇ္ဇမာနံ၊ ခွေးတို့ ခဲစားအပ်သည် မူလည်းဖြစ်သော။ ဗျဂ္ဃေဟိ ဝါ ခဇ္ဇမာနံ၊ ကျားတို့ ခဲစား အပ်သည် မူလည်း ဖြစ်သော။ ဒီပီဟိ ဝါ ခဇ္ဇမာနံ၊ ကျား သစ်တို့ခဲစားအပ်သည် မူလည်းဖြစ်သော။ သိင်္ဂါလေဟိ ဝါ ခဇ္ဇမာနံ၊ မြေခွေးတို့ ခဲစားအပ်သည် မူလည်း ဖြစ်သော။ ဝိဝိဓေဟိ ဝါ ပါဏကဇာတေဟိ ခဇ္ဇမာနံ၊ ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည် မူလည်းဖြစ်သော။ သရီရံ၊ သူသေကောင်ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ သော၊ ထိုရဟန်း သည်။ ဣမမေဝ ကာယံ၊ (မိမိ၏ရုပ်အပေါင်း) ဤကိုယ်ကောင် ကိုပင်လျှင်။ ဥပသံဟရတိ၊ နှိုင်းဆသမှု ဆင်ခြင်ရှု၏။ အယမ္ပိ ခေါ ကာယော၊ ငါ၏ ဤရုပ်ကိုယ်သည်လည်း။ ဧဝံဓမ္မော၊ ဤသူသေကောင်လိုပင် ကျီးစွန်စသောသတ္တဝါအမျိုးမျိုးတို့ ခဲစားခံရမည့်သဘောရှိချေ၏။ ဧဝံဘာဝီ၊ ဤသူသေကောင် လိုပင် ကျီးစွန် စသော သတ္တဝါအမျိုးမျိုးတို့ ခဲစားခံရသည် မချွတ် ဖြစ်မည်သာတည်း။ ဧဝံအနတီတော၊ ဤသူသေ ကောင်လိုပင် ကျီး စွန်စသော သတ္တဝါအမျိုးမျိုးတို့ ခဲစား ခံရမည့်သဘောကို မလွန်နိုင်ပါတကား။ ဣတိ၊ ဤသို့ နှိုင်းဆ သမှု ဆင်ခြင်ရှု၏။ ဣတိ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ ရုပ်အပေါင်းကိုယ်၌မူလည်း။ ။ (ဣရိယာပထပိုင်းနှင့်တူပြီ။ ။အတ္ထိ ကာယောတိ၊ ကျီးစွန် စသော သတ္တဝါအမျိုးမျိုးတို့ ခဲစားခံရမည့် ရုပ်အပေါင်းမျှ သာ ရှိသည်ဟု....ဤမျှသာ ပြင်ဆိုရန် ထူးတော့သည်)။ ။

၂-သိဝထိက ဒုတိယပိုင်း ပြီး၏။

## ၁-ကာယာနုပဿနာ ၈-နဝသိဝထိကပဗ္ဗ

## ၃-တတိယပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကသင်္ခလိကံ သ-မံသ-လောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံ-ဟရတိ, “အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော”တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာ-ယာနုပဿီ ဝိဟရတိ။

## ၁-ကာယာနုပဿနာ ၈-နဝသိဝထိကပဗ္ဗ

## ၃-တတိယပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိတံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ သ-မံသလောဟိတံ၊ အသား, အသွေး, အကြွင်း အကျန်တို့နှင့်တကွ။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့မြဲပင် ဖွဲ့တွယ်လျက်ရှိသော။ အဋ္ဌိကသင်္ခ-လိကံ သရီရံ၊ အရိုးစုသူသေကောင်ကို။ သေယျထာပိ ပဿေ-ယျ၊ တွေ့မြင်ရာသကဲ့သို့။ သော၊ ထိုရဟန်းသည်။ ဣမမေဝ ကာယံ၊ (မိမိ၏ ရုပ်အပေါင်း) ဤကိုယ်ကိုပင်လျှင်။ ဥပ-သံဟရတိ၊ နှိုင်းဆသမှု ဆင်ခြင်ရှု၏။ အယမ္ပိ ခေါ ကာယော၊

ငါ၏ ဤရုပ်ကိုယ်သည်လည်း။ ဧဝံဓမ္မော၊ ဤသူသေကောင်ကဲ့သို့ပင် အရိုးစု ဖြစ်ခြင်းသဘော ရှိချေ၏။ ဧဝံဘာဝီ၊ ဤသူသေကောင်ကဲ့သို့ပင် အရိုးစု ဖြစ်ရမည်သာတည်း။ ဧဝံအနတီတော၊ ဤသူသေကောင်ကဲ့သို့ပင် အရိုးစုဖြစ်ခြင်းသဘောကို မလွန်နိုင်ပါတကား။ ဣတိ၊ ဤသို့ နှိုင်းဆသသမှု ဆင်ခြင်ရှု၏။ ဣတိ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ ရုပ်အပေါင်းကိုယ်၌ မှုလည်း။ ။(ဣရိယာပထပိုင်းနှင့် တူပြီ။ ။အဋ္ဌိ ကာယောတိ၊ အရိုးစုဖြစ်မည့် ရုပ်အပေါင်းမျှသာ ရှိသည်ဟု....ဤမျှသာ ပြင်ဆိုရန် ထူးတော့သည်)။

၃-သိဝထိက တတိယပိုင်း ပြီး၏။

## ၁-ကာယာနုပဿနာ ၉-နဝသိထိကပဗ္ဗ

## ၄-စတုတ္ထပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကသင်္ခလိကံ နိမံသလောဟိတမက္ခိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ။ ပေ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## ၁-ကာယာနုပဿနာ ၉-နဝသိဝထိကပဗ္ဗ

## ၄-စတုတ္ထပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါး သောရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိတံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ နိမံသလောဟိတမက္ခိတံ၊ အသားကင်း၍ သွေးကြွင်းမျှဖြင့် လူးကပ်လျက်။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့မြဲဖွဲ့တွယ်လျက်ရှိသော။ အဋ္ဌိကသင်္ခလိကံ သရီရံ၊ အရိုးစုသူသေကောင်ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ သော၊ ထိုရဟန်းသည်။ ။(သိဝထိက တတိယပိုင်းနှင့် တူပြီ)။

၄-သိဝထိက စတုတ္ထပိုင်း ပြီး၏။

## ၁-ကာယာနုပဿနာ ၁၀-နဝသိဝထိကပဗ္ဗ

### ၅-ပဉ္စမပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ အပဂတ-မံသလောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံ-ဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာ-ယာနုပဿီ ဝိဟရတိ။

## ၁-ကာယာနုပဿနာ ၁၀-နဝသိဝထိကပဗ္ဗ

### ၅-ပဉ္စမပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါး သောရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိတံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ အပဂတမံသလောဟိတံ၊ အသား အသွေး လုံးဝကင်းလျက်။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့မြဲ ဖွဲ့တွယ်လျက်ရှိသော။ အဋ္ဌိကာနိ သရီရံ၊ အရိုးစု သူသေကောင်ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ သော၊ ထိုရဟန်းသည်။ ။(သိဝထိက-တတိယပိုင်းနှင့် တူပြီ)။

၅-သိဝထိက ပဉ္စမပိုင်း ပြီး၏။

## ၁-ကာယာနုပဿနာ ၁၁-နဝသိဝထိကပဗ္ဗ

## ၆-ဆဋ္ဌမပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ၊ အဋ္ဌိကာနိ အပဂတ-သမ္ဗန္ဓာနိ ဒိသာ ဝိဒိသာ ဝိက္ခိတ္တာနိ။ အညေန ဟတ္ထဋ္ဌိကံ၊ အညေန ပါဒဋ္ဌိကံ၊ အညေန ဂေါပ္ဖကဋ္ဌိကံ၊ အညေန ဇင်္ဃ-ဋ္ဌိကံ၊ အညေန ဦရုဋ္ဌိကံ၊ အညေန ကဋိဋ္ဌိကံ၊ အညေန ဖာသုကဋ္ဌိကံ၊ အညေန ပိဋ္ဌိဋ္ဌိကံ၊ အညေန ခန္ဓဋ္ဌိကံ၊ အညေန ဂီဝဋ္ဌိကံ၊ အညေန ဟနုကဋ္ဌိကံ၊ အညေန ဒန္တဋ္ဌိကံ၊ အညေန သီသကဋာဟံ။ သော ဣမမေဝ ကာယံ ဥပ-သံဟရတိ, "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## ၁-ကာယာနုပဿနာ ၁၁-နဝသိဝထိကပဗ္ဗ

## ၆-ဆဋ္ဌမပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါး သော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိ-တံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ သရီရံ၊ သူသေကောင်ကို ။(ပဿေယျ၊ တွေ့မြင်ရာ၏)။ အပဂတသမ္ဗန္ဓာနိ၊ အဆက်

ပြုတ်ကုန်လျက်။ ဒိသာ ဝိဒိသာ ဝိက္ခိတ္တာနိ၊ ထိုထိုအရပ်တို့၌ ကစင့်ကရဲ ပြန့်ကြဲနေကုန်သော။ အဋ္ဌိကာနိ၊ အရိုးတို့ကို။ (ပဿေယျ၊ တွေ့မြင်ရာ၏)။ အညေန ဟတ္ထဋ္ဌိကံ၊ တနေရာ၌ လက်ရိုးကို။ အညေန ပါဒဋ္ဌိကံ၊ တနေရာ၌ခြေရိုးကို။ အညေန ဂေါပ္ဖကဋ္ဌိကံ၊ တနေရာ၌ ခြေမျက်စိရိုးကို။ အညေန ဇင်္ဃဋ္ဌိကံ၊ တနေရာ၌ ခြေသလုံးရိုးကို။ အညေန ဦရုဋ္ဌိကံ၊ တနေရာ၌ ပေါင်ရိုးကို။ အညေန ကဋိဋ္ဌိကံ၊ တနေရာ၌*တင်ပါးရိုးကို။ အညေန ဖာသုကဋ္ဌိကံ၊ တနေရာ၌ နံရိုးကို။ အညေန ပိဋ္ဌိဋ္ဌိကံ၊ တနေရာ၌ ကျောရိုးကို။ အညေန ခန္ဓဋ္ဌိကံ၊ တနေရာ၌ ပခုံး ရိုးကို။ အညေန ဂီဝဋ္ဌိကံ၊ တနေရာ၌ လည်ပင်း ရိုးကို။ အညေန ဟနုကဋ္ဌိကံ၊ တနေရာ၌ မေးရိုးကို။ အညေန ဒန္တဋ္ဌိကံ၊ တနေရာ၌ သွားရိုးကို။ အညေန သီသကဋာဟံ၊ တနေရာ၌ ဦးခေါင်းရိုးကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ သော၊ ထိုရဟန်းသည်။ ။(သိဝထိက တတိယပိုင်းနှင့်တူပြီ)။

၆-သိဝထိက ဆဋ္ဌမပိုင်း ပြီး၏။

---

မှတ်ချက် အခိပ္ပါယ်

* ရှေးနိဿျတို့၌ ခါးရိုး-ဟုဆိုသည်မှာ ဤ တင်ပါးရိုးကိုပင် ရည်ရွယ်၏။ ခါးဆစ်ရိုးသည်ကား ပိဋ္ဌိဋ္ဌိက ခေါ် ကျောရိုး၌ ပါဝင်၏။

## ၁-ကာယာနုပဿနာ ၁၂-နဝသိဝထိကပဗ္ဗ

## ၇-သတ္တမပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ သေတာနိ သင်္ခဝဏ္ဏပဋိဘာဂါနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## ၁-ကာယာနုပဿနာ ၁၂-နဝသိထိကပဗ္ဗ

## ၇-သတ္တမပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။အပရံ၊ တပါး သော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိတံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ သရီရံ၊ သူသေကောင်ကို။ ။(ပဿေယျ၊ တွေ့မြင်ရာ၏)။ သင်္ခဝဏ္ဏပဋိဘာဂါနိ သေတာနိ၊ ခရုသင်း၏အဆင်းနှင့်အတူ ဖွေးဖွေးဖြူကုန်သော။ အဋ္ဌိကာနိ၊ အရိုးတို့ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ သော၊ ထိုရဟန်းသည်။ ။(သိဝထိက တတိယပိုင်းနှင့် တူပြီ)။

၇-သိဝထိက သတ္တမပိုင်း ပြီး၏။

## ၁-ကာယာနုပဿနာ ၁၃-နဝသိဝထိကပဗ္ဗ

### ၈-အဋ္ဌမပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ။ အဋ္ဌိကာနိ ပူတီနိ တေရောဝဿိကာနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတီတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## ၁-ကာယာနုပဿနာ ၁၃-နဝသိဝထိကပဗ္ဗ

### ၈-အဋ္ဌမပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိတံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ သရီရံ၊ သူသေကောင်ကို။ (ပဿေယျ၊ တွေ့မြင်ရာ၏)။ * တေရောဝဿိကာနိ၊ တနှစ်

---

မှတ်ချက် အဓိပ္ပါယ်

* **တိရောဝဿ**-တနှစ်ကျော်ကာလသို့ + **ဣက**-ရောက်သည်=**တေရောဝဿိက**-တနှစ်ကျော် ကာလသို့ ရောက်သော အရိုး။ ဤပုဒ်ဖြင့် ထိုသို့သော အရိုးဟောင်းများ၏ ဖြစ်ရိုးဖြစ်စဉ် အခြေအနေကို ထင်ရှားစေ၏။

ကျော်ကာ ရှည်ကြာဟောင်းမြင်းကုန်သည်ဖြစ်၍။ * ပူတိ-တာနိ၊ အစုအပုံ ပြုအပ်ကုန်သော။ အဋ္ဌိကာနိ၊ အရိုးတို့ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။သော၊ထိုရဟန်းသည်။ ။(သိဝထိက တတိယပိုင်းနှင့် တူပြီ)။

ဂ-သိဝထိက အဋ္ဌမပိုင်း ပြီး၏။

---

မှတ်ချက် အဓိပ္ပါယ်

* ဤ **ပူတိကိတ** ပုဒ်သည် ဒုတိယပါရာဇိက ဝိနီတဝတ္ထု၌ လာသော **မြက်ပုံဟော ပူတိကိတ** ပုဒ်, စူဠဝဂ္ဂ ဝတ္တက္ခန္ဓက အာဂန္တုက ဝတ်ပိုင်း၌ လာသော **သေနာသန အစုပုံဟော ပူတိကိတ** ပုဒ်များနှင့် သဒ္ဒါနေအားဖြင့်ရင်း၊ သဒ္ဒတ္ထအားဖြင့်ရင်း အတူတူပင်တည်း။ ပါရာဇိကဏ်ိသျှ၌ ကိတခေတ်ဖြင့် ပုဒ်ပြီးပုံကို ပြထား၏။ သို့ရာတွင် ဂမိကဝတ်ပိုင်း၌ "စတူသု ပါသာဏေသု မဉ္စံ ပညာပေတွာ မဉ္စေ မဉ္စံ အာရောပေတွာ ပီဌေ ပီဌံ အာရောပေတွာ သေနာသနံ ဥပရိ **ပုဉ္စံ ကရိတွာ** ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍံ ပဋိသာမေတွာ ဒွါရဝါတပါနံ ထကေတွာ ပက္ကမိတဗ္ဗံ"ဟု ခရီးသွားမည့် ရဟန်းက သေနာ-သန အသုံးအဆောင်များကို အစုအပုံပြု၍ သိမ်းထားခဲ့ကြောင်း ပြဆိုထားသည်။ ဤသို့ ပြဆိုထားသော ပါဠိထဲတွင် **ပုဉ္စံ ကရိတွာ** ဟု ကရခေတ်ဖြင့် ဆိုထားသည်ကို သတိပြုအပ်၏။ ဤသို့ ဂမိကရဟန်းက **ပုဉ္စံ ကရိတွာ** အစုအပုံပြုထားခဲ့သော သေနာသနကိုပင် အာဂန္တုကဝတ်ပိုင်း၌...."သစေ ဝိဟာရော ဥက္လာပေါ ဟောတိ၊ မဉ္စေ ဝါ မဉ္စော အာရော-ပိတော ဟောတိ၊ ပီဌေ ဝါ ပီဌံ အာရောပိတံ ဟောတိ၊

---

မှတ်ချက် အခိပ္ပါယ်

သေနာသနံ ဥပရိ **ပုဋ္ဌကိတံ** ဟောတိ။ သစေ ဥဿယှတိ၊ သောခေတဗ္ဗော”ဟု ပြဆိုထားပေသည်။

ထို့ကြောင့် ပုဋ္ဌကိတ၌ **ကိတပုဒ်သည်** ကရ + တ = **ကတ** မှ ဖြစ်လာကြောင်း ထင်ရှား လှပေတော့၏။ ဝစနတ္ထကို အဘယ်သို့ ပြုသင့်သနည်းဟူမူ.. ပုဋ္ဌော ကတော ယေသန္တိ **ပုဋ္ဌကတာနိ၊** ပုဋ္ဌကတာနိယေဝ **ပုဋ္ဌကိတာနိ**-ဟု ပြုသင့်ပေ၏၊ တနည်းကား....**အဘူတတဗ္ဘာဝ၌** စိပစ္စည်းဖြင့် ပြီးသော **ပုဋ္ဌိ-ကတပုဒ်ရင်း**မှ **ပုဋ္ဌကိတ** ဖြစ်လာသည်ဟူ၍လဲ ယူသင့်သေး၏။ ထုတ်ပြခဲ့သော သာဓကပါဠိ ၂-ရပ်တို့တွင် **ပုဋ္ဌကိတံ တိဏ္ဏံ** ဈာပေတိ’ဟူသော ပါရာဇိကဏ်ပါဠိသည်ကား ယိုးမယားမူ စာအုပ်၌ **မုဋ္ဌကတိဏ္ဏံ** ဈာပေတိ-ဟု ရှိ၏။ ။တနည်းကား .. ဒုတိယ ကထိန သိက္ခာပုဒ်၌ ကဏ္ဍုကိတာနိ (ကဏ္ဏကိတာနိ) စီဝရာနိ-ဖားဥ မည်းနက် မှိုတောင်တက်သော **သင်္ကန်းတို့**-ဟု လာ၏။ မဟာဝဂ္ဂ စီဝရက္ခန္ဓက၌ ပံသုကိတာနိ စီဝရာနိ-ဖုံမှုန့် လူးပေသော **သင်္ကန်းတို့**ဟု လာ၏။ ဤပုဒ်တို့ကို ကဏ္ဍုကာနိ သဉ္ဇာတာနိ ယေသံ၊ ပံသုကာ သဉ္ဇာတာ ယေသံ-ဟု ဝစနတ္ထ ပြု၍ **တာရကာဒိဂိုဏ်း** ဣတ-ပစ္စည်းဖြင့် ပြီးစေအပ်ကုန်၏။ ထို့အတူပင် ဤပုဋ္ဌကိတာနိ ပုဒ်ကိုလဲ တာရကာဒိဂိုဏ်း ဣတ-ပစ္စည်းဖြင့်ပင် ပြီးစေအပ်၏။ ပြီးစေဟန်ကား....ပုဋ္ဌော ဝိယ **ပုဋ္ဌကံ၊** အပေါင်းအစုနှင့်တူစွာ ပုတတတဖြစ်နေသော အရာကို ယူလေ။ ပုဋ္ဌကံ သဉ္ဇာတံ ယေသန္တိ **ပုဋ္ဌကိတာနိ** အင်္ဂကာနိ။ သတ္တမသိဝထိကပိုင်း၌လာသော လတ်လတ် ဆတ်ဆတ် အရိုး များကဲ့သို့ ကျစ်ကျစ်လင်လစ် မဟုတ်တော့ဘဲ **စုပေါင်းထား**

မှတ်ချက် အဓိပ္ပါယ်

**သော အရိုးမှုန့်ပမာဏ ခပ်ပွပွဖြစ်နေသော အရိုးများ ကြေမွလုနီးပါးဖြစ်နေသော** အရိုးများကို ယူလေ။ ဤအနက်သည် အထူးပင် အတ္ထယုတ္တိ ရှိပေ၏။ အကြောင်းကား....ဤ သိဝထိကပဗ္ဗ၌ ဖူးဖူးရောင်သော သူသေကောင်မှစ၍ တပိုင်းထက် တပိုင်း သာလွန်၍ ပျက်စီးယိုယွင်းနေသော သူသေကောင်, အရိုးကောင်များကို ပြလာခဲ့၏။ သတ္တမပိုင်း၌ ဖွေးဖွေး ဖြူနေသော လတ်လတ် ဆတ်ဆတ်အရိုးများကို ပြခဲ့၏။ နဝမပိုင်း၌ ကြေမွလျက် အမှုန့် အမှုန့်ဖြစ်နေသော အရိုးများကို ပြလတံ့။ ထို ၂-ပိုင်းတို့၏ အလယ်၌ ပြထားသော ဤ အဋ္ဌမပိုင်းလာအရိုးများသည် သတ္တမပိုင်းက အရိုးများလောက်လည်း မလတ်ဆတ်တော့ဘဲ နဝမပိုင်းက အရိုးများ လောက်လည်း မဆွေးမြည့်သေးဘဲ စုဏ္ဏက-အမှုန့်အမှုန့် ကြေမွလု နီးပါး ပျက်စီးနေသော အရိုးများသာလျှင် ဖြစ်သင့်ပေ၏။ ထို့ပြင် **တေရောဝဿိကာနိဟူသော ဟေတုမန္တဝိသေသန ပုဒ်ဖြင့်လည်း တနှစ်ကျော်၍ ချို့ယွင်း ပျက်စီးနေပုံကို** ထင်ရှားပြလျက် ရှိပေ၏။ ထို့ကြောင့် **ပူတိကာနိ-အပေါင်းအစုတမျှ ပွတာတ ဖြစ်၍နေကုန်သော**—ဤအနက်ကိုလည်း မှတ်ယူ သင့်ပေ၏။ သို့သော် **အဋ္ဌကထာ**၌ မဖွင့်သည်ကိုထောက်လျှင်ကား ဤမျှလောက် အနက် ခက်ခဲခြင်း မရှိတန်ရာ။ သို့ဖြစ်၍ အခြားပါဠိ၌လည်း ထင်ရှားရှိသဖြင့် ပေါ်လွင်သော အနက်ကိုသာ နိသျ၌ မူတင်အပ်ပါသည်။ မူတင်ထားသော ထိုအနက် အရအားဖြင့် သုသာန်၌ တနှစ်ကျော်သောအရိုးများ ရုပ်ပွလျက် မရှိစေရန် တနေရာရာ၌ စုပုံထားသည်ကို ညွှန်ပြသည်ဟု မှတ်

မှတ်ချက် အဓိပ္ပါယ်

အပ်၏။ ။**ဆရာတော်ဦးဗုဓ်၏ နိဿျ၌ကား....ပုဥ္ဆကိတာနိ–အစုဖရိုဖရဲကွဲလေကုန်ပြီးသော**·ဟု ပြန်ဆိုထားပေ၏။ ကစ္စည်းကျမ်း၌လာသော **ကိတကပုဒ်**ကဲ့သို့ ကိရဓာတ်+တပစ္စည်းဖြင့် ကိဏ္ဏ-ဝိကိဏ္ဏ၏အစား **ကိတ**ဟု ပြီးစေလျက် ပုဥ္ဆော ကိတော ဝိကိဏ္ဏော ယေသန္တိ ပုဥ္ဆကိတာနိ·ဟု ဝစနတ္ထပြုရာ၏။ ဤ**အနက်သည်လည်း** တခဲနက် ကျစ်ကျစ် လစ်လစ် စုပေါင်းနေသော အရိုးမှုန့်အပေါင်း၏ ကွဲပျက်လျက် ပွတတဖြစ်ခြင်းကို ရည်ရွယ်လျှင် ဤနိဿျသစ် မှတ်ချက်၌ ပြထားသော အနက်နှင့် အလားတူပင် ဖြစ်ပေသည်။ ဟိုမှာတပုံ, သည်မှာတပုံအားဖြင့် အရိုးစု အရိုးပုံတွေ တကွဲတပြားစီ ဖြစ်နေသည်ကိုလဲ ယူနိုင်သေး၏။ ဤသို့ ယူလျှင်ကား **တေရောဝဿိကာနိ** ဟူသော ဝိသေသနပုဒ်ဖြင့် **ဘာကိုရည်ရွယ်သနည်း**ဟု စူးစမ်းရှာဖွေရပေလိမ့်ဦးမည်။ **သုတ်ပါဠိတော်ကြီး၏ နိဿျတို့၌ကား....ပုဥ္ဆကိတာနိ၊ ပိုးတို့သည် ထိုးလေကုန်ပြီးသော**ဟု ပြန်ဆိုထားလေ၏။ **ဘုဥ္ဆကိဋ္ဌာနိ**ပုဒ်ကို တွေ့၍ ဤသို့ ပြန်ဆိုသည် ဖြစ်ရာ၏။ ၎င်းအနက်၌ တနှစ်ကျော်သော အရိုးများ**မှာ ပိုးစားမှု ရှိ-မရှိကိုလဲ** စူးစမ်းရာ၏။

## ၁-ကာယာနုပဿနာ ၁၄-နဝသိဝထိကပဗ္ဗ

## ၉-နဝမပိုင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ၊ အဋ္ဌိကာနိ ပူတီနိ စုဏ္ဏကဇာတာနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ပေ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

နဝသိဝထိကပဗ္ဗံ နိဋ္ဌိတံ။

စုဒ္ဒသ ကာယာနုပဿနာ နိဋ္ဌိတာ။

## ၁-ကာယာနုပဿနာ ၁၄-နဝသိဝထိကပဗ္ဗ

## ၉-နဝမပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါး သော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ ဆဍ္ဍိတံ၊ သုသာန်၌ စွန့်ပစ်ထားအပ်သော။ သရီရံ၊ သူသေကောင် ကို။ (ပဿေယျ၊ တွေ့မြင်ရာ၏။) ပူတီနိ၊ ဆွေးမြည့်ကုန်သည် ဖြစ်၍။ စုဏ္ဏကဇာတာနိ၊ အမှုန့်အမှုန့် ဖြစ်ကုန်သော။ အဋ္ဌီနိ၊ အရိုးတို့ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ သော၊ ထိုရဟန်းသည်။ ဣမမေဝ ကာယံ၊ (မိမိ၏ ရုပ်

အပေါင်း) ဤကိုယ်ကိုပင်လျှင်။ ဥပသံဟရတိ၊ နှိုင်းဆသမှု ဆင်ခြင်ရှု၏။ အယမ္ပိ ခေါ ကာယော၊ ငါ၏ ဤရုပ်ကိုယ်သည် လည်း။ဧဝံဓမ္မော၊ ဤအရိုးမှုန့်များလိုပင် ဆွေးမြည့်၍ အမှုန့် အမှုန့်ဖြစ်ခြင်း သဘောရှိချေ၏။ ဧဝံဘာဝီ၊ ဤအရိုးမှုန့်များ လိုပင် ဆွေးမြည့်၍ အမှုန့်အမှုန့် ဖြစ်ရမည်သာတည်း။ဧဝံအနတီတော၊ ဤအရိုးမှုန့်များလိုပင် ဆွေးမြည့်၍ အမှုန့်အမှုန့် ဖြစ်ခြင်းသဘောကို မလွန်နိုင်ပါတကား။ ဣတိ၊ ဤသို့နှိုင်းဆ သမှု ဆင်ခြင်ရှု၏။ ဣတိ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဇ္ဈတ္တံ ဝါ ကာယေ၊ ဤ မိမိ၏ရုပ်အပေါင်းကိုယ်၌မှုလည်း။ (ဣရိယာပထပိုင်းနှင့် တူပြီ။ ။အတ္ထိ ကာယောတိ၊ ဆွေး မြည့်၍ အမှုန့်ဖြစ်မည့် ရုပ်အပေါင်းမျှသာ ရှိသည်ဟု....ဤမျှ သာ ပြင်ဆိုရန် ထူးတော့သည်)။

၉-သိဝထိက နဝမပိုင်း ပြီး၏။

နဝသိဝထိကပဗ္ဗံ၊ သိဝထိက ၉-ပိုင်းသည်။ နိဋ္ဌိတံ၊ပြီးပြီ။

စုဒ္ဒသကာယာနုပဿနာ၊ ၁၄-ပါးကုန်သော

ကာယာနုပဿနာတို့သည်။ နိဋ္ဌိတာ၊ ပြီးကုန်ပြီ။

---

**အထူးမှတ်ဖွယ် အဋ္ဌကထာ အဆုံးအဖြတ်**

တတ္ထ အာနာပါနပဗ္ဗံ ပဋိကူလမနသိကာရပဗ္ဗန္တိ ဣမာနေဝ ဒွေ အပ္ပနာကမ္မဋ္ဌာနာနိ၊ သိဝထိကာနံ ပန အာဒီနဝါနုပဿနာဝသေန ဝုတ္တတ္တာ, သေသာနိ ဒွါဒသာပိ ဥပစာရကမ္မဋ္ဌာနာနေဝ။

မှတ်ချက် အမိပ္ပါယ်

တတ္ထ၊ ထိုကာယာနုပဿနာ ၁၄-ပိုင်းတို့တွင်။ အာနာ-ပါနပဗ္ဗံ၊ အာနာပါနပိုင်းရင်း။ ပဋိကူလမနသိကာရပဗ္ဗံ၊ ပဋိကူလမနသိကာရပိုင်းရင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဧဝ ဒွေ၊ ဤ ၂-ပိုင်းတို့သည်သာလျှင်။ အပ္ပနာကမ္မဋ္ဌာနာနိ၊ အပ္ပနာစျာန်၏ ကမ္မဋ္ဌာန်းတို့ပေတည်း။ ဝါ၊ အပ္ပနာစျာန်ကို ရစေတတ်သော ကမ္မဋ္ဌာန်းတို့ပေတည်း။ ပန၊ ထိုမှတပါး။ သိဝထိကာနံ **အာဒီနဝါနုပဿနာဝသေန** ဝုတ္တတ္တာ၊ သိဝထိက ၉-ပိုင်းတို့ကို အာဒီနဝါနုပဿနာ အလိုအားဖြင့် ဟောအပ်သောကြောင့်။ (ဤအကြောင်းပြ စကားဖြင့် သိစေလိုသည်မှာ....သိဝထိက ၉-ပိုင်းတို့၌ သူသေကောင် အရိုးစုကောင် **ဥပမာ** ပါဝင်ငြားသော်လည်း ရင်းမှာ **ဥပမာမျှသာတည်း**၊ တကယ်ရှုအပ်သော ကမ္မဋ္ဌာန်းကား မဟုတ်သေးပေ၊ **ဥပမေယျ** ဖြစ်သော **မိမိ၏ ကိုယ်သည်သာလျှင်** တကယ်ရှုအပ်သော ကမ္မဋ္ဌာန်းဖြစ်ပေသည်။ သို့သော်လည်း **သဝိညာဏကဖြစ်သော မိမိ၏ကိုယ်၌** အဝိညာဏက သူသေကောင်မှာကဲ့သို့ **အပ္ပနာ-စျာန်ကိုကား မရနိုင်ပေ၊** ဥပစာရသမာဓိမျှကိုသာ ရနိုင်ပေသည်။ ထို့ကြောင့် သိဝထိက ၉-ပိုင်းတို့ကို အပ္ပနာ ကမ္မဋ္ဌာန်းအဖြစ်ဖြင့် ဟောသည်မဟုတ်၊ **အာဒီနဝါ နုပဿနာအဖြစ်ဖြင့်သာ** ဟောသည်ဟု မဟာသီဝ မထေရ်က မိန့်ဆိုထားပေသည်၊ ထို့ကြောင့် **အပ္ပနာစျာန်နှင့်** မဆိုင်ဟု သိစေ၏)။ ။ သေသာနိ၊ အာနာပါနပိုင်း, ပဋိကူလမနသိကာရပိုင်းတို့မှ ကြွင်းကုန်သော။ ဒွါဒသာပိ၊ ကာယာနုပဿနာ ၁၂-ပိုင်းတို့သည်လည်း။ ဥပစာရကမ္မဋ္ဌာနာနိ ဧဝ၊ ဥပစာရစျာန်၏

မှတ်ချက် အဓိပ္ပါယ်

ကမ္မဋ္ဌာန်း ဥပစာရစျာန်ကို ရစေတတ်**သော** ကမ္မဋ္ဌာန်းတို့သာ လျှင်တည်း။ [ဤဌ် **ဝေသဒ္ဒါဖြင့်** အပ္ပနာစျာန်ကို ရစေတတ် သော ကမ္မဋ္ဌာန်းကား မဟုတ်ဟု သိစေ၏။]

ဤအဋ္ဌကထာစကားဖြင့်....ဣရိယာပထပိုင်း, သမ္ပဇညပိုင်း ဓာတုမနသိကာရပိုင်း, သိဝထိက ၉-ပိုင်းဟူသော ဤ ၁၂-ပိုင်း ဒေသနာတော်နှင့်အညီ အားထုတ်နေသော ယောဂီမှာ **ဥပ-စာရစျာန်** ခေါ် ဥပစာရသမာဓိဖြစ်ပေါ်လျက် **စိတ္တဝိသုဒ္ဓိ စခန်းလဲ** ပြီးစီးပြည့်စုံသွားသည်ဟု မြဲမြံစွာ ဆုံးဖြတ်ရာ၏။ ဤအရာ၌ **ဝိပဿနာခဏိကသမာဓိကိုပင် ဥပစာရသမာဓိ**ဟု ခေါ်ဆိုထားပေသည်။ အဘယ့်ကြောင့်နည်း**ဟူမူ....** နီဝရဏ တို့ကို ငြိမ်းစေသော အစွမ်းသတ္တိအားဖြင့် လောကီစျာန်၏ ရှေ့သွားဖြစ်သော **ဥပစာရသမာဓိနှင့် အလားတူသော ကြောင့်ရင်း၊** မဂ်ဖိုလ်အပ္ပနာတို့၏ **ဥပစာရအရာ၌ တည်သော ကြောင့်ရင်း** ဖြစ်ပေသည်၊ ထို့ပြင် ခဏိကသမာဓိကို မပြတော့ဘဲ ဥပစာရ, အပ္ပနာ ၂-မျိုးကိုသာ ပြဆိုထားသော အဋ္ဌကထာ စကားဟူသမျှတို့၌လဲ ဤအရာ၌ကဲ့သို့ပင် **ရင်းခဏိကသမာ ဓိကို ဥပစာရသမာဓိ၌ ထည့်သွင်းထားသည်** ဟု မှတ်အပ်၏။

## နိဒ္ဒေသဝါရ ၂-ဝေဒနာနုပဿနာ

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

သာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ နိရာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ နိရာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

သာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော သာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ နိရာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ-

ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ သမုဒယ-ဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ။ အတ္ထိ ဝေဒနာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ-မတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

ဝေဒနာနုပဿနာ နိဋ္ဌိတာ။

**နိဒ္ဒေသဝါရ ၂-ဝေဒနာနုပဿနာ**

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ဝေဒနာသု၊ ခံစားမှု ဝေဒနာတို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဝေဒနာ-နုပဿီ၊ ခံစားမှုသဘောမျှဟု ရှုမြင်လျက်။ ဝိဟရတိ ပန၊ နေပါသနည်း ဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။*သုခံဝေဒနံ၊ချမ်းသာသောခံစားမှုကို။ဝေဒယ-

မှတ်ချက် အဓိပ္ပါယ်

*ချမ်းသာလျှင်-ကောင်းလျှင် "**ချမ်းသာသည် ကောင်းသည်**"ဟု သိရန်ညွှန်ပြသော ဤ **ဘုရားစကားတော်** ၌လဲ **မသိနားမလည်သူတို့က အထင် အမြင်သေးဘွယ် ရှိပေ၏။**

မာနေ ဝါ၊ ခံစားလျှင်လည်း။ (ဝါ၊ ခံစားတုန်း, ခံစားဆဲ, ခံစားခိုက်, ခံစားစဉ်မှုလည်း)။ သုခံ ဝေဒနံ ဝေဒယာမီတိ၊ ချမ်းသာသော ခံစားမှုကို ခံစားသည်ဟု။ ပဇာနာတိ၊ သိ၏။

ဒုက္ခံ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကို။ ဝေဒယမာနော ဝါ၊ ခံစားလျှင်လည်း။ (ဝါ၊ ခံစားတုန်း, ခံစားဆဲ, ခံစားခိုက်,

---

မှတ်ချက် အခိပ္ပါယ်

ထို့ကြောင့် အဋ္ဌကထာ၌ ထို**မသိနားမလည်သူတို့၏ အထင် အမြင်ကို** ဖော်ပြပြီးလျှင် ဖြေရှင်းလျက် **ဘုရားစကားတော်ကို ထောက်ခံထားလေပြီ၊** အခိပ္ပါယ်အားဖြင့် ဤသို့ပင်တည်း၊ ပက်လက်အိပ်တတ်ရုံမျှ ကလေး သူငယ်များတောင်မှ နို့စို့နေခိုက် စသည်မှာ "ချမ်းသာတယ်-ကောင်းတယ်"စသည်ဖြင့် သိကြမည်ပင် မဟုတ်ပါလော၊ သိလျှင် ဤယောဂီ၏အသိဟာ ထိုကလေးများ၏ အသိနှင့် အတူတူပင် ဖြစ်ရာသည် မဟုတ်ပါလောဟူမူ?သိကြသည်ကား မှန်ပေ၏။ သို့သော် **အသိချင်းကား မတူပေ၊** ပြောင်းပြန်ထူးခြားလျက် ကွဲပြားနေပေ၏။ **ထူးခြားပုံကား** ကလေးသူငယ်ဖြစ်စေ၊ ရှုမှတ်မှု မရှိသော တတ်သိလိမ္မာသူ လူကြီးပင်ဖြစ်စေ ဤပုဂ္ဂိုလ် အားလုံးမှာ သိပုံချင်းအတူတူပင်။ သူတို့သည် ချမ်းသာမှုကို ဖြစ်ပေါ်လာတိုင်းလဲ သိကြသည်မဟုတ်၊ တခြားတပါးကို ကြံစည်လျက် အချိန်ကုန်နေကြသည်သာလျှင် များကုန်၏။ တရံတခါမျှ သိကြသော်လဲ သဘောတရားတခုမျှ အနေအားဖြင့် မသိကြ၊ "ငါ ချမ်းသာတယ်၊ ငါ ကောင်းတယ်"ဟု **ငါကောင် အနေအားဖြင့်သာ** သိကြ၏။ အခိုက် အတန့်မျှ

ခံစားစဥ်မူလည်း)။ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ၊ ဆင်းရဲသော ခံစားမှုကို ခံစားသည်ဟု ။ ပဇာနာတိ၊ သိ၏။

အဒုက္ခမသုခံ ဝေဒနံ၊ မဆင်းရဲ မချမ်းသာ = မဆိုး မကောင်း ခံစားမှုကို။ ဝေဒယမာနော ဝါ၊ ခံစားလျှင်လည်း။

---

မှတ်ချက် အဓိပ္ပါယ်

ဖြစ်ပျက်သွားသည့်သဘောတရား အနေအားဖြင့်လဲမသိကြ၊ **"ယခင်က ရှိနေသော ငါကပင် ယခု ချမ်းသာနေသည်"** ဟု မြဲသည့် အနေအားဖြင့်သာ ထင်မြင်ကြ သိကြ၏။ ဤလို အသိမျိုးသည်ကား **သတ္တဝါကောင် ငါကောင်**ဟု ထင်မှတ် စွဲလမ်းခြင်းကို **မပယ်နိုင်သည့်ပြင် တိုး၍တောင်မှ** ခိုင်မြဲစေ သေး၏။ ထို့ကြောင့် ဤအသိမျိုးသည် **ကမ္မဋ္ဌာန်းလဲမမည်၊ သတိပဋ္ဌာန်ဘာဝနာလဲ မဖြစ်သည်** သာတည်း။ သို့ဖြစ်၍ **"ချမ်းသာလျှင် ချမ်းသာသည်"** ဟု သိရန် ညွှန်ပြသော **ဘုရားစကားတော်သည်** ကလေးသူငယ်နှင့်တကွ ရှုမှတ်မှု ကင်းသော **သာမန်ပုဂ္ဂိုလ်တို့၏ အသိမျိုးကို မရည်ရွယ်**ဟု ထင်ရှား သိအပ်ပေ၏။

မပြတ်ရှုမှတ်နေသော ယောဂီသည်ကား ချမ်းသာမှုကို ဖြစ်တိုင်း ဖြစ်တိုင်းလဲ **သိ၏**။ သဘာဝ လက္ခဏာ,ရသ စသည့် တို့ဖြင့်လဲ သဘောတရား တခုမျှဟု သိ၏။ ရှေ့နောက်မစပ်ဘဲ အသစ်အသစ် ဖြစ်ပေါ်ပြီး ပျောက် ပျောက် သွားသည်ကိုလဲ မျက်မှောက်တွေ့လျက် သိ၏။ ထိုအခါ၌ တဆက်တည်း-တခု တည်းဟု ထင်မြင်အပ်သော **သန္တတိပညတ်က မကွယ်မဖုံးနိုင် သောကြောင့်** "မမြဲ, ဆင်းရဲ, ငါကောင်မဟုတ်" ဟူ၍လဲ

(ဝါ၊ ခံစားတုန်း, ခံစားဆဲ, ခံစားနိုက်, ခံစားစဉ်မှုလည်း)။ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ၊ မဆင်းရဲ မချမ်းသာ= မဆိုးမကောင်း ခံစားမှုကို ခံစားသည်ဟု။ ပဇာနာတိ၊ သိ၏။

---

မှတ်ချက် အခိပ္ပါယ်

ရှင်းလင်းစွာ သိ၏။ ထို့ကြောင့် ကော ဝေဒယတိ–ဘယ်သူ ခံစားသလဲ-ခံစားသူ ရှိသလားဟူသော အမေး၌ "ခံစားသူ ကား မရှိ၊ အသစ်အသစ် ဖြစ်ပျက်နေသော ခံစားမှုသဘော အဆင့်အဆင့်မျှသာ ရှိသည်"ဟု ပြေလည်စွာ အသိ ရှင်းပေ ၏။ ထို့ပြင် ကဿ ဝေဒနာ-ဘယ်သူ၏ ခံစားမှုလဲ-ခံစားမှု၏ ပိုင်ရှင်ရှိသလား ဟူသော အမေး၌လဲ "အကြောင်းအား လျော်စွာ အသစ်အသစ် အဆင့်ဆင့် ဖြစ်နေသော ခံစားမှု မျှသာ ရှိသည်၊ ထိုခံစားမှု၏ ပိုင်ရှင်ကား မရှိ"ဟူ၍ ပြေလည် စွာ အသိ ရှင်းပေ၏။ ထို့ပြင် ကိံ ကာရဏာ ဝေဒနာ-ဘယ် အကြောင်းကြောင့် ခံစားမှုဖြစ်သလဲဟူသော အမေး၌လဲ.... "ကောင်းသော အာရုံနှင့် တွေ့ရသောကြောင့် ချမ်းသာမှု ဖြစ်ပေါ်သည်"ဟု ပြေလည်စွာ အသိ ရှင်းပေ၏။ ဤသို့ ရှင်း လင်းစွာ သိသော ယောဂီ၏ သမ္ပဇဉ်ဉာဏ်ကိုရည်၍ "ချမ်းသာ လျှင် ချမ်းသာသည်"ဟု သိရန် ဟောကြား သွန်ပြတော် မူပေသည်။ ဤအရာ၌ "ချမ်းသာတယ်- ကောင်းတယ်" စသည်ဖြင့် မှတ်သိမှုက ဂေါစရသမ္ပဇဉ်ပေတည်း။ ဤ ဂေါစရ သမ္ပဇဉ် ရင့်သောအခါ၌ မေးခွန်း ၃-ချက်ကို ပြေလည်အောင် ရှင်းလင်းစွာ သိသော အသမ္မောဟ သမ္ပဇဉ်သည် မေ့နိယာမ အတိုင်း အလိုလိုပင် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် အဋ္ဌကထာ ၌....ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ ဝေဒယတီတိ

* သာမိသံ **သုခံ** ဝေဒနံ၊ ကာမဂုဏ် အာရုံနှင့် စပ်သော ဝမ်းသာမှု(သုခဝေဒနာ) ကို။ ဝေဒယမာနော ဝါ၊ ခံစားလျှင်လည်း။ သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ၊ ကာမဂုဏ် အာရုံနှင့် စပ်သော ဝမ်းသာမှုကို ခံစားသည်ဟု။ ပဇာနာတိ၊ သိ၏။

---

မှတ်ချက် အမိပ္ပါယ်

သလ္လက္ခေန္တော သေ....''သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ''တိ ဝေဒိတဗ္ဗော ဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ထားလေပြီ။

ငတ္ထုံ၊ ချမ်းသာမှုဖြစ်ကြောင်း အာရုံကောင်းကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဝေဒနာ ဧဝ၊ ခံစားမှုသည်သာလျှင်။ ဝေဒယတီတိ၊ ခံစားသည်ဟု။ သလ္လက္ခေန္တော၊ မှတ်သော။ သေ၊ ဤယောဂီသည်။ သုခံ ဝေဒနံ ဝေဒယာမီတိ၊ ချမ်းသာသော ခံစားမှုကို ခံစားသည်-ကောင်းသည်ဟု။ ပဇာနာတိ၊ သိသည်မည်ပေ၏။ ဣတိ ဝေဒိတဗ္ဗော၊ ဤသို့ သိအပ်၏။

* အလိုရှိအပ်, ချစ်ခင်အပ်, နှစ်သက်အပ်သော လင်မယားသားသမီး, အဝတ်အစား, ရွှေငွေ, အိမ်ယာ, ကျွဲ, နွား, ဆင်, မြင်းစသော အပြင်ပ ဝတ္ထုများကိုင်း၊ ကိုယ်တွင်းသန္တာန်က မျက်စိရုပ် အဆင်းရုပ် မြင်မှု ချမ်းသာမှု တတ်သိလိမ္မာမှုစသော အတွင်းဝတ္ထုများကိုင်း အကြောင်းပြု၍ ဝမ်းသာခြင်းသည် **သာမိသသုခ** မည်၏။ ကာမဂုဏ် အစာနှင့် စပ်ဆိုင်သော ချမ်းသာဟု ဆိုလို၏။ ၎င်းကိုပင် **ဂေဟဿိတသော မနဿ**ဟူ၍လဲ ခေါ်၏။ ကာမဂုဏ် နေအိမ်ကိုမှီသော ရွှင်လန်း ဝမ်းသာမှုဟု ဆိုလို၏။ ဤသုခသည် လှပသော အဆင်းကို အကြောင်းရင်းပြု၍ လင်မယားစသော ကာမ

* နိရာမိသံ သုခံ ဝေဒနံ၊ ကာမဂုဏ် အစာနှင့်မစပ်သော ဝမ်းသာမှု(သုခဝေဒနာ)ကို။ ဝေဒယမာနော ဝါ၊ ခံစားလျှင်လည်း။ နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမိတိ၊ ကာမဂုဏ်အစာနှင့်မစပ်သော ဝမ်းသာမှုကို ခံစားသည်ဟု။ ပဇာနာတိ၊ သိ၏။

---

မှတ်ချက် အဓိပ္ပါယ်

ဂုဏ်ဝတ္ထုကို အာရုံပြုလျက် ဝမ်းသာသောအခါ၌ ရူပါရုံကိုမှီ၍ ဖြစ်၏၊ သာယာချိုမြိန်သောစကားသံ စသည်ကို အကြောင်းရင်းပြု၍ လင်မယားစသော ကာမဂုဏ်ဝတ္ထုကို အာရုံပြုလျက် ဝမ်းသာသောအခါ၌ သဒ္ဒါရုံစသည်ကို မှီ၍ဖြစ်၏၊ ထိုသို့သော ကာမဂုဏ်ဝတ္ထုများနှင့် ယခုလောလောဆယ် ပြည့်စုံနေသည်ကို နှလုံးသွင်းမိ၍လဲ ဝမ်းသာတတ်၏၊ ရှေးက ပြည့်စုံခဲ့ဘူးသည်ကို ဆင်ခြင်အောက်မေ့မိ၍လဲ ဝမ်းသာတတ်၏၊ ဤသို့သော ဝမ်းသာမှုကို **ဖြစ်ပေါ်ခိုက်၌**"ဝမ်းသာတယ်-ဝမ်းသာတယ်"ဟု **မှတ်လျက်သိရမည်**ဟု ဆိုလိုပေ၏။

* ဒွါရ ၆-ပါး၌ ထင်တိုင်းသော အာရုံ ၆-ပါးတို့ကို မပြတ်မှတ်နေသော ယောဂီသည် သမာဓိဉာဏ် ရင့်သောအခါ၌ ထို အာရုံ ၆-ပါးတို့၏ဖြစ်မှုပျက်မှုကို မျက်မှောက်တွေ့မြင်၍ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့ကို သိမြင်၏။ ထိုအခါ၌ မျက်မှောက် သိမြင်ရသော ပစ္စုပ္ပန်အာရုံနှင့် နှိုင်းဆ၍ ရှေးကတွေ့ဘူးသော အတိတ်အာရုံ ၆-ပါးတို့ကို၎င်း၊ တွေ့ကြုံဆဲ အာရုံတို့ကို၎င်း "မမြဲ၊ ဆင်းရဲ၊ ပြောင်းလဲ ဖောက်ပြန်သော တရားချည်းသာ" ဟု သိမြင် ဆုံးဖြတ်၏။ ဤသို့သိမြင်သောသူအား မှတ်သိတိုင်း

မှတ်ချက် အဓိပ္ပါယ်

မှတ်သိတိုင်း ဝမ်းသာမှု ဖြစ်ပေါ်တတ်၏။ ဤဝမ်းသာမှုသည် ကာမဂုဏ်အစာနှင့် မစပ်မဆိုင်သောကြောင့် **နိရာမိသသုခ** မည်၏။ ၎င်းကိုပင် **နေက္ခမ္မသိတသောမနဿ** ဟူ၍လည်း ခေါ်၏။ ဝိပဿနာကိုမှီသော ဝမ်းသာမှုဟု ဆိုလို၏။ ဤသို့သော ဝမ်းသာမှုသည် **ဥဒယဗ္ဗယဉာဏ်ဖြစ်ခါစ၌** တားဆီး၍ မရနိုင်အောင် အလွန်အကဲဖြစ်ပေါ်တတ်၏။ ၎င်းကို **ဖြစ်တိုင်း၊ ဖြစ်တိုင်း** "ဝမ်းသာတယ်-ဝမ်းသာတယ်"ဟု **မှတ်လျက်သိရမည်ဟု** ဆိုလိုပေ၏။ ထို့ပြင် ဘုရားဂုဏ်စသည်ကို နှလုံးသွင်း ဆင်ခြင်သောအခါ၌ ပီတိသောမနဿများ ဖြစ်တတ်၏။ ဤသောမနဿများလဲ **နိရာမိသသုခ**ပင်တည်း။ ၎င်းတို့ကိုလည်း မှတ်လျက် **သိရမည်သာ**တည်း။ ဤသို့ မှတ်သိခြင်းဖြင့် အရဟတ္တဖိုလ်တိုင်အောင် ဆိုက်ရောက်သွားတတ်ပေ၏။ ထို့ကြောင့် သမ္ဗောဓိအဖွင့် အဋ္ဌကထာတို့၌....

ဗုဒ္ဓါရမ္မဏံ သံဃာရမ္မဏံ ပီတိံ ဥပ္ပါဒေတွာ တဒေဝ ခယတော ဝယတော သမ္မသန္တော အရဟတ္တံ ပါပုဏာတိ-ဟု မိန့်ဆိုထားပေသည်။

ဗုဒ္ဓါရမ္မဏံ ပီတိံ၊ ဘုရားဂုဏ်လျှင် အာရုံရှိသော ပီတိကို။ သံဃာရမ္မဏံ ပီတိံ၊ သံဃာ့ဂုဏ်လျှင် အာရုံရှိသော ပီတိကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ တဒေဝ၊ ထိုပီတိကိုပင်လျှင်။ ခယတော ဝယတော၊ ကုန်ဆုံးသွားသည် ပျောက်ပျက်သွားသည်ဟု။ သမ္မသန္တော၊ ဉာဏ်ဖြင့် သုံးသပ်-ရှုမြင်သော သူသည်။ ဝါ၊ သုံးသပ်ရှုမြင်လျက်။ **အ**ရဟတ္တံ ပါပုဏာတိ၊ အရဟတ္တဖိုလ်သို့

[1]သာမိသံ ဒုက္ခံ ဝေဒနံ၊ ကာမဂုဏ် အစာနှင့်စပ်သော နှလုံးမသာမှု (ဒုက္ခဝေဒနာ) ကို။ ဝေဒယမာနော ဝါ၊ ခံစားလျှင်လည်း။ သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ၊ ကာမဂုဏ် အစာနှင့်စပ်သော နှလုံးမသာမှုကို ခံစားသည်ဟု။ ပဇာနာတိ၊ သိ၏။ [2]နိရာမိသံ ဒုက္ခံ ဝေဒနံ၊ ကာမဂုဏ်အစာနှင့် မစပ်သော

---

မှတ်ချက် အဓိပ္ပါယ်

ရောက်တတ်၏။ (ပီတိသည် **သောမနဿ**နှင့် တပေါင်း**တည်း** တွဲလျက်သာ ဖြစ်၏။ ဓမ္မာရမ္မဏပီတိ-သီလာရမ္မဏပီတိ-စာဂါရမ္မဏပီတိ စသည်ကိုရှုလျက်လဲ နည်းတူပင် ဖြစ်နိုင်သည်ဟု မှတ်အပ်၏)။

၁-လိုလားအပ်သော ကာမဂုဏ် အာရုံ ဝတ္ထုများနှင့် ရှေးကလဲ မပြည့်စုံ၊ ယခုလဲ မပြည့်စုံသောကြောင့်ရင်း၊ ဘေးရန် အန္တရာယ် ဆင်းရဲဒုက္ခတို့နှင့် ရှေးကလဲ တွေ့ခဲ့ရ၊ ယခုလဲ တွေ့နေရသောကြောင့်ရင်း၊ နှလုံးမသာခြင်း-ဝမ်းနည်းခြင်းသည် **သာမိသဒုက္ခ** မည်၏၊ **ဂေဟာဿိတ ဒေါမနဿ** လဲ မည်၏။ ဤသို့သော ဝမ်းနည်းမှု နှလုံးမသာမှု စိတ်ညစ်မှု လွမ်းဆွတ် ပူဆွေးမှုဟူသမျှကို **ဖြစ်တိုင်း ဖြစ်တိုင်း** "ဝမ်းနည်းတယ်-ဝမ်းနည်းတယ်"စသည်ဖြင့် **မှတ်လျက် သိရမည်**ဟု ဆိုလိုပေ၏။ ဤမှစ၍ မှတ်ချက် အဓိပ္ပါယ်များကို ကျယ်ဝန်းစွာ မရေးတော့ပြီ။ အကျယ်အဓိပ္ပါယ်ကို သိလိုလျှင် **ဝိပဿနာ ရှုနည်းကျမ်း** အခန်း (၄) မှာ ကြည့်ရှုပါလေ။

၂-တရားအားထုတ်ဆဲ ယောဂီအား သမာဓိဉာဏ်မတိုး တက်သောအခါ၌ ဝမ်းနည်းမှု ဖြစ်တတ်၏၊ ၎င်းသည် **နိရာမိသ**

နှလုံးမသာမှု (ဒုက္ခဝေဒနာ) ကို။ ဝေဒယမာနော ဝါ၊ ခံစားလျှင်လည်း။ နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ၊ ကာမဂုဏ်အစာနှင့်မစပ်သော နှလုံးမသာမှုကို ခံစားသည်ဟု။ ပဇာနာ-တိ၊ သိ၏။

* သာမိသံ အဒုက္ခမသုခံ ဝေဒနံ၊ ကာမဂုဏ် အစာနှင့် စပ်သော လျစ်လျူရှုမှု (ဥပေက္ခာဝေဒနာ) ကို။ ဝေဒယမာ-နော ဝါ၊ ခံစားလျှင်လည်း။ သာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ၊ ကာမဂုဏ် အစာနှင့်စပ်သော လျစ်လျူရှုမှုကို ခံစားသည်ဟု။ ပဇာနာတိ၊ သိ၏။ နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ၊ ကာမဂုဏ် အစာနှင့် မစပ်သော လျစ်လျူ ရှုမှု (ဥပေက္ခာဝေဒနာ) ကို။ ဝေဒယမာနော ဝါ၊ ခံစားလျှင်လည်း။ နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ၊ ကာမဂုဏ်အစာနှင့် မစပ်သော လျစ်လျူရှုမှုကို ခံစားသည်ဟု။ ပဇာနာတိ၊ သိ၏။

ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံ ဝါ ဝေဒနာသု၊ မိမိ၏ ခံစားမှု ဝေဒနာတို့၌ မူလည်း။ ဝေဒနာနုပဿီ

---

မှတ်ချက် အဓိပ္ပါယ်

ဒုက္ခ မည်၏၊ **နေက္ခမ္မသိတဒေါမနဿ** လဲ မည်၏။ တရားနာရန်, တရားကျင့်ရန်, ရှင်ရဟန်းပြုရန် အခွင့်မရနိုင်သဖြင့် ဖြစ်သော ဝမ်းနည်းခြင်းများသည်လည်း **နေက္ခမ္မသိတဒေါ-မနဿ** ပင်တည်း။

* တွေ့ကြုံနေကျ ကာမဂုဏ် ဝတ္ထုများနှင့် စပ်၍ လျစ်လျူရှုမှုသည် **သာမိသအဒုက္ခမသုခ** မည်၏၊ **ဂေဟသိတ ဥပေက္ခာ**

ဝိဟရတိ၊ ခံစားမှုမျှဟု ရှုမြင်လျက်နေ၏။ ဗဟိဒ္ဓါ ဝါ ဝေဒနာ-သု၊ အပြင်ပဖြစ်သော သူတပါး၏ ခံစားမှု ဝေဒနာတို့၌ မှုလည်း။ ဝေဒနာနုပဿီ ဝိဟရတိ၊ ခံစားမှုမျှဟု ရှုမြင်လျက် နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဝေဒနာသု၊ ရံခါ မိမိ၏ ခံစားမှု တို့၌ ရံခါ သူတပါး၏ ခံစားမှုတို့၌မှုလည်း။ ဝေဒနာနုပဿီ ဝိဟရတိ၊ ခံစားမှုမျှဟု ရှုမြင်လျက် နေ၏။

ဝေဒနာသု၊ ခံစားမှု ဝေဒနာတို့၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းတရားနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက် မှုလည်း။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ ခံစားမှုဝေဒနာတို့၌။ ဝယဓမ္မာနုပဿီ ဝါ၊ ပျက်ကြောင်းတရားနှင့် ပျက်မှုသဘော ကို ရှုမြင်လျက် မှုလည်း။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ ခံစား မှု ဝေဒနာတို့၌။ သမုဒယဝယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်း, ပျက်ကြောင်းတရားနှင့် ဖြစ်မှု, ပျက်မှု သဘောကို ရှုမြင်လျက် မှုလည်း။ ဝိဟရတိ၊ နေ၏။

ဝါ ပန၊ သတိထင်ပုံ တနည်းကား။ အတ္ထိ ဝေဒနာတိ၊ ခံစားမှု သဘောမျှတို့သာ ရှိကြသည်ဟု။ အဿ သတိ၊ ထို ရဟန်း၏ အမှတ်ရမှုသတိသည်။ ပစ္စုပဋ္ဌိတာ ဟောတိ၊ ရှေးရှု

---

မှတ်ချက် အဓိပ္ပါယ်

လဲ မည်၏၊ အညာဏုပေက္ခာလဲ မည်၏။ ဥပက္ကိလေသမှ လွတ်ပြီးသော ဥဒယဗ္ဗယဉာဏ်မှစ၍ အာရုံ ၆-ပါးကို မှတ်တိုင်း မှတ်တိုင်း သိမှု ဝိပဿနာဉာဏ်နှင့် တွဲလျက် အလယ်အလတ် လျစ်လျူ ခံစားမှုသည် ဖြစ်ပေါ်တတ်၏။ ၎င်းသည် **နိရာမိသ အဒုက္ခမသုခ** မည်၏၊ **နေက္ခမ္မသိတ** ဥပေက္ခာလဲ မည်၏။

ထင်၏။ သာ သတိ၊ ထိုသို့ထင်သော အမှတ်ရမှု သတိသည်။ ယာဝဒေဝ ဉာဏမတ္တာယ၊ အဆင့်ဆင့်အားဖြင့် အသိဉာဏ် တိုးပွါးရုံ အလို့ငှါသာတည်း။ ယာဝဒေဝ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့်အားဖြင့် တဖန် အမှတ်ရမှု တိုးပွါးရုံ အလို့ငှါ သာတည်း။

သော ဘိက္ခု၊ အမှတ်ရလျက် သိမြင်နေသော ထိုရဟန်း သည်။ အနိဿိတော စ ဝိဟရတိ၊ တဏှာ,ဒိဋ္ဌိဖြင့် မမှီမတွယ် မူ၍လည်း နေသည်မည်၏။ လောကေ၊ ဥပါဒါနက္ခန္ဓာငါးပါး ဟူသော လောကထဲ၌။ ကိဉ္စိ၊ တစုံတခုသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကိုမျှ။ န စ ဥပါဒိယတိ၊ ငါကောင်, ငါ့ဥစ္စာဟု ဒိဋ္ဌိတဏှာတို့ဖြင့် စွဲလည်း မစွဲလမ်းတော့ပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိ၊ ဤ ဆိုအပ်ခဲ့ပြီးသော နည်း ဖြင့်လည်း။ ဝေဒနာသု၊ ခံစားမှုဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ခံစားမှုမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေပေ၏။

ဝေဒနာနုပဿနာ၊ ဝေဒနာတို့ကို ရှုမှု ဝေဒနာနုပဿနာသည်။

နိဋ္ဌိတာ၊ ပြီးပြီ။

## နိဒ္ဒေသဝါရ ၃-စိတ္တာနုပဿနာ

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ။ သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာ-နာတိ၊ ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ။ သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ။ သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ။ မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊ အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ။ သဥတ္တရံ ဝါ စိတ္တံ သဥတ္တရံ စိတ္တန္တိ ပဇာနာတိ၊ အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ။ သမာဟိတံ ဝါ စိတ္တံ သမာဟိတံ စိတ္တန္တိ ပဇာနာတိ၊ အသမာဟိတံ ဝါ စိတ္တံ အသမာဟိတံ စိတ္တန္တိ ပဇာနာတိ။ ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ၊ အဝိမုတ္တံ ဝါ စိတ္တံ အဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ

ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။ အတ္ထိ စိတ္တန္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိ-တော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

စိတ္တာနုပဿနာ နိဋ္ဌိတာ။

## နိဒ္ဒေသဝါရ ၃. စိတ္တာနုပဿနာ

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ စိတ္တေ၊ ကြံသိမှု စိတ်၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ စိတ္တာနုပဿီ၊ ကြံသိမှု, စိတ်သဘောမျှဟု ရှုမြင်လျက်။ ဝိဟရတိ ပန၊ နေပါသနည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ *သရာဂံ ဝါ စိတ္တံ၊ တပ်မက်မှုနှင့်တကွ ဖြစ်သော စိတ်ကိုမူလည်း။ သရာဂံ စိတ္တန္တိ၊ တပ်မက်မှုနှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝီတရာဂံ ဝါ စိတ္တံ၊ တပ်မက်မှု

---

မှတ်ချက် အခိပ္ပါယ်

*တပ်မက်သာယာသော စိတ်ဖြစ်လျှင် ၎င်းစိတ်ကို "တပ်မက်တယ် သာယာတယ် သဘောကျတယ်"စသည်ဖြင့် ရှုမှတ်အပ်၏။ ဤသို့ စူးစိုက်၍ ရှုမှတ်နေလျှင် တပ်မက်သာယာသော စိတ်အစဉ်သည် ပြတ်စဲသွားလတ့်။ ထိုအခါ၌ တပ်မက်ခြင်းမရှိ ပကတိစင်ကြယ်သော စိတ်များသာ ဖြစ်နေလတ့်။

ကင်းသော စိတ်ကိုမူလည်း။ ဝီတရာဂံ စိတ္တန္တိ၊ တပ်မက်မှု ကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

*သဒေါသံ ဝါ စိတ္တံ၊ စိတ်ဆိုးမှုနှင့် တကွ ဖြစ်သော စိတ်ကိုမူလည်း။ သဒေါသံ စိတ္တန္တိ၊ စိတ်ဆိုးမှုနှင့် တကွ ဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝီတဒေါသံ ဝါ စိတ္တံ၊ စိတ်ဆိုးမှုကင်းသော စိတ်ကိုမူလည်း။ ဝီတဒေါသံ စိတ္တန္တိ၊ စိတ်ဆိုးမှုကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

သမောဟံ ဝါ စိတ္တံ၊ တွေဝေ သိမှားမှုနှင့်တကွ ဖြစ်သော စိတ်ကိုမူလည်း။ သမောဟံ စိတ္တန္တိ၊ တွေဝေသိမှားမှုနှင့်တကွ

---

မှတ်ချက် အဓိပ္ပါယ်

ဤစိတ်များကိုလဲး "သိတယ် သိတယ်" စသည်ဖြင့် ရှုမှတ်အပ်၏။ ဤသို့ ရှုမှတ်ရမည်ကိုပင် ရည်၍ **သရာဂံ ဝါ စိတ္တံ**စသည်ကို ဟောတော်မူပေသည်။ ထို့ကြောင့် အဋ္ဌကထာ၌.... ယသ္မိံ ယသ္မိံ ခဏေ ယံ ယံ စိတ္တံ ပဝတ္တတိ၊ တံ တံ သလ္လက္ခေန္တော စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ....ဟု မိန့်ဆိုထားလေပြီ။

ယသ္မိံ ယသ္မိံ ခဏေ၊ အကြင် အကြင်ခဏ၌။ ယံ ယံ စိတ္တံ၊ အကြင်အကြင် သရာဂစသော စိတ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ တံ တံ၊ ထိုထိုခဏ၌ဖြစ်သော ထိုထို သရာဂစသော စိတ်ကို။ သလ္လက္ခေန္တော၊ မှတ်နေသော ပုဂ္ဂိုလ်သည်။ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ စိတ်၌ စိတ်ဟု ရှုနေသည် မည်၏။

***သဒေါသစိတ်စသည်ကို ရှုပုံမှာလဲး နည်းတူပင်၊ ဝိပဿနာ ရှုနည်းကျမ်း၌လဲး ကြည့်ပါလေဦး။**

ဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝီတမောဟံ ဝါ စိတ္တံ၊ တွေဝေသိမှားမှု ကင်းသော စိတ်ကိုမူလည်း။ ဝီတမောဟံ စိတ္တန္တိ၊ တွေဝေသိမှားမှုကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

သံခိတ္တံ ဝါ စိတ္တံ၊ တွန့်ဆုတ်ပျင်းရိသော စိတ်ကိုမူလည်း။ သံခိတ္တံ စိတ္တန္တိ၊ တွန့်ဆုတ်ပျင်းရိသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝိက္ခိတ္တံ ဝါ စိတ္တံ၊ ပျံ့လွင့်ပြေးသွားသော စိတ်ကိုမူလည်း။ ဝိက္ခိတ္တံ စိတ္တန္တိ၊ ပျံ့လွင့်ပြေးသွားသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

မဟဂ္ဂတံ ဝါ စိတ္တံ၊ မဟဂ္ဂုတ် ဈာန်စိတ်ကိုမူလည်း၊ မဟဂ္ဂတံ စိတ္တန္တိ၊ မဟဂ္ဂုတ်ဈာန်စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ **အမဟဂ္ဂတံ** ဝါ စိတ္တံ၊ မဟဂ္ဂုတ်မဟုတ်သော ကာမစိတ်ကိုမူလည်း။ **အမဟဂ္ဂတံ** စိတ္တန္တိ၊ မဟဂ္ဂုတ်မဟုတ်သော ကာမစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

* သဥတ္တရံ ဝါ စိတ္တံ၊ သူ့ထက်မြတ်ရှိသော အောက်တန်းစားစိတ်ကိုမူလည်း။ သဥတ္တရံ စိတ္တန္တိ၊ အောက်တန်း

---

မှတ်ချက် အဓိပ္ပါယ်

* မဟဂ္ဂုတ်စိတ်မှထောက်၍ ကာမစိတ်ကို **သဥတ္တရစိတ်**ဟု ခေါ်သည်။ ၎င်းစိတ်မှထောက်၍ မဟဂ္ဂုတ်စိတ်ကို **အနုတ္တရစိတ်**ဟု ခေါ်သည်။ အရူပစိတ်မှ ထောက်၍ ကာမစိတ် ရူပစိတ်တို့ကို **သဥတ္တရစိတ်**ဟု ခေါ်သည်။ ၎င်းစိတ်တို့မှ ထောက်၍ အရူပစိတ်ကို **အနုတ္တရစိတ်**ဟု ခေါ်သည်။ အနုတ္တရ

**စား**စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ အနုတ္တရံ ဝါ စိတ္တံ၊ သူ့ထက်မြတ် မရှိသော အထက်တန်း**စား** စိတ်ကိုမူလည်း။ အနုတ္တရံ စိတ္တန္တိ၊ **အထက်တန်းစား**စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

* သမာဟိတံ ဝါ စိတ္တံ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ဖြင့် တည်ကြည်သော စိတ်ကိုမူလည်း။ သမာဟိတံ စိတ္တန္တိ၊ တည်ကြည်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ အသမာဟိတံ ဝါ စိတ္တံ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိဖြင့် မတည်ကြည်သော စိတ်ကိုမူလည်း။ အသမာဟိတံ စိတ္တန္တိ၊ မတည်ကြည်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

---

မှတ်ချက် အဒိပ္ပါယ်

ဟူသော **အမည်သည်ကား** အမှန်မှုချအားဖြင့် လောကုတ္တရာ စိတ်၏ **အမည်ပေ**တည်း။ သို့သော်လည်း ထိုလောကုတ္တရာစိတ် သည် ဝိပဿနာရှုအပ်သော တရားမဟုတ်ပေ၊ ထို့ကြောင့် ဤသတိ**ပဋ္ဌာန်**ဝိပဿနာ**အရာ**၌ လောကုတ္တရာစိတ်ကို အနုတ္တရ ဟု မဆိုလိုပေ။

* **ခဏိကသမာဓိ**ဖြင့် တည်ကြည်သော ဝိပဿနာစိတ်ကို ဤအရာ၌ငင်း၊ **ဥပစာရ**-အပ္ပနာ ၂-မျိုးမျှပြသော အခြား **အဋ္ဌကထာ** ဋီကာတို့၌ငင်း **ဥပစာရသမာဓိ**ဖြင့် တည်ကြည် သောစိတ်၌ ထည့်သွင်း၍ မိန့်ဆိုကြလေ၏။ သေသာနိ ဒွါဒသာပိ **ဥပစာရကမ္မဋ္ဌာနာနေဝ**-ဟု ထုတ်ပြခဲ့သော ယခင် **အဋ္ဌကထာ**စကားကို မှီ၍ သိပါလေ။

ဝိမုတ္တံ ဝါ စိတ္တံ၊ တဒင်္ဂ,ဝိက္ခမ္ဘန အလိုအားဖြင့် ကိလေသာမှ လွတ်သော ဝိပဿနာစိတ်, *ဈာန်စိတ်ကို မူလည်း။ ဝိမုတ္တံ စိတ္တန္တိ၊ လွတ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ အဝိမုတ္တံ ဝါ စိတ္တံ၊ တဒင်္ဂ, ဝိက္ခမ္ဘန အလိုအားဖြင့် ကိလေသာမှ မလွတ်သော စိတ်ကိုမူလည်း။ အဝိမုတ္တံ စိတ္တန္တိ၊ မလွတ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

ဣတိ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဇ္ဈတ္တံ ဝါ စိတ္တေ၊ မိမိ၏ စိတ်၌ မူလည်း။ စိတ္တာနုပဿီ ဝိဟရတိ၊ ကြံသိမှုစိတ်သဘောမျှဟု ရှုမြင်လျက်နေ၏။ ဗဟိဒ္ဓါ ဝါ စိတ္တေ၊ အပြင်ပဖြစ်သော သူတပါး၏ စိတ်၌မူလည်း။ စိတ္တာနုပဿီ ဝိဟရတိ၊ ကြံသိမှု စိတ်သဘောမျှဟု ရှုမြင်လျက်နေ၏။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ စိတ္တေ၊ ရံခါ မိမိ၏စိတ်၌ ရံခါ သူတပါး၏ စိတ်၌မူလည်း။ စိတ္တာနုပဿီ ဝိဟရတိ၊ ကြံသိမှု စိတ်သဘောမျှဟု ရှုမြင်လျက်နေ၏။

စိတ္တသ္မိံ၊ ကြံသိမှု—စိတ်၌။ သမုဒယ ဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းတရားနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံ၊ ကြံသိမှုစိတ်၌။ ဝယဓမ္မာနုပဿီ ဝါ၊ ပျက်ကြောင်းတရားနှင့် ပျက်မှုသဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံ၊ ကြံသိမှုစိတ်၌။ သမုဒယ-ဝယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့်

---

မှတ်ချက် အဓိပ္ပါယ်

*ဈာန်စိတ်ဟု ဆိုရာ၌ **ဥပစာရဈာန်စိတ်**ကိုလဲး ထည့်၍ ယူပါ။

ဖြစ်မှုပျက်မှု သဘောကို ရှုမြင်လျက် မူလည်း။ ဝိဟရတိ၊ နေ၏။

ဝါ ပန၊ သတိထင်ပုံ တနည်းကား။ အတ္ထိ စိတ္တန္တိ၊ ကြံသိမှု စိတ်မျှသာ ရှိသည်ဟု။ **အဿ** သတိ၊ ထိုရဟန်း၏ အမှတ်ရမှု သတိသည်။ ပစ္စုပဋ္ဌိတာ ဟောတိ၊ ရှေးရှုဆင်၏။ သာ သတိ၊ ထိုသို့ ထင်သော သတိသည်။ ယာဝဒေဝ ဉာဏမတ္တာယ၊ အဆင့်ဆင့် အားဖြင့် **အသိဉာဏ်** တိုးပွါးရုံ **အလို့ငှါ**သာတည်း။ ယာဝဒေဝ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့် အားဖြင့် တဖန် အမှတ်ရမှု တိုးပွါးရုံ အလို့ငှါသာတည်း။

သော ဘိက္ခု၊ ထိုသို့ အမှတ်ရလျက် သိမြင်နေသော ရဟန်းသည်။ အနိဿိတော စ ဝိဟရတိ၊ တဏှာဒိဋ္ဌိဖြင့် မမှီ မတွယ်မူ၍လည်း နေသည် မည်၏။ လောကေ၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော လောကထဲ၌။ ကိဉ္စိ၊ တစုံတခုသော ရုပ်, ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ကိုမျှ။ န စ ဥပါဒိယတိ၊ ငါ ကောင်,ငါ့ဥစ္စာဟု တဏှာဒိဋ္ဌိတို့ဖြင့် စွဲလည်းမစွဲလမ်းတော့ပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ဧဝမ္ပိ ခေါ၊ ဤ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်လည်း။ စိတ္တေ၊ ကြံသိမှု-စိတ်၌။ စိတ္တာနုပဿီ၊ ကြံသိမှု စိတ်သဘောမျှဟု ရှုမြင်လျက်။ ဝိဟရ-တိ၊ နေ၏။

စိတ္တာနုပဿနာ၊ စိတ်ကိုရှုမှု စိတ္တာနုပဿနာသည်။

နိဋ္ဌိတာ၊ ပြီးပြီ။

## နိဒ္ဒေသဝါရ ၄-ဓမ္မာနုပဿနာ ၁-နီဝရဏပဗ္ဗ

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ အတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ နတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဗျာပါဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ ဗျာပါဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ အတ္ထိ မေ အဇ္ဈတ္တံ ထိန-မိဒ္ဓန္တိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ နတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓန္တိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ထိနမိဒ္ဓဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ထိနမိဒ္ဓဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ ထိနမိဒ္ဓဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စံ အတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စန္တိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စ-ကုက္ကုစ္စံ နတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စန္တိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ ဥဒ္ဓစ္စကုက္ကုစ္စဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ အတ္ထိ မေ အဇ္ဈတ္တံ ဝိစိ-ကိစ္ဆာတိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ နတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနာယ

ဝိစိကိစ္ဆာယ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။

နီဝရဏပဗ္ဗံ နိဋ္ဌိတံ။

**နိဒ္ဒေသဝါရ ၄-ဓမ္မာနုပဿနာ ၁-နီဝရဏပိုင်း**

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ဓမ္မေသု၊ သတ္တဝါကောင်, အသက်ကောင် မဟုတ်သော နာမ် ရုပ် သဘောတရားတို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဓမ္မာနုပဿီ၊ သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ ပန၊ နေသနည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ ပဉ္စသု နီဝရဏေသု၊ နီဝရဏ ငါးပါး

ဟူကုန်သော။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု နီဝရဏေသု ဓမ္မေသု၊ ငါးပါးသော နီဝရဏတရားတို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဓမ္မာနုပဿီ၊ သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ ပန၊ နေပါသနည်း ဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ ကာမစ္ဆန္ဒံ၊ ရှိသော*ကာမဆန္ဒကိုလည်း။ ဝါ၊ ကာမဆန္ဒရှိလျှင် ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ကာမစ္ဆန္ဒော အတ္ထီတိ၊ ကာမစ္ဆန္ဒ ရှိသည်ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ အသန္တံ ဝါ ကာမစ္ဆန္ဒံ၊ မရှိသော ကာမစ္ဆန္ဒကိုလည်း။ ဝါ၊ ကာမစ္ဆန္ဒမရှိ

---

မှတ်ချက် အခိပ္ပါယ်

*လိုချင်နှစ်သက်မှု တဏှာလောဘဟူသမျှကို ကာမစ္ဆန္ဒဟု ဆိုလို၏။ ၎င်းကို ဖြစ်ပေါ်လာတိုင်း မှတ်သိခြင်းသည် အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ-နှင့် အညီပေတည်း၊ ဤသို့ ၁-ကြိမ် ၂-ကြိမ်စသည် မှတ်ခြင်းကြောင့် ထိုကာမစ္ဆန္ဒ မဖြစ်တော့ဘဲ ပြတ်စဲသွားသည်ကိုလဲ တွေ့ရ၏။ ထိုအခါ၌ ကာမစ္ဆန္ဒမရှိတော့ပြီဟု သိရခြင်းသည် နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ-နှင့် အညီပေတည်း။

လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ကာမစ္ဆန္ဒော နတ္ထိတိ၊ ကာမစ္ဆန္ဒ မရှိဟု။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ၊ မူလက မဖြစ်သေးသော ကာမစ္ဆန္ဒ၏။ ဥပ္ပါဒေါ၊ ယခု အသစ်ဖြစ်ပေါ်လာခြင်းသည်။ ယထာ၊ *အယောနိသော မနသိကာရဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယောနိသော မနသိကာရဟူသော ထို အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ၊ ဖြစ်ပေါ်နေသော ကာမစ္ဆန္ဒကို။ ပဟာနံ၊ တဒင်္ဂ,ဝိက္ခမ္ဘန ပဟာန်ဖြင့်

---

မှတ်ချက် အဓိပ္ပါယ်

* သမထ ဝိပဿနာမှ လွတ်ခိုက်၌ ဒွါရ ၆-ပါးမှာ ထင်ပေါ်လာသော ရုပ်နာမ် အာရုံများကို နိစ္စ,သုခ,အတ္တ,သုဘ, **အနေအား**ဖြင့် နှလုံးသွင်းမိတတ်၏။ ဤ နှလုံးသွင်းမှုသည် **အယောနိသော မနသိကာရ** ပေတည်း။ အကုသိုလ် ဟူသမျှ၏ ပေါက်ဖွားရာ **မူလအကြောင်းရင်း**ပေတည်း။ ဤကာမစ္ဆန္ဒ အရာ၌ကား သုဘဟု နှလုံးသွင်းမိခြင်းသည် လိုရင်းပဓာနပေတည်း။ မူလက မဖြစ်သေးသော ကာမစ္ဆန္ဒသည် မသင့်စွာ နှလုံးသွင်းမိ ကြံစည်မိသော ဤအယောနိသော မနသိကာ-ရကြောင့်ပင် ဖြစ်ပေါ်လာလေသည်။ ယောဂီသည် ဤ အယောနိသော မနသိကာရကိုလဲ မျက်မှောက်ထင်ရှား တွေ့လျက် သိပေ၏။

ပယ်ခြင်းသည်။ ယထာ၊ ¹ယောနိသော မနသိကာရ ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ယောနိသော မနသိကာရ ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ပဟီနဿ ကာမစ္ဆန္ဒဿ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်အပ်ပြီးသော ကာမစ္ဆန္ဒ၏။ အာယတိံ အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန် စင်စစ် မဖြစ်ပေါ်နိုင်ခြင်းသည်။ ယထာ၊ ²အရိယာမဂ် ဟူသော အကြင်အကြောင်းကြောင့်။

---

မှတ်ချက် အခိပ္ပါယ်

၁-**ယောနိသော မနသိကာရ** ဟူသည်မှာ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ အနေအားဖြင့် ရှုမြင်သော **ဝိပဿနာနှင့်** အသုဘဟု နှလုံးသွင်းသော **သမထ**တို့ပေတည်း။ မူလက မသင့်စွာ နှလုံးသွင်းမိသည့်အတွက် ကာမစ္ဆန္ဒ ဖြစ်နေဆဲတွင် ဝိပဿနာ ရှုမိခြင်းကြောင့်ဖြစ်စေ၊ အသုဘဟု နှလုံးသွင်းမိခြင်းကြောင့်ဖြစ်စေ ထိုကာမစ္ဆန္ဒ မဖြစ်တော့ဘဲ ရပ်စဲသွား၏၊ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ငြိမ်းသွား၏။ ထို့ကြောင့် ယောဂီသည် "ဝိပဿနာရှုမိ၍ သို့မဟုတ် အသုဘဟု နှလုံးသွင်းမိ၍ ကာမစ္ဆန္ဒ ငြိမ်းသွားပေသည်"ဟု **ဝိပဿနာ**နှင့် **အသုဘမနသိကာရ**ဟူသော ထို ယောနိသော မနသိကာရ အကြောင်းကို သိပေ၏။

² သမထ, ဝိပဿနာတို့ဖြင့် ပယ်အပ်ပြီးသော ကာမစ္ဆန္ဒ ခေါ် တဏှာလောဘ အလုံးစုံသည် အရဟတ္တမဂ်ဖြင့် လုံးဝ ချုပ်ငြိမ်းသွားလေသည်။ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်သည်

ဟောတိ၊ ဖြစ်၏။ တဥ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ သန္တံ ဝါ ဗျာပါဒံ၊ ရှိသော ဗျာပါဒကိုလည်း။ ဝါ၊ ဗျာပါဒရှိလျှင်-ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ ဗျာပါ-ဒေါ အတ္ထီတိ၊ ဗျာပါဒ ရှိသည်-ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ အသန္တံ ဝါ ဗျာပါဒံ၊ မရှိသောဗျာပါဒကိုလည်း။ ဝါ၊ ဗျာပါဒမရှိလျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဗျာပါဒေါ နတ္ထီတိ၊ ဗျာပါဒ မရှိဟု။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ အနုပ္ပန္နဿ၊ မူလက မဖြစ်သေးသော ဗျာပါဒ၏။ ဥပ္ပါဒေါ၊ ယခု အသစ် ဖြစ်ပေါ်လာခြင်းသည်။ ယထာ၊ ၂ အယောနိသော မနသိကာရ ဟူသော အကြောင်

---

မှတ်ချက် အဓိပ္ပါယ်

ကာမစ္ဆန္ဒ လုံးဝချုပ်ငြိမ်းကြောင်း ဖြစ်သော ဤ **အရဟတ္တ-မဂ်ကိုလဲ မျက်မှောက်သိသည်**ဟု ဆိုလိုပေ၏။ ရဟန္တာမဖြစ်သေးသော ယောဂီသည်ကား **သုတ စိန္တာ** တို့ဖြင့်သာလျှင် သိနိုင်ပေသည်။

၁-စိတ်ဆိုးမှု စိတ်ပျက်မှု ညှဉ်းဆဲ သတ်ဖြတ်လိုမှု ဖျက်ဆီးလိုမှု—ဒေါသ ဟူသမျှသည် **ဗျာပါဒ** မည်၏။

၂-ဗျာပါဒခေါ် သော စိတ်ဆိုးမှု စိတ်ပျက်မှုသည် တစုံတခုကို နိစ္စ သုခ အတ္တ သုဘဟု ထင်မှတ်လျက် "စိတ်ဆိုးစရာ

အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယောနိသော မနသိကာရ ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ ဗျာပါဒဿ၊ ဖြစ်ပေါ်နေသော ဗျာပါဒကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ခြင်းသည်။ ယထာ၊ ယောနိသော မနသိကာရဟူသောအကြောင်း အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ပဟီနဿ ဗျာပါဒဿ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်အပ်ပြီးသော ဗျာပါဒ၏။ အာယတိံ အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန်စင်စစ် မဖြစ်ပေါ်နိုင်ခြင်းသည်။ ယထာ၊ *အရိယာမဂ်ဟူသော အကြောင်း အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ ထိနမိဒ္ဓံ၊ ရှိသော ထိနမိဒ္ဓကိုလည်း။ ဝါ၊ ထိနမိဒ္ဓရှိလျှင်-ဖြစ်လျှင်လည်း။ မေ၊

---

မှတ်ချက် အခိပ္ပါယ်

ကောင်းသည်''ဟု နှလုံးသွင်းမိခြင်းကြောင့် ဖြစ်ပေါ်လာလေသည်။ သို့ဖြစ်၍ ''စိတ်ဆိုးစရာကောင်းသည်''ဟု ဤနှလုံးသွင်းမှုသည် အယောနိသော မနသိကာရပင်တည်း။

* ဗျာပါဒသည် အနာဂါမိမဂ်ဖြင့် လုံးဝချုပ်ငြိမ်း၏၊ ထိုမဂ်ကို အနာဂါမ် ပုဂ္ဂိုလ် **မျက်မှောက်**သိသည်ဟု ဆိုလို၏။

ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ထိနမိဒ္ဓံ အတ္ထီတိ၊ ထိန မိဒ္ဓရှိသည်-ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ အသန္တံ ဝါ ထိနမိဒ္ဓံ၊ မရှိသော ထိနမိဒ္ဓကိုလည်း။ ဝါ၊ ထိနမိဒ္ဓမရှိလျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ ထိနမိဒ္ဓံ နတ္ထီတိ၊ ထိနမိဒ္ဓ မရှိဟု။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ အနုပ္ပန္နဿ ထိနမိဒ္ဓဿ၊ မူလက မဖြစ် သေးသော ထိနမိဒ္ဓ၏။ ဥပ္ပါဒေါ၊ ယခုအသစ် ဖြစ်ပေါ်လာ ခြင်းသည်။ ယထာ၊ အယောနိသော မနသိကာရ ဟူသော အကြင်အကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယော- နိသော မနသိကာရ ဟူသော ထိုအကြောင်း ကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ ထိနမိဒ္ဓဿ၊ ဖြစ်ပေါ်နေသော ထိနမိဒ္ဓကို။ ပဟာနံ၊ တဒင်္ဂ,ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ခြင်း သည်။ ယထာ၊ ယောနိသော မနသိကာရဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ပဟီနဿ ထိနမိဒ္ဓဿ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်အပ်ပြီးသော ထိနမိဒ္ဓ၏။ အာယတိံ အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန်စင်စစ် မဖြစ်ပေါ်နိုင်ခြင်း

သည်။ ယထာ၊ *အရိယာမဂ်ဟူသော အကြင်အကြောင်း ကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ် ဟူသော ထို အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ရှိသော ဥဒ္ဓစ္စကုက္ကုစ္စကိုလည်း။ ဝါ၊ ဥဒ္ဓစ္စကုက္ကုစ္စ ရှိလျှင်–ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဥဒ္ဓစ္စကုက္ကုစ္စံ အတ္ထိတိ၊ ဥဒ္ဓစ္စကုက္ကုစ္စ ရှိသည် – ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ အသန္တံ ဝါ ဥဒ္ဓစ္စကုက္ကုစ္စံ၊ မရှိသော ဥဒ္ဓစ္စကုက္ကုစ္စကိုလည်း။ ဝါ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ မရှိလျှင် – မဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဥဒ္ဓစ္စကုက္ကုစ္စံ နတ္ထိတိ၊ ဥဒ္ဓစ္စကုက္ကုစ္စ မရှိဟု။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ အနုပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ မူလက မဖြစ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စ၏။ ဥပ္ပါဒေါ၊ ယခုအသစ်ဖြစ် ပေါ်လာခြင်းသည်။ ယထာ၊ အယောနိသော မနသိကာရ ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယောနိသော မနသိကာရဟူသော ထိုအကြောင်းကို လည်း။ ပဇာနာတိ၊ သိ၏။

---

မှတ်ချက် အမိပ္ပါယ်

* ထိနမိဒ္ဓ၏ လုံးဝချုပ်ငြိမ်းကြောင်းတရားမှာ အရဟတ္တ မဂ်ပေတည်း၊ ၎င်းကို ရဟန္တာပုဂ္ဂိုလ် မျက်မှောက်သိသည်ဟု ဆိုလို၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ ဖြစ်ပေါ်နေသော ဥဒ္ဓစ္စကုက္ကုစ္စကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ခြင်းသည်။ ယထာ၊ ယောနိသော မနသိကာရဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ပဟီနဿ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်အပ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏။ အာယတိံ အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန် စင်စစ် မဖြစ်ပေါ်နိုင်ခြင်းသည်။ ယထာ၊ [၁] အရိယာမဂ်ဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

[၂] အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ ဝိစိကိစ္ဆံ၊ ရှိသောဝိစိကိစ္ဆာကိုလည်း။ ဝါ၊ ဝိစိကိစ္ဆာရှိလျှင်–ဖြစ်လျှင်

---

မှတ်ချက် အဓိပ္ပါယ်

၁-ဥဒ္ဓစ္စသည် အရဟတ္တမဂ်ဖြင့် လုံးဝချုပ်ငြိမ်း၏၊ ကုက္ကုစ္စသည် အနာဂါမိမဂ်ဖြင့် လုံးဝချုပ်ငြိမ်း၏၊ ရဟန္တာနှင့် အနာဂါမ်သည် ၎င်းအရိယာမဂ်များကို **မျက်မှောက်** သိသည်ဟု ဆိုလို၏။

၂-ဤအပိုဒ်ဖြင့် ဝိစိကိစ္ဆာ မကင်းသေးသောသူမှာ ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာကို ရှုမှတ်လျက်သိရန် ညွှန်ပြပေ၏၊ ဝိစိကိစ္ဆာမကင်းသေးသူ ဟူသည်မှာ ပုထုဇဉ်ပုဂ္ဂိုလ်သာလျှင် ဖြစ်

လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဝိစိကိစ္ဆာ အတ္ထီတိ၊ ဝိစိကိစ္ဆာရှိသည်- ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ အသန္တံ ဝါ ဝိစိကိစ္ဆံ၊ မရှိသော ဝိစိကိစ္ဆာကိုလည်း။ ဝါ၊ ဝိစိကိစ္ဆာ မရှိလျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဝိစိကိစ္ဆာ နတ္ထီတိ၊ ဝိစိကိစ္ဆာ မရှိဟု။ ပဇာနာတိ၊ သိ၏။

---

မှတ်ချက် အဓိပ္ပါယ်

ပေသည်။ ထို့ကြောင့် ပုထုဇဉ်ဖြစ်စေ၊ သောတာပန် သကဒါဂါမ်အနာဂါမ်ဖြစ်စေ၊ ဤသတိပဋ္ဌာန်ဘာဝနာကို ပွါးစေအပ်ကြောင်း အလွန်ပင် ထင်ရှားလှပေ၏။ ဤစကားဖြင့် "သတိပဋ္ဌာန်အကျင့်ကို ပုထုဇဉ်များ မကျင့်ကောင်း အရိယာများသာ ကျင့်ကောင်းသည်" ဟု ဆိုသော အချို့ ပုဂ္ဂိုလ်တို့၏ **မိစ္ဆာဝါဒကို** သုတ်သင်လိုက်ပါသတည်း။ ထိုအချို့ပုဂ္ဂိုလ်တို့၏ ယူဆချက်မှာ.... သောကပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ ဟူသော ပါဠ်ကိုရင်း၊ ဒိဋ္ဌေ ဝါ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ-ဟူသော ပါဠ်ကိုရင်း ထောက်၍ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ကို သောတာပတ္တိမဂ်ဖြင့် မပယ်နိုင်၊ အနာဂါမိမဂ်, အရဟတ္တမဂ်တို့ဖြင့်သာ ပယ်နိုင်သည်၊ ထို့ကြောင့် သတိပဋ္ဌာန်အကျင့်သည် သောကစသည်ကို လုံးဝချုပ်ငြိမ်းစေနိုင်သော အနာဂါမိမဂ်, အရဟတ္တမဂ်တို့၏ အတွက်သာ ဖြစ်သည်ဟူ၍ရင်း၊ ဤသတိပဋ္ဌာန်ကို ပွါးစေသောသူသည် အနာဂါမ်နှင့် ရဟန္တာသာလျှင် ဖြစ်နိုင်သည်၊ သောတာပန် သကဒါဂါမ်ကား မဖြစ်

စ၊ ထို့ပြင်လည်း။ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ၊ မူလကမဖြစ်သေးသော ဝိစိကိစ္ဆာ၏။ ဥပ္ပါဒေါ၊ ယခုအသစ်ဖြစ်ပေါ်လာခြင်းသည်။ ယထာ၊ အယောနိသော မနသိကာရ ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယော-နိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း။ ပဇာ-နာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ၊ ဖြစ်ပေါ်နေသော ဝိစိကိစ္ဆာကို။ ပဟာနံ၊ တဒင်္ဂ ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ခြင်းသည်။ ယထာ၊ ယောနိသော မနသိကာရဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယော-

---

မှတ်ချက် အဓိပ္ပါယ်

နိုင်ဟူ၍ရှင်း ယူဆပြောဆိုနေကြ၏၊ **အတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာတိ ပဇာနာတိ**ဟူသော ဤအပိုဒ်ကို သတိမမူမိ၍ အရမ်းယူဆ ပြောဆိုခြင်းမျှသာတည်း၊ မြတ်စွာဘုရား၏ ရည်ရွယ်ချက်မှာ....ဤသတိပဋ္ဌာန်ဘာဝနာ၏ **စွမ်းရည်ရှိသမျှကို အပြည့်အစုံ ဖော်ပြလိုပေသည်**၊ သတိပဋ္ဌာန်ဘာဝနာ၏ စွမ်းရည်မှာ အပါယ်ဆင်းရဲမှလွတ်ရုံမျှပင် မကပေ၊ လောက၌ အဆိုးဟူသမျှ အလုံးစုံတို့မှလဲ နောက်ဆုံး၌ လွတ်မြောက်စေနိုင်ပေ၏။ ထို့ကြောင့် သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယဟု ဟောတော်မူပေသည်။ ထို့ပြင် သောတာပန် သကဒါဂါမ်လောက်သာ ဖြစ်စေနိုင်သည် မဟုတ်ပေ၊ ရဟန္တာတိုင်အောင်ပင် ဖြစ်စေနိုင်ပေသည်။ ထို့ကြောင့် ဒိဋ္ဌေ ဝါ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ

နိသော မနသိကာရ ဟူသော ထိုအကြောင်းကိုလည်း။ ပဇာ-
နာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ပဟီနဿ ဝိစိကိစ္ဆာယ၊ တဒင်္ဂ, ဝိက္ခမ္ဘန
ပဟာန်အားဖြင့် ပယ်အပ်ပြီးသော ဝိစိကိစ္ဆာ၏။ အာယတိံ
အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန်စင်စစ် မဖြစ်ပေါ်နိုင်ခြင်း
သည်။ ယထာ၊ အရိယာမဂ် ဟူသော အကြင် အကြောင်း
ကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ် ဟူသော ထို
အကြောင်း ကိုလည်း။ ပဇာနာတိ၊ သိ၏။

ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံ ဝါ ဓမ္မေသု၊
မိမိ၏ နီဝရဏ တရားတို့၌မူလည်း။ ဓမ္မာနုပဿီ ဝိဟရတိ၊
သဘောတရားမျှဟု ရှုမြင်လျက် နေ၏။ ဗဟိဒ္ဓါ ဝါ ဓမ္မေသု၊
အပြင်ပဖြစ်သော သူတပါး၏ နီဝရဏ တရားတို့၌ မူလည်း။
ဓမ္မာနုပဿီ ဝိဟရတိ၊ သဘောတရားမျှဟု ရှုမြင်လျက်နေ၏။
အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု၊ ရံခါ မိမိ၏ နီဝရဏ တရားတို့၌
ရံခါ သူတပါး၏ နီဝရဏတရားတို့၌မူလည်း။ ဓမ္မာနုပဿီ
ဝိဟရတိ၊ သဘောတရားမျှဟု ရှုမြင်လျက် နေ၏။

---

မှတ်ချက် အဓိပ္ပါယ်

အနာဂါမိတာ-ဟု အမြင့်ဆုံးအဆင့်ထိအောင် ညွှန်ပြလျက်
ဟောတော်မူပေသည်။ ဤသို့ ဟောခြင်းဖြင့် ရှေးအဖို့က
မုချဖြစ်ပေါ်ရမည့် ဝိပဿနာအဆင့်ဆင့်နှင့်တကွ သောတာ-
ပတ္တိမဂ်ဖိုလ်,သကဒါဂါမိမဂ်ဖိုလ်များကိုလဲ လက်ဦးပင် ရောက်
နိုင် ရနိုင်သည်ဟူသော အနက်အဓိပ္ပါယ်ကို ဖြောင့်မတ်သော
အသိဉာဏ်ရှိသူတိုင်း သိနားလည်နိုင်တော့သည်သာတည်း။

ဓမ္မေသု၊ နီဝရဏတရားတို့၌။ *သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းတရားနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏတရားတို့၌။ ဝယဓမ္မာနုပဿီ ဝါ၊ ပျက်ကြောင်းတရားနှင့် ပျက်မှုသဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏတရားတို့၌။ သမုဒယဝယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်း,ပျက်ကြောင်းတရားနှင့် ဖြစ်မှု,ပျက်မှု သဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။

ဝါ ပန၊ သတိထင်ပုံတနည်းကား။ ဓမ္မာ၊ သတ္တဝါကောင် အသက်ကောင် မဟုတ်သော သဘောတရားမျှ တို့သည်သာ လျှင်။ အတ္ထိတိ၊ ရှိကြသည်ဟူ၍။ အဿ သတိ၊ ထိုရဟန်း၏ အမှတ်ရမှု သတိသည်။ ပစ္စုပဋ္ဌိတာ ဟောတိ၊ ရှေးရှုထင်၏။ သာ သတိ၊ ထိုသို့ ထင်သော သတိသည်။ ယာဝဒေဝ ဉာဏမတ္တာယ၊ အဆင့်ဆင့်အားဖြင့် အသိဉာဏ် တိုးပွါးရုံအလို့ငှါ သာသည်း၊ ယာဝဒေဝ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့်အား ဖြင့် တဖန်အမှတ်ရမှု တိုးပွါးရုံအလို့ငှါသာတည်း။

---

မှတ်ချက် အဋ္ဌမပိုင်း

*နီဝရဏတို့၏ ဖြစ်ကြောင်းတရားကား ယခင် ပြအပ်ပြီး သော အယောနိသော မနသိကာရပင်တည်း၊ နီဝရဏတို့၏ ပျက်ကြောင်း, ချုပ်ကြောင်း – မဖြစ်ကြောင်း တရားကား ယခင် ပြအပ်ပြီးသော ယောနိသော မနသိကာရနှင့် အရိယာ-မဂ်တို့ပင်တည်း။

သော ဘိက္ခု၊ ထိုသို့အမှတ်ရလျက် သိမြင်နေသောရဟန်းသည်။ **အနိဿိတော စ၊** တဏှာဒိဋ္ဌိဖြင့် မမှီမတွယ်မူ၍လည်း။ ဝိဟရတိ၊ နေသည် မည်၏။ လောကေ၊ ဥပါဒါနက္ခန္ဓာငါးပါး တည်းဟူသော လောကထဲ၌။ ကိဉ္စိ၊ တစုံတခုသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ကိုမျှ။ န စ ဥပါဒိယတိ၊ ငါကောင်, ငါ့ဉစ္စာဟု ဒိဋ္ဌိ တဏှာ တို့ဖြင့် စွဲလည်း မစွဲလမ်းတော့ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု နီဝရဏေသု ဓမ္မေသု၊ ငါးပါးကုန်သော နီဝရဏ မည်ကုန်သော တရားတို့၌။ ဧဝမ္ပိ ခေါ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်လည်း။ ဓမ္မာနုပဿီ၊ သတ္တဝါကောင် အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။

နီဝရဏပဗ္ဗံ၊ နီဝရဏတို့ကို ရှုပုံအပိုင်းသည်။

နိဋ္ဌိတံ၊ ပြီးပြီ။

## ၄-ဓမ္မာနုပဿနာ ၂-ခန္ဓပဗ္ဗ

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါန-က္ခန္ဓေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂ-မော။ ဣတိ သညာ၊ ဣတိ သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော။ ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော။ ဣတိ ဝိညာဏံ၊ ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂ-မောတိ။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိ-တော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။

ခန္ဓပဗ္ဗံ နိဋ္ဌိတံ။

# ၄-ဓမ္မာနုပဿနာ ၂-ခန္ဓာပိုင်း

ဘိက္ခဝေ၊ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာမည်ကုန်သော။ ဓမ္မေသု၊တရားတို့၌။ ဓမ္မာနုပဿီ၊ သတ္တဝါကောင်, အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု ဥပါဒါ- နက္ခန္ဓေသု ဓမ္မေသု၊ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတရား တို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဓမ္မာနုပဿီ၊ သတ္တဝါကောင်, အသက်ကောင် မဟုတ်သော သဘော တရားမျှဟု ရှုမြင် လျက်။ ဝိဟရတိ ပန၊ နေပါသနည်း ဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ (ဣတိ၊ ဤသို့။ပဇာနာတိ၊ သိ၏။) ဣတိ၊ ဤ သည်ကား။ ရူပံ၊ ရုပ်ပေတည်း။ ဣတိ၊ ဤသည်ကား။ ရူပဿ၊ ရုပ်၏။ သမုဒယော၊ ဖြစ်ကြောင်း တရားပေတည်း။ဝါ၊ ဖြစ်ခြင်းသဘောပေတည်း။ ဣတိ၊ ဤသည်ကား။ ရူပဿ၊ ရုပ်၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းတရားပေတည်း။ ဝါ၊ချုပ် ခြင်းသဘောပေတည်း။ ။ဣတိ၊ ဤသည်ကား။ ဝေဒနာ၊ ဝေဒနာပေတည်း။ ဣတိ၊ ဤသည်ကား။ ဝေဒနာယ၊ ဝေဒနာ ၏။ သမုဒယော၊ ဖြစ်ကြောင်းတရားပေတည်း။ ဝါ၊ ဖြစ်ခြင်း သဘောပေတည်း။ ဣတိ၊ ဤသည်ကား။ ဝေဒနာယ၊ ဝေဒနာ ၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းတရားပေတည်း။ ဝါ၊ချုပ်ခြင်း သဘောပေတည်း။ ။ဣတိ၊ ဤသည်ကား။ သညာ၊ သညာ

ပေတည်း။ ဣတိ၊ ဤသည်ကား။ သညာယ၊ သညာ၏။ သမု-ဒယော၊ ဖြစ်ကြောင်းတရားပေတည်း။ ဝါ၊ ဖြစ်ခြင်းသဘောပေတည်း။ ဣတိ၊ ဤသည်ကား။ သညာယ၊ သညာ၏။ အတ္ထင်္ဂ-မော၊ ချုပ်ကြောင်းတရားပေတည်း။ ဝါ၊ ချုပ်ခြင်းသဘောပေတည်း။ ။ဣတိ၊ ဤသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့ပေတည်း။ ဣတိ၊ ဤသည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ သမု-ဒယော၊ ဖြစ်ကြောင်းတရားပေတည်း။ ဝါ၊ ဖြစ်ခြင်းသဘောပေတည်း။ ဣတိ၊ ဤသည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းတရားပေတည်း။ ဝါ၊ ချုပ်ခြင်းသဘောပေတည်း။ ။ဣတိ၊ ဤသည်ကား။ ဝိညာဏံ၊ ဝိညာဏ် ပေတည်း။ ဣတိ၊ ဤသည်ကား။ ဝိညာဏဿ၊ ဝိညာဏ်၏။ သမုဒယော၊ ဖြစ်ကြောင်းတရားပေတည်း။ ဝါ၊ ဖြစ်ခြင်း သဘောပေတည်း။ ဣတိ၊ ဤသည်ကား။ ဝိညာ-ဏဿ၊ ဝိညာဏ်၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်း တရားပေတည်း။ ဝါ၊ ချုပ်ခြင်းသဘော ပေတည်း။ ဣတိ၊ ဤသို့။ (ပဇာနာတိ၊ သိ၏။)

ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံ ဝါ ဓမ္မေသု၊ မိမိ၏ ဥပါဒါနက္ခန္ဓာတရားတို့၌မူလည်း။ ဓမ္မာနုပဿီ၊ သတ္တဝါကောင်အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။ (နီဝရဏပိုင်းနှင့်နည်းမှီ၍ဆိုလေ။ နီဝရဏတရားတို့၌- ဟုရှိရာတွင် ဥပါဒါနက္ခန္ဓာတရားတို့၌ ဟု ပြင်ဆိုရုံမျှသာ ထူးတော့သည်)။

ခန္ဓပဗ္ဗံ၊ ခန္ဓာ-အစုတို့ကို ရှုပုံအပိုင်းသည်။
နိဋ္ဌိတံ၊ ပြီး ပြီ။

## ၄-ဓမ္မာနုပဿနာ ၃-အာယတနပဗ္ဗ

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ၊ ရူပေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

သောတဉ္စ ပဇာနာတိ၊ သဒ္ဒေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ဃာနဉ္စ ပဇာနာတိ၊ ဂန္ဓေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ။ ပေ။ တဉ္စ ပဇာနာတိ။

ဇိဝှဉ္စ ပဇာနာတိ၊ ရသေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ။ ပေ။ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ကာယဉ္စ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ။ ပေ။ တဉ္စ ပဇာနာတိ။

မနဉ္စ ပဇာနာတိ၊ ဓမ္မေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။

အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ၊ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု။

အာယတနပဗ္ဗံ နိဋ္ဌိတံ။

## ၄-ဓမ္မာနုပဿနာ ၃-အာယတနပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါး သောရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ ဆသု၊ ခြောက်ပါး ကုန်သော။ အဇ္ဈတ္တိကဗာဟိရေသု၊ အတွင်းသန္တာန်, အပ သန္တာန်၌ ဖြစ်ကုန်သော။ အာယတနေသု၊ အာယတနမည် ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သတ္တဝါကောင်, အသက်ကောင်မဟုတ်သော သဘောတရားမျှဟုရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ရဟန်းသည်။ ဆသု အဇ္ဈတ္တိက-ဗာဟိရေသု အာယတနေသု ဓမ္မေသု၊ ခြောက်ပါးသော အတွင်း,အပအာယတနတရားတို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဓမ္မာနုပဿီ၊ သတ္တဝါကောင်,အသက်ကောင် မဟုတ်သော သဘောတရားမျှဟုရှုမြင်လျက်။ ဝိဟရတိ ပန၊ နေပါသနည်း ဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော

ပုဂ္ဂိုလ်သည်။ စက္ခုဉ္စ၊ စက္ခုပသာဒဟုခေါ်သော မျက်စိရုပ်ကို လည်း။ ပဇာနာတိ၊ သိ၏။ ရူပေ စ၊ အဆင်း ရုပ်တို့ကို လည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ မျက်စိနှင့်အဆင်း ထို နှစ်ပါးကို။ ပဋိစ္စ၊ စွဲမှီ၍။ ယဉ္စ သံယောဇနံ၊ အကြောင်*ဆယ် ပါးသော သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။

---

မှတ်ချက် အခိပ္ပါယ်

*(၁) အားရုံငါး၀၊ တပ်စွဲက၊ **ကာမ** သံယောဇဉ်။
(၂) သုံးပါးဘ၀၊ တပ်စွဲက၊ **ဘ၀** သံယောဇဉ်။
(၃) အမျက်ဒေါသ၊ စိတ်ဆိုးက၊ **ပဋိဃ** သံယောဇဉ်။
(၄) ကိုယ်သာတော်လှ၊ထင်မှတ်က၊ **မာန** သံယောဇဉ်။
(၅) ရုပ်နာမ်ကိုဘဲ၊ ငါကောင်စွဲ၊ ယူလွဲ **ဒိဋ္ဌိ** ပင်။
(၆) တရားမှန်တွင်၊မယုံချင်၍၊ဆင်ခြင်နှိုင်းညှိ၊ ဝေဘန် ကြည့်၊ **ဝိစိကိစ္ဆာ** ပင်။
(၇) **သစ္စာ**မမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်း သာမြဲမည်၊ ယုံကြည်ဆုံးဖြတ်၊ ယူဆမှတ်၊ **သီလဗ္ဗ တ** ပင်။
(၈) ကိုယ့်ထက်သာကို၊ မနာလို၊ ခေါ်ဆို **ဣဿာ** ပင်။
(၉) ကိုယ်လိုသူများ၊ ကောင်းစားမည်မှ၊ ဝန်တိုက၊ **မစ္ဆရိယ** ပင်။
(၁၀) သစ္စာလေးတန်၊ ပြောင်းပြန်ထင်ကာ၊ မသိတာ၊ **အဝိဇ္ဇာ** သံယောဇဉ်။
(၁၁) ဝဋ်ဆင်းရဲမှ၊ မလွတ်ရအောင်၊ ချည်နှောင်တတ် စွာ၊ ဤဆယ်ဖြာ၊ **အဘိဓမ္မာသံယောဇဉ်**။

တဥ္စ၊ ထိုဖြစ်ပေါ်သော သံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ **အနုပ္ပန္နဿ သံယောဇနဿ၊** မဖြစ်သေးသော သံယောဇဉ်၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ ယထာ၊ အယောနိသော မနသိကာရ ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ **တဥ္စ**၊ အယောနိသော မနသိ-ကာရ ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ သံယောဇနဿ၊ ဖြစ်ပေါ်နေသော သံယောဇဉ်ကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ခြင်းသည်။ ယထာ၊ ယောနိသော မနသိကာရ ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ယောနိသော မနသိကာရ ဟူသော ထိုအကြောင်းကိုလည်း။ ပဇာ-နာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ပဟီနဿ သံယောဇနဿ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်အပ်ပြီးသော သံယောဇဉ်၏။ အာယ-တိံ အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန် စင်စစ် မဖြစ်ပေါ်နိုင်ခြင်းသည်။ ယထာ၊ အရိယာမဂ်ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ *အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

---

မှတ်ချက် အဓိပ္ပါယ်

*ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဣဿာ, မစ္ဆရိယ ဟူသော ဤသံယောဇဉ် ငါးပါးသည် **သောတာပတ္တိမဂ်ဖြင့်** တဖန် **မဖြစ်**နိုင်တော့ဘဲ ချုပ်ငြိမ်း၏၊ ထိုသောတာပတ္တိမဂ်ကို

သောတဉ္စ၊ သောတပသာဒဟု ခေါ်သော နားရုပ်ကိုလည်း။ ပဇာနာတိ၊ သိ၏။ သဒ္ဒေ စ၊ အသံရုပ်တို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ ပဋိစ္စ၊ နားနှင့်အသံ ထိုနှစ်ပါးကို စွဲမှီ၍။ ယဉ္စ သံယောဇနံ၊ အကြင် ဆယ်ပါးသော သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တဉ္စ၊ ထိုဖြစ်ပေါ်သော သံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ သိ၏။ (ယထာ စ-စသည်၌ တူပြီ။ ရှေးနည်းပင် ဆိုလေ)။

ဃာနဉ္စ၊ ဃာနပသာဒဟု ခေါ်သော နှာခေါင်း ရုပ်ကိုလည်း။ ပဇာနာတိ၊ သိ၏။ ဂန္ဓေ စ၊ အနံ့ရုပ်တို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ ပဋိစ္စ၊ နှာခေါင်းနှင့်အနံ့ ထိုနှစ်ပါးကို စွဲမှီ၍။ ယဉ္စ သံယောဇနံ၊ အကြင်ဆယ်ပါးသော သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တဉ္စ၊ ထိုဖြစ်ပေါ်သော သံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ သိ၏။ (ယထာ စ-စသည်၌ တူပြီ)။

ဇိဝှါဉ္စ၊ ဇိဝှါပသာဒဟုခေါ်သော လျှာရုပ်ကိုလည်း။ ပဇာနာတိ၊ သိ၏။ ရသေ စ၊ အရသာရုပ် တို့ကိုလည်း။ ပဇာနာတိ၊

---

မှတ်ချက် အဓိပ္ပါယ်

သောတာပန်သည် မျက်မှောက် သိ၏။ ရုန့်ရင်းသော ကာမရာဂနှင့် ပဋိဃ သံယောဇဉ်တို့သည် **သကဒါဂါမိမဂ်ဖြင့်** လုံးဝ ချုပ်ငြိမ်းကုန်၏၊ ထိုသကဒါဂါမိမဂ်ကို သကဒါဂါမ်သည် မျက်မှောက် သိ၏။ သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃ သံယောဇဉ်တို့သည် **အနာဂါမိမဂ်ဖြင့်** လုံးဝချုပ်ငြိမ်းကုန်၏၊ ထိုအနာဂါမိမဂ်ကို အနာဂါမ်သည် မျက်မှောက်သိ၏။ မာန, ဘဝရာဂ,

သိ၏။ တဒုဘယံ ပဋိစ္စ၊ လျှာနှင့်အရသာ ထိုနှစ်ပါးကိုစွဲမှီ၍။ ယဉ္စ သံယောဇနံ၊ အကြင်ဆယ်ပါးသော သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တဉ္စ၊ ထိုဖြစ်ပေါ်သောသံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ သိ၏။ (ယထာ စ-စသည်၌တူပြီ)။

ကာယဉ္စ၊ ကာယပသာဒဟုခေါ်သော ကိုယ်ရုပ်ကိုလည်း။ ပဇာနာတိ၊ သိ၏။ ဖောဋ္ဌဗ္ဗေ စ၊ အတွေ့ ရုပ်တို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ ပဋိစ္စ၊ ကိုယ်နှင့် အတွေ့ ထိုနှစ်ပါးကိုစွဲမှီ၍။ ယဉ္စ သံယောဇနံ၊ အကြင်ဆယ်ပါးသော သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တဉ္စ၊ ထိုဖြစ်ပေါ်သော သံယောဇဉ်ကိုလည်း။ပဇာနာတိ၊သိ၏။(ယထာ စ-စသည်၌ ရှေးနည်းအတိုင်းပင်)။

မနဉ္စ၊ *မနာယတနဟုခေါ်သော စိတ်ကိုလည်း။ ပဇာ-နာတိ၊ သိ၏။ ဓမ္မေ စ၊ ဓမ္မာယတနဟု ခေါ်သော သဘော

---

မှတ်ချက် အဋ္ဌပွါယ်

အဝိဇ္ဇာဟူသော ဤသံယောဇဉ် သုံးပါးတို့သည် **အရဟတ္တမဂ်**ဖြင့် လုံးဝချုပ်ငြိမ်း၏၊ ထိုအရဟတ္တမဂ်ကို ရဟန္တာသည် မျက်မှောက်သိ၏ဟု ဆိုလိုသည်။

(၁) ဒိ-ဝိ-သီ-ဣ၊ မစ္ဆရိ၊ ကင်း၏ သောတာပန်။

(၂) ကာမရာဂ၊ ပဋိဃ၊ ကင်းပ အနာဂါမ်။

(၂) ဘဝ မာနာ၊ အဝိဇ္ဇာ၊ ကင်းကွာ အရဟံ။

*ဤမနာယတန, ဓမ္မာယတနတို့၌ ဝိပဿနာ၏ အရာဖြစ်သောကြောင့် လောကီချည်းသာ ယူလေ။

အာရုံတို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ ပဋိစ္စ၊ စိတ်နှင့် သဘောအာရုံ ထိုနှစ်ပါးကို စွဲမှီ၍။ ယဉ္စ သံယောဇနံ၊ အကြင်ဆယ်ပါးသော သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တဉ္စ၊ ထိုဖြစ်ပေါ်သော သံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ အနုပ္ပန္နဿ သံယောဇနဿ၊ မဖြစ်သေးသော သံယောဇဉ်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ယထာ၊ အယောနိသော မနသိကာရဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ သံယောဇနဿ၊ ဖြစ်ပေါ်နေသော သံယောဇဉ်ကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ခြင်းသည်။ ယထာ၊ ယောနိသော မနသိကာရဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယောနိသော မနသိကာရ ဟူသော ထို အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ပဟီနဿ သံယောဇနဿ၊ တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်အပ်ပြီးသော သံယောဇဉ်၏။ အာယတိံ အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန်စင်စစ် မဖြစ်ပေါ်နိုင်ခြင်းသည်။ ယထာ၊ အရိယာမဂ်ဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံ ဝါ ဓမ္မေသု၊ မိမိ၏ အာယတနတရားတို့၌မူလည်း။ ဓမ္မာနုပဿီ၊ သတ္တဝါ ကောင်,အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။

(နီဝရဏပိုင်းနှင့် အနက်ပြန်ပုံ နည်းတူပြီ။ နီဝရဏတရား တို့၌-ဟု ရှိရာတွင် အာယတန တရားတို့၌-ဟု ပြင်၍ ဆိုရုံမျှ သာ ထူးတော့သည်)။

အာယတနပဗ္ဗံ၊ အာယတနကို ရှုပုံအပိုင်းသည်။

နိဋ္ဌိတံ၊ ပြီးပြီ။

## ၄-ဓမ္မာနုပဿနာ ၄-ဗောဇ္ဈင်္ဂပဗ္ဗ

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗော- ဇ္ဈင်္ဂေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ သတိ- သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သတိ- သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ယထာ စ အနု- ပ္ပန္နဿ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ ဝီရိယသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဝီရိယသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဝီရိယသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ဝီရိယ-

သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ပီတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ပီတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ သမာဓိသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ သမာဓိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ သမာဓိသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ သမာဓိ-

သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သမာဓိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သမာဓိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

သန္တံ ဝါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာ-သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိ-တော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။

ဗောဇ္ဈင်္ဂပဗ္ဗံ နိဋ္ဌိတံ။

## ၄-ဓမ္မာနုပဿနာ ၄-ဗောဇ္ဈင်ပိုင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ သတ္တသု၊ ခုနစ်ပါးကုန်သော။ *ဗောဇ္ဈင်္ဂေသု၊ (သစ္စာ ၄-ပါးကို သိကြောင်းဖြစ်၍) ဗောဇ္ဈင် မည်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သတ္တဝါကောင်, အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ သတ္တသု ဗောဇ္ဈင်္ဂေသု ဓမ္မေသု၊ ခုနစ်ပါးကုန်သော ဗောဇ္ဈင်တရားတို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဓမ္မာနုပဿီ၊ သတ္တဝါကောင်, အသက်ကောင် မဟုတ်သော သဘော တရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ ပန၊ နေပါသနည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော

---

မှတ်ချက် အဓိပ္ပါယ်

**သံ**-ကောင်းစွာ, ကိုယ်တိုင်။ **ဗောဓိ**-သိသူ, သိကြောင်းတရား အပေါင်း၊ သံ+ဗောဓိ=**သမ္ဗောဓိ** ကောင်းစွာ သိသူ, ကိုယ်တိုင်သိသူ၊ "ဥဒယဗ္ဗယဉာဏ်စသည်နှင့် ပြည့်စုံသော ဝိပဿနာယောဂီပေတည်း"။ တနည်းကား-**သမ္ဗောဓိ**-ကောင်းစွာ သိကြောင်း, ကိုယ်တိုင်သိကြောင်းဖြစ်သော ဗောဓိပက္ခိယ တရားအပေါင်း။ **အင်္ဂ** အကြောင်း, အစိတ်အပိုင်း။ သမ္ဗောဓိ+အင်္ဂ-**သမ္ဗောဇ္ဈင်္ဂ**=ကောင်းစွာ သိသူ၏ **အကြောင်းတရား**,

ပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ သတိသမ္ဗောဇ္ဈင်္ဂံ၊ ရှိသော *သတိသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ သတိသမ္ဗောဇ္ဈင်ရှိလျှင်- ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ အတ္ထိတိ၊ သတိသမ္ဗောဇ္ဈင် ရှိသည်-ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ အသန္တံ ဝါ သတိသမ္ဗောဇ္ဈင်္ဂံ၊ မရှိသော သတိသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ သတိသမ္ဗောဇ္ဈင် မရှိလျှင်-မဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ နတ္ထီတိ၊ သတိသမ္ဗောဇ္ဈင် မရှိဟု။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ၊ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။

---

မှတ်ချက် အခိပ္ပါယ်

ကိုယ်တိုင်သိသူ၏ အကြောင်း="ဥဒယဗ္ဗယဉာဏ်မှစ၍ဝိပဿနာခဏ, မဂ်ခဏတို့၌ သစ္စာ ၄-ပါးကို ကောင်းစွာသိကြောင်းတရား, ကိုယ်တိုင်သိကြောင်းတရား" ဟု ဆိုလို၏။ တနည်းကား.... သမ္ဗောဇ္ဈင်-ကောင်းစွာ သိကြောင်း, ကိုယ်တိုင် သိကြောင်းဖြစ်သော တရားအပေါင်း၏ အစိတ်အပိုင်း။ "ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာခဏ, မဂ်ခဏတို့၌ သစ္စာ ၄-ပါးကို ကောင်းစွာ သိကြောင်း, ကိုယ်တိုင်သိကြောင်း တရားထဲမှာ အစိတ်အပိုင်းတခု" ဟု ဆိုလို၏။

***အမှတ်ရမှုသတိကိုပင်** သိကြောင်းဖြစ်၍ရှင်း၊ သိကြောင်းတရားထဲမှ တစိတ်ဖြစ်၍ရှင်း **သတိသမ္ဗောဇ္ဈင်** ဟု ခေါ်သည်။

ယထာ၊ [၁]ယောနိသော မနသိကာရ ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ၊ ဖြစ်ပေါ် နေသော[၂] သတိသမ္ဗောဇ္ဈင်၏။ ဝါ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ ပါရိပူရီ၊ ပွါးစေမှု၏ ထက်ဝန်းကျင် ပြည့်စုံခြင်း သည်။ ဝါ၊ ပွါးစေမှု၏ လုံးဝပြည့်စုံခြင်းသည်။ ယထာ၊ အရ

---

မှတ်ချက် အဓိပ္ပါယ်

၁-မှတ်မှုကို ဖြစ်စေမည် မှတ်မည်ဟု နှလုံးသွင်းခြင်းသည် ၎င်း၊ ရှေးရှေးသော ရှုမှတ်မှုများသည်၎င်း ယောနိသော မနသိကာရမည်၏၊ ထိုနှစ်ပါးသော မနသိကာရကြောင့် ယောဂီအား အမှတ်ရမှု သတိသမ္ဗောဇ္ဈင်သည် ဖြစ်ပေါ်နေ၏။ ထို့ကြောင့် ယောဂီသည် ထိုယောနိသော မနသိကာရ ၂-မျိုးဟူသော အကြောင်းကို သိပေသည်။

၂-ဤ သတိသမ္ဗောဇ္ဈင်ကို မိမိသန္တာန်၌ မပြတ်ဖြစ်ပွါးစေမှုသည် အရဟတ္တမဂ်ဖြင့် လုံးဝပြည့်စုံပေ၏၊ အရဟတ္တမဂ်သို့ ရောက်လျှင် လုံးဝ ပြည့်စုံလေတော့သည်၊ နောက်ထပ်ပွါးစေရန် မလိုတော့ပြီ။ ထို့ကြောင့် ရဟန္တာ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် (သတိသမ္ဗောဇ္ဈင်ကို ပွါးစေမှု၏ လုံးဝပြည့်စုံကြောင်းဖြစ်သော) ထိုအရဟတ္တမဂ်ကိုလည်း မျက်မှောက် သိသည်ဟု ဆိုလိုပေသည်။

ဟတ္တမဂ်ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ အရဟတ္တမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဂံ၊ ရှိသောဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိလျှင်- ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ အတ္ထိတိ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ရှိသည်-ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ အသန္တံ ဝါ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဂံ၊ မရှိသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်မရှိလျှင်—မဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ နတ္ထိတိ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင် မရှိဟု။ ပဇာနာတိ၊ သိ၏။*

(ယထာ စ—စသော ၂-ပိုဒ်တို့၌ သတိသမ္ဗောဇ္ဈင် အပိုဒ်များနှင့်တူပြီ။သတိသမ္ဗောဇ္ဈင်အရာတို့၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု ပြင်၍ ဆိုရုံမျှသာ ထူးတော့သည်)။

---

မှတ်ချက် အဓိပ္ပါယ်

* ဓမ္မ—ရုပ်နာမ် တရား၊ ဝိစယ—စူးစမ်း စစ်ဆေးလျက် သိသည်။ ဓမ္မဝိစယ ရုပ်နာမ်တရားတို့ကို စူးစမ်း စစ်ဆေးလျက် သိသော ပညာ။ ဤကားရုပ်, ဤကားနာမ်, ဤကား ဖြစ်မှု, ဤကား ပျက်မှု, ဤကား မမြဲသော သဘောစသည်ဖြင့် သေသေချာချာ သိသော ပညာဟု ဆိုလို၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ သန္တံ ဝါ ဝီရိယသမ္ဗောဇ္ဈင်္ဂံ၊ ရှိသော ဝီရိယသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ ဝီရိယ သမ္ဗောဇ္ဈင် ရှိလျှင်–ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ အတ္ထိတိ၊ ဝီရိယ သမ္ဗောဇ္ဈင် ရှိသည်–ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ အသန္တံ ဝါ ဝီရိယသမ္ဗောဇ္ဈင်္ဂံ၊ မရှိသော ဝီရိယ သမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ ဝီရိယသမ္ဗောဇ္ဈင် မရှိလျှင်– မဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ နတ္ထိတိ၊ ဝီရိယသမ္ဗောဇ္ဈင် မရှိဟု။ ပဇာနာတိ၊ သိ၏။*(ယထာ စ-စသော ၂-ပိုဒ်တို့၌ သတိသမ္ဗောဇ္ဈင် အခဏ်းနှင့် တူပြီ)။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ ရှိသော ပီတိ သမ္ဗောဇ္ဈင် ကိုလည်း။ ဝါ၊ ပီတိသမ္ဗောဇ္ဈင်ရှိလျှင် ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ ပီတိသမ္ဗောဇ္ဈင်္ဂေါ အတ္ထိတိ၊ ပီတိသမ္ဗောဇ္ဈင်ရှိသည်–ဖြစ်သည် ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ အသန္တံ ဝါ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ မရှိသော ပီတိသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ ပီတိသမ္ဗောဇ္ဈင် မရှိလျှင်–မဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ပီတိသမ္ဗောဇ္ဈင်္ဂေါ နတ္ထိတိ၊

---

မှတ်ချက် အဓိပ္ပါယ်

* ရှုမှတ်ချက်တိုင်း၌ ပါဝင်သော မယုတ်မလွန် ညီမျှစွာ အားထုတ်မှု–ကြောင့်ကြစိုက်မှု–လုံ့လသည် **ဝီရိယသမ္ဗောဇ္ဈင်** မည်၏။

ပီတိသမ္ဗောဇ္ဈင်မရှိဟု။ ပဇာနာတိ၊ သိ၏။[၁] (ယထာ စ·စသော ၂-ပိုဒ်တို့၌ အနက်မှာ သတိသမ္ဗောဇ္ဈင် အခဏ်းနှင့် နည်းတူပြီ)။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ၊ ရှိသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် ရှိလျှင်-ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ အတ္ထိတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် ရှိသည်-ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ အသန္တံ ဝါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ၊ မရှိသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိလျှင်-မဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ နတ္ထိတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိဟု။ ပဇာနာတိ၊ သိ၏။[၂](ယထာ စ-စသော ၂-ပိုဒ်တို့၌ အနက်မှာ သတိသမ္ဗောဇ္ဈင် အခဏ်းနှင့် နည်းတူပြီ)။

---

မှတ်ချက် အဓိပ္ပါယ်

၁-ကြက်သီး မွေးညှင်း ထခြင်း စသည်ကို ဖြစ်စေလျက် ကိုယ်ထဲ စိတ်ထဲ၌ ထင်ရှားစွာ ဖြစ်ပေါ်လာသော နှစ်သိမ့်အားရမှုသည် **ပီတိသမ္ဗောဇ္ဈင်** မည်၏၊ ၎င်းသည် ခုဒ္ဒိကာပီတိ ခဏိကာပီတိ စသည်ဖြင့် ငါးပါးအပြား ရှိ၏။

၂-ရှုမှတ်၍ကောင်းသော အခါ၌ အထူးကြောင့်ကြ စိုက်ရမှုမျှ မရှိတော့ဘဲ ကိုယ်ထဲ စိတ်ထဲ၌ ပူပန် ပင်ပန်းမှု ငြိမ်းအေးလျက် ငြိမ်သက် ငြိမ်းချမ်းခြင်း သဘောသည် **ပဿဒ္ဓိသမ္ဗောဇ္ဈင်** မည်၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊ ရှိသော သမာဓိသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ သမာဓိသမ္ဗောဇ္ဈင် ရှိလျှင်-ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ အတ္ထိတိ၊ သမာဓိသမ္ဗောဇ္ဈင် ရှိသည်-ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ အသန္တံ ဝါ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊ မရှိသော သမာဓိ သမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ သမာဓိသမ္ဗောဇ္ဈင်မရှိလျှင်-မဖြစ် လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ နတ္ထိတိ၊ သမာဓိသမ္ဗောဇ္ဈင် မရှိဟု။ ပဇာနာတိ၊ သိ၏။ *(ယထာ-စသော ၂-ပိုဒ်တို့၌ အနက်မှာ သတိသမ္ဗောဇ္ဈင်အခဏ်းနှင့် နည်းတူပြီ)။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သန္တံ ဝါ ဥပေက္ခာ-သမ္ဗောဇ္ဈင်္ဂံ၊ ရှိသော ဥပေက္ခာသမ္ဗောဇ္ဈင်ကိုလည်း။ ဝါ၊ ဥပေက္ခာသမ္ဗောဇ္ဈင် ရှိလျှင်-ဖြစ်လျှင်လည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ အတ္ထိတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင် ရှိသည်-ဖြစ်သည်ဟု။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ အသန္တံ ဝါ ဥပေက္ခာ-သမ္ဗောဇ္ဈင်္ဂံ၊ မရှိသော ဥပေက္ခာသမ္ဗောဇ္ဈင်ကိုလည်း။

---

မှတ်ချက် အဓိပ္ပါယ်

* ရှုမှတ်မိရာ ရှုမှတ်မိရာ အာရုံ၌သာလျှင် စူးဝင်၍ စူးဝင်၍ သွားဘိသကဲ့သို့ရင်း၊ ကပ်၍ ကပ်၍ ကျကျသွားဘိ သကဲ့သို့ရင်း တခဏမျှ တခဏမျှ စူးစူးစိုက်စိုက် တည်တံ့မှု သည် **သမာဓိသမ္ဗောဇ္ဈင်** မည်၏။

ဝါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိလျှင်-မဖြစ်လျှင်လည်း။မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ နတ္ထိတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိဟု။ ပဇာနာတိ၊ သိ၏။*

စ၊ ထို့ပြင်လည်း။ အနုပ္ပန္နဿ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ယထာ၊ ယောနိသောမနသိကာရ ဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယောနိသောမနသိကာရဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ ဖြစ်ပေါ်နေသော ဥပေက္ခာသမ္ဗောဇ္ဈင်၏။ ဝါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ ပါရိပူရီ၊ ပွါးစေမှု၏ ထက်ဝန်းကျင် ပြည့်စုံခြင်းသည်။ ဝါ၊ပွါးစေမှု၏ လုံးဝပြည့်စုံခြင်းသည်။ ယထာ၊ အရဟတ္တမဂ်ဟူသော အကြင်အကြောင်းကြောင့်။

---

### မှတ်ချက် အဓိပ္ပါယ်

* ရှုမှတ်ချက်တိုင်း၌ သဒ္ဓါနှင့် ပညာ ဝီရိယနှင့် သမာဓိ-ဤသို့စသော အချင်းချင်း လွမ်းမိုးသွားနိုင်သည့် သမ္ပယုတ်တရားတို့ကို အင်အားညီမျှစေခြင်း သဘောသည် **ဥပေက္ခာသမ္ဗောဇ္ဈင်** မည်၏။ ဤဥပေက္ခာသည် ရှုမှတ်မှုကောင်းသော အခါများ၌ အထူးကြောင့်ကြမစိုက်ရဘဲ သူ့အရှိန်နှင့်သူ အလိုလိုပင် မှတ်သိလျက် နေဘိသကဲ့သို့ ထင်ရှားစွာဖြစ်၏။ အသွားညီသော နွား ၂-ကောင်ကို မမောင်းရ, မဆွဲရဘဲ မေ့းရှုလိုက်နေရသော လှည်းသမားကဲ့သို့ ထိုသို့သော အခါ

ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရဟတ္တမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံ ဝါ ဓမ္မေသု၊ မိမိ၏ ဗောဇ္ဈင် တရားတို့၌မူလည်း။ ဓမ္မာနုပဿီ၊ သတ္တဝါ ကောင်, အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။

(နီဝရဏပိုင်းနှင့် အနက်ပြန်ပုံ နည်းတူပြီ။ နီဝရဏတရားတို့၌-ဟု ရှိရာတွင် ဗောဇ္ဈင်တရားတို့၌-ဟု ပြင်၍ ဆိုရုံမျှသာ ထူးတော့သည်)။

ဗောဇ္ဈင်ပဗ္ဗံ၊ ဗောဇ္ဈင်တို့ကို ရှုပုံအပိုင်းသည်။

နိဋ္ဌိတံ၊ ပြီးပြီ။

---

မှတ်ချက် အဓိပ္ပါယ်

များ၌ ယောဂီအား ထင်ရှားပေ၏။ လမ်းကောင်းကောင်း ပေါ်၌ စက်ကောင်းသော မော်တော်ကားကို သက်သက် သာသာနှင့် မောင်းနှင်ရ သကဲ့သို့လည်း ယောဂီအား ထင်ရှား၏။

## ဥဒ္ဒေသဝါရ

### ၄-ဓမ္မာနုပဿနာ ၅-သစ္စပဗ္ဗ

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။ အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ။ အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ။ အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။

### ၄-ဓမ္မာနုပဿနာ ၅-သစ္စာပိုင်းအကျဉ်း

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာမည်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သတ္တဝါကောင်, အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ စတူသု အရိယသစ္စေသု ဓမ္မေသု၊ လေးပါးကုန်သော အရိယသစ္စာတရားတို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဓမ္မာနုပဿီ၊ သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ ပန၊ နေပါသနည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ ဣဒံ၊ ဖြစ်, ပျက်နေသော ဤတရားသည်။ ဒုက္ခန္တိ၊ ဆင်းရဲပင်တည်းဟူ၍။ ယထာဘူတံ၊ဟုတ်မှန်သည့် အတိုင်း။ ပဇာနာတိ၊ သိ၏။ အယံ၊ တပ်မက် သာယာသော ဤ တဏှာသည်။ ဒုက္ခသမုဒယောတိ၊ ဆင်းရဲ၏ ဖြစ်ပေါ် ကြောင်းပင်တည်းဟူ၍။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။ အယံ၊ ဖြစ်ပျက်မှု ကင်းသော ဤနိဗ္ဗာန် တရားသည်။ ဒုက္ခနိရောဓောတိ၊ ဆင်းရဲ၏ ချုပ်ငြိမ်းရာပင် တည်းဟူ၍။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း၊ ပဇာနာတိ၊ သိ၏။ အယံ၊ အထူးသိမြင်သော ဤမဂ္ဂင်တရားအပေါင်းသည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ၊ ဆင်းရဲ ချုပ်ငြိမ်းရာသို့ ဆိုက် ရောက်သွားသောအကျင့်ပင်တည်းဟူ၍။ ယထာဘူတံ၊ ဟုတ် မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။

သစ္စဥဒ္ဒေသ ပြီး၏။

## နိဒ္ဒေသဝါရ

### ၁-ဒုက္ခသစ္စခဏ္ဍ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏံပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခ-ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါပိ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါပိ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ကတမာ စ ဘိက္ခဝေ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

ကတမာ စ ဘိက္ခဝေ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ။

ကတမဉ္စ ဘိက္ခဝေ မရဏံ၊ ယံ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလံကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ မရဏံ။

ကတမော စ ဘိက္ခဝေ သောကော၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တော-ပရိသောကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။

ကတမော စ ဘိက္ခဝေ ပရိဒေဝေါ၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ၊ ယံ ခေါ ဘိက္ခဝေ ကာယိကံ ဒုက္ခံ ကာယိကံ အသာတံ ကာယသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။

ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ၊ ယံ ခေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ စေတသိကံ အသာတံ မနောသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။

ကတမော စ ဘိက္ခဝေ ဥပါယာသော၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော

ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဥပါယာသော။

ကတမော စ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ဣဓ ယဿ တေ ဟောန္တိ အနိဋ္ဌာ အကန္တာ အမနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္ထကာမာ၊ အဟိတကာမာ အဖာသုကကာမာ အယောဂက္ခေမကာမာ၊ ယာ တေဟိ သဒ္ဓိံ သင်္ဂတိ သမာဂမော သမောဓာနံ မိဿီဘာဝေါ။ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

ကတမော စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ဣဓ ယဿ တေ ဟောန္တိ ဣဋ္ဌာ ကန္တာ မနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အတ္ထကာမာ ဟိတကာမာ ဖာသုကကာမာ ယောဂက္ခေမကာမာ မာတာ ဝါ ပိတာ ဝါ ဘာတာ ဝါ ဘဂိနီ ဝါ မိတ္တာ ဝါ အမစ္စာ ဝါ ဉာတိသာလောဟိတာ ဝါ၊ ယာ တေဟိ သဒ္ဓိံ အသင်္ဂတိ အသမာဂမော အသမောဓာနံ အမိဿီဘာဝေါ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

ကတမဉ္စ ဘိက္ခဝေ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။ ဇာတိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ, "အဟော ဝတ မယံ န ဇာတိဓမ္မာ အဿာမ၊ န စ ဝတ

နော ဇာတိ အာဂစ္ဆေယျာ''တိ၊ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

ဇရာဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ, ''အဟော ဝတ မယံ န ဇရာဓမ္မာ အဿာမ၊ န စ ဝတ နော ဇရာ အာဂစ္ဆေယျာ''တိ၊ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

ဗျာဓိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ, ''အဟော ဝတ မယံ န ဗျာဓိဓမ္မာ အဿာမ၊ န စ ဝတ နော ဗျာဓိ အာဂစ္ဆေယျာ''တိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

မရဏဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ, ''အဟော ဝတ မယံ န မရဏဓမ္မာ အဿာမ၊ န စ ဝတ နော မရဏံ အာဂစ္ဆေယျာ''တိ၊ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ, ''အဟော ဝတ မယံ န သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာ အဿာမ၊ န စ ဝတ နော သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ အာဂစ္ဆေယျုံ''န္တိ၊ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ။

ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါ-နက္ခန္ဓော၊ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါ-နက္ခန္ဓာ ဒုက္ခာ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဒုက္ခသစ္စခဏ္ဍံ နိဋ္ဌိတံ။

## ၁-ဒုက္ခသစ္စာအခဏ်း

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခံ၊ ဆင်းရဲမည်သော။ အရိယ-သစ္စံ၊ အရိယာတို့သိအပ်သော အမှန်တရားသည်။ ကတမဉ္စ၊ အဘယ်ပါနည်းဟူမူကား။

ဇာတိပိ၊ ဘဝအသစ်ဖြစ်ခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲပေတည်း။ ဇရာပိ၊ အိုခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲပေတည်း။ မရဏမ္ပိ၊ သေခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲပေတည်း။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေး မြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံး မသာခြင်း, စိတ်၏လွန်စွာ ပင်ပန်းခြင်းတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲတို့ပေတည်း။ အပ္ပိယေဟိ သမ္ပယော-ဂေါပိ၊ မုန်းအပ်သော သတ္တဝါ, သင်္ခါရ ဝတ္ထုတို့နှင့် တွေ့ကြုံပေါင်းသင်း စပ်ယှဉ်ခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲပေတည်း။ ပိယေဟိ ဝိပ္ပယောဂေါပိ၊ ချစ်အပ်သော သတ္တဝါ, သင်္ခါရဝတ္ထုတို့နှင့် ကွဲကွာ ကွေကွင်း မစပ်ယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲပေတည်း။ ယမ္ပိ-ယေနပိ၊ အကြောင်း

မဲ့ သက်သက် တပ်မက်တောင့်တသော အကြင်တဏှာ တရား ဖြင့်။ဣစ္ဆာ၊အလိုရှိပါလျက်။ န လဗ္ဘတိ၊ မရ။ တမ္ပိ၊ အကြောင်း မဲ့သက်သက် တပ်မက်တောင့်တ၍ မရနိုင်သည်ကို အလိုရှိသော ^၁ ထိုတဏှာသည်လည်း။ ဒုက္ခံ၊ ဆင်းရဲပေတည်း။ သံခိတ္တေန၊ အကျဉ်းချုပ်အားဖြင့်။ ^၂ ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါးကုန် သော ဥပါဒါနက္ခန္ဓာတို့သည်။ ဒုက္ခာ၊ ဆင်းရဲတို့ပေတည်း။

---

မှတ်ချက် အဓိပ္ပါယ်

၁–ယမ္ပိစ္ဆံ န လဗ္ဘတိ တမ္ပိ ဒုက္ခံ–ယမ္ပိ အလဗ္ဘနေယျဝတ္ထုံ ဣစ္ဆန္တော န လဗ္ဘတိ၊ တံ အလဗ္ဘနေယျဝတ္ထုမှိ ဣစ္ဆနံ ဒုက္ခံ–ဟူသော အဋ္ဌကထာနှင့်အညီ ပြန်ထားသော အနက်ဖြစ်သည်။ တဏှာ သည် သမုဒယသစ္စာသာလျှင် ဖြစ်သင့်သည် မဟုတ်လောဟူ သံသယ ဖြစ်ဖွယ်ကား ရှိပေ၏၊ သို့သော်လည်း မူလပဏ္ဏာသ သမ္မာဒိဋ္ဌိသုတ်၌ တဏှာဥ္စ ပဇာနာတိ၊ တဏှာသမုဒယဥ္စ ပဇာ- နာတိ–ဟု တဏှာကို ဒုက္ခသစ္စာအဖြစ်ဖြင့် သိပုံကို ဟောထား သည်လည်း ရှိ၏၊ ဤသုတ်၌ပင် ရူပတဏှာ လောကေ ပိယရူပံ သာတရူပံ–စသည်ဖြင့် သမုဒယ၏ အာရုံဒုက္ခ အဖြစ်ဖြင့် ဟောထားသည်လည်းရှိ၏။ ထို့ကြောင့် ရှေးဘဝက ပြီးခဲ့သော အကြောင်းတဏှာကို သမုဒယသစ္စာ ဟူ၍ရင်း၊ နောက်ဘဝ၌ ဖြစ်ပေါ်သော အကျိုး အတ္တဘော၌ အတွင်း ဝင်သော အလဗ္ဘနေယျဝတ္ထု ဣစ္ဆာတဏှာကို ဒုက္ခသစ္စာ ဟူ၍ရင်း ယူ လျှင် ထို သံသယကို ပယ်နိုင်ရာ၏။

၂-ပဉ္စုပါဒါနက္ခန္ဓာပုဒ်၌ **ပိ-သဒ္ဒါ** မရှိသင့်ပေ။ အကြောင်းမူ ကား....ဇာတိအစ, ဣစ္ဆာဝိဃာတ အဆုံးရှိသောဆဲ့တပါးသော ဒုက္ခတို့သည် **အကျယ်အားဖြင့်** ပြအပ်သော ဒုက္ခတို့ပေတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိ၊ ဖြစ်ခြင်းသည်။ ကတမာ စ၊ အဘယ်ပါနည်း ဟူမူကား။ တေသံ တေသံ သတ္တာနံ၊ ထိုထို သတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ၊ ထိုထို သတ္တဝါ အပေါင်းထဲ၌။ ယာ ဇာတိ၊ အကြင်ရှေးဦးစွာဖြစ်ခြင်းသည်။ ယာ သဉ္ဇာတိ၊ အကြင်ပြည့်စုံစွာဖြစ်ခြင်းသည်။ ယာ ဩက္ကန္တိ၊ ဥခုံတွင်း,အမိဝမ်းတွင်းသို့ အကြင်သက်ဝင်ခြင်းသည်။ ယာ အဘိနိဗ္ဗတ္တိ၊ အကြင် ကိုယ် ထင်ရှားဖြစ်ခြင်းသည်။ ခန္ဓာနံ၊ ဘဝသစ်ခန္ဓာတို့၏။ ယော ပါတုဘာဝေါ၊ အကြင်ထင်ရှား ဖြစ်ခြင်းသည်။ အာယတနာနံ၊ စက္ခုစသော အာယတနတို့ ကို။ ယော ပဋိလာဘော၊ အကြင် တဖန်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဆိုအပ်ခဲ့သော သဘော ကို။ ဇာတိ၊ ဖြစ်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇရာ၊ အိုခြင်းသည်။ ကတမာ စ၊ အဘယ်ပါနည်း ဟူမူကား။ တေသံ တေသံ သတ္တာနံ၊ ထိုထို

---

မှတ်ချက် အဓိပ္ပါယ်

ထိုအကျယ်ပြအပ်သော ဒုက္ခ (၁၁) မျိုးတို့တွင် ဇာတိ ၁-ခု တည်းသာ ဒုက္ခမည်သည်မဟုတ်၊ ဇရာ စသည်တို့လည်း ဒုက္ခ မည်ကြသေး၏။ ထို့ကြောင့် အကျယ်ဒုက္ခတို့ကို ပြရာ၌ **ပိသဒ္ဒါ** လိုပေ၏၊ ထိုအကျယ်ဒုက္ခ (၁၁) မျိုးကိုပင် အကျဉ်းချုံး လိုက်လျှင် **ဥပါဒါနက္ခန္ဓာ ဒုက္ခ** တမျိုးတည်းသာဖြစ်၏၊ ၎င်း ဒုက္ခတမျိုးတည်းကိုသာပြရာ၌ကား တပါးသော ဒုက္ခကို ဆည်း စရာ ပေါင်းစရာ မရှိတော့ပြီ၊ "**သံခိတ္တဒုက္ခ** ၂-ပါး, ၃-ပါးရှိ တော့သည် မဟုတ်ပြီ၊ တပါးတည်းသာရှိ၍ ဆည်းရန် ပေါင်း ရန်မလိုတော့ပြီ။ ပိသဒ္ဒါနှင့်တကွ ရှိသည့် အတိုင်း ဆိုလျှင်

သတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ၊ ထိုထို သတ္တဝါ အပေါင်းထဲ၌။ ယာ ဇရာ၊ အကြင်အိုခြင်းသည်။ ယာ ဇိရဏတာ၊ အကြင် ရင့်ရော်ခြင်းတည်း။ ယံ ခဏ္ဍိစ္စံ၊ အကြင်သွားကျိုးခြင်းသည်။ ယံ ပါလိစ္စံ၊ အကြင်ဆံဖြူခြင်းသည်။ ယာ ဝလိတ္တစတာ၊ အကြင် အရေတွန့်ခြင်းသည်။ အာယုနော၊ (ဇီဝိတဟု ခေါ်သော) အသက်ရုပ်၏။ ယာ သံဟာနိ၊ အကြင်ဆုတ်ယုတ်ခြင်းသည်။ဣန္ဒြိယာနံ၊ စက္ခုစသောဣန္ဒြေတို့၏။ယော ပရိပါကော၊ အကြင် ရင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော သဘောကို။ ဇရာ၊ အိုခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ မရဏံ၊ သေခြင်းသည်။ ကတမဥ္စ၊ အဘယ်ပါနည်း ဟူမူကား။ တေသံ တေသံ သတ္တာနံ၊ ထိုထို

---

မှတ်ချက် အဓိပ္ပါယ်

အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးလည်း ဒုက္ခမည်၏၊ ထို့ပြင်လည်းအကျဉ်းအားဖြင့် ဒုက္ခမည်သော တရားရှိသေးသည်ဟုဆိုရာရောက်၏။သို့သော်လည်းအကျဉ်းအားဖြင့်ဥပါဒါနက္ခန္ဓာငါးပါးမှအပ တခြားတပါးသော ဒုက္ခမည်သည်လည်း မရှိတော့ပြီ။ ထို့ကြောင့် ပိသဒ္ဒါ မရှိသင့်ပေ၊ ဤအရာ၌"ပဉ္စုပါဒါ-နက္ခန္ဓာမှ တပါးသော ဇာတိ စသော ဒုက္ခတို့ကို ပေါင်းဆည်းရန် ပိသဒ္ဒါလိုသည် မဟုတ်ပါလော"ဟူငြားအံ့။ဥပါဒါနက္ခန္ဓာ-ပိဟု ရှိသောသဒ္ဒါဖြင့် ဇာတိစသော ဒုက္ခတို့ကို မပေါင်းဆည်းသင့်ပေ၊ အဘယ့်ကြောင့် နည်းဟူမူ.... ဇာတိ စသော ဒုက္ခတို့သည် သံခိတ္တေန၏အရ အကျဉ်းချုပ်ပြသော ဒုက္ခမဟုတ်သောကြောင့် ပေတည်း။ သို့ဖြစ်၍ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ

သတ္တာဝါတို့၏။ တမှာ တမှာ သတ္တနိကာယာ၊ ထိုထို သတ္တဝါ အပေါင်းထဲမှ။ ယာ စုတိ၊ အကြင်ရွေ့လျောခြင်းသည်။ ယာ စဝနတာ၊ အကြင် ရွေ့လျောသော အခြင်းအရာသည်။ ယော ဘေဒေါ၊ အကြင် ပျက်ခြင်းသည်။ ယံ အန္တရဓာနံ၊ အကြင် ကွယ်ပျောက်ခြင်းသည်။ ယံ မစ္စု မရဏံ၊ အကြင်သေဆုံးခြင်း သည်။ ယာ ကာလံ ကိရိယာ၊ အကြင် သေခြင်းကို ပြုခြင်း သည်။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ယော ဘေဒေါ၊ အကြင်ပျက်ခြင်း သည်။ ကဠေဝရဿ၊ ကိုယ်ကောင်ကို။ ယော နိက္ခေပေါ၊ အကြင် ပစ်ချခြင်းသည်။ ဇီဝိတိန္ဒြိယဿ၊ (ဇီဝိတိန္ဒြေဟု ခေါ်သော)အသက်၏။ ယော ဥပစ္ဆေဒေါ၊ အကြင် စင်းစင်းပြတ် ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ် ခဲ့သော သဘောကို။ မရဏံ၊ သေခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

---

မှတ်ချက် အဓိပ္ပါယ်

ဒုက္ခာ"ဟု ပိသဒ္ဒါ မပါသော ပါဠိကိုသာ ပါဠိမှန်ဟု မှတ်ရာ၏။ ဆိုလိုရင်းမှာ....ဇာတိစသော ဒုက္ခ (၁၁) မျိုးသည် အကျယ် ဒုက္ခများပေတည်း။ ထိုဒုက္ခတို့ကို အကျဉ်ချုံးလိုက်လျှင် ဥပါ ဒါနက္ခန္ဓာဒုက္ခ တမျိုးတည်းသာ ဖြစ်သည်ဟု ဆိုလိုပေသည်။ ဥပါဒါနက္ခန္ဓာဟူသည်မှာ သတ္တဝါတိုင်း၏ သန္တာန်တွင် မြင်ခိုက် ကြားခိုက် စသည်၌ ထင်ရှား ဖြစ်ပေါ်သော ရုပ်နာမ် တရားများပေတည်း။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် အနိစ္စ ဒုက္ခအနတ္တဟု မသိလျှင် မသိရသော ထိုရုပ်နာမ်များကိုပင် နိစ္စ သုခ အတ္တဟု ထင်မှတ်လျက် တဏှာ ဒိဋ္ဌိဖြင့် သာယာနိုင် စွဲလမ်းနိုင်၏။ ဤသို့တဏှာဒိဋ္ဌိ ဥပါဒါန်တို့ဖြင့် သာယာစွဲလမ်း နိုင်သောကြောင့် မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ရှားဖြစ်

ဘိက္ခဝေ၊ ရဟန်းတို့။ သောကော၊ စိုးရိမ်ပူဆွေးခြင်းသည်။ ကတမော စ၊ အဘယ်ပါနည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ အညတရညတရေန၊ တပါးပါးသော။ ဗျသနေန၊ ဆွေမျိုးပျက်စီးခြင်း ဥစ္စာပျက်စီးခြင်း ရောဂါနှိပ်စက်ခြင်း သီလပျက်စီးခြင်း အယူပျက်စီးခြင်း-ဟူသော ပျက်စီးမှုနှင့်။သမန္နာဂတဿ၊ တွေ့ကြုံလျက် ပြည့်စုံသော သူ၏ရင်း။ အညတရညတရေန၊ တပါးပါး သော။ ဒုက္ခဓမ္မေန၊ ဆင်းရဲကြောင်းဝတ္ထု အမှုအာရုံသည်။ ဖုဋ္ဌဿ၊ ထိပါးနှိပ်စက်အပ်သော သူ၏ရင်း။ယော သောကော၊ အကြင်စိုးရိမ်ပူဆွေးခြင်းသည်။ ယာ သောစနာ၊ အကြင် စိုးရိမ် ပူဆွေးခြင်း အမှုအရာသည်။ ယံ သောစိတတ္တံ၊ အကြင် စိုးရိမ် ပူဆွေးသည်၏ အဖြစ်သည်။ ယော အန္တောသောကော၊ အကြင် အတွင်း၌ ပူဆွေးခြင်းသည်။ ယော အန္တောပရိသောကော၊ အကြင်အတွင်း၌ တလှိုက်လှိုက် ပြင်းစွာပူဆွေးခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဆိုအပ်ခဲ့သောသဘောကို။ သောကော။ စိုးရိမ်ပူဆွေးခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပရိဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်းသည်။ ကတမော စ၊ အဘယ်ပါနည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ အညတရညတရေန၊ တပါးပါးသော။ ဗျသနေန၊

---

မှတ်ချက် အခိပ္ပါယ်

ပေါ်သော ရုပ်နာမ်တရားတို့ကို ဥပါဒါနက္ခန္ဓာဟု ခေါ်ရသည်။ တဏှာ ဥပါဒါန်, ဒိဋ္ဌိဥပါဒါန်တို့၏ သာယာစွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာများဟု ဆိုလို၏။ ဝိပဿနာယောဂီသည် ဥပါဒါန်တို့၏ အာရုံနယ်ပယ်ဖြစ်သော ဤခန္ဓာတို့ကိုပင် ရှင်း

ပျက်စီးမှုနှင့်။ သမန္နာဂတဿ၊ တွေ့ကြုံလျက် ပြည့်စုံသောသူ၏
၎င်း။ အညတရညတရေန၊ တပါးပါးသော။ ဒုက္ခဓမ္မေန၊
ဆင်းရဲကြောင်းဝတ္ထုအမှုအာရုံသည်။ ဖုဋ္ဌဿ၊ ထိပါးနှိပ်စက်
အပ်သောသူ၏၎င်း။ ယော အာဒေဝေါ၊ ပျက်စီးသောပုဂ္ဂိုလ်
ဝတ္ထုတစုံတခုကိုရည်စူး၍ အကြင်မြည်တမ်းခြင်းသည်။ ယော
ပရိဒေဝေါ၊ ပျက်စီးသောပုဂ္ဂိုလ်ဝတ္ထုတစုံတခု၏ဂုဏ်ကျေးဇူး
ကို အကြင်ပြောဆို၍ မြည်တမ်းခြင်းသည်။ ယာ အာဒေဝနာ၊
အကြင်ရည်စူး၍ မြည်တမ်းခြင်း အမူအရာသည်။ ယာ ပရိ-
ဒေဝနာ၊ အကြင် ဂုဏ်ကျေးဇူးကို ပြောဆို၍ မြည်တမ်းခြင်း
အမူအရာသည်။ယံ အာဒေဝိတတ္တံ၊ အကြင်ရည်စူး၍ မြည်တမ်း
သည်၏အဖြစ်သည်။ယံ ပရိဒေဝိတတ္တံ၊ အကြင်ဂုဏ်ကျေးဇူးကို
ပြောဆို၍ မြည်တမ်းသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။
ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဆိုအပ်ခဲ့သောသဘောကို။
ပရိဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခံ၊ ဆင်းရဲသည်။ ကတမဉ္စ၊
အဘယ်ပါနည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ကာယိကံ
ဒုက္ခံ၊ အကြင် ကိုယ်ထဲ၌ဖြစ်သော ဆင်းရဲသည်။ ယံ ကာယိကံ
အသာတံ၊ အကြင် ကိုယ်ထဲ၌ ဖြစ်သော မသာယာဘွယ်
သည်။ ယံ ကာယသမ္ဖဿဇံ ဒုက္ခံ၊ အကြင်ကိုယ်အတွေ့ကြောင့်

---

မှတ်ချက် အဓိပ္ပါယ်

ဥပါဒါန် တို့၏ ကျက်စားရာ နယ်ပယ် အဖြစ်မှ လွတ်၍
ဝိပဿနာ၏ ကျက်စားရာ နယ်ပယ်ဖြစ်အောင် ရှုမှတ်ရပေ
သည်။ ထို့ကြောင့် ကျမ်းဂန်တို့၌....**ပဉ္စုပါဒါနက္ခန္ဓေ ဝိပဿတိ-**
ဟု မိန့်ဆိုထားလေသည်။

ဖြစ်သော ဆင်းရဲသည်။ ယံ အသာတံ ဝေဒယိတံ၊ အကြင် သာယာဘွယ် မဟုတ်သော ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ်ခဲ့သော သဘောကို။ ဒုက္ခံ၊ ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒေါမနဿံ၊ စိတ်နှလုံး မသာခြင်းသည်။ ကတမဥ္စ၊ အဘယ်ပါနည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ယံ စေတသိကံ ဒုက္ခံ၊ အကြင် စိတ်ထဲ၌ ဖြစ်သော ဆင်းရဲသည်။ ယံ စေတသိကံ အသာတံ၊ အကြင်စိတ်ထဲ၌ ဖြစ်သော မသာယာဘွယ်သည်။ ယံ မနောသမ္ဖဿဇံ ဒုက္ခံ၊ အကြင် စိတ်ကူး အတွေ့ကြောင့် ဖြစ်သော ဆင်းရဲသည်။ ယံ အသာတံ ဝေဒယိတံ၊ အကြင်သာယာဘွယ်မဟုတ်သော ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ်ခဲ့သော သဘောကို။ ဒေါမနဿံ၊ စိတ်နှလုံးမသာခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပါယာသော၊ စိတ်၏ လွန်စွာ ပင်ပန်းခြင်းသည်။ ကတမော စ၊ အဘယ်ပါနည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ အညတရညတရေန၊ တပါးပါးသော။ ဗျသနေန၊ ပျက်စီးမှုနှင့်။ သမန္နာဂတဿ၊ တွေ့ကြုံလျက်ပြည့်စုံသောသူ၏ဝင်း။ အညတရညတရေန၊ တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲကြောင်းဝတ္ထု အမှုအာရုံသည်။ ဖုဋ္ဌဿ၊ ထိပါး နှိပ်စက်အပ်သော သူ၏ဝင်း။ ယော အာယာသော၊ အကြင် စိတ်၏ လွန်စွာ ပင်ပန်းခြင်းသည်။ ယော ဥပါယာသော။ အကြင်စိတ်၏ ပြင်းစွာပင်ပန်းခြင်းသည်။ ယံ အာယာသိတတ္တံ၊ အကြင် စိတ်၏ လွန်စွာ ပင်ပန်းသည်၏ အဖြစ်သည်။ ယံ

ဥပါယာသိတတ္တံ၊ အကြင်စိတ်၏ပြင်းစွာပင်ပန်းသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဆိုအပ်ခဲ့သော သဘောကို။ ဥပါယာသော၊ စိတ်၏ လွန်စွာ ပင်ပန်းခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ မုန်းဘွယ် အာရုံ, ပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်း ဆင်းရဲသည်။ ကတမော စ၊ အဘယ်ပါနည်းဟူမူကား။ ဣဓ၊ ဤလောက၌။ (ယဿကို ယေ+အဿ-ဟု ပုဒ်ဖြတ်) ယေ တေ ရူပါ, သဒ္ဒါ, ဂန္ဓာ, ရသာ, ဖောဋ္ဌဗ္ဗာ, ဓမ္မာ၊ အကြင် အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော အာရုံတို့ကို။ အဿ၊ ထိုသူသည်။ အနိဋ္ဌာ၊ အလိုမရှိအပ်ကုန်သည်။ အကန္တာ၊ မနှစ်သက်အပ်ကုန်သည်။ အမနာပါ၊ စိတ်ကို မပွါးစေတတ် မရွှင်စေတတ်၍ မမြတ်နိုးအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယေ ဝါ ပန တေ၊ အကြင် ပုဂ္ဂိုလ်တို့သည်မူလည်း။ အဿ၊ ထိုသူ၏။ အနတ္ထကာမာ၊ အကျိုးမဲ့ကို လိုလားကုန်သည်။ အဟိတကာမာ၊ အစီးအပွါးမဲ့ကို လိုလားကုန်သည်။ အဖာသုကကာမာ၊ မချမ်းသာခြင်းကို လိုလားကုန်သည်။ အယောဂက္ခေမကာမာ၊ ဘေးရန်မငြိမ်းခြင်းကို လိုလားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဿ၊ ထိုသူ၏။ တေဟိ သဒ္ဓိံ၊ မုန်းဘွယ်ကောင်းသော ထိုအာရုံ, ထိုပုဂ္ဂိုလ်တို့နှင့်တကွ။ ယာ သင်္ဂတိ၊ အကြင်တွေ့ရခြင်းသည်။ ယော သမာဂမော၊ အကြင်ဆုံရခြင်းသည်။ ယံ သမောဓာနံ၊ အကြင် ပေါင်းဆုံရခြင်းသည်။ ယော မိဿီဘာဝေါ၊ အကြင် ရောနှော၍ နေရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဆိုအပ်ခဲ့သော သ

ဘောကို။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ မုန်းဘွယ်အာရုံ, ပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်း ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ချစ်ဘွယ်အာရုံ, ပုဂ္ဂိုလ်တို့နှင့် ကွဲကွာရခြင်း ဆင်းရဲသည်။ ကတမော စ၊ အဘယ်ပါနည်း ဟူမူကား။ ဣဓ၊ ဤလောက၌။ ယေ တေ ရူပါ, သဒ္ဒါ, ဂန္ဓာ, ရသာ, ဖောဋ္ဌဗ္ဗာ, ဓမ္မာ၊ အကြင် အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော အာရုံတို့ကို။ အဿ၊ ထိုသူသည်။ ဣဋ္ဌာ ကန္တာ မနာပါ၊ လိုလားအပ်, နှစ်သက်အပ်, မြတ်နိုးအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယေ ဝါ ပန တေ၊ အကြင်ပုဂ္ဂိုလ်တို့သည်မူလည်း။ အဿ၊ ထိုသူ၏။ အတ္ထကာမာ၊ အကျိုးကို လိုလားကုန်သည်။ ဟိတကာမာ၊ စီးပွါးကို လိုလားကုန်သည်။ ဖာသုကကာမာ၊ ချမ်းသာခြင်းကို လိုလားကုန်သည်။ ယောဂက္ခေမကာမာ၊ ဘေးရန်ငြိမ်းခြင်းကို လိုလားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မာတာ ဝါ၊ အမိသည် သော်၎င်း။ ပိတာ ဝါ၊ အဘသည် သော်၎င်း။ ဘာတာ ဝါ၊ ညီ, အစ်ကိုသည် သော်၎င်း။ ဘဂိနီ ဝါ၊ အစ်မ နှမသည် သော်၎င်း။ မိတ္တာ ဝါ၊ အဆွေ ခင်ပွန်းတို့သည် သော်၎င်း။ အမစ္စာ ဝါ၊ အပေါင်းအဖော်တို့သည်သော်၎င်း။ ဉာတိ-သာလောဟိတာ ဝါ၊ ဆွေမျိုး, သားချင်းတို့သည် သော်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဟိ သဒ္ဓိံ၊ ချစ်ဖွယ်ကောင်းသော ထိုအာရုံ,ပုဂ္ဂိုလ်တို့နှင့်တကွ။ တဿ၊ ထိုသူ၏။ ယာ အသင်္ဂတိ၊ အကြင် မတွေ့ရခြင်းသည်။ ယော အသမာဂမော၊ အကြင် မဆုံရခြင်းသည်။ ယံ အသမောဓာနံ၊ အကြင် မပေါင်းဆုံရခြင်းသည်။ ယော အမိဿီဘာဝေါ၊ အကြင် ရောနှော၍

မနေရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤ ဆိုအပ်ခဲ့သော သဘောကို။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ချစ်ဖွယ်အာရုံ, ပုဂ္ဂိုလ်တို့နှင့် ကွဲကွာရခြင်း ဆင်းရဲ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ အကြင် တဏှာဖြင့် လိုချင်ပါလျက် မရ, ထို မရနိုင်သည်ကို လိုချင်ခြင်း ဆင်းရဲသည်။ ကတမဉ္စ၊ အဘယ်ပါနည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိဓမ္မာနံ သတ္တာနံ၊ ဘဝအသစ် ဖြစ်ခြင်း သဘောရှိကုန်သော သတ္တဝါတို့အား။ မယံ၊ ငါတို့ သည်။ န ဇာတိဓမ္မာ အဿာမ၊ ဘဝ အသစ်ဖြစ်ခြင်း သဘော မရှိသည် ဖြစ်ပါကုန်မူကား။ အဟော ဝတ၊ ဩော် ကောင်း လေစွ။ ဇာတိ စ၊ ဘဝ အသစ်ဖြစ်ခြင်း သဘောသည်လည်း။ နော၊ ငါတို့ဆီသို့။ န အာဂစ္ဆေယျ၊ မလာရောက်နိုင်ပါမူကား။ အဟော ဝတ၊ ဩော် ကောင်းလေစွ။" ဣတိ ဧဝံ၊ ဤသို့။ ဣစ္ဆာ၊ တောင့်တ လိုလားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပန၊ ထိုသို့ပင် တောင့်တ လိုလားသော်လည်း။ ဧတံ၊ ဤဘဝ အသစ်မဖြစ်ခြင်းကို။ ဣစ္ဆာယ၊ တောင့်တ လိုလားမှုမျှဖြင့်။ န ခေါ ပတ္တဗ္ဗံ၊ မရောက်နိုင်-မရနိုင်သည် သာတည်း။ ဣဒမ္ပိ၊ ဤ ဆိုအပ်ခဲ့သော သဘောသည်လည်း။ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ အကြင် တဏှာဖြင့် လိုချင်ပါလျက် မရ, ထို မရနိုင် သည်ကို လိုချင်ခြင်း ဆင်းရဲမည်၏။

ဘိက္ခဝေ၊ရဟန်းတို့။ ဇရာဓမ္မာနံ သတ္တာနံ၊အိုခြင်းသဘော ရှိကုန်သော သတ္တဝါတို့အား။ "မယံ၊ ငါတို့သည်။ န ဇရာဓမ္မာ အဿာမ၊ အိုခြင်းသဘော မရှိသည် ဖြစ်ပါကုန် မူကား။

အဟော ဝတ၊ ဩြော်ကောင်းလေစွ။ ဇရာ စ၊ အိုခြင်းသည်လည်း။ နော၊ ငါတို့ဆီသို့။ န အာဂစ္ဆေယျ၊ မလာရောက်နိုင်ပါမူကား။ အဟော ဝတ၊ ဩြော် ကောင်းလေစွ။”ဣတိ-ဧဝံ၊ ဤသို့။ ဣစ္ဆာ၊ တောင့်တလိုလားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပန၊ ထိုသို့ပင် တောင့်တလိုလားသော်လည်း။ ဧတံ၊ ဤမအိုခြင်းကို။ ဣစ္ဆာယ၊ တောင့်တလိုလားမှုမျှဖြင့်။ န ခေါ ပတ္တဗ္ဗံ၊ မရောက်နိုင်-မရနိုင်သည်သာတည်း။ ဣဒမ္ပိ၊ ဤဆိုအပ်ခဲ့သော သဘောသည်လည်း။ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဗျာဓိဓမ္မာနံ သတ္တာနံ၊ နာဖျားခြင်းသဘောရှိကုန်သော သတ္တဝါတို့အား။ “မယံ၊ ငါတို့သည်။ န ဗျာဓိဓမ္မာ အဿာမ၊ နာဖျားခြင်းသဘောမရှိသည်ဖြစ်ပါကုန်မူကား။ အဟော ဝတ၊ ဩြော် ကောင်းလေစွ။ ဗျာဓိ စ၊ နာဖျားခြင်းသည်လည်း။ နော၊ ငါတို့ဆီသို့။ န အာဂစ္ဆေယျ၊ မလာရောက်နိုင်ပါမူကား။ အဟော ဝတ၊ ဩြော် ကောင်းလေစွ။”ဣတိ ဧဝံ၊ ဤသို့။ ဣစ္ဆာ၊ တောင့်တလိုလားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပန၊ ထိုသို့ပင်တောင့်တလိုလားသော်လည်း။ ဧတံ၊ ဤမနာမဖျားခြင်းကို။ ဣစ္ဆာယ၊ တောင့်တလိုလားမှုမျှဖြင့်။ န ခေါ ပတ္တဗ္ဗံ၊ မရောက်နိုင်-မရနိုင်သည် သာတည်း။ ဣဒမ္ပိ၊ ဤ ဆိုအပ်ခဲ့သော သဘောသည်လည်း။ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ မရဏဓမ္မာနံ သတ္တာနံ၊ သေခြင်းသဘောရှိကုန်သောသတ္တဝါတို့အား။ “မယံ၊ ငါတို့သည်။ န မရဏဓမ္မာ အဿာမ၊ သေခြင်းသဘောမရှိသည်ဖြစ်ပါကုန်

မူကား။ အဟော ဝတ၊ ဪကောင်းလေစွတကား။ မရဏံ စ၊ သေခြင်းသည်လည်း။ နော၊ ငါတို့ဆီသို့။ န အာဂစ္ဆေယျ၊ မလာရောက်နိုင်ပါမူကား။ အဟော ဝတ၊ ဪကောင်းလေစွတကား။” ဣတိ ဧဝံ၊ ဤသို့။ ဣစ္ဆာ၊ တောင့်တလိုလားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပန၊ ထိုသို့ပင်တောင့်တလိုလားသော်လည်း။ ဧတံ၊ ဤမသေခြင်းကို။ ဣစ္ဆာယ၊ တောင့်တလိုလားမှုမျှဖြင့်။ န ခေါ ပတ္တဗ္ဗံ၊ မရောက်နိုင်·မရနိုင်သည်သာတည်း။ ဣဒမ္ပိ၊ ဤဆိုအပ်ခဲ့သော သဘောသည်လည်း။ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာနံ၊ စိုးရိမ် ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးမသာခြင်း, စိတ်၏ အလွန်ပင်ပန်းခြင်းသဘောရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ “မယံ၊ ငါတို့သည်။ န သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာ အဿာမ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးမသာခြင်း, စိတ်၏ လွန်စွာ ပင်ပန်းခြင်းသဘော မရှိသည် ဖြစ်ပါကုန်မူကား။ အဟော ဝတ၊ ဪကောင်းလေစွ။ သောက ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ စ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးမသာခြင်း, စိတ်၏ လွန်စွာပင်ပန်းခြင်းတို့သည်လည်း။ နော၊ ငါတို့ဆီသို့။ န အာဂစ္ဆေယျုံ၊ မလာရောက်နိုင်ပါကုန်မူကား။ အဟော ဝတ၊ ဪ ကောင်းလေစွ။” ဣတိ ဧဝံ၊ ဤသို့။ ဣစ္ဆာ၊ တောင့်တလိုလားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပန၊ ထိုသို့ပင် တောင့်တ လိုလားသော်လည်း။ ဧတံ၊ ဤ

မစိုးရိမ် မပူဆွေးရခြင်း, မငိုကြွေးရခြင်း, ကိုယ်ဆင်းရဲ ကင်းခြင်း, စိတ်နှလုံး မသာမှု ကင်းခြင်း,စိတ်၏ လွန်စွာ ပင်ပန်းမှု ကင်းခြင်းကို။ ဣစ္ဆာယ၊ တောင့်တလိုလားမှုမျှဖြင့်။ န ခေါ ပတ္တဗ္ဗံ၊ မရောက်နိုင်- မရနိုင်သည်သာတည်း။ ဣဒမ္ပိ၊ ဤဆိုအပ်ခဲ့သော သဘောသည်လည်း။ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ အကြင်တဏှာဖြင့် လိုချင်ပါလျက် မရ, ထိုမရနိုင်သည်ကို လိုချင်ခြင်း ဆင်းရဲမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့သည်။ ကတမေ စ၊ အဘယ်သည်တို့နည်း ဟူမူကား။ သေယျထိဒံ၊ဤခန္ဓာတို့ကို သရုပ်အားဖြင့် ပြရလျှင်။ ရူပုပါဒါနက္ခန္ဓော၊ ရုပ်ဥပါဒါနက္ခန္ဓာ ၁-ပါး။ ဝေဒနုပါဒါနက္ခန္ဓော၊ ဝေဒနာ ဥပါဒါနက္ခန္ဓာ ၁-ပါး။ သညုပါဒါနက္ခန္ဓော၊ သညာ ဥပါဒါနက္ခန္ဓာ ၁-ပါး။ သင်္ခါရုပါဒါနက္ခန္ဓော၊ သင်္ခါရ ဥပါဒါနက္ခန္ဓာ ၁-ပါး။ ဝိညာဏုပါဒါနက္ခန္ဓော၊ ဝိညာဏ် ဥပါဒါနက္ခန္ဓာ ၁-ပါး။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေ၊ ဤတရားတို့ကို။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါး ဆင်းရဲတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဆိုအပ်ခဲ့သော ဇာတိအစ ဥပါဒါနက္ခန္ဓာ အဆုံးရှိသော ဤတရားအပေါင်းကို။ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခမည်သော အရိယသစ္စာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ဒုက္ခသစ္စခဏ္ဍံ၊ ဒုက္ခသစ္စာ အခဏ်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## ၂-သမုဒယသစ္စခဏ္ဍ

ကတမဉ္စ ဘိက္ခဝေ *ဒုက္ခသမုဒယော အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ကတ္ထ နိဝိသမာနာ နိဝိသတိ၊ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ကိဉ္စ လောကေ ပိယရူပံ သာတရူပံ?....

(၁) စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ သောတံ လောကေ၊ ဃာနံ လောကေ၊ ဇိဝှါ လောကေ၊ ကာယော လောကေ၊ မနော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၂) ရူပါ လောကေ၊ သဒ္ဒါ လောကေ၊ ဂန္ဓာ လောကေ၊ ရသာ လောကေ၊ ဖောဋ္ဌဗ္ဗာ လောကေ၊ ဓမ္မာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

---

* နှာ ၂၂၉-မှတ်ချက် ၁-၌ ကြည့်ပါ။

(၃) စက္ခုဝိညာဏံ လောကေ၊ သောတဝိညာဏံ လောကေ၊ ဃာနဝိညာဏံ လောကေ၊ ဇိဝှါဝိညာဏံ လောကေ၊ ကာယဝိညာဏံ လောကေ၊ မနောဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၄) စက္ခုသမ္ဖဿော လောကေ၊ သောတသမ္ဖဿော လောကေ၊ ဃာနသမ္ဖဿော လောကေ၊ ဇိဝှါသမ္ဖဿော လောကေ၊ ကာယသမ္ဖဿော လောကေ၊ မနောသမ္ဖဿော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၅) စက္ခုသမ္ဖဿဇာ ဝေဒနာ လောကေ၊ သောတသမ္ဖဿဇာ ဝေဒနာ လောကေ၊ ဃာနသမ္ဖဿဇာ ဝေဒနာ လောကေ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ လောကေ၊ ကာယသမ္ဖဿဇာ ဝေဒနာ လောကေ၊ မနောသမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၆) ရူပသညာ လောကေ၊ သဒ္ဒသညာ လောကေ၊ ဂန္ဓသညာ လောကေ၊ ရသသညာ လောကေ၊ ဖောဋ္ဌဗ္ဗသညာ လောကေ၊ ဓမ္မသညာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၇) ရူပသဉ္စေတနာ လောကေ၊ သဒ္ဒသဉ္စေတနာ လောကေ၊ ဂန္ဓသဉ္စေတနာ လောကေ၊ ရသသဉ္စေတနာ လောကေ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ လောကေ၊ ဓမ္မသဉ္စေတနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၈) ရူပတဏှာ လောကေ၊ သဒ္ဒတဏှာ လောကေ၊ ဂန္ဓတဏှာ လောကေ၊ ရသတဏှာ လောကေ၊ ဖောဋ္ဌဗ္ဗ-တဏှာ လောကေ၊ ဓမ္မတဏှာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၉) ရူပဝိတက္ကော လောကေ၊ သဒ္ဒဝိတက္ကော လောကေ၊ ဂန္ဓဝိတက္ကော လောကေ၊ ရသဝိတက္ကော လောကေ၊ ဖောဋ္ဌဗ္ဗဝိတက္ကော လောကေ၊ ဓမ္မဝိတက္ကော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(၁၀) ရူပဝိစာရော လောကေ၊ သဒ္ဒဝိစာရော လောကေ၊ ဂန္ဓဝိစာရော လောကေ၊ ရသဝိစာရော လောကေ၊ ဖောဋ္ဌဗ္ဗဝိစာရော လောကေ၊ ဓမ္မဝိစာရော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ။

သမုဒယသစ္စခဏ္ဍံ နိဋ္ဌိတံ။

## ၂-သမုဒယသစ္စာအခဏ်း

ဘိက္ခဝေ၊ရဟန်းတို့။ဒုက္ခသမုဒယော၊ ဆင်းရဲဖြစ်ကြောင်းမည်သော။ အရိယသစ္စံ၊ အရိယာတို့ သိအပ်သော အမှန်တရားသည်။ ကတမဉ္စ၊ အဘယ်ပါနည်း ဟူမူကား။

ယာယံ တဏှာ၊ အကြင် ဆာလောင်မှု တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒိရာဂ-သဟဂတာ၊ နှစ်သက် တပ်စွဲသော သဘောလည်း ဖြစ်၏။ တတြ တတြ၊ တွေ့တိုင်း ကြုံတိုင်းသော ထိုထို အတ္တဘော ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ နှစ်သက်လက်ခံ ပျော်လဲး ပျော်စံတတ်၏။ သေယျထိဒံ၊ ဤတဏှာက အဘယ်နည်းဟူမူကား။ ၂ ကာမတဏှာ၊ ကာမဂုဏ်၌ ဆာလောင်တပ်မက် နှစ်သက်မှု

---

မှတ်ချက် အစိပ္ပါယ်

၁-ဒုက္ခသမုဒယံ ဟူ၍၎င်း, ဒုက္ခသမုဒယော ဟူ၍၎င်း မူ ၂-မျိုးရှိရာတွင် "သတိပိ ဒွိန္နံ ပဒါနံ သမာနာဓိကရဏဘာဝေ လိင်္ဂဘေဒေါ ဂဟိတော၊ ယထာ ဒုက္ခသမုဒယော အရိယသစ္စံ" ဟူသော မဟာဋီကာ ၂-၄၄၉-နှင့်အညီ ဒုက္ခသမုဒယော ဟူသောမူကို လက်ခံထားသည်၊ ဒုက္ခနိရောဓော ၌လည်း နည်းတူပင်တည်း။

၂-ကာမတဏှာကား ထင်ရှား၏။ ဘဝေ တဏှာ ဘဝတဏှာ၊ ဘဝပတ္ထနာဝသေန ဥပ္ပန္နဿ, သဿတဒိဋ္ဌိသဟဂတဿ, ရူပါရူပဘဝရာဂဿ စ, ဈာနနိကန္တိယာ စေတံ အဓိဝစနံ။ အဋ္ဌကထာ။

(ကာမတဏှာ)ရှင်း။ ဘဝတဏှာ၊ ဘဝ၌ ဆာလောင်တပ်မက် နှစ်သက်မှု(ဘဝတဏှာ)ရှင်း။ ဝိဘဝတဏှာ၊ ဘဝကင်းပြတ်ခြင်း၌ ဆာလောင်တပ်မက် နှစ်သက်မှု(ဝိဘဝတဏှာ)ရှင်း။ (အယံ၊ ဤတဏှာသုံးပါးပင်တည်း။)

ဘိက္ခဝေ၊ ရဟန်းတို့။ သာ ခေါ ပနေသာ တဏှာ၊ ထိုသုံးပါးသော တဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်လတ်သော်၊ ကတ္ထ ဥပ္ပဇ္ဇတိ၊ အဘယ်၌ဖြစ်ပါသနည်း။ နိဝိသမာနာ၊ ကိန်းလတ်သော်။ ကတ္ထ နိဝိသတိ၊ အဘယ်၌ ကိန်းပါသနည်းဟူမူကား။ လောကေ၊ သတ္တလောက၌။ ယံ ပိယရူပံ သာတရူပံ၊ အကြင်ချစ်ဖွယ်သဘော, သာယာဘွယ်သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧသာ တဏှာ၊ ထိုသုံးပါးသောတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်လတ်သော်။ ဧတ္ထ၊ ဤချစ်ဖွယ်, သာယာဘွယ်သဘော၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ နိဝိသမာနာ၊ ကိန်းလတ်သော်။ ဧတ္ထ၊ ဤချစ်ဖွယ်, သာယာဘွယ် သဘော၌။ နိဝိသတိ၊ ကိန်း၏။

လောကေ၊ သတ္တလောကထဲ၌။ ပိယရူပံ သာတရူပံ၊ ချစ်ဖွယ်သဘော, သာယာဘွယ်သဘောသည်။ ကိဉ္စ၊ အဘယ်ပါနည်း ဟူမူကား။

---

မှတ်ချက် အဓိပ္ပါယ်

ဘဝေ၊ ဘဝ၌။ တဏှာ၊ သည်။ ဘဝတဏှာ၊ ဘဝတဏှာမည်၏။ဧတံ၊ဘဝတဏှာဟူသော ဤအမည်သည်။ဘဝပတ္ထနာဝသေန၊ ကာမဘဝကို တောင့်တသည့်အလိုအားဖြင့်၊ ဥပ္ပန္နဿ ရာဂဿ စ၊ ဖြစ်သောရာဂ၏ရှင်း။ သဿတဒိဋ္ဌိသဟဂတဿ ရာဂဿ စ၊ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂ၏ရှင်း။ ရူပါ-

(၁) လောကေ၊သဒ်ါရလောကထဲ၌။ စက္ခုံ၊ မျက်စိသည်။ ပိယရူပံ သာတရူပံ၊ ချစ်ဖွယ်သဘော, သာယာဘွယ်သဘော ပေတည်း။ ဧသာ တဏှာ၊ ထိုသုံးပါးသော တဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်လတ်သော်။ ဧတ္ထ၊ မျက်စိတည်းဟူသော ဤချစ်ဖွယ်,သာယာဘွယ် သဘော၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ နိဝိသမာနာ၊ ကိန်းလတ်သော်။ ဧတ္ထ၊ မျက်စိတည်းဟူသော ဤချစ်ဘွယ် သာယာဘွယ် သဘော၌။ နိဝိသတိ၊ ကိန်း၏။ လောကေ၊သဒ်ါရလောကထဲ၌။ သောတံ၊နားသည်....။ဃာနံ၊ နှာခေါင်းသည်....။ ဇိဝှါ၊ လျှာသည်....။ ကာယော၊ ကိုယ်သည်....။ မနော၊ နှလုံးသည်....(စက္ခု-ပုဒ်မှာလိုပင် အပြည့်အစုံ ဆိုလေ)။

(၂) လောကေ၊ သဒ်ါရလောကထဲ၌။ ရူပါ၊ အဆင်းတို့သည်....။သဒ္ဒါ၊ အသံတို့သည်....။ ဂန္ဓာ၊အနံ့တို့သည်....။ရသာ

---

မှတ်ချက် အဓိပ္ပါယ်

ရူပဘဝရာဂဿ စ၊ ရူပဘဝ, အရူပဘဝတို့၌ တပ်စွဲသော ရာဂ၏လည်း။ ဝိဘဝနန္ဒိကန္တိယာ စ၊ ရူပစျာန်, အရူပစျာန်တို့၌ နှစ်သက်သော တဏှာ၏လည်း။ အဓိဝစနံ၊ အမည်ပေတည်း။ ဤအဋ္ဌကထာအရ ဘဝတဏှာသည်(၄)ပါးပြား၏။ ထိုတွင် ကာမဘဝ၌ တောင့်တသော တဏှာဟူရာ၌ ကာမဘုံသားတို့အား မိမိ၏ရဆဲဘဝ၌ နှစ်သက်ပျော်မွေ့မှုသည်လည်း၊ နောင်အခါ၌ လူကောင်း, နတ်ကောင်း, စသည် ဖြစ်လိုမှုသည်လည်း ကာမဘဝ၌ ဆာလောင်တပ်စွဲမှုဖြစ်သောကြောင့် **ဘဝတဏှာ မည်၏။** သဿတဒိဋ္ဌိနှင့် တကွဖြစ်သော ရာဂ ဟူသည်မှာ

အရသာတို့သည်....။ ဖောဋ္ဌဗ္ဗာ၊ အတွေ့တို့သည်....။ ဓမ္မာ၊ သဘောတို့သည်....။

(၃) လောကေ၊ သခ်ါရ လောကထဲ၌။ စက္ခုဝိညာဏံ၊ မြင်သိမှု စက္ခု ဝိညာဏ်သည်....။သောတဝိညာဏံ၊ ကြားသိမှု သောတဝိညာဏ်သည်....။ ဃာနဝိညာဏံ၊ နံသိမှု ဃာန ဝိညာဏ်သည်။ ဇိဝှါ ဝိညာဏံ၊ စားသိမှု ဇိဝှါဝိညာဏ်သည်....။ ကာယ ဝိညာဏံ၊ ထိသိမှု ကာယဝိညာဏ်သည်....။ မနော ဝိညာဏံ၊ ကြံသိမှု မနောဝိညာဏ်သည်။

(၄) လောကေ၊ ၌။ စက္ခုသမ္ဖဿော၊ မြင်တွေ့မှုသည်....။ သောတသမ္ဖဿော၊ ကြားတွေ့မှုသည်....။ ဃာနသမ္ဖဿော၊ နံတွေ့မှုသည်....။ ဇိဝှါသမ္ဖဿော၊ စားတွေ့မှုသည်....။ ကာယ·သမ္ဖဿော၊ ထိတွေ့မှုသည်....။ မနောသမ္ဖဿော၊ ကြံတွေ့မှု သည်....။

---

မှတ်ချက် အမိပ္ပါယ်

"သတ္တဝါကောင်သည် အမြဲတမ်းမပျက်စီးဘဲ တည်နေသည်" ဟု ယူဆသော ဒိဋ္ဌိနှင့်တပါတည်းဖြစ်သော တဏှာပေတည်း။ ဤအရာ၌ ဘဝဟူသော ပုဒ်၏အနက်ကို **အမြဲရှိနေသည်**·ဟု ပြန်ရာ၏။ အမြဲရှိနေသည့်အနေအားဖြင့် သာယာသော ကြောင့် ဤသဿတဒိဋ္ဌိသမ္ပယုတ် ရာဂကို **ဘဝတဏှာ**-ဟု ခေါ်သည်။ ကြွင်းသော ဘဝတဏှာ ၂-ပါးကား ထင်ရှား၏။ ဝိဘဝတဏှာဟူသည်မှာ "သေလျှင် နောင်ဘဝမရှိပြီ" ဟု ယူဆလျက် သေသည်မှနောက်၌ ဘဝမရှိတော့ဘဲ အလိုလိုပင် ပြတ်စဲသွားခြင်းကို သာယာနှစ်သက်သော ရာဂပေတည်း။

(၅) လောကေ၌။ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ မြင်တွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။ သောတသမ္ဖဿဇာ ဝေဒနာ၊ ကြားတွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။ ဃာနသမ္ဖဿဇာ ဝေဒနာ၊ နံတွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ စားတွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။ ကာယသမ္ဖဿဇာ ဝေဒနာ၊ ထိတွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။ မနောသမ္ဖဿဇာ ဝေဒနာ၊ ကြံတွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။

(၆) လောကေ၌။ ရူပသညာ၊ အဆင်း၌ မှတ်သားမှုသည်....။ သဒ္ဒသညာ၊ အသံ၌ မှတ်သားမှုသည်....။ ဂန္ဓသညာ၊ အနံ့၌ မှတ်သားမှုသည်....။ ရသ သညာ၊ အရသာ၌ မှတ်သားမှုသည်....။ ဖောဋ္ဌဗ္ဗသညာ၊ အတွေ့၌ မှတ်သားမှုသည်....။ ဓမ္မသညာ၊ သဘော၌မှတ်သားမှုသည်....။

(၇) လောကေ၌။ ရူပသဉ္စေတနာ၊ အဆင်း၌ စေ့ဆော်တိုက်တွန်းမှုသည်....။ သဒ္ဒသဉ္စေတနာ၊ အသံ၌ စေ့ဆော်တိုက်တွန်းမှုသည်....။ ဂန္ဓသဉ္စေတနာ၊ အနံ့၌ စေ့ဆော်တိုက်တွန်းမှုသည်....။ ရသသဉ္စေတနာ၊ အရသာ၌ စေ့ဆော် တိုက်တွန်းမှုသည်....။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ အတွေ့၌ စေ့ဆော်တိုက်တွန်းမှုသည်....။ ဓမ္မသဉ္စေတနာ၊ သဘော၌ စေ့ဆော် တိုက်တွန်းမှုသည်....။

(၈) လောကေ၌။ ရူပတဏှာ၊ အဆင်း၌ ဆာလောင်မှုသည်....။ သဒ္ဒတဏှာ၊ အသံ၌ ဆာလောင်မှုသည်....။ ဂန္ဓတဏှာ၊ အနံ့၌ ဆာလောင်မှုသည်....။ ရသတဏှာ၊ အရသာ၌

ဆာလောင်မှုသည်....။ ဖောဋ္ဌဗ္ဗတဏှာ၊ အတွေ့၌ ဆာလောင်မှုသည်....။ဓမ္မတဏှာ၊ သဘော၌ ဆာလောင်မှုသည်....။

(၉) လောကေ၊ ၌။ ရူပဝိတက္ကော၊ အဆင်း၌ ကြံမှုသည်...။ သဒ္ဒဝိတက္ကော၊ အသံ၌ကြံမှုသည်....။ ဂန္ဓဝိတက္ကော၊ အနံ့၌ကြံမှုသည်....။ ရသဝိတက္ကော၊ အရသာ၌ ကြံမှုသည်....။ ဖောဋ္ဌဗ္ဗဝိတက္ကော၊ အတွေ့၌ ကြံမှုသည်....။ ဓမ္မဝိတက္ကော၊ သဘောအာရုံ၌ ကြံမှုသည်။

(၁၀) လောကေ၊ သခၤါရလောကထဲ၌။ ရူပဝိစာရော၊ အဆင်း၌ စဉ်းစားမှုသည်....။ သဒ္ဒဝိစာရော၊ အသံ၌စဉ်းစားမှုသည်....။ ဂန္ဓဝိစာရော၊ အနံ့၌စဉ်းစားမှုသည်....။ ရသဝိစာရော၊ အရသာ၌စဉ်းစားမှုသည်....။ ဖောဋ္ဌဗ္ဗဝိစာရော၊အတွေ့၌ စဉ်းစားမှုသည်....။ ဓမ္မဝိစာရော၊ သဘောအာရုံ၌စဉ်းစားမှုသည်။ ပိယရူပံ သာတရူပံ၊ ချစ်ဖွယ်သဘော, သာယာဘွယ် သဘောပေတည်း။ ဧသာ တဏှာ၊ ထိုသုံးပါးသော တဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်လတ်သော်။ ဧတ္ထ၊ သဘောအာရုံကို စဉ်းစားမှုဟူသော ဤ ချစ်ဖွယ်, သာယာဘွယ် သဘော၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။နိဝိသမာနာ၊ ကိန်းလတ်သော်။ ဧတ္ထ၊သဘောအာရုံကို စဉ်းစားမှု ဟူသော ဤချစ်ဖွယ် သာယာဘွယ် သဘော၌။ နိဝိသတိ၊ ကိန်း၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတဏှာကို။ ဒုက္ခသမုဒယော အရိယသစ္စံ၊ ဆင်းရဲဖြစ်ကြောင်းမည်သော အရိယသစ္စာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သမုဒယသစ္စခဏ္ဍံ၊ သမုဒယသစ္စာ အခဏ်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## ၃-နိရောဓသစ္စာနိဒ္ဒေသ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ပဟီယ-မာနာ ပဟီယတိ၊ ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယ-မာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ကိဉ္စ လောကေ ပိယရူပံ သာတရူပံ?....

(၁) စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ သောတံ လောကေ၊ ဃာနံ လောကေ၊ ဇိဝှါ လောကေ၊ ကာယော လောကေ၊ မနော လောကေ ပိယရူပံ သာတ-ရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၂) ရူပါ လောကေ၊ သဒ္ဒါ လောကေ၊ ဂန္ဓာ လောကေ၊ ရသာ လောကေ၊ ဖောဋ္ဌဗ္ဗာ လောကေ၊ ဓမ္မာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၃) စက္ခုဝိညာဏံ လောကေ၊ သောတဝိညာဏံ လောကေ၊ ဃာနဝိညာဏံ လောကေ၊ ဇိဝှါဝိညာဏံ

လောကေ၊ ကာယဝိညာဏံ လောကေ၊ မနောဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၄) စက္ခုသမ္ဖဿော လောကေ၊ သောတသမ္ဖဿော လောကေ၊ ဃာနသမ္ဖဿော လောကေ၊ ဇိဝှါသမ္ဖဿော လောကေ၊ ကာယသမ္ဖဿော လောကေ၊ မနောသမ္ဖဿော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၅) စက္ခုသမ္ဖဿဇာ ဝေဒနာ လောကေ၊ သောတသမ္ဖဿဇာ ဝေဒနာ လောကေ၊ ဃာနသမ္ဖဿဇာ ဝေဒနာ လောကေ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ လောကေ၊ ကာယသမ္ဖဿဇာ ဝေဒနာ လောကေ၊ မနောသမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၆) ရူပသညာ လောကေ၊ သဒ္ဒသညာ လောကေ၊ ဂန္ဓသညာ လောကေ၊ ရသသညာ လောကေ၊ ဖောဋ္ဌဗ္ဗသညာ လောကေ၊ ဓမ္မသညာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၇) ရူပသဉ္စေတနာ လောကေ၊ သဒ္ဒသဉ္စေတနာ လောကေ၊ ဂန္ဓသဉ္စေတနာ လောကေ၊ ရသသဉ္စေတနာ

လောကေ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ လောကေ၊ ဓမ္မသဉ္စေ-
တနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ
ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၈) ရူပတဏှာ လောကေ၊ သဒ္ဒတဏှာ လောကေ၊
ဂန္ဓတဏှာ လောကေ၊ ရသတဏှာ လောကေ၊ ဖောဋ္ဌဗ္ဗ-
တဏှာ လောကေ၊ ဓမ္မတဏှာ လောကေ ပိယရူပံ
သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊
ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၉) ရူပဝိတက္ကော လောကေ၊ သဒ္ဒဝိတက္ကော
လောကေ၊ ဂန္ဓဝိတက္ကော လောကေ၊ ရသဝိတက္ကော
လောကေ၊ ဖောဋ္ဌဗ္ဗဝိတက္ကော လောကေ၊ ဓမ္မဝိတက္ကော
လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ
ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(၁၀) ရူပဝိစာရော လောကေ၊ သဒ္ဒဝိစာရော
လောကေ၊ ဂန္ဓဝိစာရော လောကေ၊ ရသဝိစာရော
လောကေ၊ ဖောဋ္ဌဗ္ဗဝိစာရော လောကေ၊ ဓမ္မဝိစာရော
လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ
ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ။

နိရောဓသစ္စခဏ္ဍံ နိဋ္ဌိတံ။

## ၃-နိရောဓသစ္စာ အခဏ်း

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခနိရောဓော၊ ဆင်းရဲ၏ ချုပ်ငြိမ်းရာ မည်သော။ အရိယသစ္စံ၊ အရိယာတို့ သိအပ်သော အမှန်တရားသည်။ ကတမဉ္စ၊ အဘယ်ပါနည်းဟူမူကား။

တဿာယေဝ တဏှာယ၊ သမုဒယသစ္စာမည်သော ထိုတဏှာ၏ ပင်လျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်းအကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်း သဘောသည်။ ဝါ၊ အကြွင်းမဲ့ ပျက်ပြယ်ရာ ချုပ်ရာသဘောသည်။ ယော စာဂေါ၊ အကြင် စွန့်ခြင်း-စွန့်ရာ သဘောသည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြင် လွတ်လွတ်စွန့်ခြင်း လွတ်လွတ် စွန့်ရာ သဘောသည်။ ယာ မုတ္တိ၊ အကြင်လွတ်ခြင်း-လွတ်ရာသဘောသည်။ ယော အနာလယော၊ အကြင် မငြိကပ် မတွယ်တာခြင်း-မငြိကပ် မတွယ်တာရာ သဘောသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသဘောပင်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သာ ခေါ ပနေသာ တဏှာ၊ ထိုတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည် ရှိသော်။ ဝါ၊ ကင်းပျောက်လတ်သော်။ ကတ္ထ၊ အဘယ်၌။ ပဟီယတိ၊ ပယ်အပ်ပါသနည်း။ ဝါ၊ ကင်းပျောက်ပါသနည်း။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ ကတ္ထ၊ အဘယ်၌။ နိရုဇ္ဈတိ၊ ချုပ်ပါသနည်းဟူမူကား။လောကေ၊သခၤါရလောကထဲ၌။ယံ ပိယရူပံ သာတရူပံ၊ အကြင်ချစ်ဖွယ် သဘော, သာယာဘွယ်သဘောသည်။ အတ္ထိ၊ ရှိ၏။ သော တဏှာ၊ ထိုတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည် ရှိသော်။ ဧတ္ထ၊ ဤချစ်ဖွယ်, သာယာဘွယ် သဘော၌။ ပဟီယတိ၊ ပယ်အပ်၏။ နိရုဇ္ဈမာနာ၊ ချုပ်သည်

ရှိသော်။ ဧတ္ထ၊ ဤချစ်ဖွယ်,သာယာဘွယ်သဘော၌။ နိရုဇ္ဈတိ၊ ချုပ်၏။

လောကေ၊ သခ်ါရလောကထဲ၌။ ပိယရူပံ သာတရူပံ၊ ချစ်ဖွယ်သဘော, သာယာဘွယ်သဘောသည်။ ကိဥ္စ၊ အဘယ် ပါနည်း ဟူမူကား။

(၁) လောကေ၊ သခ်ါရလောကထဲ၌။ စက္ခု၊ မျက်စိ သည်။ ပိယရူပံ သာတရူပံ၊ ချစ်ဖွယ်သဘော, သာယာဘွယ် သဘောပေတည်း။သောတဏှာ၊ထိုတဏှာသည်။ပဟီယမာနာ၊ ပယ်အပ်သည်ရှိသော်။ ဧတ္ထ၊ မျက်စိတည်းဟူသော ဤချစ်ဖွယ်, သာယာဘွယ် သဘော၌။ပဟီယတိ၊ ပယ်အပ်၏။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်၊ ဧတ္ထ၊ မျက်စိတည်းဟူသော ဤချစ်ဖွယ်, သာယာဘွယ်သဘော၌။ နိရုဇ္ဈတိ၊ချုပ်၏။ လောကေ၊သခ်ါရ လောကထဲ၌။ သောတံ၊ နားသည်....။ ဃာနံ၊ နှာခေါင်း သည်....။ ဇိဝှါ၊ လျှာသည်....။ ကာယော၊ ကိုယ်သည်....။ မနော၊ နှလုံးသည်....။

(၂) လောကေ၊ သခ်ါရလောကထဲ၌။ ရူပါ၊ အဆင်းတို့ သည်....။သဒ္ဒါ၊ အသံတို့သည်....။ ဂန္ဓာ၊အနံ့တို့သည်....။ရသာ၊ အရသာတို့သည်....။ ဖောဋ္ဌဗ္ဗာ၊ အတွေ့တို့သည်....။ ဓမ္မာ၊ သဘောတို့သည်....။

(၃) လောကေ၊ သခ်ါရလောကထဲ၌။ စက္ခုဝိညာဏံ၊ မြင်သိမှု စက္ခုဝိညာဏ်သည်....။ သောတဝိညာဏံ၊ ကြားသိမှု သောတဝိညာဏ်သည်....။ဃာနဝိညာဏံ၊ နံသိမှုဃာနဝိညာဏ် သည်....။ဇိဝှါဝိညာဏံ၊စားသိမှု ဇိဝှါဝိညာဏ်သည်....။ ကာယ-

ဝိညာဏ်၊ ထိသိမှု ကာယဝိညာဏ်သည်...။ မနောဝိညာဏ်၊ ကြံသိမှု မနောဝိညာဏ်သည်....။

(၄) လောကေ၊ ဤ။ စက္ခုသမ္ဖဿော၊ မြင်တွေ့မှုသည်...။ သောတသမ္ဖဿော၊ ကြားတွေ့မှုသည်....။ ဃာနသမ္ဖဿော၊ နံတွေ့မှုသည်....။ ဇိဝှါသမ္ဖဿော။ စားတွေ့မှုသည်....။ ကာယသမ္ဖဿော။ ထိတွေ့မှုသည်...။ မနောသမ္ဖဿော၊ ကြံတွေ့မှုသည်....။

(၅) လောကေ၊ ဤ။ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ မြင်တွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။ သောတသမ္ဖဿဇာ ဝေဒနာ၊ ကြားတွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။ ဃာနသမ္ဖဿဇာ ဝေဒနာ၊ နံတွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ စားတွေ့မှုကြောင့် ဖြစ်သောခံစားမှုသည်....။ ကာယသမ္ဖဿဇာ ဝေဒနာ၊ ထိတွေ့မှုကြောင့်ဖြစ်သောခံစားမှုသည်....။ မနောသမ္ဖဿဇာ ဝေဒနာ၊ ကြံတွေ့မှုကြောင့် ဖြစ်သော ခံစားမှုသည်....။

(၆) လောကေ၊ ဤ။ ရူပသညာ၊ အဆင်း၌ မှတ်သားမှုသည်....။ သဒ္ဒသညာ၊ အသံ၌ မှတ်သားမှုသည်....။ ဂန္ဓသညာ၊ အနံ့၌ မှတ်သားမှုသည်....။ ရသသညာ၊ အရသာ၌ မှတ်သားမှုသည်....။ ဖောဋ္ဌဗ္ဗသညာ၊ အတွေ့၌ မှတ်သားမှုသည်....။ ဓမ္မသညာ၊ သဘော၌ မှတ်သားမှုသည်....။

(၇) လောကေ၊ ဤ။ ရူပသဥ္စေတနာ၊ အဆင်း၌ စေ့ဆော်တိုက်တွန်းမှုသည်....။ သဒ္ဒသဥ္စေတနာ၊ အသံ၌ စေ့ဆော်တိုက်တွန်းမှုသည်....။ ဂန္ဓသဥ္စေတနာ၊ အနံ့၌ စေ့ဆော်တိုက်တွန်း

မှုသည်....။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ အတွေ့၌ စေ့ဆော်တိုက်တွန်းမှုသည်....။ ဓမ္မသဉ္စေတနာ၊ သဘော၌ စေ့ဆော် တိုက်တွန်းမှုသည်....။

(၈) လောကေ၊ ၌။ ရူပတဏှာ၊ အဆင်း၌ ဆာလောင်မှုသည်....။ သဒ္ဒတဏှာ၊ အသံ၌ဆာလောင်မှုသည်....။ ဂန္ဓတဏှာ၊ အနံ့၌ ဆာလောင်မှုသည်....။ရသတဏှာ၊ အရသာ၌ ဆာလောင်မှုသည်....။ ဖောဋ္ဌဗ္ဗတဏှာ၊ အတွေ့၌ဆာလောင်မှုသည်....။ဓမ္မတဏှာ၊ သဘော၌ ဆာလောင်မှုသည်....။

(၉) လောကေ၊၌။ရူပဝိတက္ကော၊အဆင်း၌ကြံမှုသည်။.... သဒ္ဒဝိတက္ကော၊ အသံ၌ ကြံမှုသည်....။ ဂန္ဓဝိတက္ကော၊ အနံ့၌ ကြံမှုသည်....။ ရသဝိတက္ကော၊ အရသာ၌ ကြံမှုသည်....။ ဖောဋ္ဌဗ္ဗဝိတက္ကော၊ အတွေ့၌ ကြံမှုသည်....။ ဓမ္မဝိတက္ကော၊ သဘောအာရုံ၌ ကြံမှုသည်။

(၁၀) လောကေ၊ သင်္ခါရလောကထဲ၌။ ရူပဝိစာရော၊ အဆင်း၌ စဉ်းစားမှုသည်....။ သဒ္ဒဝိစာရော၊ အသံ၌စဉ်းစားမှုသည်....။ ဂန္ဓဝိစာရော၊ အနံ့၌ စဉ်းစားမှုသည်....။ ရသဝိစာရော၊ အရသာ၌ စဉ်းစားမှုသည်....။ ဖောဋ္ဌဗ္ဗဝိစာရော၊ အတွေ့၌စဉ်းစားမှုသည်....။ ဓမ္မဝိစာရော၊ သဘောအာရုံ၌ စဉ်းစားမှုသည်။ ပိယရူပံ သာတရူပံ၊ ချစ်ဖွယ်,သာယာဘွယ် သဘောပေတည်း။သော တဏှာ၊ ထိုတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ရှိသော်။ဧတ္ထ၊ သဘောအာရုံကိုစဉ်းစားမှုဟူသော ဤချစ်ဖွယ်, သာယာဘွယ်သဘော၌။ ပဟီယတိ၊ ပယ်အပ်၏။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ ဧတ္ထ၊ သဘော

အာရုံကို စဉ်းစားမှု ဟူသော ဤချစ်ဖွယ် သာယာဘွယ် သဘောဉ်။ နိရုဇ္ဈတိ၊ ချုပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ တဏှာ၏ ချုပ်ခြင်း, တဏှာ၏ ချုပ်ရာဖြစ်သော ဤနိဗ္ဗာန်ကို။ ဒုက္ခနိရောဓေ အရိယသစ္စံ၊ ဆင်းရဲ၏ ချုပ်ငြိမ်းရာမည်သော အရိယ သစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

နိရောဓသစ္စခဏ္ဍံ၊ နိရောဓသစ္စာအခန်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

## ၄-မဂ္ဂသစ္စခဏ္ဍ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယ-သစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ....သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။

ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ, ဒုက္ခနိရောဓေ ဉာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ၊ နေက္ခမ္မ-သင်္ကပ္ပေါ, အဗျာပါဒသင်္ကပ္ပေါ, အဝိဟိံသာသင်္ကပ္ပေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ၊ မုသာဝါဒါ ဝေရမဏီ, ပိသုဏာယ ဝါစာယ ဝေရမဏီ, ဖရုသာယ ဝါစာယ ဝေရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။

ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော၊ ပါဏာတိ-ပါတာ ဝေရမဏီ, အဒိန္နာဒါနာ ဝေရမဏီ, ကာမေသု-မိစ္ဆာစာရာ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာ-ကမ္မန္တော။

ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။

ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော၊ ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ, ဝါယမတိ, ဝီရိယံ အာရဘတိ, စိတ္တံ ပဂ္ဂဏှာတိ, ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ, ဝါယမတိ, ဝီရိယံ အာရဘတိ, စိတ္တံ ပဂ္ဂဏှာတိ, ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ, ဝါယမတိ, ဝီရိယံ အာရဘတိ, စိတ္တံ ပဂ္ဂဏှာတိ, ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ, ဝါယမတိ, ဝီရိယံ အာရဘတိ, စိတ္တံ ပဂ္ဂဏှာတိ, ပဒဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။

ကတမာ စ ဘိက္ခဝေ သမ္မာသတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ, အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ, အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာ

ဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ, အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာ-ဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ, အာတာပီ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာ-ဒေါမနဿံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။

ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ, သတော စ သမ္ပဇာနော, သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သုခဿ စ ပဟာနာ, ဒုက္ခဿ စ ပဟာနာ, ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ, အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။ ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ။

မဂ္ဂသစ္စနိဒ္ဒေသော နိဋ္ဌိတော။

## ၄-မဂ္ဂသစ္စာအခန်း

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဆင်းရဲချုပ်ရာသို့ ဆိုက်ရောက်သော အကျင့်မည်သော။ အရိယသစ္စံ၊ အရိယာတို့သိအပ်သော အမှန်တရားသည်။ ကတမဥ္စ၊ အဘယ်ပါနည်းဟူမူကား။ အရိယော၊ စင်ကြယ်မြင့်မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ **အယမေဝ** မဂ္ဂေါ၊ ဤမဂ်ပင်တည်း။ ဝါ၊ ဤအကျင့်လမ်းပင်တည်း။ သေယျထိဒံ၊ ဤမဂ်က အဘယ်နည်းဟူမူ။ သမ္မာဒိဋ္ဌိ၊ *မှန်စွာမြင်ခြင်း။ သမ္မာသင်္ကပ္ပေါ၊ မှန်စွာကြံခြင်း။ သမ္မာဝါစာ၊ မှန်စွာပြောဆိုခြင်း။ သမ္မာကမ္မန္တော၊ မှန်စွာပြုခြင်း။ သမ္မာအာဇီဝေါ၊ မှန်စွာ အသက်မွေးခြင်း။ သမ္မာဝါယာမော၊ မှန်စွာအားထုတ်ခြင်း။ သမ္မာသတိ၊ မှန်စွာ အမှတ်ရခြင်း။ သမ္မာသမာဓိ၊ မှန်စွာ စိတ်တည်ကြည်ခြင်း။ အယမေဝ၊ ဤ တရားရှစ်ပါးပင်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဒိဋ္ဌိ၊ သည်။ ကတမာ စ၊ အဘယ်ပါနည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခေ၊ ဆင်းရဲ

---

မှတ်ချက် အဓိပ္ပါယ်

*အချို့အဋ္ဌကထာများ၌ **သမ္မာ** ပုဒ်ကို သုန္ဒရ, ပသတ္ထ, သောဘနအနက်တို့၌ ဖွင့်ပြထားခြင်းမှာ ရသင့် ရထိုက်သောကြောင့်သာတည်း။ လိုရင်း အနက်မှာမူ **မိစ္ဆာဒိဋ္ဌိ** စသောပုဒ်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော **သမ္မာဒိဋ္ဌိ** စသော ပုဒ်တို့၌ **သမ္မာ** သဒ္ဒါသည် **မိစ္ဆာ** သဒ္ဒါနှင့် ပြောင်းပြန်ဖြစ်သော အဝိပရီတ-မှန်စွာ ဟူသော အနက်၌သာဖြစ်ပေသည်။

အစစ် ဒုက္ခသစ္စာ၌။ ယံ ခေါ ဉာဏံ၊ အကြင် သိမှုသည်၎င်း။ ဒုက္ခသမုဒယေ၊ ဆင်းရဲဖြစ်ကြောင်းအစစ် သမုဒယသစ္စာ၌။ ယံ ခေါ ဉာဏံ၊ အကြင် သိမှုသည်၎င်း။ ဒုက္ခနိရောဓေ၊ ဆင်းရဲချုပ်မှုအစစ်နိရောဓသစ္စာ၌။ ယံ ခေါ ဉာဏံ၊ အကြင် သိမှုသည်၎င်း။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဆင်းရဲချုပ်မှုသို့ ဆိုက်ရောက်သော အကျင့်အစစ် မဂ္ဂသစ္စာ၌။ ယံ ခေါ ဉာဏံ၊ အကြင် သိမှုသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသိမှုဉာဏ်ကို။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပသည်။ ကတမော စ၊ အဘယ်ပါနည်းဟူမူကား။ နေက္ခမ္မသင်္ကပ္ပေါ၊ ကာမမှ ထွက်မြောက်သော ကြံစည်မှုသည်၎င်း။ အဗျာပါဒသင်္ကပ္ပေါ၊ ဗျာပါဒ၏ ဆန့်ကျင်ဘက် ကြံစည်မှု သည်၎င်း။ အဝိဟိံသာသင်္ကပ္ပေါ၊ ညှဉ်းဆဲမှု၏ ဆန့်ကျင်ဘက် ကြံစည်မှု သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ မှန်ကန်သော ဤ ကြံစည်မှု သုံးပါးကို။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဝါစာ၊ သည်။ ကတမာ စ၊ အဘယ်ပါနည်း ဟူမူကား။ မုသာဝါဒါ၊ မဟုတ်သည်ကို လိမ်လည်၍ပြောခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းသည်၎င်း။ ပိသုဏာယ ဝါစာယ၊ ကုံးချောပြောဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းသည်၎င်း။ ဖရုသာယ ဝါစာယ၊ ကြမ်းတမ်းသော ဆဲဆိုကြိမ်းမောင်း စကားမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်း သည်၎င်း။ သမ္ဖပ္ပလာပါ၊ ပြိန်ဖျင်းသော အကျိုးမဲ့စကားကို ပြောခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းသည်၎င်း။ အတ္ထိ၊

ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤလေးပါးသော ကြဉ် ရှောင်မှုကို။ သမ္မာဝါစာ၊ သမ္မာဝါစာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်။ ကတမော စ၊ အဘယ်ပါနည်းဟူ မူကား။ ပါဏာတိပါတာ၊ သတ္တဝါကိုသတ်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းသည်ရင်း။ အဒိန္နာဒါနာ၊ မပေးအပ်သည်ကို လုယက် ခိုးယူခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းသည်ရင်း။ ကာမေသုမိစ္ဆာစာရာ၊ မပိုင်ဆိုင်ရာ ကာမဂုဏ်တို့၌ မှားယွင်း ကျူးလွန်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသုံးပါးသော ကြဉ်ရှောင်မှုကို။ သမ္မာ-ကမ္မန္တော၊ သမ္မာကမ္မန္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝ သည်။ ကတမော စ၊ အဘယ်ပါနည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယသာဝကသည်။ ဝါ၊ ဖြူစင်မြင့်မြတ်သော တပည့်သည်။ ဝါ၊ မြတ်စွာဘုရား၏ တပည့်သည်။ မိစ္ဆာအာဇီဝံ၊ နည်းလမ်း လွဲမှား မတရားသော အသက်မွေးမှုကို။ ပဟာယ၊ ပယ်စွန့်၍။ သမ္မာအာဇီဝေန၊ တရားကျမ်းဂန်နည်းလမ်းမှန်သောအသက် မွေးမှုဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤနည်းလမ်း လွဲမှား မတရားသော အသက်မွေးမှုမှ ကြဉ်ရှောင်ခြင်းကို။ သမ္မာ-အာဇီဝေါ၊ သမ္မာအာဇီဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဝါယာမော၊ သမ္မာဝါယာမ သည်။ ကတမော စ၊ အဘယ်ပါနည်း ဟူမူကား။ ဘိက္ခဝေ၊

ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့၏။ အနုပ္ပါ-ဒါယ၊ မဖြစ်ခြင်းငှါ၊ ဆန္ဒံ၊ လိုလား အားထုတ်ခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ဝါယမတိ၊ ကြိုးစား၏။ ဝီရိယံ အာရဘတိ၊ လုံလထုတ်၏။စိတ္တံ ပဂ္ဂဏှာတိ၊ စိတ်ကိုချီးမြှောက်၏။ပဒဟတိ၊ အားထုတ်၏။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဆန္ဒံ၊ လိုလားအားထုတ်ခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ဆန္ဒံ၊ လိုလားအားထုတ်ခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ ဥပ္ပန္နာနံ၊ဖြစ်ကုန်ပြီးသော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မပျောက်မပျက်ခြင်းငှါ။ ဘိယျောဘာဝါယ၊ တိုးတက်၍ဖြစ်ခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပွါးခြင်းငှါ။ ဘာဝနာယ ပါရိပူရိယာ၊ ပွါးစေမှု၏ပြည့်စုံခြင်းငှါ။ ဆန္ဒံ၊ လိုလားအားထုတ်ခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ ကြိုးစား၏။ဝီရိယံ အာရဘတိ၊ လုံ့လထုတ်၏။ စိတ္တံ ပဂ္ဂဏှာတိ၊ စိတ်ကိုချီးမြှောက်၏။ ပဒဟတိ၊ အားထုတ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤအားထုတ်မှု လေးပါးကို။ သမ္မာဝါယာမော၊ သမ္မာဝါယာမဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသတိ၊ သည်။ ကတမာ စ၊ အဘယ်ပါနည်းဟူမူကား။ (ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ

ကာယာနုပဿီ ဝိဟရတိ-စသည်၌အနက်သည် ဥဒ္ဒေသဝါရနှင့်
တူပြီ၊ ဥဒ္ဒေသဝါရ၌ ပြန်၍ကြည့်လေ)။ ဘိက္ခဝေ၊ ရဟန်းတို့။
အယံ၊ ဤလေးပါးသောသတိကို။ သမ္မာသတိ၊ သမ္မာသတိ
ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသမာဓိ၊သည်။ ကတမော စ၊
အဘယ်ပါနည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ
သာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။ကာမေဟိ၊ဝတ္ထုကာမ
ကိလေသာကာမတို့မှ။ ဝိဝိစ္စ ဧဝ၊ ကင်းဆိတ်၍သာလျှင်။ ဝါ၊
ကင်းဆိတ်သည် သာလျှင်ဖြစ်သော။ (ဈာန်၌စပ်) အကု-
သလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝိစ္စ ဧဝ၊ ကင်း
ဆိတ်၍သာလျှင်။ ဝါ၊ ကင်းဆိတ်သည် သာလျှင် ဖြစ်သော။
(ဈာန်၌ပင်စပ်)။ သဝိတက္ကံ၊ ကြံစည်မှုလည်းရှိသော။ သဝိ-
စာရံ၊ စဉ်းစားမှုလည်းရှိသော။ ဝိဝေကဇံ ပီတိသုခံ၊ နီဝရဏ
ဆိတ်ခြင်းကြောင့်ဖြစ်သော (ပီတိ, သုခ) နှစ်သိမ့်မှု, ချမ်းသာ
မှုလည်းရှိသော။ပဌမံ ဈာနံ၊ပဌမဈာန်သို့။ဥပသမ္ပဇ္ဇ ဝိဟရတိ၊
ရောက်လျက်နေ၏။ ။ဝိတက္ကဝိစာရာနံ ဝူပသမာ၊ ကြံစည်မှု
စဉ်းစားမှုတို့၏ ကင်းငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ ကိုယ်တွင်း
သန္တာန်၌ဖြစ်သော။ သမ္ပသာဒနံ၊ ကြည်လင်စေတတ်သော။
စေတသော ဧကောဒိဘာဝံ၊ စိတ်၏ တခုတည်းအဖြစ်ကိုပွါး
စေတတ်သော။ အဝိတက္ကံ အဝိစာရံ၊ ကြံစည်မှုလဲကင်း, စဉ်း
စားမှုလဲကင်းသော။ သမာဓိဇံ ပီတိသုခံ၊ သမာဓိကြောင့်ဖြစ်
သော နှစ်သိမ့်မှု,ချမ်းသာမှုရှိသော။ဒုတိယံ ဈာနံ၊ဒုတိယဈာန်
သို့။ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ရောက်လျက်နေ၏။ပီတိယာ စ၊နှစ်သိမ့်
မှု ပီတိ၏လည်း။ ဝိရာဂါ၊ ကင်းခြင်းကြောင့်။ ဥပေက္ခကော စ၊
အမျှ ရှုလျက်ငင်း။ သတော စ သမ္ပဇာနော၊ အမှတ်ရလျက်

သိလျက်ဝင်း။ ဝိဟရတိ၊ နေ၏။ သုခဉ္စ၊ စိတ်၏ ချမ်းသာမှုကိုလည်း။ ကာယေန၊ နာမ်အပေါင်းဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ-ယေန၊ အကြင် တတိယစျာန်ကြောင့်။ တံ၊ ထိုတတိယစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားအစရှိသော သူမြတ်တို့သည်။ ဥပေက္ခကော သတိမာ သုခ-ဝိဟာရီတိ၊ အညီအမျှ ရှုနိုင်ပေသည် သတိကောင်းပေသည် ချမ်းသာစွာ နေနိုင်ပါပေသည်ဟူ၏။ အာစိက္ခန္တိ၊ ချီးမွမ်းပြောဆိုကုန်၏။ တံ တတိယံ စျာနံ၊ ထိုတတိယစျာန်သို့။ ဥပ-သမ္ပဇ္ဇ ဝိဟရတိ၊ ရောက်လျက်နေ၏။ ။သုခဿ စ ပဟာနာ၊ သုခ၏ ကင်းခြင်းကြောင့်ဝင်း။ ဒုက္ခဿ စ ပဟာနာ၊ ဒုက္ခ၏ ကင်းခြင်းကြောင့်ဝင်း။ သောမနဿဒေါမနဿာနံ၊ သောမနဿနှင့် ဒေါမနဿတို့၏။ ပုဗ္ဗေဝ အတ္ထင်္ဂမာ၊ ရှေးအဖို့ကပင် ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဆင်းရဲချမ်းသာ ၂-မျိုးလုံး ကင်းသော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဥပေက္ခာကြောင့် သတိ၏လုံးဝစင်ကြယ်မှုရှိသော။စတုတ္ထံ စျာနံ၊စတုတ္ထစျာန်သို့။ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ရောက်လျက်နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤ ၄-ပါးသော သမာဓိကို။ သမ္မာသမာဓိ၊ သမ္မာသမာဓိ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ်ခဲ့သော မဂ္ဂင်ရှစ်ပါးတရားအပေါင်းကို။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲချုပ်ရာသို့ ဆိုက်ရောက်သော အကျင့်မှန်စွာ အရိယသစ္စာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

မဂ္ဂသစ္စခဏ္ဍံ၊ မဂ္ဂသစ္စာ အခဏ်းသည်။

နိဋ္ဌိတံ၊ ပြီးပြီ။

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ-ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယ-ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။

အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။

သစ္စပဗ္ဗံ နိဋ္ဌိတံ။

* ဣတိ၊ဤဆိုအပ်ပြီးသောနည်းဖြင့်။အဇ္ဈတ္တံ ဝါ ဓမ္မေသု၊ မိမိ၏သစ္စာ ၄-ပါးတရားတို့၌မူလည်း။ ဓမ္မာနုပဿီ ဝိဟရတိ၊ သဘောတရားမျှဟု ရှုမြင်လျက်နေ၏။ ဗဟိဒ္ဓါ ဝါ ဓမ္မေသု၊ အပြင်ပ ဖြစ်သော သူတပါး၏ သစ္စာလေးပါး တရားတို့၌

---

မှတ်ချက် အဓိပ္ပါယ်

* နိရောဓ, မဂ္ဂသစ္စာတို့ကို ကောင်းမြတ်သည်ဟု သဘောကျသည်ဖြစ်၍ ၎င်းတို့ကို မျက်မှောက်တွေ့ရန် မြော်လင့်ကာ မိမိ၏ သန္တာန်၌ ထင်ရှားသော ဒုက္ခ, သမုဒယ သစ္စာတရား

မူလည်း။ ဓမ္မာနုပဿီ ဝိဟရတိ၊ သဘောတရားမျှဟု ရှုမြင်လျက်နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု၊ ရံခါ မိမိ၏ သစ္စာတရားတို့၌ ရံခါ သူတပါး၏ သစ္စာတရားတို့၌ မူလည်း။ ဓမ္မာနုပဿီ ဝိဟရတိ၊ သဘောတရားမျှဟု ရှုမြင်လျက်နေ၏။ ဓမ္မေသု၊ သစ္စာလေးပါး သဘောတရားတို့၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်း တရားနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက် မူလည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ သစ္စာလေးပါး သဘောတရားတို့၌။ ဝယဓမ္မာနုပဿီ ဝါ၊ ပျက်ကြောင်း တရားနှင့် ပျက်မှုသဘောကို ရှုမြင်လျက်မူလည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ သစ္စာလေးပါး သဘောတရားတို့၌။ သမုဒယဝယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်မှု ပျက်မှုသဘောကို ရှုမြင်လျက်မူလည်း။ဝိဟရတိ၊ နေ၏။

---

မှတ်ချက် အဓိပ္ပါယ်

တို့ကို ရှုမှတ်လျက် သိမြင်နေခြင်းသည်ပင် **အဇ္ဈတ္တ သစ္စဓမ္မာနုပဿနာ**မည်၏။အဇ္ဈတ္တတရား၌ ရှင်းလင်းစွာ သိမြင်သဘောကျသွားသောအခါမှာ ဗဟိဒ္ဓ တရားတို့ကိုလဲ နည်းတူပင် သဘောကျလျက် ဆုံးဖြတ်၏၊ ဤသို့ဆုံးဖြတ်လျက် ရှုဆင်ခြင်မှုသည်လည်း ဗဟိဒ္ဓသစ္စဓမ္မာနုပဿနာ မည်၏။ ထို့ပြင် မြင်ရ ကြားရသောသူတပါး၏ အဆင်း အသံ စသည်ကို ရှုမှတ်လျက် ဆင်းရဲမျှဟု သိမြင်ခြင်းသည်လည်း ဗဟိဒ္ဓသစ္စဓမ္မာနုပဿနာ ပင်မည်၏။ ဤအရာ၌ သစ္စာ ၄-ပါးကိုရှုသည်ဟု ဆိုသော်လဲ ဒုက္ခနှင့်သမုဒယတို့ကိုသာ ရှုရပေသည်။ နိရောဓနှင့် မဂ္ဂတို့ကိုကား ဝိပဿနာရှုအပ်သော တရားမဟုတ်သောကြောင့်၎င်း၊ ပုထုဇဉ်မှာ မသိဘူး-မရဘူးသေးသောကြောင့်၎င်း မရှုရတော့

ဝါ ပန၊ သတိထင်ပုံတနည်းကား။ အတ္ထိ ဓမ္မာတိ၊ သတ္တ ဝါကောင်, အသက်ကောင် မဟုတ်သော သစ္စာ သဘော တရားတို့သာ ရှိကြသည် ဟူ၍။ အဿ သတိ၊ ထိုရဟန်း၏ အမှတ်ရမှု သတိသည်။ ပစ္စုပဋ္ဌိတာ ဟောတိ၊ ရှေးရှုထင်၏။ သာ သတိ၊ ထိုသို့ထင်သော သတိသည်။ ယာဝဒေဝ ဉာဏမတ္တာယ၊ အဆင့်ဆင့်အားဖြင့် အသိဉာဏ် တိုးပွါးရုံအလို့ငှါ သာတည်း။ ယာဝဒေဝ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့်အား ဖြင့် တဖန် အမှတ်ရမှု တိုးပွါးရုံအလို့ငှါသာတည်း။

သော ဘိက္ခု၊ အမှတ်ရလျက် သိမြင်နေသော ထိုရဟန်း သည်။ အနိဿိတော စ ဝိဟရတိ၊ တဏှာ ဒိဋ္ဌိဖြင့် မမှီမတွယ် မူ၍လည်း နေသည်မည်၏။ လောကေ၊ ဥပါဒါနက္ခန္ဓာငါးပါး ဟူသော လောကထဲ၌။ ကိဉ္စိ၊ တစုံတခုသောရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကိုမျှ။ န စ ဥပါဒိယတိ၊ ငါကောင်, ငါ့ဥစ္စာဟု ဒိဋ္ဌိ တဏှာတို့ဖြင့် စွဲလည်း မစွဲလမ်းတော့ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ စတုသု အရိယ

---

မှတ်ချက် အဓိပ္ပါယ်

ပေါယင်းသစ္စာ ၂-ပါးတို့ကို"ကောင်းသည်မြတ်သည်"ဟုကြား သိရ၍ **သိလိုခြင်း ရလိုခြင်းဖြင့်** ပင်လျှင် ၎င်းတို့၌ရှုခြင်း ကိစ္စ ပြီးသည်ဟု အဋ္ဌကထာဋီကာတို့၌ မိန့်ဆိုကြလေသည်။ တနည်း အားဖြင့်**ကား**....မြင်မှု ကြားမှု စသော ဒုက္ခသစ္စာတရားတို့ကို ရှုမှတ်လျက် ဆင်းရဲဟု သဘောကျသွားတိုင်း ၎င်းတို့၌ သာ ယာမည့် တဏှာကိုပယ်လျက် ပဟာနပဋိဝေဓကိစ္စကိုလဲ ပြီး စေ၏။ တဒင်္ဂနိရောဓကို ပြီးစေလျက် သစ္ဆိကိရိယာ ပဋိဝေဓ ကိစ္စကိုလဲ ပြီးစေ၏။ လောကီမဂ်ကို ဖြစ်စေလျက် ဘာဝနာ

သစ္စေသု ဓမ္မေသု၊ အရိယာသစ္စာလေးပါးတရားတို့၌။ ဧဝမ္ပိ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်လည်း။ ဓမ္မာနုပဿီ၊ သတ္တာဝါ ကောင်, အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေပေ၏။

သစ္စပဗ္ဗံ၊ သစ္စာကို ရှုပုံအပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

မှတ်ချက် အဓိပ္ပါယ်

ပဋိဝေဓကိစ္စကိုလဲး ပြီးစေ၏။ ထိုကြောင့် မြင်မှု ကြားမှု စသော ဒုက္ခသစ္စာ တရားတို့ကို **ရှုမှတ်လျက်** ကြွင်းသော သစ္စာ ၃-ပါးတို့၌လဲး ပဟာန, သစ္ဆိကိရိယာ, ဘာဝနာကိစ္စ ပြီးသည့် အလိုအားဖြင့် **သိခြင်းကိုပင်** "အဇ္ဈတ္တသစ္စာ ၄-ပါး, ဗဟိဒ္ဓသစ္စာ ၄-ပါးတို့၌ ရှုမြင်မှု"ဟု မှတ်ရာ၏။

## ကမ္မဋ္ဌာန်း ဝေဘန်ချက်

ဤမဟာသတိပဋ္ဌာန်သုတ်၌ အာနာပါနပိုင်း ၁၊ ဣရိယာပထပိုင်း ၁၊ သမ္ပဇညပိုင်း ၁၊ ပဋိကူလပိုင်း ၁၊ ဓာတု-မနသိကာရပိုင်း ၁၊ သိဝထိကပိုင်း ၉၊ ပေါင်း ကာယာနုပဿနာ ၁၄-ပိုင်း။ ဝေဒနာနုပဿနာ ၁၊ စိတ္တာနုပဿနာ ၁၊ ဓမ္မာ-နုပဿနာ ၅-ပိုင်း (၎င်းတို့မှာ နီဝရဏပိုင်း ၁၊ ခန္ဓာပိုင်း ၁၊ အာယတနပိုင်း ၁၊ ဗောဇ္ဈင်ပိုင်း ၁၊ သစ္စာပိုင်း ၁-၌ ၅-ပိုင်း တို့ပင်တည်း။) အားဖြင့် ၂၁-ပါးသော ကမ္မဋ္ဌာန်းတို့ကို ဟောထားပေသည်။ ဤ ၂၁-ပိုင်းတို့တွင် **အာနာပါန** ၁၊ ပဋိကူလ ၁၊ **သိဝထိက** ၉-ပိုင်းအားဖြင့် ဤ ၁၁-ပိုင်းတို့ကို "အပ္ပနာစျာန်သို့ ရောက်စေနိုင်သော ကမ္မဋ္ဌာန်းများ" ဟု

မှတ်ချက် အဓိပ္ပါယ်

မဟာအဋ္ဌကထာ၌ဆို၏။ ဒီဃနိကာယ်ဆောင် **အရှင်မဟာသိဝ မထေရ်က** မူကား သိဝထိက ၉-ပိုင်းကို **အာဒီနဝါနုပဿနာ** ခေါ် ဝိပဿနာအဖြစ်ဖြင့် ဟောထားသည်ဟု ဆို၏။ ဤ မထေရ်၏ အလိုအားဖြင့် **အာနာပါန**, ပဋိကူလ ဤ ၂-ပိုင်း သာ အပ္ပနာစျာန်သို့ ရောက်စေနိုင်သော **အပ္ပနာကမ္မဋ္ဌာန်း** မည်ပေသည်၊ ကြွင်းသော ၁၉-ပိုင်းတို့မှာ ဥပစာရခေါ် ခဏိက သမာဓိမျှကိုသာ ဖြစ်စေနိုင်သော **ဝိပဿနာကမ္မဋ္ဌာန်း ဥပစာ ကမ္မဋ္ဌာန်း** တို့ချည်းသာ ဖြစ်သည်ဟု မှတ်ရာ၏။ ထို့ကြောင့် အဋ္ဌကထာ၌....တေသု အာနာပါနံ ဒွတ္တိံသာကာရံ နဝသိဝထိ-ကာတိ ဧကာဒသ အပ္ပနာကမ္မဋ္ဌာနာနိ ဟောန္တိ။ ဒီဃဘာ-ဏကမဟာသိဝတ္ထေရော ပန နဝသိဝထိကာ အာဒီနဝါ-နုပဿနာဝသေန ဝုတ္တာတိ အာဟ၊ တသ္မာ တဿ မတေန ဒွေယေဝ အပ္ပနာကမ္မဋ္ဌာနာနိ၊ သေသာနိ **ဥပစာရကမ္မ-ဋ္ဌာနာနိ** ဟု မိန့်ဆိုထားလေပြီ။ ။ဤ**အဋ္ဌကထာ**စကားထဲ၌ သေသာနိ ဥပစာရကမ္မဋ္ဌာနာနိ-ဟု ဆိုသောစကားကို အထူး သတိပြုသင့်၏။ အာနာပါန, ဒွတ္တိံသာကာရတို့မှ ကြွင်းသော ၁၉-ပိုင်းလုံးကို **ဥပစာသမာဓိ၏ ကမ္မဋ္ဌာန်း** ဟု ဆိုထား၏။ ဤစကားအရအားဖြင့် ဣရိယာပထပိုင်း သမ္ပဇညပိုင်း စသည် တို့နှင့်အညီ အားထုတ်နေသော ယောဂီမှာ ဖြစ်ပေါ်လာ သော **ဝိပဿနာ ခဏိက သမာဓိ** ကိုပင် ဥပစာသမာဓိဟု ခေါ်ဆိုထားကြောင်း, ၎င်းသမာဓိဖြင့်ပင် **စိတ္တဝိသုဒ္ဓိ** ပြီးစီး ကြောင်းများ ထင်ရှားလှပေ၏။

ကမ္မဋ္ဌာန်း ဝေဘန်ချက် အမှာပြီး၏။

## အာနိသံသကထာ

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တ ဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

တိဋ္ဌန္တု ဘိက္ခဝေ သတ္တ ဝဿာနိ၊ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆ ဝဿာနိ၊ ပဉ္စ ဝဿာနိ၊ စတ္တာရိ ဝဿာနိ၊ တီဏိ ဝဿာနိ၊ ဒွေ ဝဿာနိ၊ ဧကံ ဝဿံ။

တိဋ္ဌတု ဘိက္ခဝေ ဧကံ ဝဿံ၊ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တ မာသာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

တိဋ္ဌန္တု ဘိက္ခဝေ သတ္တ မာသာနိ၊ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆ မာသာနိ၊ ပဉ္စ မာသာနိ၊ စတ္တာရိ မာသာနိ၊ တီဏိ မာသာနိ၊ ဒွေ မာသာနိ၊ ဧကံ မာသံ၊ အဍ္ဎမာသံ။ ပ။

တိဋ္ဌတု ဘိက္ခဝေ အဍ္ဎမာသော၊ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ

သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာတိ။

## အကျိုးအာနိသင်ပြ မိန့်ခွန်းတော်

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဟိ ကောစိ၊* အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည်။ ဝါ၊ တစုံတယောက်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာ မိန်းမဖြစ်သော ပုဂ္ဂိုလ်သည်။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ အာနာပါန စသော ၂၁-ပိုင်းတို့၌ ဤဟောပြအပ်ပြီးသော

---

မှတ်ချက် အဓိပ္ပါယ်

*ယော ဟိ ကောစိ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ -ဤအဋ္ဌကထာနှင့်အညီ....ရဟန်း ဖြစ်စေ၊ လူဝတ်ကြောင် ဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမ ဖြစ်စေ မည်သူမဆို ဤသတိပဋ္ဌာန် ဘာဝနာကို နည်းလမ်းတကျ ပွါးစေလျှင် ရဟန္တာအထိ ဖြစ်နိုင်သည်ဟု ယုံကြည်အပ် မှတ်အပ်၏။ ဤအရာ၌ ဝိပဿနာဉာဏ်များနှင့် အောက်တန်းစားဖိုလ် ၂-ပါးကို မပြတော့ဘဲ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်တို့ကို ပြဆိုခြင်းမှာ တရားဒေသနာတည်းဟူသော သာသနာတော်၏ နည်းလမ်းမှန်ပုံ, နိယျာနိကဖြစ်ပုံ, မြင့်မြတ်ပုံတို့ကို ထင်ရှားသိစေကာ ဝေနေယျတို့အား ဤဘာဝနာအလုပ်၌ သဒ္ဓါဆန္ဒ ပြင်းပြထက်သန်စွာ ဖြစ်စေလိုသောကြောင့်ပင်

နည်းဖြင့်။ သတ္တ ဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ ဘာဝေယျ၊ ဖြစ်စေ-ပွါးစေငြားအံ့။ (ဧဝံ သတိ၊ ဤသို့ ပွါးစေပါလျှင်။) တဿ၊ ထိုပွါးစေသူ (ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါ-သကာယောကျ်ား, ဥပါသိကာမိန်းမဖြစ်သောပုဂ္ဂိုလ်)အား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက် အတ္တဘော-ယခုဘဝ၌ပင်လျှင်။ အညာ ဝါ၊ အရဟတ္တဖိုလ် ဖြစ်စေ။ သတိ ဥပါဒိသေသေ၊ ဥပါဒါန်အကြွင်းအကျန် ရှိသေးလျှင်။ အနာဂါမိတာ ဝါ၊ အနာဂါမိဖိုလ်ဖြစ်စေ။ ဒွိန္နံ ဖလာနံ၊ ဤ ၂-ပါးသော ဖိုလ်တို့တွင်။ အညတရံ ဖလံ၊ တပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ၊ မချွတ်ဧကန် အမှန်ပင် ဖြစ်မည်ဟု ယုံကြည် အားထား ကိန်းသေအားဖြင့် လိုလားအပ်ပေ၏။

---

## မှတ်ချက် အဓိပ္ပါယ်

ဖြစ်ပေသည်။ ဤသို့ ပြတော်မူခြင်းကြောင့် “ဤသတိပဋ္ဌာန် နည်းလမ်းသည် ထူးခြားပါပေစွ၊ မြင့်မြတ်ပါပေစွ၊ ခုနစ်ရက် လောက် အားထုတ်ရုံမျှဖြင့် ရဟန္တာအထိ ဖြစ်နိုင်ပါပေ၏၊ ရဟန္တာ မဖြစ်သော်မှ အနာဂါမ်အထိ ဖြစ်နိုင်ပါပေ၏၊ အကြောင်း မညီညွတ်၍ အနာဂါမ် ရဟန္တာအထိ မဖြစ်သော်မှ သောတာပန် သကဒါဂါမ်လောက် ဖြစ်စေနိုင်မှာ ကတော့ ကိန်းသေနေတာဘဲ၊ တိုတောင်းလှစွာသော ဤ ကာလအတွင်းမျှဖြင့် ဤမျှလောက် မြင့်မြတ်သော မဂ်ဖိုလ် တရားထူးများကို ရစေနိုင်သော ဒေသနာတော်မှာ နိယျာနိကဖြစ်၍ မှန်မြတ်လှပါပေသည်”ဟု ကျွတ်ထိုက်သော ဝေ-နေယျပုဂ္ဂိုလ်တို့မှာ ယုံကြည်မှုသဒ္ဓါ ထက်သန်စွာ ဖြစ်ပြီးလျှင် ဤသတိပဋ္ဌာန်တရားတို့ကို အားထုတ်လိုသောဆန္ဒ ပြင်းပြစွာ

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တ ဝဿာနိ တိဋ္ဌန္တု၊ ခုနစ်နှစ်တို့သည် တည်ကြပါစေဦး–နေကြပါစေဦး။ ဝါ၊ ခုနစ်နှစ်ဆိုတာကို ထားလိုက်ပါဦးတော့။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဟိ ကောစိ၊ အမှတ်မရှိ တစုံတယောက်သော ရဟန်း, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမသည်။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤဟောပြအပ်ပြီးသော နည်းဖြင့်။ ဆ ဝဿာနိ၊ ၆-နှစ်တို့ ပတ်လုံး....။ပဉ္စ ဝဿာနိ၊ ၅-နှစ်တို့ပတ်လုံး ..။စတ္တာရိ ဝဿာနိ၊ ၄-နှစ်တို့ပတ်လုံး...။ တီဏိ ဝဿာနိ၊ ၃-နှစ်တို့ပတ်လုံး....။ ဒွေ ဝဿာနိ၊ ၂-နှစ်တို့ပတ်လုံး....။ဧကံ ဝဿံ၊ တနှစ်ပတ်လုံး။ ဘာဝေယျ၊ ဖြစ်စေ-ပွါးစေငြားအံ့။ (ဧဝံ သတိ၊ ဤသို့ ပွါးစေလျှင်။) တဿ၊ ထိုပွါးစေသူအား (နည်းတူပင်)။

---

မှတ်ချက် အဓိပ္ပါယ်

ဖြစ်ပေါ်လျက် ပြည့်စုံစွာ အားထုတ်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အကျိုးတရားတို့ကို ကိုယ်တွေ့အားဖြင့် ခံစားနိုင်ကြပေသည်။

ထို့ပြင် ဤအရာ၌ အကြာဆုံး(၇)နှစ် အမြန်ဆုံး(၇)ရက်တို့ဖြင့် ပိုင်းခြား၍ ပြထားသော ပုဂ္ဂိုလ်များမှာ အလတ်စားနေယျပုဂ္ဂိုလ် ချည်းသာတည်း၊ ဉာဏ်ပညာ နုံ့နှေးသောနေယျပုဂ္ဂိုလ်များမှာမူကား (၇)နှစ်ထက် ကြာမြင့်စွာ အားထုတ်ပါမှ အနာဂါမ်ရဟန္တာဖြစ်နိုင်မည် ဟူ၍၎င်း၊ ဉာဏ်ပညာထက်မြက်သော နေယျပုဂ္ဂိုလ်မှာ (၇)ရက်ထက် လျင်မြန်စွာပင် တရားထူးကို ရနိုင်သေးသည် ဟူ၍၎င်း သိအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ ဤသို့ မိန့်ဆိုထားပေသည်။

ဘိက္ခဝေ၊ရဟန်းတို့။ ကော ဝဿံ တိဋ္ဌတု၊ တနှစ်သည် တည်ပါစေဦး–နေပါစေဦး။ ဝါ၊ တနှစ်ဆိုတာကို ထားလိုက်ပါဦးတော့။ ဘိက္ခဝေ၊ ရဟန်းတို့။ယော ဟိ ကောစိ၊အမှတ်မရှိတစုံတယောက်သော ရဟန်း, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမသည်။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤဟောပြအပ်ပြီးသော နည်းဖြင့်။ သတ္တ မာသာနိ၊ ခုနစ်လတို့ပတ်လုံး။ ဘာဝေယျ၊ ဖြစ်စေပွါးစေငြားအံ့။ (ဧဝံ သတိ၊ ဤသို့ ပွါးစေပါလျှင်။) တဿ....(နည်းတူပြီ)။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တ မာသာနိ တိဋ္ဌန္တု၊ ခုနစ်လတို့သည် တည်ကြပါစေဦး–နေကြပါစေဦး။ ဝါ၊ ခုနစ်လ ဆို

---

မှတ်ချက် အဓိပ္ပါယ်

သဗ္ဗမ္ပိ စေတံ မဇ္ဈိမဿေဝ နေယျပုဂ္ဂလဿ ဝသေန ဝုတ္တံ၊ တိက္ခပညံ ပန သန္ဓာယ“ပါတော အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ၊ သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ”တိ ဝုတ္တံ။

စ၊ (၇)နှစ် (၇)ရက်ထက် အလွန်,အယုတ်အားဖြင့် အားထုတ်ရသူ မရှိကောင်းပါသလောဟု မေးဘွယ်အတွက် ဆက်၍ ပြောရလျှင်။ သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ ဧတံ၊ (၇)နှစ် (၇)ရက်ဖြင့် ပိုင်းခြား၍ပြသော ဤစကားကို။ မဇ္ဈိမဿေဝ၊ အလယ် အလတ်စားသာလျှင် ဖြစ်သော။ နေယျပုဂ္ဂလဿ၊ နေယျပုဂ္ဂိုလ်၏။ ဝသေန၊ အလိုအားဖြင့်။ ဝုတ္တံ၊ ဟောအပ်ပေ၏။ တိက္ခပညံ ပန၊ ဉာဏ်ပညာ ထက်မြက်သော

တာကို ထားလိုက်ပါဦးတော့။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဟိ ကောစိ၊ အမှတ်မရှိ တစုံတယောက်သော ရဟန်း, ရဟန်း မိန်းမ, ဥပါသကာ, ဥပါသိကာမသည်။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤဟောပြအပ်ပြီးသော နည်းဖြင့်။ ဆ မာသာနိ၊ ၆-လတို့ ပတ်လုံး။ ပဉ္စ မာသာနိ၊ ၅-လတို့ပတ်လုံး။ စတ္တာရိ မာသာနိ၊ ၄-လတို့ ပတ်လုံး။ တီဏိ မာသာနိ၊ ၃-လတို့ပတ်လုံး။ ဒွေ မာသာနိ၊ ၂-လတို့ပတ်လုံး။ ဧကံ မာသံ၊ တလပတ်လုံး။ အဍ္ဍ-မာသံ၊ လခွဲ (၁၅-ရက်)ပတ်လုံး။ ဘာဝေယျ၊ ဖြစ်စေ—ပွါး စေငြားအံ့။ (ဧဝံ သတိ၊ ဤသို့ ပွါးစေလျှင်။) တဿ.... (နည်းတူပြီ)။

ဘိက္ခဝေ၊ ရဟန်းတို့။ အဍ္ဍမာသော၊ လခွဲသည်။ တိဋ္ဌတု၊ တည်ပါစေဦး- နေပါစေဦး။ ဝါ၊ လခွဲပွါးစေရမည်ဆိုတာကို ထားလိုက်ပါဦးတော့။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဟိ ကောစိ၊ အမှတ်မရှိ တစုံတယောက်သော ရဟန်း, ရဟန်း

---

မှတ်ချက် အဓိပ္ပါယ်

နေယျပုဂ္ဂိုလ်ကိုကား။ သန္ဓာယ၊ ရည်ရွယ်၍။ "ပါတော အနုသိဋ္ဌော၊ နံနက်ခင်းက အဆုံးအမ ခံ၍ အားထုတ်သော ပုဂ္ဂိုလ်သည်။ သာယံ၊ ညနေခင်း၌။ ဝိသေသံ အဓိဂမိဿတိ၊ မဂ်ဖိုလ်တရားထူးကို ရောက်ပါလတ့်။ သာယံ အနုသိဋ္ဌော၊ ညနေခင်းက အဆုံးအမ ခံ၍ အားထုတ်သော ပုဂ္ဂိုလ်သည်။ ပါတော၊ နံနက်ခင်း၌။ ဝိသေသံ အဓိဂမိဿတီတိ၊ မဂ်ဖိုလ် တရားထူးကို ရောက်ပါလတ့်"ဟူ၍။ ဝုတ္တံ၊ ဟောအပ်ပေ၏။

မိန်းမ, ဥပါသကာ, ဥပါသိကာမ ဖြစ်သော ပုဂ္ဂိုလ်သည်။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ယခု ဟောပြ အပ်ပြီးသော နည်းဖြင့်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဘာဝေယျ၊ ဖြစ်စေ- ပွါးစေငြားအံ့။ (ဧဝံ သတိ၊ ဤသို့ပွါးစေပါလျှင်) တဿ၊ ထိုပွါးစေသူ (ရဟန်း,ရဟန်းမိန်းမ, ဥပါသကာ,ဥပါသိကာမဖြစ်သောပုဂ္ဂိုလ်)အား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက် အတ္တဘော ယခုဘဝ၌ပင်လျှင်။ အညာ ဝါ၊ အရဟတ္တဖိုလ် ဖြစ်စေ။ သတိ ဥပါဒိသေသေ၊ စွဲလမ်းမှု ဥပါဒါန်အကြွင်း အကျန် ရှိသေးလျှင်။ အနာဂါမိတာ ဝါ၊ အနာဂါမိဖိုလ်ဖြစ်စေ။ ဒွိန္နံ ဖလာနံ၊ ဤ ၂-ပါးသော ဖိုလ်တို့တွင်။ အညတရံ ဖလံ၊ တပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ၊ မချွတ်ဧကန် အမှန်ပင် ဖြစ်မည်ဟု ယုံကြည်အားထား ကိန်းသေအားဖြင့် လိုလားအပ်ပေ၏။ ဣတိ၊ ဤတွင်တရပ်ပြီး၏။

အကျိုး အာနိသင်ပြ မိန့်ခွန်းတော် ပြီး၏။

## နိဂမနကထာ

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ, သောကပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ, ဉာယဿ အဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိ-ပဋ္ဌာနာတိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တန္တိ။

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

* (ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ တိံသမတ္တာနံ ဘိက္ခုသဟဿာနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။ )

မဟာသတိပဋ္ဌာနသုတ္တံ နိဋ္ဌိတံ။

---

မှတ်ချက် အစိပ္ပါယ်

*လက်သည်းကွင်းဖြင့် ပြထားသော အထက်ပါ စကား ရပ်သည် ပါဠိတော်စာအုပ်တို့၌ မရှိပေ၊ သတိပဋ္ဌာန်ပါဠိနိဿယ စာအုပ်ငယ်တို့၌သာ ရှိပေသည်။ ထို့ကြောင့် သင်္ဂါယနာတင် ဆရာတို့ ဆိုထားခဲ့သော စကား မဟုတ်ဟူ၍ရှင်း၊ "ဒေသနာ-ပရိယောသာနေ တိံသဘိက္ခုသဟဿာနိ အရဟတ္တေ ပတိ-ဋ္ဌဟိံသု"ဟူသော ဤသုတ်၏အဖွင့် အဋ္ဌကထာ စကားတို့ကို ယူ၍ နောက်ဆရာမြတ်တို့ ထည့်သွင်းထားသော စကားဟူ၍ ရှင်း သိအပ်၏။

## ဒေသနာတော်၏နိဂုံးချုပ်မိန့်ခွန်းတော်

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံ- ယေ ဣမေ သတိပဋ္ဌာနာ၊ စွဲမြဲသောအမှတ်ရမှု- သတိစွဲမြဲမှု ဟူသော အကြင်သတိပဋ္ဌာန်တို့သည်။ သန္တိ၊ ရှိကုန်၏။ အယံ၊ စွဲမြဲသော အမှတ်ရမှု- သတိစွဲမြဲမှု- သတိပဋ္ဌာန်ဟူသော ဤအကျင့်လမ်းသည်။ သတ္တာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကအလောင်း အလုံးစုံသော သတ္တဝါ အပေါင်းတို့၏။ ဝိသုဒ္ဓိယာ၊ စိတ်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်ခြင်းငှါ။ သောကပရိဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ပူဆွေးရခြင်း ငိုကြွေးရခြင်းတို့ကို လွန်မြောက်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတို့ ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းငှါ။ ဉာယဿ အဓိဂမာယ၊ အရိယာမဂ်ကို ရခြင်းငှါ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ။ ဧကာယနော မဂ္ဂေါတိ၊ တခုတည်းသောလမ်း တကြောင်းတည်းသောလမ်းဟူ၍။ ဣတိ၊ ဤသို့၊ ယံ တံ၊ အကြင်တရားကျေညာချက်ပလ္လင်ခံစကားကို။ မယာ၊ ငါသည်။ ဝုတ္တံ၊ မိန့်ဆိုအပ်ခဲ့ပြီ။ တံ၊ ထိုတရား ကျေညာချက် ပလ္လင်ခံ စကားကို။ ဣဒံ ပဋိစ္စ၊ ယခုဟောခဲ့သော သတိပဋ္ဌာန် လေးပါးကိုပင် ရည်ရွယ်၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပေသတည်း။ ဣတိ၊ ဤတွင် ဒေသနာတော်မြတ် အပြီးသတ်သတည်း။

ဣဒံ၊ ဤ မဟာ သတိပဋ္ဌာနသုတ် ဒေသနာ စကားတော်ကို။ ဘဂဝါ၊ ဘုန်းတော်ကြီးသော ဘုရားသခင်သည်။ အဝေါစ၊ ဟောကြားတော်မူခဲ့ ပါသတည်း။ တေ ဘိက္ခူ၊ ထိုစဉ်အခါက တရားနာလျက် ရှိသော ရဟန်း တို့သည်။

ဘာဂဝတော ဘာသိတံ၊ မြတ်စွာဘုရား၏ တရား ဒေသနာတော်ကို။ အတ္တမနာ၊ ဝမ်းမြောက် ရွှင်ပျ ကုန်လျက်။ အဘိနန္ဒုံ၊ သာဓုခေါ်လျက် နှစ်သက် အားရ သဘောကျလေကုန်ပြီ။ ဣတိ၊ ဤဘွင် မဟာသတိပဋ္ဌာန သုတ်တော်ကြီး အပြီးသတ်ပါသတည်း။

(စ ပန၊ ဤ မဟာသတိပဋ္ဌာန သုတ်ကြီးကို နေယျပုဂ္ဂိုလ်အတွက်သာ ဟောကြား ပါသလော၊ ဤသုတ်တရားကို နာကြားရုံမျှဖြင့် တရားထူးနှင့်ပြည့်စုံသူ ဉဂ္ဃဋိတညူ၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များ ရှိပါသေးသလော ဟူသော ဤမေးခွန်းအတွက် ဆက်၍ ပြောကြားရလျှင်။ ဣမသ္မိံ ဝေယျာကရဏသ္မိံ၊ ဂါထာမဘက် သက်သက်သော စုဏ္ဏိယ စကားပြင်မျှဖြင့် ဟောကြား အပ်သောကြောင့် ဝေယျာကရဏမည်သော ဤမဟာသတိပဋ္ဌာနသုတ် တရားတော်ကြီးကို။ ဘညမာနေ၊ ဟောကြားတော် မူအပ်စဉ်။ တိံသမတ္တာနံ ဘိက္ခုသဟဿာနံ၊ သုံးသောင်းမျှလောက်ကုန်သော ရဟန်းတော်တို့၏။ စိတ္တာနိ၊ စိတ်တို့သည်။ အနုပါဒါယ၊ တစုံတခုကိုမျှ ငါကောင်အနေ ငါ့ဥစ္စာအနေဖြင့် မစွဲလမ်းကုန်ဘဲ။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ ဝိမုစ္စိံသု၊ လွတ်မြောက်တော်မူကြပါသတည်း)။

မဟာသတိပဋ္ဌာနသုတ္တံ၊ မဟာသတိပဋ္ဌာန

သုတ်တော်ကြီးသည်၊ နိဋ္ဌိတံ၊ ပြီး ပြီ။

# နိဂုံး

နှစ်ထောင့်လေးရာ၊ ကိုးဆယ်မှာ၊ စွန်းလာသုံးခုကျော်။
သာသနာနှစ်၊ သက္ကရာဇ်၊ ရောက်လစ် အခါတော်။
တထောင့်သုံးရာ၊ ဆဲ့တဖြာ၊ မြန်မာ နှစ်အခေါ်။
ကဆုန်ဆုတ်လတ်၊တရက်မှတ်၊ပြီးလတ်ဤကျမ်းတော်။
ဆဲ့သုံးခုတွင်၊ ဖြည့်ပြင်ဆင်၊ စက်တင် နှိပ်ပြီးသော်။
သတိပဋ္ဌာန်၊ မဂ်လမ်းမှန်၊ သွားရန် ညွှန်ပြဖော်။
လမ်းမှန် သွားကြ၊ နိဗ္ဗာန်ရ၊ ဒုက္ခ ငြိမ်းစေသော်။

မဟာသတိပဋ္ဌာနသုတ် နိဿျ နိဂုံး ပြီးပြီ။

# နေ့ဝက်ဆက်တွဲ

ဤသတိပဋ္ဌာန်ပါဠိနိသျ စာမျက်နှာ ၆၉-၇၀-တို့၌ ဝမ်းဗိုက်၏ ဖောင်းခြင်း ပိန်ခြင်းနှင့်တကွ အသေးစိတ် ကိုယ်အမူအရာဟူသမျှကို "ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ" ဟူသော စကားရပ်ဖြင့် သိမ်းယူအပ်ကြောင်း ပြဆိုခဲ့၏။ ထိုသို့ ပြဆိုခြင်းမှာ ပါဠိတော်အရအားဖြင့်ရှင်း အဋ္ဌကထာအရအားဖြင့်ရှင်း ဋီကာအရအားဖြင့်ရှင်း ယူသင့်သောကြောင့် ပြဆိုခြင်းဖြစ်သည်။

## ပါဠိတော်အရ ယူသင့်ပုံ

ဤအရာ၌ ပရဝါဒီ ပုဂ္ဂိုလ်တဦးက ဖောင်းမှု ပိန်မှုကို ဦးတည်၍ စွပ်စွဲထားသောကြောင့် ဖောင်းမှု ပိန်မှုကိုပင် ပဓာနပြု၍ရှင်းပြပါအံ့။

ဝမ်းဗိုက်၏ ဖောင်းခြင်း ပိန်ခြင်းသည် ဝါယောဓာတ် လွန်ကဲသော ရုပ်အပေါင်းဖြစ်သောကြောင့် ခန္ဓာအားဖြင့် ရူပက္ခန္ဓာ၌ အတွင်းဝင်၏၊ အာယတနအားဖြင့် ဖောဋ္ဌဗ္ဗာယတန၌ အတွင်းဝင်၏၊ ဓာတ် ၁၈-ပါးတို့တွင် ဖောဋ္ဌဗ္ဗဓာတ်၌ အတွင်းဝင်၏၊ ဓာတ်ကြီးလေးပါးတို့တွင် ဝါယောဓာတ်ဖြစ်၏၊ သစ္စာအားဖြင့် ဒုက္ခသစ္စာ၌ အတွင်းဝင်၏။ ဤရူပက္ခန္ဓာ, ဖောဋ္ဌဗ္ဗာယတန, ဖောဋ္ဌဗ္ဗဓာတ်, ဝါယောဓာတ်,

ဒုက္ခသစ္စာတို့သည် မုချဝိပဿနာ ရှုအပ်သောတရား, ရှုကောင်းသောတရားသာလျှင် ဖြစ်သည်၊ မရှုကောင်းသောတရား မဟုတ်ပေ၊ ထို့ကြောင့် ဖောင်းမှု ပိန်မှုကို အနိစ္စ, ဒုက္ခ, အနတ္တ ထင်မြင်အောင် ရှုခြင်းသည် ခန္ဓဒေသနာ, အာယတန ဒေသနာစသော ထိုထိုဘုရားဟော ပါဠိတော်တို့နှင့်ညီညွတ်၍ ဘုရားအလိုတော်ကျ ဖြစ်သည်သာလျှင်တည်း။ ပါဠိတော်တို့နှင့် ညီညွတ်ပုံကို အကျဉ်းချုပ် ထုတ်ပြဦးအံ့။

## ညီညွတ်ပုံ ထုတ်ပြချက်

ဝမ်းဗိုက်၏ ဖောင်းခိုက် ပိန်ခိုက်၌ ထင်ရှားသော တောင့်တင်း လှုပ်ရှားမှုများသည် ဝါယောဓာတ် ဖောဋ္ဌဗ္ဗရုပ် ဖြစ်သောကြောင့် "ဖောင်းသည် ပိန်သည်"ဟု ရှုလျက် ၎င်းတောင့်တင်း လှုပ်ရှားမှုတို့ကို မှန်ကန်စွာ သိခြင်းသည်—

ရူပံ ဘိက္ခဝေ ယောနိသော မနသိ ကရောထ၊ ရူပါနိစ္စတဉ္စ ယထာဘူတံ သမနုပဿထ—

ရဟန်းတို့၊ ရုပ်ကို သင့်လျော်မှန်ကန်စွာ နှလုံးသွင်းကြ ရှုကြကုန်လော့၊ ရုပ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့။ (သံ ၂-၄၂)။

အနိစ္စညေဝ ဘိက္ခဝေ ဘိက္ခု ရူပံ အနိစ္စန္တိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ—

ရဟန်းတို့၊ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်သော ရုပ်ကို မမြဲဟု ရှုမြင်၏၊ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် သမ္မာဒိဋ္ဌိ-အမြင်မှန်ပေတည်း။ (သံ ၂-၄၂)။

ဤသို့ အစရှိသော ခန္ဓသံယုတ် ဒေသနာပါဠိတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ ခန္ဓဓမ္မာနုပဿနာ၌လည်း အတွင်းဝင်၏။ ထို့ပြင် –

ဖောဋ္ဌဗ္ဗေ ဘိက္ခဝေ ယောနိသော မနသိကရောထ၊ ဖောဋ္ဌဗ္ဗာနိစ္စတဉ္စ ယထာဘူတံ သမနုပဿထ –

ရဟန်းတို့၊ တွေ့ထိရသော အာရုံတို့ကို သင့်လျော်မှန်ကန်စွာ နှလုံးသွင်းကြ ရှုကြကုန်လော့၊ တွေ့ထိရသော အာရုံတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့။ (သံ ၂-၃၇၇)။

အနိစ္စေယေဝ ဘိက္ခဝေ ဘိက္ခု ဖောဋ္ဌဗ္ဗေ အနိစ္စာတိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ –

ရဟန်းတို့၊ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်ကုန်သော တွေ့ထိရသော အာရုံတို့ကို မမြဲကုန်ဟု ရှုမြင်၏၊ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် **သမ္မာဒိဋ္ဌိ** – အမြင်မှန်ပေတည်း။ (သံ ၂-၃၇၇)။

ဖောဋ္ဌဗ္ဗေ အဘိဇာနံ ပရိဇာနံ ဝိရာဇယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယ –

ရဟန်းတို့၊ တွေ့ထိရသော အာရုံတို့ကို ရှေးရှုသိလျှင် ပိုင်းခြားသိလျှင် တပ်မက်ပြယ်စေလျှင် ပယ်စွန့်လျှင် ဆင်းရဲကုန်ခြင်း၌ (ဆင်းရဲကုန်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၌) ထိုက်ပေ၏။ (သံ ၂-၂၅၀)။

ဖောဋ္ဌဗ္ဗေ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ–

တွေ့ထိရသော အာရုံတို့ကို မမြဲဟု သိမြင်သော သူအား အဝိဇ္ဇာကို ပယ်အင်၏။ (အဝိဇ္ဇာပျောက်ကင်း ၏)၊ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၏။ (သံ ၂-၂၅၉)။

ဤသို့ အစရှိသော သဠာယတနသံယုတ် ဒေသနာပါဠိ တော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ အာယတန ဓမ္မာနုပဿနာ၌လည်း အတွင်းဝင်၏။ ထို့ပြင်—

ယာ စေဝ ခေါ ပန အဇ္ဈတ္တိကာ ဝါယောဓာတု ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတုရေဝေသာ၊ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ—

အကြင် ကိုယ်တွင်း ဝါယော ဓာတ်သည်ရင်း၊ အကြင် ကိုယ်ပ ဝါယောဓာတ်သည်ရင်း ရှိ၏။ ယင်း ၂-မျိုးလုံးသည် ဝါယောဓာတ်ချည်းသာတည်း။ ယင်း ဝါယောဓာတ်ကို "ဤသည်ကား ငါ့ဥစ္စာမဟုတ်၊ ဤသည်ကား ငါမဟုတ်၊ ဤသည်ကား ငါ၏အတ္တမဟုတ်" ဟု ဤသို့ အမှန်သိသော ပညာဖြင့် ဟုတ်တိုင်း မှန်စွာ ရှုမြင်အပ်၏။ (မ ၂-၇၅၊ မ ၃ ၂၇၅)။

ဤသို့ အစရှိသော ဓာတုဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ ဓာတု မနသိကာရ ကာယာနုပဿနာ၌လည်း အတွင်းဝင်၏။ ထို့ပြင် ဝမ်းဗိုက်၏

တောင့်တင်း လှုပ်ရှားမှု ဝါယောရုပ်သည် ရုပ်ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာတရား ဖြစ်သောကြောင့်—

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ပဉ္စုပါဒါ-နက္ခန္ဓာတိဿ ဝစနီယံ—

ရဟန်းတို့၊ ဒုက္ခ အရိယသစ္စာဟူသည် အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟူ၍ ဖြေဆိုအပ်၏။ (သံ ၃-၃၇၃)။

ဒုက္ခံ ဘိက္ခဝေ အရိယသစ္စံ ပရိညေယျံ—

ရဟန်းတို့၊ ဒုက္ခ အရိယသစ္စာကို ပိုင်းခြား သိအပ်၏။ (သံ ၃-၃၈၂)။

ဤသို့ အစရှိသော သစ္စဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ အရိယသစ္စ ဓမ္မာ-နုပဿနာ၌လည်း အတွင်းဝင်၏။

အထက်ပါ သာဓကပါဠိတို့ဖြင့် ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုဟု ခေါ်သော တောင့်တင်း လှုပ်ရှားမှုကို ရှုအပ်ကြောင်း လည်း ထင်ရှား၏။ ထိုဖောင်းမှု ပိန်မှုကို ရှုခြင်းဖြင့် မှန်ကန် စွာသိမြင်သော **သမ္မာဒိဋ္ဌိ, ဝိဇ္ဇာဉာဏ်** ဖြစ်ပေါ်၍ **မိစ္ဆာဒိဋ္ဌိ အဝိဇ္ဇာ**တို့ကို ပယ်နိုင်ကြောင်း, မဂ်ဖိုလ်နိဗ္ဗာန်သို့လည်း ဆိုက် ရောက်နိုင်ကြောင်းလည်း ထင်ရှား၏။

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စု-ပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။ ဌာနံ ခေါ ပနေတံ

အာဝုသော ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါ-နက္ခန္ဓေ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိ ကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ။ပ။ သကဒါဂါမိဖလံ သစ္ဆိကရေယျ။ပ။ အနာဂါမိဖလံ သစ္ဆိကရေယျ။ပ။ အရဟတ္တဖလံ သစ္ဆိကရေယျ။ (သံ ၂-၁၃၆)။

ငါ့ရှင် ကောဋ္ဌိက၊ သီလနှင့် ပြည့်စုံသော ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ ဒုက္ခ။ပ။ အနတ္တဟု နည်းလမ်းမှန်စွာ နှလုံးသွင်းအပ် ရှုအပ်၏။ ငါ့ရှင် ကောဋ္ဌိက၊ သီလနှင့် ပြည့်စုံသော ရဟန်းသည် ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ ဒုက္ခ။ပ။ အနတ္တဟု နည်းလမ်းမှန်စွာ နှလုံးသွင်းလျှင် ရှုလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် အကြောင်းရှိပေ၏။ပ။ သောတာပန်သည် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်၊ သကဒါဂါမ်သည် အနာဂါမိ-ဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်၊ အနာဂါမ်သည် အရ-ဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် အကြောင်းရှိပေသည်။ (မြန်မာပြန်)

အထက်ပါ သီလဝန္တသုတ်ဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးကို မှန်စွာရှုလျှင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်နိုင်ကြောင်း ထင်ရှားပြ၏။ ဖောင်းမှု ပိန်မှုသည် ရုပ်-ဥပါဒါနက္ခန္ဓာ၌ ပါဝင်သော ဝါယောရုပ်ပေတည်း။ သို့ဖြစ်၍ ထို ဖောင်းမှု ပိန်မှု ဝါယောရုပ်ကို ရှုခြင်းဖြင့် သောတာပန်

လည်း ဖြစ်နိုင်ကြောင်း၊ သကဒါဂါမိ အနာဂါမိ ရဟန္တာ လည်း ဖြစ်နိုင်ကြောင်း အလွန်ပင် ထင်ရှားလှပေတော့၏။

ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ—

ရုပ်ကိုယ်သည် အကြင် အကြင် အခြင်းအရာ အားဖြင့် တည်နေလျှင် ထိုထို အခြင်းအရာအားဖြင့် ထိုရုပ်ကိုယ်ကို သိ၏-ဟူသော—

ဤ သတိပဋ္ဌာနသုတ် ပါဠိတော်၌ "ယထာ ယထာ-အကြင် အကြင် အခြင်းအရာ, တထာ တထာ-ထိုထို အခြင်း အရာ"ဟူသော စကားတို့သည်လည်း ဖောင်းမှု ပိန်မှုနှင့်တကွ ကိုယ်အမူအရာ အလုံးစုံကို ပြနိုင်ကြသည်သာတည်း၊ မပြနိုင် သည် မဟုတ်ပေ။ ထိုကိုယ်အမူအရာ အလုံးစုံသည်လည်း ယခု ထုတ်ပြခဲ့ပြီးသော သုတ်ပါဠိတော်တို့ အရအားဖြင့်၎င်း၊ အလားတူ အခြားသုတ်ပါဠိတော်တို့အရအားဖြင့်၎င်း ဝိပဿ-နာ ရှုအပ် ရှုကောင်းသော ရုပ်တရားချည်းသာလျှင် ဖြစ်ပေ သည်၊ ထို ကိုယ်အမူအရာရုပ်တို့တွင် ဝိပဿနာ မရှုကောင်း သော ရုပ်မည်သည် တစုံတခုမျှ မရှိချေ။ သို့ဖြစ်၍ ဖောင်းမှု ပိန်မှုနှင့်တကွ အသေးစိတ် ကိုယ်အမူအရာ ဟူသမျှကို ဤ "ယထာ ယထာ ဝါ ပနဿ" စသော ဝါကျ၌ ထည့်သွင်း၍ ပြခြင်းသည် မည်သည့် ပါဠိတော်နှင့်မျှ မဆန့်ကျင်သည့်ပြင် ရုပ်ကိုရှုရန်ပြသော ပါဠိတော်အားလုံးနှင့် တသားတည်း ညီစေခြင်း အကျိုးလည်း ရှိ၏။ ဤ ဣရိယာပထပဗ္ဗ၌ ရှုသင့် သော ရုပ်တရားအားလုံးပြည့်စုံခြင်း အကျိုးလည်း ရှိ၏။

ထို့ပြင် မြတ်စွာဘုရား၏ အလိုတော်မှာလည်း ရှုသင့်သော ရုပ်နာမ်ဟူသမျှ၌ စွမ်းနိုင်ပါက အနိစ္စ ဒုက္ခ အနတ္တဟု ရှုခြင်းကိုသာ လိုလားတော်မူ၏၊ ရှုနိုင်ပါလျက် မရှုဘဲ ခြွင်းချန်ထားခြင်းကို အလိုတော် မရှိပေ။ ထို့ကြောင့် ဤဣရိယာ-ပထ ပဗ္ဗ၌ ရှုသင့်သော ရုပ်တရားအားလုံး အကြွင်းမဲ့ ပြည့်စုံစေရန် မြတ်စွာဘုရား အလိုတော်နှင့်အညီ သွင်းပြခဲ့ခြင်း ဖြစ်ပေသည်။

ငါတို့သာလျှင် ဤသို့ သွင်းပြသည်မဟုတ်သေး၊ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည်လည်း အနတ္တ ဒီပနီကျမ်း စာမျက်နှာ(၅)၌ အောက်ပါအတိုင်း သွင်းပြတော်မူခဲ့လေပြီ။

**လယ်တီ ဆရာတော်ဘုရားကြီး၏ သွင်းပြပုံ**

ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိ-
တော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ—

ဟူသော ပါဠ်ဖြင့်ကား "ပြဆိုခဲ့ပြီးသော ဣရိယာပုထ်ကြီးလေးပါး အတွင်း၌ ဖြစ်သော ကိုယ်အင်္ဂါ အစိတ်အပေါင်းတို့၏ လှုပ်ခြင်း ရှားခြင်း ထားခြင်း သိုခြင်း ချီခြင်း ကြွခြင်း အစရှိသော ကိုယ်အမူအရာ အစုကို ပြုသောအခါ၌လည်း ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုရာ၊ မည်သို့ပြုမည်ဟု ထိုကိုယ်အင်္ဂါကို အာရုံပြု၍သာ ပြုရမည်" ဟူသော အစီအရင်ကို ပြတော်မူသည်။

လိုရင်းအချုပ်ကား ကာယဂတာသတိ ဆိုသည်နှင့် အညီ မိမိခန္ဓာကိုယ်မှ လွတ်ရာအပသို့ မိမိစိတ်ကို ထွက်၍ မလွင့်ပါးရအောင် သတိဖြင့် ချုပ်ထိန်းမှုပေတည်း။ ဤသို့ ဣရိယာပုထ်ကြီး ဣရိယာပုထ်ငယ်တို့၌ ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုစေမူ၍ အလုံးစုံ အစေ့အင သိ၍ သိ၍ စိတ်ထဲတွင် ထင်မြင်၍ ထင်မြင်၍သာလျှင် ပြုမိသည်ကို အသမ္မောဟသမ္ပဇည ဆိုသတည်း။

အဋ္ဌကထာတို့၌ ပြသော ဣရိယာပထ အစီအရင် အသမ္မောဟ သမ္ပဇည အစီအရင်တို့သည်ကား နက်နဲသော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်တို့နှင့်သာ သင့်လျော်သော အစီအရင်တို့ပေတည်း။ (အနုတ္တဒီပနီ-၅)။

အထက်ပါစကားရပ်တို့မှာ အသေးစိတ် ကိုယ်အမူအရာတို့ကို ယထာ ယထာ ဝါ ပနဿ-ဝါကျ၌ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ သွင်းပြချက် ဖြစ်ပေသည်။ ထိုစကားရပ်ထဲမှ နောက်ဆုံးအပိုဒ်တွင် အဋ္ဌကထာ၌ ပြဆိုချက်များကိုလည်း ဝေဘန်ထားသောကြောင့် လယ်တီဆရာတော်ဘုရားကြီးသည် ထိုစကားရပ်တို့ကို ရေးစဉ်က အဋ္ဌကထာဋီကာတို့ကိုလည်း သေချာစွာ ကြည့်ရှုပြီးမှ ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို အပြည့်အစုံ ရစေနိုင်သော အကောင်းဆုံးအနက်ကို ရွေးချယ်၍ ရေးသားခဲ့သည်ဟု မှတ်ယူသင့်ပေသည်။ ဆိုင်ရာ အဋ္ဌကထာဋီကာတို့ကို မထုတ်ပြခြင်းမှာမူ ကျမ်းမလေးစေလိုသောကြောင့်ရင်း၊ အဋ္ဌကထာ ဋီကာအဖွင့်တို့ကို အကျယ် မဝေဘန်လိုသောကြောင့်ရင်း မပြခဲ့ခြင်းသာ ဖြစ်

ရာ၏။ အင္ဂုကထာ ဋီကာတို့ကို ထိန်ချန်လိုသောကြောင့် မပြခဲ့သည်ဟူ၍ကား မပြစ်မှားသင့်ပေ၊ ငါတို့လည်း ထိုအတူပင် ကျမ်းမလေးစေလိုသောကြောင့်ရင်း၊ အင္ဂုကထာ ဋီကာတို့ကို အကျယ် မဝေဘန်လိုသောကြောင့်ရင်း ဤနိသျှနှာ ၆၉-၇၀ တို့၌ ဆိုင်ရာအင္ဂုကထာ ဋီကာအဖွင့်တို့ကို မပြခဲ့ခြင်း ဖြစ်ပေသည်။ ယခုမူကား ပရဝါဒီပုဂ္ဂိုလ်တဦးက စွပ်စွဲထားသောကြောင့် ဆိုင်ရာ အင္ဂုကထာ ဋီကာတို့ကိုလည်း ဤအရာ၌ ထုတ်၍ပြပေအံ့။

## အင္ဂုကထာအဖွင့်

ယထာ ယထာ ဝါ ပနဿ။ပ။ပဇာနာတီတိ သဗ္ဗသင်္ဂါဟိကဝစနမေတံ။ ဣဒံ ဝုတ္တံ ဟောတိ–ယေန ယေန ဝါ အာကာရေနဿ ကာယော ဌိတော ဟောတိ၊ တေန တေန နံ ပဇာနာတိ။ ဂမနာကာရေန ဌိတံ ဂစ္ဆတီတိ ပဇာနာတိ၊ ဌာနနိသဇ္ဇာသယနာကာရေန ဌိတံ သယာနောမှီတိ ပဇာနာတီတိ။ (ဒီ-ဌ ၂-၃၅၇၊မ- ဌ ၁-၂၅၇)။

ယထာ ယထာ ဝါ ပနဿ။ပ။ပဇာနာတိ ဟူသော ဤစကားသည် အလုံးစုံကို သိမ်းယူသော စကားပေတည်း။ ဤသို့သော အနက်ကို ဆိုလိုပေ၏–တနည်းကား အကြင် အကြင် အခြင်းအရာအားဖြင့် ထိုရဟန်း၏ ကိုယ်သည် တည်သည်ဖြစ်အံ့၊ ထိုထိုအခြင်းအရာ အားဖြင့် ထိုကိုယ်ကို သိ၏။ သွားသော အခြင်းအရာဖြင့် တည်သော ကိုယ်ကို သွားသည်ဟု

သိ၏။ ရုပ်-ထိုင်-လျှောင်းသော အခြင်းအရာအား ဖြင့် တည်သောကိုယ်ကို လျှောင်းသည်ဟု သိ၏-ဤ သို့ပေတည်း (မြန်မာပြန်)။

သဗ္ဗသင်္ဂါဟိကဝစနန္တိ သဗ္ဗေသမ္ပိ စတုန္နံ ဣရိ- ယာပထာနံ ဧကဇ္ဈံ သင်္ဂဏှနဝစနံ၊ ပုဗ္ဗေ ဝိသုံ ဝိသုံ ဣရိယာပထာနံ ဝုတ္တတ္တာ ဣဒံ နေသံ ဧကဇ္ဈံ ဂဟေ- တွာ ဝစနန္တိ အတ္ထော၊ ပုရိမနယော ဝါ ဣရိယာ- ပထပ္ပဓာနော ဝုတ္တောတိ တတ္ထ ကာယော အပ္ပဓာ- နော အနုနိပ္ဖါဒီတိ ဣဓ ကာယံ ပဓာနံ, အပ္ပဓာနဉ္စ ဣရိယာပထံ အနုနိပ္ဖါဒိံ ကတွာ ဒဿေတုံ ဒုတိယ- နယော ဝုတ္တောတိ ဧဝမ္ပေတ္ထ ဒွိန္နံ နယာနံ ဝိသေသော ဝေဒိတဗ္ဗော။(ဒီ ဋီ ၂-၃၀၆။ မ ဋီ ၁-၃၅၃)။

အလုံးစုံကိုသိမ်းယူသော စကားဟူသည်မှာ အလုံး စုံလည်း ဖြစ်ကုန်သော ဣရိယာပုထ် ၄-ပါးတို့ကို တပေါင်းတည်း သိမ်းယူသောစကားတည်း။ ဣရိယာ ပုထ်တို့ကို ရှေး၌ အသီးအသီး ဆိုအပ်ခဲ့သောကြောင့် ဤ(ယထာ ယထာ စသော စကား)သည် ၎င်းတို့ကို တပေါင်းတည်းယူ၍ဆိုသော စကားတည်း။ တနည်း ကား(ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ)စသောရှေး နည်းကို ဣရိယာပုထ်လျှင် ပြဓာန်းသည်ကိုပြု၍ဟော အပ်၏။ထို့ကြောင့် ထိုနည်း၌ ကာယသည် မပြဓာန်း အစဉ်လိုက်၍ ပါဝင်ပြီးစီး၏။ (နောက်လိုက်ဖြစ်၏)၊ သို့ဖြစ်၍ ဤအရာ၌ ကာယကို ပဓာနပြု၍၎င်း၊ ဣရိ- ယာပုထ်ကို အစဉ်လိုက်၍ ပါဝင်ပြီးစီးသော (နောက်

လိုက်)အပ္ပဓာနပြု၍ရှင်း ပြခြင်းငှါ (ယထာ ယထာ ဝါ ပနဿ-စသော) ဒုတိယနည်းကို ဟောအပ်သည် ဟု ဤအရာ၌ နည်း ၂-ပါးတို့၏ အထူးကို ဤသို့မူ လည်း သိအပ်၏။ (မြန်မာပြန်)။

အထက်ပါ ပါဠိ အဋ္ဌကထာတို့၌ အနက် အဓိပ္ပါယ်ယူပုံ ယူနည်းမှာ(၁)ဋီကာပဌမအဖွင့်ကို မှုတည်၍ ယူနည်း။ (၂) ဋီကာဒုတိယအဖွင့်ကို မှုတည်၍ ယူနည်းအားဖြင့် ၂-မျိုး ကွဲပြား၏။

## ဋီကာပဌမအဖွင့်အရ ယူနည်း

ထိုတွင် (၁) ဋီကာ ပဌမအဖွင့်အလိုအားဖြင့် သဗ္ဗသင်္ဂါ-ဟိကဝစနဟူသော ပုဒ်၌ သဗ္ဗ-အရ ကိုယ်အမူအရာ အလုံးစုံကို မဆိုလို၊ ဣရိယာပုထ်အလုံးစုံကိုသာ ဆိုလိုသည်။ သို့ဖြစ်၍ ယထာ ယထာ ယေန ယေန အာကာရေန၊ အကြင်အကြင် အခြင်းအရာဟူသော စကား, တထာ တထာ တေန တေန အာကာရေန- ထိုထိုအခြင်းအရာဟူသော စကားတို့ဖြင့် ကိုယ် အမူအရာအလုံးစုံကို မယူရ၊ ဣရိယာပုထ် ၄-ပါး အမူအရာ အလုံးစုံကိုသာ ယူရမည်။ ထိုဣရိယာပုထ် ၄-ပါးကိုပင် ဂမ-နာကာရေန ဌိတံ။ပ။ သယာနော့မှိတိ ပဇာနာတိတိ-ဟူသော စကားဖြင့် အပြည့်အစုံ သရုပ်ထုတ်ပြသည်၊ ထိုထက်ပိုလွန်၍ မယူရဟု ဆိုလို၏။ အဘယ်ကဲ့သို့နည်းဟူမူ စိတ္တံ ဥပ္ပန္နံ ဟောတိ ရူပါရမ္မဏံ ဝါ။ပ။ ဓမ္မာရမ္မဏံ ဝါ ယံ ယံ ဝါ ပနာရဗ္ဘ ဟူသော ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီ၌—

ယံ ယံ ဝါ ပနာရဗ္ဘာတိ ဧတ္ထ အယံ ယောဇနာ– ဟေဋ္ဌာ ဝုတ္တေသု ရူပါရမ္မဏာဒီသု ရူပါရမ္မဏံ ဝါ အာရဗ္ဘ အာရမ္မဏံ ကတွာတိ အတ္ထော။ သဒ္ဒါရမ္မဏံ ဝါ။ပ။ဓမ္မာရမ္မဏံ ဝါ အာရဗ္ဘ ဥပ္ပန္နံ ဟောတိ။ (နှာ ၁၄၉)

ယံ ယံ ဝါ ပနာရဗ္ဘ-ဟူသော ဤပါဠိ၌ ဤ ဆို လတ္တံ့မှာ ယှဉ်စပ်ပုံပေတည်း– အောက် (ရှေး)၌ ဆို အပ်ခဲ့ပြီးကုန်သော ရူပါရုံ စသည်တို့တွင် ရူပါရုံကို ဖြစ်စေ စွဲမှီ၍ အာရုံပြု၍ဟု ဆိုလို၏။ သဒ္ဒါရုံကိုဖြစ်စေ အာရုံပြု၍။ပ။ ဓမ္မာရုံကိုဖြစ်စေ အာရုံပြု၍ စိတ်သည် ဖြစ်ပေါ်၏။ (မြန်မာပြန်) ဟူသော–

ဤအဖွင့်ကဲ့သို့ပင် ယူအပ်၏။ ဆိုလိုသည်မှာ ရှေး၌ ရူပါရုံ စသော အာရုံ ၆-ပါးကို အာရုံပြု၍ စိတ်ဖြစ်သည်ဟု ဆိုခဲ့ပြီး နောက် ယင်း၏ အခြားမဲ့၌ တဆက်တည်းပင် ဆက်လက်၍ ဆိုသော (ယံ ယံ ဝါ ပနာရဗ္ဘ) ဟူသော စကားဖြင့် အနက်ပို အနက်ထူးမရ၊ ရှေး၌ ဆိုအပ်ခဲ့ပြီးသော အာရုံ ၆-ပါးထဲမှ အမှတ်မရှိ အစဉ်မရှိ တပါးပါးကို အာရုံပြု၍ စိတ်ဖြစ်သည် ဟူသော အနက်ကိုသာ ယူရသကဲ့သို့ ဤယထာ ယထာ ဝါ ပနဿ စသည်၌လည်း ရှေး၌ ဆိုခဲ့ပြီး ဣရိယာပုထ် ၄-ပါး ထဲက အမှတ်မရှိ အစဉ်မရှိ တပါးပါးသော ဣရိယာပုထ်ဖြင့် တည်သော ကိုယ်ကို သိရမည်-ဟု ဆိုလို၏။ ဤကား ဋီကာ ပဌမ အဖွင့်ကို မှတည်၍ ယူပုံပေတည်း။

အဆိုပါပရဝါဒီပုဂ္ဂိုလ်သည် အထက်ပါ ဋီကာမှ ပဌမအဖွင့် အရ ယူနည်းကိုသာလျှင် အတည်ပြု၍ ဤနိဿျ နှာ၁၆၉-၇၀ ၌

သွင်းပြပုံကို ရှင့်ရှင့်သီးသီး ရက်ရက်စက်စက် ပယ်ဖျက်စွပ်စွဲထား၏။ အမှန်အားဖြင့်ဆိုလျှင် ဖောင်းမှု ပိန်မှု စသောအသေးစိတ် ကိုယ်အမူအရာတို့ကို ထိုဋီကာအဖွင့် ပဌမနည်းအလိုအားဖြင့် ယထာ ယထာ ဝါ ပနဿ ဝါကျ၌ မဝင်ဟုဆိုနိုင်စေကာမူ ခါတုမနသိကာရဒေသနာ, ခန္ဓဒေသနာအစရှိသော ရာပေါင်းများစွာသော အခြားသုတ္တန် ဒေသနာတော်တို့၌ အတွင်းဝင်နေသည်သာ ဖြစ်သောကြောင့် ထိုသို့တဖက်သတ် မစွပ်စွဲ မပယ်ဖျက်သင့်ပါ၊ ထို့ပြင် ထိုဋီကာ၌ပင်ပဌမနည်းကို အားမရ၍ နောက်ထပ် ဆိုထားသော ဒုတိယနည်းအလိုအားဖြင့်မူ ထိုအသေးစိတ် ကိုယ်အမူအရာတို့သည်လည်း ယထာ ယထာ ဝါ ပနဿ-စသော ထိုဝါကျ၌ ဝင်သင့်သေးသည်သာတည်း၊ ဝင်သင့်ပုံကို ရှင်းပြဦးအံ့။

## ဋီကာ ဒုတိယအဖွင့်အရ ယူနည်း

(၂) ဋီကာ ဒုတိယအဖွင့်၌ "ကာယံ ပဓာနံ အပ္ပဓာနဥ္စ ဣရိယာပထံ အနုနိပ္ဖါဒိ ကတွာ ဒဿေတုံ ဒုတိယနယော ဝုတ္တော" ဟူသော စကားဖြင့် ယထာ ယထာ ဝါ ပနဿ-စသော ဒုတိယနည်း ဒေသနာ၌ "ကာယကိုပင် ပဓာနပြု၍ပြသည်၊ဣရိယာပုထ်ကိုမူ နောက်လိုက် အပ္ပဓာနပြု၍ပြသည်" ဟု ဆိုထားသောကြောင့် **သဗ္ဗသင်္ဂါဟိကဝစန** ပုဒ်မှ သဗ္ဗ-အလုံးစုံ၏အရကိုလည်းပဓာနပြုအပ်သော ကာယ၏အမူအရာဟူသမျှကို ယူအပ်၏၊ အပ္ပဓာနဖြစ်သော ဣရိယာပုထ် ၄-ပါးမျှကိုသာယူအပ်သည် မဟုတ်ပေ။ ဤသို့ အလုံးစုံသော ကိုယ်အမူအရာတို့ကို ယူလိုက်သည် ရှိသော် ထိုကိုယ်အမူအရာတို့နှင့်စပ်ဆိုင်သော ဣရိယာပုထ် ၄-ပါးတို့သည်လည်း နောက်လိုက်

အနေအားဖြင့် အလိုလိုပါဝင်သွားကုန်၏။ ဥပမာ-ထိုင်နေစဉ် "ယထာ ယထာ, တထာ တထာ-အရ" တည်ငြိမ်နေခြင်း ရှေ့သို့ ယိမ်းခြင်း နောက်သို့ ပြန်ခြင်း ကွေးခြင်း ဆန့်ခြင်း လှုပ်ရှားခြင်း ဖောင်းခြင်း ပိန်ခြင်းစသည်တို့ကို ရှု၍သိလျှင် ထိုင်ခြင်း ဣရိယာပုထ်ကြီးကိုလည်းအပ္ပဓာနအားဖြင့်သိသည် ပင်မည်လေတော့၏။ သွားနေစဉ် ရပ်နေစဉ် လျောင်းနေစဉ် တို့၌လည်း ထိုထို ကိုယ်အမူအရာဟူသမျှကို ရှု၍ သိလျှင် သွားခြင်း ရပ်ခြင်း လျောင်းခြင်း ဣရိယာပုထ်တို့ကိုလည်း အပ္ပဓာနအားဖြင့် သိသည်ပင် မည်လေတော့၏။ ဤသို့ ကိုယ်အမူအရာ တခုခုကို ပဓာနပြု၍ သိရာ၌ အလိုလို ပါဝင် ပြီးစီးသွားသော ဣရိယာပုထ်ကြီးတို့ကို ဋီကာ၌ အနုနိပ္ဖါဒီ-ဟု မိန့်ဆိုထားလေသည်။ ဤသည်ကား ဝါ-တနည်းကား-ဟု ပြဆိုသော ဋီကာအဖွင့် ဒုတိယနည်းအရ "ယထာ ယထာ ဝါ ပနဿ"စသော ဝါကျ၌ အနက်အဓိပ္ပါယ် ယူပုံ ယူနည်းပေတည်း။

သို့ဖြစ်လျှင် အဋ္ဌကထာ၌ ဣရိယာပုထ်ကြီး ၄-ပါးဖြင့် တည်နေပုံကိုသာပြ၍ အသေးစိတ် ကိုယ်အမူအရာတို့ဖြင့် တည်နေပုံကို အဘယ့်ကြောင့်မပြပါသနည်းဟူမူ.... ထင်ရှားပြဓာန်းသော ဣရိယာပုထ်ကြီး ၄-ပါးဖြင့် တည်နေပုံကို ပြလိုက်လျှင် မပြဓာန်းသော အသေးစိတ် ကိုယ်အမူအရာတို့ဖြင့် တည်နေပုံကိုလည်းသိနိုင်သောကြောင့်ဤင်းတို့ကိုသရုပ်အားဖြင့်ထုတ်၍ မပြခဲ့သည်ဟု မှတ်အပ်၏။ ဤသို့ ကိုယ်အမူအရာ သာမညကို သိစေလိုသောကြောင့်ပင် ဤသုတ်၏ အဖွင့် အဋ္ဌကထာတို့၌ ယထာ ယထာ-ပုဒ်ကို "ယေန ယေန အာကာရေန-အကြင်

အကြွင်း အခြင်းအရာဖြင့်” ဟု သာမညသာ ဖွင့်ပြတော်မူပေသည်။ အကယ်၍ ဣရိယာပုထ် အမူအရာ ဝိသေသကိုသာ အလိုရှိပါမူ ဤအရာ၌ ယံ ယံ ဝါ ပနာရဗ္ဘ-ဟူသော ပုဒ်၏ အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ၌ကဲ့သို့ “ဣဒံ ဝုတ္တံ ဟောတိ— **ဟေဋ္ဌာ ဝုတ္တေသု ဣရိယာပထေသု ယေန ယေန ဝါ အာကာ-ရေန-** ဤသို့သော အနက်ကို ဆိုလိုပေ၏— တနည်းကား **အောက်၌ (ရှေး၌) ဆိုခဲ့ပြီးသော ဣရိယာပုထ်လေးပါးတို့တွင်** အကြွင်း အကြွင်း အခြင်းအရာဖြင့်”ဟု နိဒ္ဒါရဏ ဝိသေ-**သနပုဒ်နှင့်တကွ** တိတိကျကျ ပြဆိုခဲ့လေရာ၏။

မှန်ပေ၏။ ဓမ္မသင်္ဂဏီပါဠိတော်၌—

> ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။ပ။ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာရမ္မဏံ ဝါ **ယံ ယံ ဝါ ပနာရဗ္ဘ—**
>
> အကြွင်း အခါ၌ ကာမာဝစရ ကုသိုလ်စိတ်သည် ရူပါရုံကို ဖြစ်စေ၊ သဒ္ဒါရုံကို ဖြစ်စေ၊ ဂန္ဓာရုံကိုဖြစ်စေ၊ ရသာရုံကို ဖြစ်စေ၊ ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေ၊ ဓမ္မာရုံကို ဖြစ်စေ၊ တနည်းအားဖြင့်မူ **အမှတ်မရှိသော အကြွင်း အကြွင်း အာရုံ တခုခုကို အာရုံပြု၍** ဖြစ်ပေါ်၏-ဟူ၍

စိတ်ကို အာရုံဖြင့် သတ်မှတ်၍ ပြရာတွင် စိတ်၏ အာရုံသည် ရူပါရုံအစ ဓမ္မာရုံအဆုံး ၆-မျိုးသာ ရှိသောကြောင့် ဓမ္မာရမ္မဏံ ဝါ တိုင်အောင်သော စကားဖြင့်ပင် အာရုံ ၆-ပါးလုံး ပြည့်စုံသွားပြီဖြစ်၍ “ယံ ယံ ဝါ ပနာရဗ္ဘ-အမှတ်မရှိသော

အကြင် အကြင် အာရုံ တခုခုကို အာရုံပြု၍''ဟူသော နောက်ဆွယ်စကားရပ်၌ အာရုံအသစ်ဖြင့် သတ်မှတ်ဖွယ် မရှိတော့ပြီ။ သို့ဖြစ်၍ ထိုပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌–

ယံ ယံ ဝါ ပနာရဗ္ဘာတိ ဧတ္ထ အယံ ယောဇနာ– ဟေဋ္ဌာ ဝုတ္တေသု ရူပါရမ္မဏာဒီသု ရူပါရမ္မဏံ ဝါ အာရဗ္ဘ။ပ။ဓမ္မာရမ္မဏံ ဝါ အာရဗ္ဘ ဥပ္ပန္နံ ဟောတိ....

တနည်းအားဖြင့်မူ အမှတ်မရှိသော အကြင် အကြင် အာရုံ တခုခုကို အာရုံပြု၍ ဟူသော ပါဠိ၌ ဤဆိုလတ့်သည်ကား ယှဉ်စပ်ပုံပေတည်း–အောက်၌ (ရှေးရူပါရမ္မဏံ ဝါ စသည်၌) ဆိုခဲ့ပြီးသော ရူပါရုံ စသည်တို့တွင် ရူပါရုံကိုဖြစ်စေ **အာရုံပြု၍**။ပ။ဓမ္မာရုံကို ဖြစ်စေ အာရုံပြု၍ (စိတ်သည်) ဖြစ်ပေါ်၏-ဟု ဖွင့်ပြထား၏။

ထိုအဖွင့်၌ **ဟေဋ္ဌာ ဝုတ္တေသု ရူပါရမ္မဏာဒီသု**-ဟူသော နိဒ္ဒါရဏ ဝိသေသနပုဒ်ကို **အထူးသတိပြုအပ်၏**။ ယံ ယံ ဝါ ပန-ဟူသော စကားရပ်ဖြင့် အမှတ်မရှိသော အာရုံတခုခုဟု ဆိုသော်လည်း ဤအရာ၌မူ ဆိုခဲ့ပြီးသော အာရုံ ၆-ပါးမှ အလွတ် တခြားတပါး အာရုံမည်သည် တစုံတခုမျှ မရှိချေ။ ထို့ကြောင့် ထိုဆိုခဲ့ပြီးသော အာရုံ ၆-ပါးထဲက အမှတ် မရှိ အစဉ်မရှိ တပါးပါးကိုပင် ယူရမည်ဟု သိစေလိုသောကြောင့် **''ဟေဋ္ဌာ ဝုတ္တေသု ရူပါရမ္မဏာဒီသု**–အောက်၌ ဆိုခဲ့ပြီးသော ရူပါရုံစသည်တို့တွင်'' ဟူသော နိဒ္ဒါရဏဝိသေသန ပုဒ်ကိုပါ ထည့်၍ တိတိကျကျ ဖွင့်ပြတော်မူပေသည်။

ယထာ ယထာ ဝါ ပနဿ-ဟူသော ဤအရာ၌မူ ယထာ ယထာ ယေန ယေန အာကာရေန-ဟူသော ပါဠိ၌ အဋ္ဌကထာ အရ ယူနိုင်သော အာကာရ-အခြင်းအရာတို့သည် ဆိုခဲ့ပြီးသော ဣရိယာပုထ်ကြီး လေးပါးမျှသာ ရှိသည် မဟုတ်ပေ၊ အမှန် စင်စစ်သော်ကား ထိုပါဠိအရ ယူနိုင်သော ယူသင့်ယူထိုက်သော ကိုယ်အမူအရာ အာကာရတို့သည် အရာမက များစွာပင်ရှိကုန် သေး၏။ ထို့ကြောင့်ပင် ဤသုတ်၏ အဖွင့် အဋ္ဌကထာတို့၌ "ဟေဋ္ဌာ ဝုတ္တေသု ဣရိယာပထေသု"ဟု နိဒ္ဒါရဏဖြင့်ကန့်သတ် ခြင်းမပြုပဲ"ဣဒံ ဝုတ္တံ ဟောတိ—ယေန ယေန အာကာရေန" ဟု သာမညအားဖြင့်သာ ဖွင့်ပြတော်မူပေသည်။

## ရသင့်သမျှအနက်ကို အပြည့်အစုံပြသော အဖွင့်

ပြဆိုခဲ့သော ဋီကာ ဒုတိယ အဖွင့်သည် ပဓာနဖြစ်သော ကာယ၏ အမူအရာ အလုံးစုံကိုပင် "ယထာ ယထာ, တထာ တထာ"ဟူသော ပါဠိတော်ဖြင့် သိမ်းယူနိုင်အောင် ဖွင့်ပြသော ကြောင့် ထိုအဖွင့် အရအားဖြင့် ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုနှင့် တကွ အလုံးစုံသော အသေးစိတ် ကိုယ်အမူအရာ ဟူသမျှသည် လည်း"ယထာ ယထာ ဝါ ပနဿ"စသော ဝါကျ၌အတွင်းဝင် နေသည်သာတည်း။ ဤသို့ အတွင်းဝင်နေသောကြောင့် ဤ ဒုတိယအဖွင့်သည် သာမညအားဖြင့်ဟောထားသော"ယထာ ယထာ ဝါပနဿ"စသော ဒေသနာ ပါဠိတော်၌ ရသင့်ရထိုက် သမျှ အနက်အလုံးစုံကို အပြည့်အစုံပင် ဖော်ပြ နိုင်ပေ၏။ ထို့ကြောင့်ပင် ဤအဖွင့်ကို ဒုတိယအရာ၌ထား၍ ဋီကာဆရာ ပြတော်မူပေသည်၊ အဋ္ဌကထာ ဋီကာတို့၌ ရှေးနည်းဖြင့် အား မရ၍ ဒုတိယ တတိယ ထပ်မံဖွင့်ပြထားရာတွင် နောက်နည်းကို

သာ၍ အလေးအမြတ် ပြုအပ်ကြောင်း ထိုကျမ်းဆရာတို့ပင် မှာကြားတော်မူခဲ့ပေ၏။

ထို့ကြောင့်ပင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သည် ပါဠိတော်၏ အနက်အဓိပ္ပါယ်တို့ကို အပြည့်အစုံရစေနိုင် သော ထိုဋီကာအဖွင့် ဒုတိယနည်းကိုပင်မူတည်၍ (ဤနောက် ဆက်တွဲ စာမျက်နှာ ၂၇၅-၂၇၆-၌ ထုတ်ပြခဲ့သည့် အတိုင်း) အနုတ္တဒီပနီကျမ်း၌ ယထာ ယထာ ဝါ ပနဿ-စသော ဒေသနာစကားရပ်၏ အနက်အဓိပ္ပါယ်ကို အပြည့်အစုံ ဖော်ပြ တော်မူခဲ့ပေသည်။ ငါတို့လည်း ထိုဆရာတော်ဘုရားကြီးကဲ့သို့ ပင် သဘောကျ၍ ဤနိသျ ၆၉-၇၀-၌ အဆိုပါ အနက် အဓိပ္ပါယ်ကို ပြဆိုခဲ့ပေသည်။

## ရှုသင့်သော တရားမှန်ခြင်းက လိုရင်းဖြစ်သည်

သို့သော်လည်း အဆိုပါ ပရဝါဒီပုဂ္ဂိုလ်ကမူ ဋီကာပဌမ အဖွင့်နှင့်မညီပဲ ယထာ ယထာ ဝါ ပနဿ-စသောစကားရပ်၌ ထည့်သွင်းပြလိုက်သောကြောင့် ဖောင်းမှု ပိန်မှုကို ဝိပဿနာ မရှုကောင်းလေယောင် ကြံဆောင် လီဆယ်၍လည်း မရေမရာ ပစ်ပယ်လိုက်သေး၏။ အမှန်မှာမူ ရှုကောင်းသော တရား မှန်လျှင် မည်သည့် ဒေသနာထဲ၌ ထည့်သွင်း၍ ပြစေကာမူ မရှုကောင်းသောတရား မဖြစ်နိုင်ပါ၊ ရှုကောင်းသော တရား သာလျှင် ဖြစ်မြဲ ဖြစ်နေပါသည်။ထို့ကြောင့် ထိုထိုဒေသနာ၌ သွင်းပြခြင်းက လိုရင်းမဟုတ်၊ ရှုကောင်းသော တရားမှန်ခြင်း ကသာ လိုရင်းဖြစ်ပေသည်။ ဤအရာ၌ ရှင်းပြပါဦးအံ့။ ရှုသင့် သောတရား ဖြစ်ပါလျက် တစုံတခုသော တရားကို ဒေသနာ

တော်၌ သရုပ်အားဖြင့် ဖော်ပြမထားလျှင် ထိုတရားကို ဒေသနာတော်မှအလွတ်မဖြစ်စေရန်အလို့ငှါ သင့်လျော်သော အရာ၌ သွင်းပြခြင်းသည် ကျမ်းဆရာတို့၏တာဝန်ဝတ္တရားပင် ဖြစ်ပေသည်။

ဤအရာ၌ သာဓက တခုကို ထုတ်ပြရလျှင် **မဋ္ဌလုင်္ဂံ-ဦးနှောက်** ဟူသော ကောဋ္ဌာသကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောသော ပါဠိတော်တို့၌ သရုပ်အားဖြင့် ထုတ်ပြထားခြင်း မရှိပေ၊ အရှင် သာရိပုတ္တရာ မထေရ် ဟောသည်ဟု ဆိုသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌သာလျှင် တွေ့ရပေသည်။ ထိုသော် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ သရုပ်အားဖြင့် ထင်ရှား ပြထားသောကြောင့် ထိုဦးနှောက်ကောဋ္ဌာသသည် မုချရှုသင့်သော တရားသာ ဖြစ်ပေသည်၊ ဤသို့ ရှုသင့်သောတရားဖြစ်ခြင်းကြောင့် ထိုဦးနှောက် ကောဋ္ဌာသကို မြတ်စွာဘုရား၏ အလိုတော်နှင့်အညီ ဘုရားဟောပါဠိ၌ထည့်သွင်းပြရန်မှာ အဋ္ဌကထာဋီကာဆရာတို့၏တာဝန်ဖြစ်နေပေသည်။ သို့ဖြစ်၍ ဝိသုဒ္ဓိမဂ်(၁-၂၃၂)၌—

မဋ္ဌလုင်္ဂံ အဋ္ဌိမိဉ္ဇေန သင်္ဂဟေတွာ ပဋိကူလမနသိကာရဝသေန ဒေသိတံ-ဟု မဋ္ဌလုင်္ဂံ-ဦးနှောက်ကောဋ္ဌာသကို အဋ္ဌိမိဉ္ဇ-ရိုးတွင်းခြင်ဆီ၌ ထည့်သွင်း၍ မြတ်စွာဘုရား ဟောတော်မူကြောင်း ပြဆိုတော်မူခဲ့ပေသည်။ ဝိသုဒ္ဓိမဂ်၏ အဖွင့် မဟာဋီကာ၌မူကား အောက်ပါအတိုင်းလည်း ထည့်သွင်း၍ပြတော်မူပြန်၏။

ယံ ဝါ ပနညမ္ပိ ကိဉ္စိတိ ဝါ ဣမိနာ ပါဠိယံ မဋ္ဌလုင်္ဂဿ သင်္ဂဟော ဒဋ္ဌဗ္ဗော။ (မဟာဋီကာ ၁-၄၂၉)။

ဤဋီကာပါဠိဖြင့်ဆိုလိုသည်မှာ-မဟာဟတ္ထိပဒေါပမသုတ်၊ မဟာရာဟုလောဝါဒသုတ် စသည်တို့၌ ပထဝီဓာတ်ကို သရုပ်အားဖြင့် ထုတ်ပြရာတွင်-

ကေသာ လောမာ။ပ။ ဥဒရိယံ ကရီသံ ယံ ဝါ ပနညမ္ပိ ကိဉ္စိ အဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ-ဟု ပြဆို ထားလေသည်။

ထိုသို့ပြဆိုထားရာတွင် ယံ ဝါ ပန-စသည်ဖြင့် "ကေသာ အစ ကရီသံ အဆုံးရှိသော ကောဋ္ဌာသ ၁၉-ခုမှ အလွတ်ဖြစ်သော တကိုယ်လုံး၌ တစုံတခုသော ခက်မာ ကြမ်းတမ်းသော သဘောလည်းရှိသေးသည်"ဟု ဖော်ပြ၏။ထိုဒေသနာ၌ သရုပ်အားဖြင့် ပြမထားသော ဦးနှောက်ကောဋ္ဌာသကို ထို ယံ ဝါ ပန-ဖြင့် ပြသော ကောဋ္ဌာသ၌ ထည့်သွင်း၍ ယူရမည်-ဟု ဆိုလို၏။

ဤအရာ၌ သိစေလိုရင်းမှာ မတ္ထလုင်္ဂ ခေါ် ဦးနှောက် ကောဋ္ဌာသကို အဋ္ဌကထာအလို အဋ္ဌိမိဉ္ဇ-ရိုးတွင်းခြင်ဆီ၌ ထည့်သွင်းသည်ဖြစ်စေ၊ ဋီကာအလို ယံ ဝါ ပန-၌ ထည့်သွင်းသည်ဖြစ်စေ သွင်းပြခြင်းမှာ လိုရင်းမဟုတ်၊ ရှုကောင်းသောတရားမှန်ခြင်းကသာ လိုရင်းဖြစ်သည်၊ ၃၂-နည်းလုံး အသင့်ချည်းပင်-ဟု ယူသင့်ကြောင်း သိစေလိုရင်း ဖြစ်သည်။ ထို့ပြင် ဝိသုဒ္ဓိမဂ်ကျမ်းတွင် အဋ္ဌိမိဉ္ဇ-ရိုးတွင်းခြင်ဆီကောဋ္ဌာသ၌ အတိအလင်းထည့်သွင်းပြထားသော မတ္ထလုင်္ဂ-ဦးနှောက်ကို ဋီကာဆရာက ယံ ဝါ ပန-၌ ထည့်သွင်း ပြလိုက်သည့်အတွက် ၎င်းကို မရှုအပ် မရှုကောင်းဟု မယူအပ် မဆိုအပ်ကြောင်းကိုလည်း သိစေလိုရင်းဖြစ်သည်။ ထို့ပြင် ပဋိသမ္ဘိဒါမဂ်အရ ရှုကောင်းသော

ဦးနှောက်ကောဋ္ဌာသသည် မည်သည့်ပုဒ် မည်သည့် ဒေသနာ စကားရပ်၌ မည်သူက ထည့်သွင်းပြစေကာမူ ရှုကောင်းသော တရားသာလျှင် ဖြစ်သကဲ့သို့ ထို့အတူပင် ဖောင်းမှု ပိန်မှုနှင့် တကွ အသေးစိတ် ကိုယ်အမူအရာ ဝါယောရုပ်သည်လည်း သမ္ပဇညပိုင်း, ဓာတုမနသိကာရပိုင်း, ခန္ဓဒေသနာ, အာယတန ဒေသနာ စသည်တို့အရ ဝိပဿနာရှုကောင်းသော တရားအစစ် ဖြစ်သောကြောင့် ဣရိယာပထပိုင်း "ယထာ ယထာ ဝါ ပနဿ" ဝါကျ၌ ထည့်သွင်း၍ ပြလိုက်သည့်အတွက် မရှုကောင်းသော တရား ဖြစ်မသွားနိုင်ပါ၊ ရှုကောင်းသော တရားသာလျှင် ဖြစ်မြဲ ဖြစ်နေပါသည်။ ထို့ကြောင့် ၎င်းကို မရှုကောင်းဟု မည်သူကမျှ မဆိုသင့်သည့်ပြင် ရှုကောင်းသော တရားဟူ၍သာ လက်ခံရမည် ဖြစ်ကြောင်းကိုလည်း သိစေလို၏။

ဤမျှဖြင့် ဖောင်းမှု ပိန်မှုစသော အသေးစိတ် ကိုယ်အမူအရာများကို "ယထာ ယထာ ဝါ ပနဿ" ဝါကျ၌ ထည့်သွင်း၍ ပြသည်မှာ ရှုသင့်သော တရားဖြစ်သောကြောင့်၎င်း၊ ထည့်သွင်း၍ ပြသင့်သောကြောင့်၎င်း တာဝန် ဝတ္တရား အားလျော်စွာ ထည့်သွင်း၍ ပြခြင်း ဖြစ်ကြောင်း ရှင်းလင်းစွာ နားလည်လောက်ပေပြီ။

## တနည်း သွင်းပြပုံ ရှင်းလင်းချက်

ဤစာအုပ် နှာနံပါတ် ၇၁-၌ တနည်းကား–ဟု ပြလျက် ယထာ ယထာ ဝါ ပနဿ-ဝါကျ၌ တနည်း အနက်ယူပုံကို ပြဆိုခဲ့၏။ ထိုပြဆိုချက်မှာ ပညာရှိတို့ အဂတိမလိုက်ပဲ မိမိတို့ဉာဏ်ဖြင့် စိစစ်ဝေဘန်၍ သဘောကျလျှင်ယူရန်, သဘောမကျလျှင်

လဲး မယူဘဲနေရန်သာ ဖြစ်ပေသည်။ ထိုယူနည်းနှင့်စပ်၍ ငါတို့ အကြောင်းပြထားသည်မှာ ပညာရှိတို့ အတွက် နားလည်ရန် ပြည့်စုံ လုံလောက် နေပေပြီ၊ သို့သော် မန္ဒပညာ ပုဂ္ဂိုလ်တို့ အတွက် အနည်းငယ် ထပ်မံ၍ ရှင်းပြဦးအံ့။

ဝါ ပန–နှင့်တကွ ဆိုသော ဒေသနာတို့တွင် ယံ ယံ ဝါ ပနာရဗ္ဘ–ဟူသော ဓမ္မသင်္ဂဏီပါဠိတော် ဝါကျမှ တပါးသော ဝါကျဟူသမျှ၌ ဆိုခဲ့ပြီးမှ တပါးသော အနက်ကို ယူရသည် ချည်းသာ ရှိချေသည်၊ ဆိုခဲ့ပြီးကိုပင်ထပ်မံ၍ ယူရသော အရာ မရှိချေ။ ယံ ယံ ဝါ ပနာရဗ္ဘ-ဟူသော ဓမ္မသင်္ဂဏီပါဠိ၌မူ ဆိုခဲ့ ပြီးသော အာရုံ ၆-ပါးမှ အလွတ် အခြားတပါး အာရုံမည် သည် မရှိသောကြောင့် ဆိုခဲ့ပြီးကိုပင် အကျဉ်းချုပ် ထပ်၍ ဟောကြောင်း ထင်ရှားနေပေ၏။ အခြားအရာတို့၌မူ ထိုကဲ့သို့ မဟုတ်ပေ၊ ဆိုခဲ့ပြီးမှ အလွတ်ဖြစ်သော တခြားတပါးအနက် များလည်း ရှိနေသောကြောင့် ဆိုခဲ့ပြီးမှ တပါးတခြား အနက် ကို ဆိုလိုကြောင်း သိရပေသည်။

ဤသတိပဋ္ဌာန် ပါဠိတော်၌ပင် "အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ" အစရှိသော စကားရပ် တို့ဖြင့်၎င်း၊ "ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္တကာမာ" အစရှိသော စကားရပ်တို့ဖြင့်၎င်း ဆိုခဲ့ပြီးမှ တပါးသော အနက်ပြဆိုထားသည်ကို တွေ့ရ၏။ ဤနောက်ဆက်တွဲ နှာ (၂၇၇)၌ ထုတ်ပြခဲ့သော "ယံ ဝါ ပနညမ္ပိ ကိဉ္စိ"စသော ဝါကျ ဖြင့်လည်း ဆိုခဲ့ပြီးသော ကောဋ္ဌာသ ၁၉-ခုမှ အလွတ်ဖြစ် သော ပထဝီဓာတ်ကို ပြကြောင်း ထင်ရှားတွေ့ရှိရ၏။ ထို့အတူ ပင် ဓမ္မသင်္ဂဏီပါဠိတော် ဌာနပေါင်းများစွာတို့၌ "ယေ ဝါ ပန

အညေပိ အတ္ထိ” စသည်ဖြင့် ဟောထားသော **ယေ ဝါ ပနက** အရာတို့၌ရင်း၊ အဘိဓမ္မာ ဝိဘင်းပါဠိနှင့် သုတ္တန်ပါဠိတော်တို့တွင် ' ယံ ဝါ ပန”–စသည်ဖြင့် ဟောထားသော **ယံ ဝါ ပနက** အရာ၌ရင်း ဆိုခဲ့ပြီးမှ အလွတ်ဖြစ်သော အနက်ကိုသာ ပြကြောင်း ထင်ရှားတွေ့ရ၏။ အထူးအားဖြင့်မူကား အဘိဓမ္မာ ဝိဘင်းပါဠိတော် နှာ(၂)စသည်တို့၌ “တံ တံ ဝါ ပန ရူပံ ဥပါဒါယ” စသော ပါဠိတို့၌ “တံ တံ ဝါ ပနာတိ ဧတ္ထ န ဟေဋ္ဌိမနယော ဩလောကေတဗ္ဗော”စသည်ဖြင့် အဋ္ဌကထာက ဖွင့်ပြထားသောကြောင့် ရှေး၌ ဆိုခဲ့ပြီး အနက်မဟုတ်ကြောင်း အနက်သစ်ကို ဆိုလိုကြောင်း သာ၍ပင် ထင်ရှားပေ၏။ ဤအရာ၌ ယထာ ယထာ ဟူသော အာကာရဝါစက ဝိစ္ဆာပုဒ်သည် သာမကထုတ်ပြသော ယေ ယံ တံ တံ–ပုဒ်တို့နှင့် မတူပါတကား ဟူ၍မူကား မစောဒနာသင့်ပေ၊ ငါတို့၏ ဆိုလိုရင်းမှာ သရုပ်ထုတ်ပြသည်ဖြစ်စေ၊ အာကာရ ထုတ်ပြသည်ဖြစ်စေ ရှေးနှင့်နောက် သရုပ်ပြချင်း, အာကာရပြချင်းတူ၍ ဝါ ပန နှင့်ဆိုသော ဝါကျဖြစ်ခြင်းကိုသာ ရည်ရွယ်ပေသည်။ ထို့ကြောင့် ယေ ဝါ ပန–စသည်နှင့် ယထာ ယထာ ဝါ ပနသာ-မတူဟု စောဒနာခြင်းသည် ပညာရှိ စောဒနာ မဟုတ်ပေ။

ဤအရာ၌ ဂစ္ဆန္တော ဝါ–စသော ရှေးဝါကျ ၄-ပိုဒ်ဖြင့် ဣရိယာပုထ်ကြီး လေးပါးရှုပုံကို ပြခဲ့ပြီး ဖြစ်သောကြောင့် ယထာ ယထာ-ဝါကျဖြင့် ၎င်းတို့ကို မယူတော့ဘဲ အသေးစိတ် ကိုယ်အမူအရာတို့ကိုသာ ယူသော်လည်း ရှုရမည့်တရား ယုတ်လျော့သွားခြင်း မရှိသဖြင့် တစုံတရာ အကျိုးယုတ်ဖွယ်လည်း မရှိပါ၊ ထို့ကြောင့် ပညာရှိတို့သည် ထိုတနည်းယူပုံကို မိမိတို့

ကိုယ်ပိုင်ဉာဏ်ဖြင့် စိစစ်ဆင်ခြင်၍ သဘောဉာဏ်သက်ဝင်ပါက လက်ခံ၍ မသက်ဝင်ပါက လက်မခံဘဲ နေရုံသာ ရှိပါသည်၊ ထိုယူပုံ ယူနည်းကို အကြီးအကျယ်အပြစ်ပြု၍ ပယ်ဖျက်ရန် မလိုပါ၊ ထိုသို့ ပယ်ဖျက်သော်လည်း မည်သို့မျှ အကျိုးထူးကို ရနိုင်ဘွယ် မရှိပါ။

**အဿာသ ပဿာသ၌ သွင်းပြခြင်း၏ အကြောင်း**

ထို့ပြင် ဤ မှတ်ချက်အတွင်း၌ပင် ဖောင်းမှု ပိန်မှုကို ဝါယောဓာတ် ၆-ပါးတို့တွင် အဿာသ ပဿာသ ဝါယောဓာတ်၌ အတွင်းဝင်သင့်ကြောင်း ပြဆိုထား၏၊ ထိုသို့ ပြဆိုရာ၌လည်း ဖောင်းမှု ပိန်မှု ဝါယောသည် (၁) အင်္ဂမင်္ဂါနု-သာရိဝါယော (၂) အဿာသ ပဿာသဝါယော (၃) ကုစ္ဆိ-သယဝါယော (၄) ယံ ဝါ ပန ဝါယော ဟူသော ဤ လေးမျိုးတို့နှင့် စပ်ဆိုင်လျက်ရှိ၏၊ သို့ရာတွင် ဝင်သက် ထွက်သက်နှင့် အနီးစပ်ဆုံး ဖြစ်၍ ဝင်သက် ထွက်သက်၏ အကျိုးဆက်အဖြစ် အလွန်ထင်ရှားသောကြောင့် အဿာသ ပဿာသ ဝါယောဓာတ်၌ သွင်းပြခြင်းဖြစ်သည်၊ သို့သော်လည်း ထိုသို့ အဿာသ ပဿာသ ဝါယော၌ အတွင်းဝင်သည့် အတွက် အာနာပါနသမထကမ္မဋ္ဌာန်းဟူ၍ကား မဆိုလိုပေ။ အကြောင်းမူကား အာနာပါနသမထ ကမ္မဋ္ဌာန်း အရာ၌ ပဋိသမ္ဘိဒါမဂ် ဝိသုဒ္ဓိမဂ်စသည်တို့တွင် နှာသီးဖျား, အထက်နှုတ်ခမ်းတို့၌ ထိခိုက်သော ဝင်လေထွက်လေကိုသာ ရှုရန် ပြထားသောကြောင့် ပေတည်း။ မှန်ပေ၏၊ ထိုပါဠိအဋ္ဌကထာတို့ အရအားဖြင့် ဝမ်းထဲ၌ ဝင်ထွက်လှုပ်ရှားနေသော ဝင်သက် ထွက်သက်တို့ကို ရှုသော်လည်း အာနာပါနသမထကမ္မဋ္ဌာန်းမမည်ပေ။

သို့သော် ဓာတုဝဝတ္ထာန်နှင့်ဝိပဿနာကမ္မဋ္ဌာန်းမှုကား ဖြစ်နိုင်ပါ၏။ အဘယ့်ကြောင့်နည်းဟူမူ ဓာတုဝဝတ္ထာန်မှာ မည်သည့်ဓာတ် ၄-ပါးမဆို ရှုရသည့်ပြင် ဝိပဿနာမှာလည်းကိုယ်တွင်းကိုယ်ပဉ်ပါဒါနက္ခန္ဓာဟူသမျှကို ရှုရသောကြောင့်ပေတည်း။

ဤအရာ၌ ပရဝါဒီ စောဒကပုဂ္ဂိုလ်က နွားသိုးဖျား၌ စက္ကူစကို ကပ်ထားလျှင် ထွက်သက် ဝင်သက်လေကြောင့် ထိုစက္ကူကလေးလှုပ်နေလိမ့်မည်၊ ထိုလှုပ်နေသော စက္ကူကို ရှုကောင်းပါမည်လောဟု စောဒနာထားသည်ကို တွေ့ရ၏။ ငါတို့ကမူ ထင်ရှားသိရလျှင် ထိုစက္ကူသာမဟုတ် လှုပ်ရှားမှု ဟူသမျှကို ရှုကောင်းသည်ဟူ၍ပင် တိကျစွာဖြေဆိုပါ၏။ အဘယ့်ကြောင့်နည်းဟူမူ အဝေးကိုရှာကြည့်နေစရာမလိုပါ၊ ဤသတိပဋ္ဌာန်ပါဠိတော်၌ပင် "ဂစ္ဆန္တော ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ"စသည်ဖြင့် အတွင်းအပြင် အလုံးစုံကိုပင် ရှုရန် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားသည် မဟုတ်ပါလော။ မြတ်စွာဘုရား၏စကားတော်ကို ဘယ်ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်သည် ယုံမှားသင့် ပယ်ရှားသင့်အံ့နည်း။

ဤမျှဖြင့် နှာ ၆၉-၇၁ တို့၌ ပြခဲ့သော မှတ်ချက်နှင့်စပ်၍ မန္ဒပညာပုဂ္ဂိုလ်တို့အတွက် ထပ်မံရှင်းလင်းချက် ပြီး၏။

## ပစ္စုပဋ္ဌာန်ဖြင့် ရှုအပ်ကြောင်း

ဤနိသျ နံပါတ် ၅၉-၆၀-၌ ဝါယောဓာတ်၏ လက္ခဏာရသ ပစ္စုပဋ္ဌာန် ထင်ရှားပုံကို ပြခဲ့၏၊ ထိုသို့ ပြခဲ့ခြင်းမှာလည်း

ၡင်းတို့ကို ရှုသင့် သိသင့်သောကြောင့် အဋ္ဌကထာဋီကာတို့နှင့် အညီ ပြခဲ့ခြင်း ဖြစ်ပေသည်။

ထိုပြဆိုချက်ထဲမှ ပစ္စုပဋ္ဌာန်နှင့် စပ်လျဉ်း၍ "ရုပ်၏ ပစ္စုပဋ္ဌာန်ကို ဝိပဿနာ မရှုကောင်းဟူ၍ၡင်း၊ ဝါယောဓာတ်၏ ပစ္စုပဋ္ဌာန်ကို အကျိုးဆက် ဖလပစ္စုပဋ္ဌာန်ဟူ၍ၡင်း၊ ပညတ်ဟူ၍ၡင်း" မကြာမီ လေးငါးနှစ်အတွင်းမှစ၍ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တစုက မှားယွင်းစွာ တီထွင် ပြောဆိုနေကြသဖြင့် ထို မိစ္ဆာဝါဒကိုလည်း ဤအရာ၌ ရှင်းလင်းသုတ်သင်သင့်သော ကြောင့် ၡင်းကိုလည်း အကျဉ်းချုပ်အားဖြင့် ရှင်းလင်း ပြဦးအံ့။

လက္ခဏရသာဒိဝသေန ပရိဂ္ဂဟေတဗ္ဗာ-လက္ခဏာ ရသ စသည်တို့၏ အစွမ်းအားဖြင့် သိမ်းဆည်းအပ်ကုန်၏-ဟူသော ဝိသုဒ္ဓိမဂ်(၂-၂၂၂)၏ အဖွင့် မဟာဋီကာ၌ ပရိဂ္ဂဟာဝိဓိ ပန ခန္ဓနိဒ္ဒေသေ ဝုတ္တော ဧဝါတိ အဓိပ္ပါယော-ဟု မိန့်ဆိုတော်မူ၏။

လက္ခဏာ ရသ စသည်တို့၏အစွမ်းအားဖြင့် သိမ်းဆည်းပုံ အစီအရင်ကို ဝိသုဒ္ဓိမဂ် ခန္ဓနိဒ္ဒေသ၌ ပြခဲ့ပြီ၊ အပြည့်အစုံ အကျယ်ကို သိလိုလျှင် ထို ခန္ဓနိဒ္ဒေသ၌ ပြန်ကြည့်ပါ-ဟု ဆိုလို၏။

ခန္ဓနိဒ္ဒေသ၌ ကြည့်လျှင် စေတသိက် နာမ်တရား သိမ်းဆည်းပုံ အစီအရင်ကို—

ဖုသတီတိ ဖဿော၊ သွာယံ ဖုသနလက္ခဏော၊ သင်္ဃဋ္ဋန-ရသော၊ သန္နိပါတပစ္စုပဋ္ဌာနော၊ အာပါထဂတဝိသယပဒ-ဋ္ဌာနော-ဤသို့ စသည်ဖြင့်—

(၁) လက္ခဏာ (၂) ရသ (၃) ပစ္စုပဋ္ဌာန် (၄) ပဒဋ္ဌာန် တို့၏ အစွမ်းအားဖြင့် သိမ်းဆည်းပုံ ရှုပုံ အစီအရင်ကို အပြည့် အစုံ ပြထားသည်ကို တွေ့ရ၏။

စိတ်ဝိညာဏ် သိမ်းဆည်းပုံ အစီအရင်ကိုလည်း စက္ခု ဝိညာဏဓာတ် စသည်ဖြင့် ၇-မျိုးခွဲ၍ အသီးအသီး လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ၄-မျိုးလုံးဖြင့် အပြည့်အစုံ ပြထား သည်ကို တွေ့ရ၏။

ရူပက္ခန္ဓာ ရုပ်တရား သိမ်းဆည်းပုံကိုလည်း မဟာဘုတ် ဓာတ်ကြီး ၄-ပါးမှစ၍ ထို့အတူပင် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ၄-မျိုးလုံးဖြင့် အပြည့်အစုံ ပြထားသည်ကို တွေ့ရ၏။ ထိုတွင် ဓာတ်လေးပါးကို ဤသို့ ပြထား၏။

> ဘူတရူပံ စတုဗ္ဗိဓံ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ၊ တာသံ လက္ခဏ-ရသပစ္စုပဋ္ဌာနာနိ စတုဓာတုဝဝတ္ထာနေ ဝုတ္တာနိ။ ပဒဋ္ဌာနတော ပန တာ သဗ္ဗာပိ အဝသေသဓာ-တုတ္တယပဒဋ္ဌာနာ။ (ဝိသုဒ္ဓိမဂ် ၂-၇၃)။

> ဘူတရုပ်သည် ပထဝီဓာတ် အာပေါဓာတ် တေ-ဇောဓာတ် ဝါယောဓာတ်ဟူ၍ ၄-ပါး အပြားရှိ၏။ ၎င်းတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ကို စတုဓာတု ဝဝတ္ထာန်၌ ပြဆိုခဲ့ပြီ၊ မပြခဲ့ရသေးသော ပဒဋ္ဌာန် အားဖြင့်မူကား ထိုဓာတ် ၄-ပါးလုံးတို့ပင် ကြွင်းသော ဓာတ် ၃-ပါးလျှင် နီးသော အကြောင်း ပဒဋ္ဌာန် ရှိကုန်၏။ (မြန်မာပြန်)။

အထက်ပါ ဝိသုဒ္ဓိမဂ်ဖြင့် ဓာတ် ၄-ပါးကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ဖြင့် ရှုရန် အစီအရင်သည် စတုဓာတုဝဝတ္ထာန်၌ ပြခဲ့သည့်အတိုင်းပင် ဟူ၍ရင်း၊ ပဒဋ္ဌာန်အားဖြင့်မူကား မိမိမှ ကြွင်းသော အခြားဓာတ် ၃-ပါးဟူသော ပဒဋ္ဌာန်ဖြင့် ရှုရမည် ဟူ၍ရင်း ဆိုလို၏။ ထို့ကြောင့် စတုဓာတုဝဝတ္ထာန်၌ ပြခဲ့သော ရှုပုံ အစီအရင်ကိုလည်း ကြည့်ရပေလိမ့်မည်၊ ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရပေလိမ့်မည်။

**လက္ခဏာဒိတောတိ** ပထဝီဓာတု ကိံလက္ခဏာ ကိံရသာ ကိံပစ္စုပဋ္ဌာနာတိ ဧဝံ စတဿောပိ ဓာတုယော အာဝဇ္ဇေတွာ ပထဝီဓာတု ကက္ခဠတ္တလက္ခဏာ ပတိဋ္ဌာနရသာ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ အာပေါဓာတု ပဂ္ဃရဏလက္ခဏာ ဗြူဟနရသာ သင်္ဂဟပစ္စုပဋ္ဌာနာ၊ တေဇောဓာတု ဥဏှတ္တလက္ခဏာ ပရိပါစနရသာ မဒ္ဒဝါနုပ္ပဒါနပစ္စုပဋ္ဌာနာ၊ ဝါယောဓာတု ဝိတ္ထမ္ဘနလက္ခဏာ သမုဒီရဏရသာ အဘိနီဟာရပစ္စုပဋ္ဌာနာတိ ဧဝံ လက္ခဏာဒိတော မနသိ ကာတဗ္ဗာ။ (စတုဓာတုဝဝတ္ထာန်အဖွင့် ဝိသုဒ္ဓိမဂ် ၁-၃၆၂)။

**လက္ခဏာ စသည်အားဖြင့်** ဟူရာ၌ ပထဝီဓာတ်သည် အဘယ် လက္ခဏာရှိသနည်း၊ အဘယ် ရသ ရှိသနည်း၊ အဘယ် ပစ္စုပဋ္ဌာန်ရှိသနည်း-ဟု ဤသို့ သောနည်းဖြင့် ဓာတ် ၄-ပါးလုံးတို့ကို ဆင်ခြင်ပြီးလျှင်, ပထဝီဓာတ်သည် ခက်မာခြင်း လက္ခဏာ ရှိ၏၊ တည်ရာကိစ္စ ရှိ၏၊ ခံလင့်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ အာပေါဓာတ်သည် ယိုစီးခြင်းလက္ခဏာရှိ၏၊ ပွါးစေ

ခြင်းကိစ္စ ရှိ၏၊ ပေါင်းစုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ တေဇောဓာတ်သည် ပူခြင်းလက္ခဏာ ရှိ၏၊ ရင့်ကျက်စေခြင်းကိစ္စ ရှိ၏၊ နူးညံ့ခြင်းကို ပေးခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝါယောဓာတ်သည် ထောက်ကန်ခြင်းလက္ခဏာ ရှိ၏၊လှုပ်ခြင်း လှုပ်စေခြင်း(တွန်းခြင်း)ကိစ္စရသရှိ၏၊ (ဘူတရုပ်အပေါင်းကို) ရွှေ့ရှုဆောင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏-ဟူ၍ ဤသို့ လက္ခဏာ စသည်အားဖြင့် နှလုံးသွင်းအပ် ရှုအပ်ကုန်၏။ (မြန်မာပြန်)။

ယခုထုတ်ပြခဲ့သော မဟာဋီကာနှင့်တကွ ဝိသုဒ္ဓိမဂ်စကားရပ်တို့ဖြင့် နာမ်တရားတို့ကိုငင်း၊ရုပ်တရားတို့ကိုငင်း လက္ခဏာရသတို့ဖြင့် ရှုအပ်သကဲ့သို့ပင် ပစ္စုပဋ္ဌာန်ဖြင့်လည်း ရှုအပ်ရှုကောင်းကြောင်း အလွန်ပင် ထင်ရှားလှပေ၏၊ ထို့ပြင် ပဒဋ္ဌာန်ဖြင့်လည်း ရှုကောင်းကြောင်း ထင်ရှား၏။

အောက်ပါ အဋ္ဌကထာ ဋီကာတို့ဖြင့်မူကား ရုပ်တရားကို ပစ္စုပဋ္ဌာန်ဖြင့် ရှုအပ် ရှုကောင်းကြောင်း သာ၍ပင် ထင်ရှားသေး၏။

ဣတိ ရူပန္တိ ဣဒံ ရူပံ,ဧတ္တကံ ရူပံ, ဣတော ဥဒ္ဓံ ရူပံ နတ္ထီတိ ရုပ္ပနသဘာဝဉ္စေဝ ဘူတုပါဒါယဘေဒံ ရူပဉ္စ အာဒိံ ကတွာ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာန-ဝသေန အနဝသေသရူပပရိဂ္ဂဟော ဝုတ္တော။ (သုတ်မဟာဝါ အဋ္ဌကထာ ၅၃၊သံယုတ် အဋ္ဌကထာ ၂-၄၄)။

ဣတိ ရူပံ ဟူသော စကားဖြင့် "ဤသည်ကား ရုပ်တည်း၊ ဤမျှလောက်ကား ရုပ်တည်း၊ ဤထက်

အလွန် ရုပ်သည် မရှိတော့ပြီ”ဟု ဖောက်ပြန်ခြင်း သဘောကိုရင်း, ဘူတရုပ် ဥပါဒါရုပ် အပြားရှိသော ရုပ်ကိုရင်း အစပြု၍ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့၏ အစွမ်းအားဖြင့် အကြွင်းမဲ့ အလုံးစုံသော ရုပ်ကို သိမ်းဆည်းခြင်းကို ပြတော်မူ၏။ (မြန်မာပြန်)။

တတ္ထ **လက္ခဏံ** နာမ တေသံ တေသံ ရူပဝိသေသသံ အနညသာဓာရဏော သဘာဝေါ၊ **ရသော** တဿေဝ အတ္တနော ဖလံ ပတိ ပစ္စယဘာဝေါ၊ **ပစ္စုပဋ္ဌာနံ** တဿ ပရမတ္ထတော ဝိဇ္ဇမာနတ္တာ ယာထာဝတော ဉာဏဿ ဂေါစရဘာဝေါ၊ **ပဒဋ္ဌာနံ** အာသန္နကာရဏံ၊ တေနဿ ပစ္စယာယတ္တဝုတ္တိတာ ဒဿိတာ။ (မဟာဝါ အဋ္ဌကထာ၏ အဖွင့်ဋီကာ-၅၃)။

ထိုတွင် **လက္ခဏာ** မည်သည်မှာ ထိုထို (ပထဝီ စသော) ရုပ်အထူး၏(အာပေါစသော) တပါးသော ရုပ်တို့နှင့် မဆက်ဆံသော (ကက္ခဠတ္တ စသော) သဘောရင်းပေတည်း။ **ရသ** မည်သည်မှာ မိမိအကျိုးကို စွဲ၍ ထိုရုပ်၏ ကျေးဇူးပြုတတ်သည်၏ အဖြစ်ပေတည်း။ **ပစ္စုပဋ္ဌာန်** မည်သည်မှာ ထိုရုပ်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်၏ကျက်စားရာ အာရုံ၏ အဖြစ်ပေတည်း။ **ပဒဋ္ဌာန်** မည်သည်မှာ နီးစွာသော အကြောင်းပေတည်း။ ၎င်းဖြင့် ထိုရုပ်၏ အကြောင်းနှင့် စပ်သော

ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကို ပြအပ်၏။ (ၐင်းဋီကာ၏ မြန်မာပြန်)။

**လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေနာတိ ကက္ခ-ဠတ္တာဒိလက္ခဏဝသေန သန္ဓာရဏာဒိရသဝသေန သမ္ပိဏ္ဍနာဒိပစ္စုပဋ္ဌာနဝသေန ဘူတတ္တယာဒိပဒဋ္ဌာန-ဝသေန စ။** (သံယုတ်ဋီကာ ၂–၃၇)။

**လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်** တို့၏ အစွမ်းအားဖြင့် ဟူသည်မှာ ခက်မာခြင်း အစရှိသော လက္ခဏာ၏ အစွမ်းအားဖြင့်ၐင်း၊ ကောင်းစွာဆောင်ထားခြင်း အစရှိသော ရသ၏ အစွမ်းအားဖြင့်ၐင်း၊ ခံလင့်ခြင်း အစရှိသော ပစ္စုပဋ္ဌာန်၏ အစွမ်းအားဖြင့်ၐင်း၊ ကြွင်းသော ဘူတရုပ် ၃-ပါးအပေါင်းအစရှိသော ပဒဋ္ဌာန်၏ အစွမ်းအားဖြင့်ၐင်း(အကြွင်းမဲ့ ရုပ်ကို သိမ်းဆည်းခြင်းကို ပြဆိုအပ်သည်–ဟု ဆိုလို၏)။ (သံယုတ်ဋီကာ၏ မြန်မာပြန်)။

အထက်ပါ သုတ်မဟာဝါ အဋ္ဌကထာဋီကာ, သံယုတ် အဋ္ဌကထာ ဋီကာတို့သည် ရုပ်ရှုပုံကို ပြသော ဣတိ ရူပံ–ဟူသော ပါဠိတော်၏ အဖွင့်များ ဖြစ်ကြပေသည်။ ထို သံဝဏ္ဏေတဗ္ဗ ပါဠိတော်သည်လည်း ဘုရားအလောင်းတော်အား နာမရူပ ပရိဂ္ဂဟဉာဏ်ဖြစ်ပုံကို ပြသော စကားရပ် ဖြစ်ပေသည်။ ဤသို့ ရုပ်သက်သက် ရှုပုံကို တိတိကျကျ ဖွင့်ပြထားသောကြောင့် ရုပ်ကို ပစ္စုပဋ္ဌာန်ဖြင့် ရှုကောင်းကြောင်းမှာ အလွန့်အလွန်ပင် ထင်ရှားလှပေ၏။ ထို့အတူပင် ပဒဋ္ဌာန်ဖြင့် ရှုကောင်းကြောင်းလည်း ထင်ရှားသည်သာတည်း။ ဝေဒနာ စသော နာမ်ခန္ဓာ

တို့၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ဖြင့် ရုပ်ကိုလည်း ထိုအဋ္ဌကထာဋီကာတို့၌ အလားတူပင် ဖွင့်ပြထားလျက်ရှိ၏။ ထို့ကြောင့် နာမ်ကိုလည်း ပဒဋ္ဌာန်ဖြင့် ရှုကောင်းကြောင်း အလွန်ပင် ထင်ရှားလှပေ၏။

ဤအရာ၌ ထုတ်ပြခဲ့သော သုတ်မဟာဝါ အဋ္ဌကထာ, သံယုတ် အဋ္ဌကထာတို့တွင် အနုဝသေသရူပပရိဂ္ဂဟော–အကြွင်းမဲ့ရုပ်ကို သိမ်းဆည်းခြင်း (အနုဝသေသဝေဒနာ-သညာသင်္ခါရဝိညာဏပရိဂ္ဂဟော–အကြွင်းမဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို သိမ်းဆည်းခြင်း–ဤပုဒ်မှာမူ ဤ၌ ထုတ်ပြမထား, ကျမ်းရင်း၌ ရှိပါသည်) ဟူ၍ ရုပ်နာမ် သိမ်းဆည်းခြင်းကိုသာ တိတိကျကျ ပြဆိုထားပေ၏။ ပစ္စယပရိဂ္ဂ-ဟော–အကြောင်းကို သိမ်းဆည်းခြင်း ဟူ၍ကား မဆိုပေ။ ထို့ကြောင့် "ပဒဋ္ဌာန်ဖြင့် သိမ်းဆည်းခြင်းမှာ ပစ္စယပရိဂ္ဂဟ-ဉာဏ်နှင့် ဆိုင်ပါသည်"ဟု ဆင်ခြေပေးဘွယ်ကား မရှိတော့ပေပြီ။ သို့သော် ထို့ထက်သာ၍ ရှင်းလင်းစေရန် ဋီကာကျော် ကျမ်းပြုဆရာ၏ ဆရာကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ် စီရင်သည့် သာရတ္ထဒီပနီ ဋီကာကိုလည်း ထုတ်ပြပါဦးအံ့။

> သဗ္ဗံ တေဘူမကံ နာမရူပံ "ရုပ္ပနံ ရူပံ,တွက်ကံ ရူပံ, န ရုပ္ပတော ဘိယျော၊ ဍုဒံ နာမံ, တွက်ကံ နာမံ, န ရုပ္ပတော ဘိယျော"တိ ဘူတုပါဒါယဘေဒံ ရူပံ, ဖဿာဒိဘေဒံ နာမဉ္စ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာ-နတော ဝဝတ္ထပေတိ၊ ကမ္မာဝိဇ္ဇာဒိကဉ္စဿ ပစ္စယံ ပရိဂ္ဂဏှာတိ၊ အယံ ဉာတပရိညာ။ (သာရတ္ထ ၂-၂၀)။

"ဤသည်ကား ရုပ်၊ ဤမျှလောက်ကား ရုပ်၊ ဤထက်အလွန် မရှိပြီ၊ ဤသည်ကား နာမ်၊ ဤမျှလောက်ကား နာမ်၊ ဤထက်အလွန် မရှိပြီ"ဟု ဘူတရုပ် ဥပါဒါရုပ် အပြားရှိသော ရုပ်ကိုဎင်း၊ ဖဿစသည် အပြားရှိသော နာမ်ကိုဎင်း (ဤ) အလုံးစုံသော ဘုံသုံးပါး၌ ဖြစ်သော နာမ်ရုပ်အပေါင်းကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် အားဖြင့် ပိုင်းခြား၍၊ ထိုနာမ်ရုပ်၏ ကံ အဝိဇ္ဇာ အစရှိသော အကြောင်းကိုလည်း သိမ်းဆည်း၍၊ ဤ(ပိုင်းခြားခြင်း, သိမ်းဆည်းခြင်း)သည် ဉာတပရိညာပေတည်း။ (မြန်မာပြန်)။

အထက်ပါ ဋီကာ၌ နာမရူပံ။ပ။ ဝဝတ္ထပေတိ-ဟူသော ရှေးစကားဖြင့် နာမရူပ ပရိဂ္ဂဟဉာဏ်ကို ပြ၍၊ ကမ္မာဝိဇ္ဇာဒိကဥ္စဿ ပစ္စယံ ပရိဂ္ဂဏှာတိ-ဟူသော နောက်စကားဖြင့် ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ပြ၍။ ဤသို့ အသီးအသီး ခွဲခြားပြထားသောကြောင့် "ပဒဋ္ဌာန်ဖြင့် ရှုခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ဆိုင်ပါသည်"ဟု ဆိုဘွယ်ကား လုံးဝ မရှိတော့သည်သာတည်း။ ထို့ပြင် ဋီကာကျော်ဆရာ၏ ဆရာကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကပင်"နာမရူပံ။ပ။ပဒဋ္ဌာနတော ဝဝတ္ထပေတိ-နာမ်ရုပ်ကို ပဒဋ္ဌာန်ဖြင့် ပိုင်းခြား၍" ဟူ၍ အတိအလင်း ပြဆိုထားသောကြောင့် ဋီကာကျော်၌ဎင်း၊ သင်္ဂြိုဟ်ဋီကာဟောင်း၌ဎင်း ပဒဋ္ဌာန်အဖွင့် မပါသောကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ပဒဋ္ဌာနပုဒ် မပါသင့်ဟူ၍လည်း မဆိုသင့်ပြီ။

ထို့ထက် ရှေးကျ၍ ထို့ထက်ခိုင်လုံသော သာဓကကို အလို ရှိလျှင် သာရတ္ထဒီပနီဋီကာ ဆရာတော်ကပင် အာစရိယမမ္မ-ပါလတ္ထေရဟု အလေးအမြတ်ပြု၍ ညွှန်ပြရသော အရှင်ဓမ္မ ပါလမထေရ် စီရင်ခဲ့သည့် ဣတိဝုတ်အဋ္ဌကထာ နံပါတ် ၅၀-မှာ ကြည့်ပါလေဦး။ ထိုအဋ္ဌကထာ၌လည်း ဤသာရတ္ထဒီပနီ နှင့် အလားတူပင် ဆိုထားပါသည်။ အထူးမှာ "ကမ္မာဝိဇ္ဇာ-ဒိကဥ္စ ပစ္စယံ ပရိဂ္ဂဏှာတိ"အရာ၌ "တဿ အဝိဇ္ဇာဒိကဥ္စ ပစ္စယံ ပရိဂ္ဂဏှာတိ"ဟု ရှိနေခြင်းမျှသာ ထူးသည်။ သို့သော် အနက်မှာ မထူးပြီ။ ထို့ကြောင့် ထိုပါဌ်ကို ဤ၌ ထုတ်မပြ တော့ပြီ။

ဤသို့ ရုပ်ကို ပစ္စုပဋ္ဌာန်ဖြင့် ရှုပုံကိုရင်း၊ နာမ်ရုပ် ၂-ပါး လုံးကို ပဒဋ္ဌာန်ဖြင့် ရှုပုံကိုရင်း ပါဠိအဋ္ဌကထာ ဋီကာတို့၌ အလွန်ထင်ရှားစွာ ပြဆိုထားသောကြောင့် "ရုပ်ကို ပစ္စု-ပဋ္ဌာန်ဖြင့် မရှုကောင်း"ဟူ၍ရင်း၊ "နာမရူပ ပရိဂ္ဂဟဉာဏ် အရာ၌ နာမ်နှင့်ရုပ်ကို ပဒဋ္ဌာန်ဖြင့် မရှုကောင်း"ဟူ၍ရင်း ပစ်ပယ်ပြောဆိုသော သူသည် သုတ်မဟာဝါ ပါဠိအဋ္ဌကထာ ဋီကာ, သံယုတ်ပါဠိအဋ္ဌကထာဋီကာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဋီကာ, ဣတိဝုတ်အဋ္ဌကထာ, သာရတ္ထဒီပနီ ဋီကာကြီးတို့ကို ပယ်ဖျက်ရာရောက်၏။ အမှန်ကို အမှားဖြစ်အောင် အမှားကို အမှန်ဖြစ်အောင် ယုတ္တိယုတ္တာ ကြံဆောင်၍ ပြောသဖြင့် ပညာရှိ သူတော်ကောင်းတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ် သည့် ဝိတဏ္ဍဝါဒရှိသောကြောင့် **ဝိတဏ္ဍဝါဒီ** ပုဂ္ဂိုလ်အဖြစ် သို့လည်း ရောက်၏။

## ဝါယောခ၏ ပစ္စုပဋ္ဌာန်လည်း ပရမတ်ပင်

ပစ္စုပဋ္ဌာနံ တဿ ပရမတ္ထတော ဝိဇ္ဇမာနတ္တာ
ယာထာဝတော ဉာဏဿ ဂေါစရဘာဝေါ—

ပစ္စုပဋ္ဌာန် မည်သည်မှာ ထိုရုပ်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိခြင်းကြောင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်၏ ကျက်စားရာ အာရုံအဖြစ်ပေတည်း။ (သုတ်မဟာဝါဋီကာ ၅၃)။

အထက်ပါ ဋီကာ၌ "ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဟုတ်တိုင်းမှန်စွာ ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သည်"ဟု အထင်အရှားဆိုထားသောကြောင့် ဝါယောဓာတ်၏ အဘိနီဟာရပစ္စုပဋ္ဌာန်ကိုလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဟုတ်တိုင်းမှန်စွာ ဉာဏ်၌ ထင်ပေါ်လာသော ပရမတ္ထတရားဟူ၍သာ သိအပ်၏၊ ဝိတဏ္ဍဝါဒီတို့ ဆိုသကဲ့သို့ ပညတ်ဟူ၍ကား မသိအပ် မမှတ်အပ်သည်သာတည်း။

ပရမတ္ထတရား ဖြစ်ရုံမျှသာ မဟုတ်သေး၊ ရုပ်လိုရင်း ဓာတ်အစစ်လည်း ဖြစ်သေးကြောင်းကို အောက်ပါ မဟာဋီကာဖြင့် သိအပ်၏။

ပဒဋ္ဌာနံ ပနေတ္ထ အညမဒ္ဓဘာယ န ဥဒ္ဓဋံ-ပဒဋ္ဌာန်ကိုကား ရုပ်လိုရင်းဓာတ်မှ တခြားတပါး အလွတ်တရားဖြစ်ခြင်းကြောင့် ဤလက္ခဏာဒိတော အရ ရှုနည်း၌(အဋ္ဌကထာဆရာ)မထုတ်ပြအပ်ပေ။ (မဟာဋီကာ ၁-၄၄၉)။

ဝိသုဒ္ဓိမဂ်၌ လက္ခဏာဒိတောအရ ရှုနည်းကို အကျယ်ပြရာတွင် ဓာတ်လေးပါးတို့ကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ဖြင့် ရှုပုံကိုသာ ပြ၏။ ပဒဋ္ဌာန်ဖြင့် ရှုပုံကိုကား မပြပေ၊ ထိုသို့

ပဒဋ္ဌာန်ဖြင့် ရှုပုံကို မပြခြင်းမှာ အဘယ့်ကြောင့်ပါနည်းဟု မေးဘွယ်ရှိသောကြောင့် မဟာဋီကာ၌ အထက်ပါအတိုင်း ဖြေရှင်းပြပေသည်။ ဆိုလိုသည်မှာ ပထဝီစသော ဓာတ်တပါး တပါး၏ ပဒဋ္ဌာန်သည် မိမိမှကြွင်းသော အခြားဓာတ် ၃-ပါးပင် ဖြစ်သည်၊ သို့ဖြစ်၍ ပထဝီဓာတ်ကို ရှုလိုသူမှာ ပထဝီ၏ ပဒဋ္ဌာန်ဖြစ်သော အာပေါ တေဇော ဝါယောတို့သည် ရှုလိုရင်း ပထဝီဓာတ်မှ တခြားတပါး အလွတ်တရားသာလျှင် ဖြစ်ကုန်၏။ ထို့အတူပင် အာပေါကို ရှုလိုသူမှာ ပထဝီ တေဇော ဝါယောတို့သည်ရင်း, တေဇောကို ရှုလိုသူမှာ ပထဝီ အာပေါ ဝါယောတို့သည်ရင်း, ဝါယောကို ရှုလိုသူမှာ ပထဝီ အာပေါ တေဇောတို့သည်ရင်း ရှုလိုရင်းဓာတ်မှ တခြားတပါး အလွတ် တရားတို့သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် ရှုလိုရင်းဓာတ်ကို သာ တည့်တည့်မတ်မတ်ရှုရန် ပြသော ဤလက္ခဏာဒိတော အရ ရှုနည်း၌ ရှုလိုရင်း တရားကိုယ်ဖြစ်သော လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ကိုသာ ပြသည်၊ ရှုလိုရင်းဓာတ်မှ တခြားတပါး အလွတ်တရားဖြစ်သော(ကြွင်းသော ဓာတ် ၃-ပါး ဟူသော) ပဒဋ္ဌာန်ကိုကား မပြဟု ဆိုလို၏။

ဤဋီကာ၌ အသီး အသီးသော ဓာတ်တပါး တပါး၏ ပဒဋ္ဌာန်ဖြစ်သော အခြားဓာတ် ၃-ပါးကို အညမမ္ဗ-ရှုလိုရင်း ဓာတ်မှ တခြားတပါး အလွတ်တရားဟု ဆိုသဖြင့် လက္ခဏာ-ဒိတောအရ ရှုနည်း၌ ပြထားသော လက္ခဏာ ရသ ပစ္စု-ပဋ္ဌာန်တို့ကိုကား ရှုလိုသောဓာတ်မှ တခြားတပါး အလွတ် တရား အညမမ္ဗမဟုတ်၊ ရှုလိုရင်း ပရမတ္ထ ဓာတ်တရားပင် ဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့ကို လက္ခဏာဒိတောအရ

ရှုနည်း၌ ပြသည်ဟူ၍လည်း ဆိုရာရောက်၏။ သို့ဖြစ်၍ ဝါယော ဓာတ်၏ လက္ခဏာနှင့် ရသတို့သည် ပရမတ်ဝါယော အစစ်ဖြစ်သကဲ့သို့ ဝါယောဓာတ်၏ **အဘိနီဟာရ ပစ္စုပဋ္ဌာန်** ကိုလည်း **ပရမတ်ဝါယောအစစ်** ပင်ဟု မြဲမြံစွာ မှတ်ယူအပ် ပေ၏။

ထိုအဘိနီဟာရ ပစ္စုပဋ္ဌာန်သည် ရှုအပ် ရှုကောင်းသော ရှုလိုရင်းလည်းဖြစ်သော ပရမတ်ဝါယော အစစ်ဖြစ်သော ကြောင့် ရှုအပ် ရှုသင့်သော ဝါယောမှ အလွတ် အကျိုးဆက် ဖလ ပစ္စုပဋ္ဌာန်လည်း မဟုတ်၊ ရှုသော ဝိပဿနာဉာဏ်အား ရှေးရှု ထင်ပေါ်လာသော **အာကာရပစ္စုပဋ္ဌာန်** သာလျှင် ဖြစ်သည်။ **အောက်ပါ** ဋီကာဖြင့် မြဲမြံစွာ ဆုံးဖြတ်အပ်၏။

**သမ္ပဋိစ္ဆန**ာကာရေန ဉာဏဿ ပစ္စုပတိဋ္ဌတီတိ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ—

**သဟဇာ**တ်တရားကို ခံလင့်သော **အ**ခြင်း အရာ **အား**ဖြင့် ဉာဏ်**အား** ရှေးရှု ထင်တတ် **သော**ကြောင့် **သ**မ္ပဋိစ္ဆနပစ္စုပဋ္ဌာနမည်၏။ (မဟာဋီကာ ၁-၄၄၉)။

အထက်ပါ မဟာဋီကာသည် ပထဝီဓာတ်၏ သမ္ပဋိစ္ဆနပစ္စု-ပဋ္ဌာနပုဒ်ကို ဖွင့်ပြသော စကားဖြစ်သည်။ ထိုစကားဖြင့် ကြွင်း သော အာပေါ တေဇော ဝါယောဓာတ်တို့၏ ပစ္စုပဋ္ဌာန်တို့ လည်း ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်ချည်းပင် ဖြစ်ကြောင်း သိစေပါသည်။ ထို့ကြောင့်ပင် ဝင်းဓာတ် ၃-ပါးတို့၏ အရာ၌ ပစ္စုပဋ္ဌာနပုဒ်ကို ထပ်၍ မဖွင့်ပြဘဲ ရှိလေသည်။

ဤမျှဖြင့် ဝါယောဓာတ်၏ အဘိနီဟာရ ပစ္စုပဋ္ဌာန်သည် ပညတ်လည်း မဟုတ်၊ အကျိုးဆက် ဖလပစ္စုပဋ္ဌာန်လည်း မဟုတ်၊အာကာရပစ္စုပဋ္ဌာန် ပရမတ်ဝါယောပင် ဖြစ်ကြောင်း၊ ထိုကြောင့်ပင် ၎င်းအဘိနီဟာရပစ္စုပဋ္ဌာန်ဖြင့်လည်း ဝါယော ဓာတ်ကို ဝိပဿနာ ရှုအပ် ရှုကောင်းကြောင်း မြဲမြံစွာ မှတ်ယူ နိုင်လောက်ပေပြီ။

**အထူး သတိပြုစေလိုသည်**မှာ- ယခု ငါတို့ ရှင်းပြသော နောက်ဆက်တွဲ၌ ဝိပဿနာရှုကောင်းသောတရားကို ရှုကောင်း ကြောင်း ရှင်းလင်း ပြခြင်းနှင့် ငါတို့အား စွပ်စွဲလာသည်ကို ဖြေရှင်းခြင်းမျှသာ ပါဝင်သည်၊ သူတပါးတို့၏ လုပ်ငန်းစဉ်ကို ပယ်ဖျက်ခြင်းလည်း မပါ၊ သူတပါးတို့အား ထိပါးနစ်နာ စေရန် ပုတ်ခတ် စွပ်စွဲခြင်းလည်းမပါ၊ သန့်ရှင်းသောစေတနာ ဖြင့် ရိုးသားစွာ ဖြေရှင်းထားသည်ကို အထူးသတိပြုကြစေလို ပါ၏။

ဤတွင် သတိပဋ္ဌာန်ပါဠိနိသျ၌ နောက်ဆက်တွဲ

ရှင်းလင်းချက် ပြီး၏။

၁၃၂၆-ခုနှစ်။

ပ-မ-ဗ-သ-စ—၁၃၄၁—၂၀-၉-၇၁—၁၀၀၀၀ (၁)

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားပြုစုတော်မူသော

**တရားစာနှင့် ကျမ်းစာအုပ်များစာရင်း**

၁။ ဝိပဿနာရှုနည်းကျမ်း (ပထမ)

၂။ ။ ။ (ဒုတိယ)

၃။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (ပထမ)

၄။ ။ ။ (ဒုတိယ)

၅။ ဝမ္မိကသုတ်တရားတော်

၆။ မဟာသတိပဋ္ဌာနသုတ်ပါဠိနိဿယ

၇။ ပုရာဘေဒသုတ်တရားတော်

၈။ ဝိပဿနာအခြေခံတရားတော်

၉။ အရိယာဝါသတရားတော်

၁၀။ ဝိပဿနာရှုနည်းအကျဉ်းချုပ်

၁၁။ ။ ။ အလုပ်ပေးတရားတော်

၁၂။ ဓမ္မစကြာအနတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန်တရားတော်ကြီး

၁၃။ ဓမ္မဒေသနာဆောင်ပုဒ်

၁၄။ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း
၁၅။ အမြတ်ဆုံးသုံးဆူ (ဦးဓမ္မဓဇ) (ပထမတွဲ)
၁၆။ ။ ။ ( ။ ) (ဒုတိယတွဲ)
၁၇။ ကျောင်းအနုမောဒနာတရားတော်
၁၈။ ဘာရသုတ္တန်တရားတော်ကြီး
၁၉။ လောကဓံတရားတော်
၂၀။ ဝိသုဒ္ဓိမဂ် မြန်မာပြန် စတုတ္ထတွဲ

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ၁၆-ဟာမစ်တိတ်လမ်း
ကုက္ကိုင်း၊ ရန်ကုန်မြို့။